စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၁ မှ ၄/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၇) ရက်

| ၇-၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၀.၆ |
| စင်္ကာပူဒေါ်လာ | ၁၃၀၇.၈ |
| စတာလင်ပေါင် | ၂၄၀၇.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၅.၃ |
| တရုတ်ယွမ် | ၂၇၈.၉၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၉၅ |
| အိန္ဒိယရူပီး | ၂၃.၉၂၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၆၂ |
| မလေးရှား ရင်းဂစ် | ၄၂၂.၄၃ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၃၉ |
| ထိုင်းဘတ် | ၅၂.၇၇၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၃၄၃ |


ဈေးကွက်သတင်းဌာနစိ တ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ကမ္ဘာ့အစားအသောက်ဈေးနှုန်းမြင့်တက်မှုက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ထုတ်လုပ်သူများအတွက် အခွင့်အလမ်းများရရှိလာနိုင်ခြင်း

➢ ပဲပုပ်စိုက်ပျိုးရန် မျိုးစေ့ပိုင်းဆိုင်ရာနည်းပညာ ပြင်ဆင်အသုံးပြုရန် စီစဉ်ထားကြောင်း (ဟောင်ကောင်ဒေသ)

➢ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန်သန်း ၁၅၀ ကျော် ထွက်ရှိရန်ခန့်မှန်း

➢ ပြည်တွင်းစားသုံးမှုများသည့် အမဲသားများအား ပြည်ပတင်ပို့မှုပိတ်ပင်ကြောင်း အာဂျင်တီးနားအစိုးရ ထုတ်ပြန်ကြေညာ

- **အထွေထွေသတင်းများ**

➢ ဂျာမနီနိုင်ငံ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများ

➢ ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများ ရောင်းချမှုမြင့်တက်လာခြင်း (ဟောင်ကောင်ဒေသ)

➢ တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့် ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွား မည်ဖြစ်ကြောင်း

➢ ဂျပန်စီးပွားရေးလုပ်ငန်းများ၏ ၈၄ % ခန့်က ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများရှိသည်ဟု မျှော်လင့်ကြောင်းသိရ

- ၂၀၂၂ ခုနှစ် အစပိုင်းတွင် ဂျပန်၏ **Nikkei** အညွှန်းကိန်း စျေးနှုန်းမြင့်တက်လာကြောင်းတွေ့ရ

- နိုဝင်ဘာလကုန်ထိစာရင်းဇယားများအရ ဂျပန်၏ အလုပ်လက်မဲ့နှုန်းသည် ၂.၈ % အထိ မြင့်တက်လာခဲ့

- နှစ်ကုန်အားလပ်ရက်ရှည်ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ

  ပြန်လည်မြင့်တက်လာမှုမရှိစေရန် ဂျပန်အစိုးရအထူးသတိပြုနေ

- အစိုးရအနေဖြင့် ပြည်ပသို့ပို့ကုန်တင်ပို့နိုင်မှုအပေါ် အားရလျှက်ရှိခြင်း

  **(**ထိုင်းနိုင်ငံ)

- **COVID** ကြောင့် ကုန်တင်ကားမောင်းသူ ထက်ဝက်ခန့်ပြတ်တောက်သွားသဖြင့် စူပါမားကတ်များတွင် ပြတ်လပ်မှုများ ဖြစ်ပေါ်နေခြင်း (ဩစတြေးလျ)

- **COVID** တိုက်ဖျက်ရေး စီမံချက်များအရ ဟောင်ကောင်သည် ဩစတြေးလျ နှင့် အခြားနိုင်ငံ (၇) နိုင်ငံမှ လေယာဉ်ပျံသန်းမှုများကို သီတင်းပတ် ၂ ပတ် ကြာ ပိတ်ပင်သွားမည်

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ စမ်းသပ်ဇုန်များတွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု များအတွက် တံခါးပိုမိုဖွင့်လှစ်ပေးလိုက်သည့် တရုတ်နိုင်ငံ

- ပထမလအတွင်း စီးပွားရေးအကျိုးကျေးဇူးများ ဖြစ်ပေါ်ခဲ့သည့် တရုတ်–လာအို ရထားလမ်း

- ၂၀၂၁ ခုနှစ်အတွင်း မီးရထားလမ်းများ၌ အမေရိကန်ဒေါ်လာ (၁၁၇.၄) ဘီလီ ယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံ

- နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးရန် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံဘက်သို့ တောင်းဆိုထား

- ကွမ်ရှီးတွင် ကုန်စည်အလေးလံဆုံးတင်ဆောင်ထားသည့်သင်္ဘောများဖြတ် သန်းသွားလာနိုင်သည့်ရေကြောင်းလမ်းကို စမ်းသပ်ပြေးဆွဲ

- တရုတ်ပြည်တွင်းစျေးကွက်၌ အလူမီနီယံစျေးနှုန်းများ အတက်ဘက်သို့ပြန်လည်ရောက်ရှိလာ

## ကမ္ဘာ့အစားအသောက်ဈေးနှုန်းမြင့်တက်မှုကဩစတြေးလျစိုက်ပျိုးမွေးမြူရေးထုတ်ကုန် ထုတ်လုပ်သူများအတွက် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း

ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများသည် ၂၀၁၁ ခုနှစ်၊ ဖွန်လမှစတင်၍ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ အကြောင်းမှာ ထုတ်လုပ်မှုဒေသအချို့တွင် စိုက်ပျိုးထုတ်လုပ်မှု ညံ့ဖျင်းသောအခြေအနေများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာရခြင်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းကုန်စည် ပို့ဆောင်မှုနှင့် အဓိကစိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာကုန်ကျစရိတ်များ အလွန်အမင်းမြင့်တက်လာခြင်းသည်လည်း အစားအသောက်ဈေးနှုန်းများ မြင့်မားလာစေပါသည်။

၂၀၂၀-၂၀၂၁ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံတစ်ခွင် ကောင်းမွန်သောရာသီဥတုကြောင့် အထွက်နှုန်းတိုးကာ ဩစတြေးလျစိုက်ပျိုးရေးပို့ကုန်များသည် မြင့်မားသောနိုင်ငံတကာဈေးနှုန်းများနှင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုတင်းကျပ်ခြင်းတို့မှ အကျိုးအမြတ်များရရှိစေပါသည်။

နိုင်ငံအများအပြားသည် အကောက်ခွန်စည်းကြပ်မှုများကို လျှော့ချရန် (သို့) ပို့ကုန်ကန့်သတ်ချက်များကို ချမှတ်ရန်စဉ်းစားလျက်ရှိကြရာ အဆိုပါအရွေ့သည် ပြည်တွင်းစားသုံးသူများနှင့် မတည်ငြိမ်သော အစားအသောက်ဈေးနှုန်းများမြင့်တက်ခြင်းမှကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အကောက်ခွန်လျှော့ချခြင်းသည် ဩစတြေးလျမှထုတ်ကုန်များအပါအဝင် တင်သွင်းသည့်ထုတ်ကုန်များကို ပိုမိုယှဉ်ပြိုင်စေပြီး၊ ပို့ကုန်ကန့်သတ်ချက်များသည် ကုန်သွယ်မှုအတွက်ရရှိနိုင်သောစားနပ်ရိက္ခာထောက်ပံ့မှုများကို လျှော့ချခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ပိုမိုမြင့်တက်လာနိုင်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ ကိန်းဂဏန်းများအရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့်၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအကြားတွင် စားနပ်ရိက္ခာဈေးနှုန်း အညွှန်းကိန်းမှာ ၁၀၂.၅ မှ ၁၃၄.၄ (+၃၁.၁ %) သို့ မြင့်တက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်၍ စားနပ်ရိက္ခာ ဈေးနှုန်းအညွှန်းကိန်းတွင် အကျုံးဝင်သည့် ကုန်စည်တိုင်း၏ဈေးနှုန်းများမြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်း၏ နောက်ကွယ်တွင် အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံအများအပြားရှိ ရာသီအလိုက် ရာသီဥတုအခြေအနေညံ့ဖျင်းမှုများရှိနေပြီး၊ ကုန်စည်ပို့ဆောင်ခနှင့်ဓာတ်မြေဩဇာကုန်ကျစရိတ်များ အလွန်အမင်းမြင့်တက်လာခြင်းကြောင့် ထုတ်လုပ်မှုနှင့်ဆက်စပ်သော ဈေးနှုန်းများတိုးမြင့်လာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစတင်၍ ဟင်းချက်ဆီ ၇၀ %၊ နံစားသီးနှံ ၄၁ %၊ သကြား ၃၈ %၊ နို့နှင့် နို့ထွက်ပစ္စည်း ၂၁% နှင့် အသား ၆ % အသီးသီးမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်မှု၊ ရာသီဥတုအခြေအနေကောင်းမွန်မှုတို့က ဩစတြေးလျစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အားသာချက်များကိုဖြစ်ပေါ်စေကာ ဩစတြေးလျလယ်ယာ

ထွက်ကုန်တင်ပို့မှုတန်ဖိုးကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဩစတြေးလျ ဒေါ်လာ ၆၁ ဘီလီယံကျော်အထိ ရရှိရန် ABARES က ခန့်မှန်းထားပါသည်။

စားသုံးသူများအတွက်မူ မြင့်မားသောအစားအသောက်ဈေးနှုန်းများသည် အစားအသောက်အတွက်သုံးစွဲသည့် အိမ်သုံးဘတ်ဂျက်၏အချိုးအစားကိုတိုးစေရာ အစားအသောက်အတွက်အိမ်သုံးအသုံးစရိတ်ဝေစု ပိုကြီးမားသည့်ထွန်းသစ်စဖွံ့ဖြိုးဆဲနိုင်ငံများတွင် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများကို ရရှိနိုင်ပါသည်။

ကမ္ဘာ့ပေါ်ရှိအချို့သောအစိုးရများသည် စားသောက်ကုန်ဈေးနှုန်းများလျှော့ချရန် ကြိုးပမ်းရာတွင် သွင်းကုန်၊ ပို့ကုန်ဆိုင်ရာမူဝါဒများကို ပြောင်းလဲကျင့်သုံးလျက်ရှိရာ အဆိုပါမူဝါဒအပြောင်းအလဲများမှာ ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများအဖြစ်ပေါ်ထွက်လာနိုင်ပြီး၊ ဩစတြေးလျထုတ်ကုန်များကို ပိုမိုယှဉ်ပြိုင်နိုင်စေခြင်း (သို့) ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများကို ပိုမိုဖောင်းပွစေခြင်းတို့ ဖြစ်ပေါ်နိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**Source: Austrade**

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

MIS DOP

........................................................................................................................

## ပဲပုပ်စိုက်ပျိုးရန် မျိုးစေ့ပိုင်းဆိုင်ရာနည်းပညာ ပြင်ဆင်အသုံးပြုရန် စီစဉ်ထားကြောင်း (ဟောင်ကောင်ဒေသ)

တရုတ်နိုင်ငံသည် မျိုးရိုးဗီဇပြုပြင်ထားသော(Genetically Modified-GM) အတည်ပြုချက်၏ရရှိရန် အရှိန်မြှင့်တင်နိုင်မည့် ပဲပုပ်နှင့် အခြားသောဆီထွက်သီးနှံများအား ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်မှုအားမြှင့်တင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ပဲပုပ်နှင့်အခြားသောဆီထွက်သီးနှံများတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် လာမည့်နှစ်အတွင်း တရုတ်နိုင်ငံတွင် နှံစားသီးနှံနှင့် ပြောင်းထွက်ကုန်များထုတ်လုပ်ပံ့ပိုးမှုတည်ငြိမ်ရန် မျှော်မှန်းထားကြောင်း၊ ပြောင်းနှင့် ပဲပုပ်တို့အား သီးညှပ်စိုက်ပျိုးရန် တရုတ်နိုင်ငံအစိုးရမှ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲပုပ်၊ ပြောင်း၊ မုန်ညင်းစေ့နှင့် ဆီအုန်းဝယ်ယူမှုတွင် တရုတ်နိုင်ငံသည်ကမ္ဘာ့အများဆုံးဝယ်ယူသည့်နိုင်ငံဖြစ်ကြောင်း၊ ပဲပုပ်ကုန်သွယ်မှုမှာ နိုင်ငံရေးရာနှင့် သံတမန်ရေးရာတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများအပေါ်မှီခိုမှုလျှော့ချခြင်းဖြင့် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးအား အထောက်

အပုံဖြစ်စေကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော GM သီးနှံများဆိုင်ရာစည်းမျဉ်းစည်းကမ်းများပြင်ဆင်ရန် အဆိုပြုထားခြင်းမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိချိန်တွင် တရုတ်နိုင်ငံ၏မျိုးစေ့ထုတ်လုပ်ငန်းအား ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Frank Tang က " Soybean push sets stage for seed tech overhaul" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုပြောင်းလဲရန်အတွက် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သည့်နှံစားသီးနှံများ ပံ့ပိုးဖြည့်ဆည်းမှုမြှင့်တင်နိုင်ရန် ပေကျင်းအနေဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် ဆီထွက်သီးနှံများစိုက်ပျိုးရန်မူဝါဒများပိုမိုပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတထရန့်သည် အမေရိကန်နိုင်ငံရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့်ပြည်နယ်များမှ မဲအရေအတွက်ပိုမိုရရှိရန် တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကာလအတွင်းတွင် တရုတ်နိုင်ငံအား ပဲပုပ်များပိုမိုဝယ်ယူရန် ကြိမ်ဖန်များစွာတိုက်တွန်းပြောကြားမှုများရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ အကောက်ခွန်ဌာနစာရင်းများအရ အမေရိကန်နိုင်ငံမှ ပဲပုပ်ဝယ်ယူမှုမှာ ၂၀၁၉ ခုနှစ်တွင် (၂၃.၆) မီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင်ပဲပုပ်ဝယ်ယူမှု (၃၉.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များအား တရုတ်နိုင်ငံသို့တင် သွင်းမှုမှာ တရုတ်-အမေရိကန် ပထမအဆင့်ကုန်သွယ်ရေး သဘောတူညီချက်၏သတ်မှတ်ချက်ပမာဏအောက်တွင်သာ တင်သွင်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် စားသုံးဆီတင်သွင်းမှုတွင် လိုအပ်ချက်၏ (၂၀) ရာခိုင်နှုန်း တင်သွင်းလျက်ရှိပြီး ကမ္ဘာ့ဒုတိယအများဆုံးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဆီအုန်းနှင့် ပဲပုပ်များတင်သွင်းရန် မှီခိုအားထားမှုမြင့်မားကြောင်း၊ တစ်နှစ်လျှင် တရုတ်နိုင်ငံတွင်း ပဲပုပ်ထုတ်လုပ်မှုတန်ချိန် (၁၈.၁) မီလီယံရှိပြီး တင်သွင်းမှုတန်ချိန် (၉၈.၅) မီလီယံအောက်လျော့နည်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၌ အချို့သောသီးနှံများအတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်လိုအားမှာ ကွာဟချက်များကြီးမားလျက်ရှိကြောင်း၊ သို့သော်ပြောင်းနှင့် ပဲပုပ်သီးနှံများအတွက် မျိုးရိုးဗီဇပြုပြင်ထားသောမျိုးစေ့များ စီးပွားဖြစ်ထုတ်လုပ်လာမှုမှာ ပုံမှန်လည်ပတ်လုပ်ကိုင်ဆောင်ရွက်လာကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

………………………………………………………………….

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန်သန်း ၁၅၀ ကျော် ထွက်ရှိရန်ခန့်မှန်း

၂၀၂၁ – ၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် သန်း ၁၅၀ ကျော်ထွက်ရှိနိုင်ပြီး ပြည်ပသို့ တန်ချိန် ၁၁၅ သန်းအထိတင်ပို့နိုင်ရန် ခန့်မှန်း ထားကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးအကြံပေး Vlamir Brandalizze က ပြောကြား ခဲ့သည်။ ဘရာဇီးလ်နိုင်ငံသည် ပဲပုတ်စေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံအထိ ဝင်ငွေရရှိ နိုင်ကြောင်း၊ တောင်အမေရိကတိုက်ရှိနိုင်ငံများတွင် သီးနှံရိတ်သိမ်းချိန်ဖြစ်၍ ချီကာဂိုဈေးကွက်တွင် ပဲပုတ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၁၂ ဒေါ်လာမှ ၁၃ ဒေါ်လာအထိ ဈေးနှုန်းဖြစ်ပေါ် နိုင်ကြောင်း Brandalizze ကပြောကြားခဲ့သည်။

ဝယ်လိုအားအမြင့်ဆုံးအချိန်တွင် ပဲပုတ်စေ့ ၁ အိတ်၏ ဆိပ်ကမ်းရောက်တန်ဖိုး ၁၅၀ ဟဲရာမှ ၁၇၀ ဟဲရာဝန်းကျင်အထိ ရောက်ရှိနိုင်ကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့ရိတ်သိမ်းချိန် သည် ပြောင်းရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် စိုက်ပျိုးသူတောင်သူများအား သိုလှောင်ရုံနှင့် သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများဖြစ်ပေါ်စေကြောင်း Brandalizze ကပြောကြားခဲ့သည်။

ပဲပုတ်စေ့ဈေးကွက်အား သုတေသနပြုလုပ်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ၏ ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် Paraná square ဈေးကွက်၌ ၁၄၇.၇၈ ဟဲရာ ဈေးနှုန်းဖြစ်ပေါ်ခဲ့ ပြီး ဒီဇင်ဘာလသို့ရောက်ရှိချိန်တွင် ၁၆၇.၉၁ ဟဲရာဈေးနှုန်းသို့ မြင့်တက်လာခဲ့ကြောင်း Brandalizze က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.......................................................................

## ပြည်တွင်းစားသုံးမှုများသည့် အမဲသားများအား ပြည်ပတင်ပို့မှုပိတ်ပင်ကြောင်း အာဂျင်တီးနားအစိုးရ ထုတ်ပြန်ကြေညာ

ပြည်တွင်းဈေးကွက်တွင် အသားဈေးနှုန်းကြီးမြင့်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ပြည်တွင်းစားသုံးမှုများသည့် အမဲသား ( ၇ )မျိုးအပေါ် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပသို့တင်ပို့ခြင်းမပြုရန် အာဂျင်တီးနားအစိုးရက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ အမိန့်

MIS DOP

ကြေညာစာအမှတ် ၉၁၁/၂၀၂၁ အရ အေးခဲအမဲသားတင်ပို့မှုများတွင် အကောင်လိုက်တင်ပို့မှုအပါ အဝင် တစ်ခြမ်းတင်ပို့မှု၊ ရှေ့တစ်ပိုင်းတင်ပို့မှု၊ နောက်တစ်ပိုင်းတင်ပို့မှုနှင့် အစိတ်အပိုင်းများခုတ်ပိုင်း တင်ပို့မှုတို့အား ယာယီပိတ်ပင်ထားသည်။

အစိုးရ၏ အမိန့်ကြေညာချက်အပိုဒ် ၂ တွင် အေးခဲအမဲသား ခုတ်သားများအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပတင်ပို့မှုအားကန့်သတ်ထားပြီး အဆိုပါကန့်သတ်ချက်တွင် အသင့်စားသုံးနိုင်သည့် အမဲသားကင်အမျိုးမျိုးတင်ပို့မှုလည်း အကျုံးဝင်ကြောင်း ဖော်ပြထားသည်။

ပြည်တွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းအပေါ်ယုံကြည်မှုရှိစေရန်အပြင် အသားဈေးကွက်၊ အသားထုတ်လုပ်နိုင်မှုပမာဏ၊ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုအခြေအနေများကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ရန်တို့အတွက် အစိုးရ၏အမဲသားပြည်ပတင်ပို့မှု ပိတ်ပင်တားမြစ်ချက်များအပေါ် အသားထုတ်လုပ်သည့်လုပ်ငန်းရှင်များက သဘောတူလိုက်နာဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့အမဲသားဈေးကွက်သို့ အဓိကတင်ပို့နေသည့်နိုင်ငံများမှာ ဘရာဇီးလ်၊ အမေရိကန်၊ အိန္ဒိယ၊ သြစတြေးလျ၊ အာဂျင်တီးနား၊ နယူးဇီလန်၊ ကနေဒါ၊ ဥရုဂွေး၊ ပါရာဂွေး၊ အီးယူနှင့် မက္ကဆီကို နိုင်ငံတို့ဖြစ်ကြပြီး အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့အမဲသားဈေးကွက်သို့ ပဉ္စမမြောက် အများဆုံးတင်ပို့နေသည့် နိုင်ငံလည်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာဈေးကွက်များသို့ စုစုပေါင်းအမဲသားတန်ချိန် ၇၇၀,၀၀၀ တန်အထိ တင်ပို့နိုင်ရန် ခန့်မှန်းတွက်ချက်ထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.................................................................................................................

## ဂျာမနီနိုင်ငံ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများ

ဂျာမနီနိုင်ငံတွင် Federal Ministry of Justice and Consumer Protection(BMJV) သည် စားသုံးသူကာကွယ်ရေးလုပ်ငန်းရပ်များအတွက် ဥပဒေပြုရေး၊ မူဝါဒချမှတ်ရေး၊ အကြံပြုချက်များပံ့ပိုးပေးခြင်းတို့ကို အဓိကဆောင်ရွက်သည့် ဝန်ကြီးဌာနဖြစ်ပါသည်။ နိုင်ငံတွင်း အခြားဝန်ကြီးဌာနများ၏ ဥဒေချမှတ်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကဏ္ဍတစ်ရပ်လုံးနှင့် ကိုက်ညီစွာ

ဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးအကဲဖြတ်သည့် ဌာနတစ်ခုအဖြစ်ဆောင်ရွက်ပြီး စားသုံးသူများ အတွက် လုံခြုံမှုရှိရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိရေးတို့ကိုလည်း ရည်ရွယ်ချက်ထားရှိဆောင်ရွက် ပါသည်။ လုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား ကွာဟမှုနည်းပါးစေရန် ကုန်စည်နှင့်ဝန်ဆောင်မှု များပံ့ပိုးဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာရှိမှု၊ အချက်အလက်ကောင်းမွန်ပြည့်စုံမှု၊ နှိုင်းယှဉ်နိုင်မှု စသည်တို့သေချာမှုရှိစေရန်တို့ကို ဦးတည်ဆောင်ရွက်ပါသည်။ စားသုံးသူဈေးကွက်တွင် လုံခြုံစိတ်ချ မှုရှိသော ပတ်ဝန်းကျင်တစ်ခုကိုဖန်တီးနိုင်ပြီး လိမ်ညာလှည့်စားမှုများကို ကာကွယ်တားဆီးနိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားရှိပါသည်။ ထို့အပြင် stakeholders များအကြား တွေ့ဆုံဆွေး နွေးမှုများနှင့် စားသုံးသူသတင်းအချက်အလက်နှင့် အသိပညာပေးမှုများကို တိုးမြှင့်ဆောင်ရွက်ပေး ပါသည်။

ဝန်ကြီးဌာနတွင် Consumer Policy ဌာနကို ညွှန်ကြားမှုဦးစီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်း ထားပြီး စားသုံးသူအခွင့်အရေးများအတွက် ဥပဒေပိုင်းနှင့် ကုန်သွယ်စီးပွားရေးနယ်ပယ်ပိုင်းတို့တွင် အကာအကွယ်ပေးရေးကို ဦးစားပေးဆောင်ရွက်ပါသည်။ ဦးစားပေးနယ်ပယ်များအနေဖြင့် သတင်း အချက်အလက်ကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှု၊ စွမ်းအင်နှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့် လူမှုရေး ဝန်ဆောင်မှုကဏ္ဍများတို့ဖြစ်ပြီး စားသုံးသူသတင်းအချက်အလက်များ၊ အသိပညာပေးမှု များ၊ စားသုံးသူသုတေသနလုပ်ငန်းများနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အတည်ပြုလိုက် နာဆောင်ရွက်နိုင်ရေးတို့အတွက်လည်း အဓိကဦးတည်ဆောင်ရွက်ပါသည်။ ထို့ပြင်ဈေးကွက်တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ဥရောပကော်မရှင်စားသုံးသူ ကာကွယ်ရေးအကောင်အထည်ဖော်ရေးအက်ဥပဒေ (EC Consumer Protection Implementing Act)၊ စားသုံးသူမူဝါဒအစီရင်ခံစာ(Consumer Policy Report) နှင့် ကျန်းမာရေးဆိုင်ရာစားသုံးသူ သတင်းအချက်အလက်များအက်ဥပဒေ (the Act for the Improvement of Health-related Consumer Information) များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း တာဝန်ယူ ဆောင်ရွက်ပါသည်။ ထို့အတူ ဂျာမနီနိုင်ငံ၏အဓိကထုတ်ကုန်များကို စစ်ဆေးသည့်အဖွဲ့အစည်း တစ်ခုအနေဖြင့်လည်းကောင်း၊ ဂျာမန်စားသုံးသူရေးရာအဖွဲ့အစည်းများ၏ ဖက်ဒရေးရှင်းတစ်ခု အနေဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတဆင့် စားသုံးသူရေးရာမူဝါဒပိုင်းတွင် ကမ္ဘာအနှံ့ချိတ်ဆက်မှုများကိုလည်း ပြုလုပ်ဆောင်ရွက်ပါသည်။ Consumer Policy ဌာနသည် ဝန်ကြီးဌာန၏ သုတေသနပိုင်းဆိုင်ရာ ကိုယ်စားလှယ်အနေနှင့်သာ မက ဖက်ဒရယ်အစိုးရ၏ သုတေသနလုပ်ငန်းရပ်များနှင့် ဥရောပဆိုင်ရာသုတေသနလုပ်ငန်းအစီ

အစဉ်များတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှတဆင့် နိုင်ငံအတွင်း ရေရှည်တည်တံ့ရေး၊ လူမှုရေးဆိုင်ရာတာဝန်ယူဆောင်ရွက်မှု၊ မြို့ပြလူ့အဖွဲ့အစည်းနှင့် လူဦးရေစာရင်းအင်းစသည်တို့တွင်လည်း ပါဝင်ဆက်သွယ်ဆောင်ရွက်ခြင်းပြုလုပ်လျှက် ရှိပါသည်။

**ဥပဒေပိုင်းဆိုင်ရာပြဋ္ဌာန်းချမှတ်ဆောင်ရွက်မှုများ**

ဂျာမနီနိုင်ငံတွင် consumer protection နှင့်ပတ်သက်၍ သီးခြားသတ်မှတ်၍ အက်ဥပဒေရေးဆွဲခြင်းများမရှိဘဲ သက်ဆိုင်ရာကဏ္ဍများအလိုက် အက်ဥပဒေများတွင် consumer protection ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်အချက်များကို ထည့်သွင်းဖော်ပြထားလေ့ရှိပါသည်။ အရေးပါသော consumer protection စည်းမျဉ်းများကို German Civil Code(BGB)တွင် ပါဝင်ဖော်ပြထားပြီး ကြော်ငြာခြင်းဆိုင်ရာလုပ်ငန်းများအတွက် the act against unfair competition တွင်လည်းကောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုများအတွက် the act against restraints of competition တွင်လည်းကောင်းထည့်သွင်းရေးဆွဲထားကြောင်း၊ ထို့အတူ အခြားသီးခြားပြဋ္ဌာန်းထားသောဥပဒေစည်းမျဉ်းများတွင်လည်း စားသုံးသူကာကွယ်ရေးအတွက် (ဥပမာ– စားသောက်ကုန်၊ ခရီးသွားလာ ခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု စသည်) ထည့်သွင်းပါဝင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

အီးယူအနေဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာစံနှုန်းသတ်မှတ်ချက်များချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ထားရှိပြီး ဂျာမနီနိုင်ငံသည်လည်း ဥပဒေချမှတ်မှုများကို အီးယူနည်းလမ်းများအတိုင်းဆောင်ရွက်ပါသည်။ ဂျာမနီနိုင်ငံတွင်ဗဟိုဌာန သို့မဟုတ် Consumer Protection Agency သီးခြားဖွဲ့စည်းထားခြင်းမရှိဘဲ စားသုံးသူများက မိမိအခွင့်အရေးများကို လက်ခံအတည်ပြုလာစေရေး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ Federal Ministry of Justice and Consumer Protection သည် The Act on the enforcement of consumer protection အရ လိုက်နာဆောင်ရွက်မှုမရှိသည်များကို ကြီးကြပ်၍ စုံစမ်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်များရယူခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါသည်။

ကဏ္ဍအလိုက် သီးခြားစားသုံးသူဆိုင်ရာ Authorities များဖြစ်သည့် Federal financial supervisory authority, Federal Institute for occupational safety and health, Federal office of consumer protection and food safety, Federal Network agency for electricity, gas, telecommunications, post and railway တို့ကို ဖွဲ့စည်းထားရှိပြီး စားသုံးသူကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာခြင်းအား စောင့်ကြည့်လေ့လာခြင်းပြုလုပ်ပါသည်။ ထို့ပြင် ဖက်ဒရယ်ပြည်နယ်

MSDP

များက ပံ့ပိုးမှုပေးထားသည့် ပုဂ္ဂလိကအသင်းအဖွဲ့များအနေနှင့်လည်း စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများကို လုပ်ငန်းရှင်များကလိုက်နာဆောင်ရွက်လာစေရန် ပြုလုပ်နိုင်ပါသည်။ ဥပမာ– သာတူညီမျှမှုမရှိသော၊ နားလည်မှုလွဲမှားစေသော ကြော်ငြာများထည့်သွင်းခြင်းကို the act against unfair competition အရ ကန့်သတ်နိုင်ခြင်းဖြစ်သည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများဆိုင်ရာသတ်မှတ်ဆောင်ရွက်မှု**

German Civil Code အရ စားသုံးသူများက ဝယ်ယူသည့်ပစ္စည်းသည် သတ်မှတ်အရည်အသွေးအတိုင်းဖြစ်ပါက အပြစ်အနာအဆာကင်းရန်လိုအပ်ပြီး ကိုက်ညီမှုမရှိပါက အသုံးပြုရန်သင့်တော်မှုရှိခြင်း သို့မဟုတ် တူညီသည့်အရည်အသွေးရှိရန်တို့လိုအပ်သည်။ အကယ်၍ (၆)လအတွင်း အပြစ်အနာအဆာတွေ့ရှိပါက ဝယ်ယူစဉ်ကပင် ပါရှိခဲ့သည်ဟုမှတ်ယူမည်ဖြစ်ပြီး စားသုံးသူဘက်က ပြန်လည်ပြင်ဆင်ခြင်း(သို့မဟုတ်) အစားထိုးရယူခြင်းကိုတောင်းဆိုနိုင်ကာ အကယ်၍ ထိုသို့မပြုလုပ်ပေးနိုင်ပါက မူလသဘောတူညီမှုကိုရုပ်သိမ်းခြင်း(သို့မဟုတ်)ဈေးနှုန်းလျှော့ပေးခြင်း ပြုလုပ်ပေးနိုင်သည်။ စားသုံးသူများသို့ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အဓိကအချက်အလက်များ၊ ရောင်းသူအမည်၊ ပို့ဆောင်မည့်အချိန်၊ ပျက်ကွက်မှုရှိပါက စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေးစသည်တို့ ပံ့ပိုးပေးရန်လိုအပ်ပါသည်။ စားသုံးသူများက အွန်လိုင်းအပါအဝင် ပစ္စည်းဝယ်ယူသဘောတူညီမှုများ၊ Loan agreement များအတွက် အများဆုံး (၁၄)ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသော်လည်း သီးသန့်မှာယူထားသော ပစ္စည်းများ၊ ပုတ်သိုးလွယ်သောပစ္စည်းများ၊ ရွေးချယ်ထားပြီးသောပစ္စည်းများ၊ သတင်းစာ၊မဂ္ဂဇင်းများ၊ ဈေးနှုန်းအပြောင်းအလဲမြန်သော ပစ္စည်းများအားပြုလုပ်ခွင့်မရှိပေ။

ကုန်စည်နှင့်ဝန်ဆောင်မှုများ လုံခြုံစိတ်ချမှုအတွက် အက်ဥပဒေအမျိုးမျိုးဖြင့်သတ်မှတ်ပြဋ္ဌာန်းထားပြီး အရေးပါဆုံးမှာ Act on Product Safety (Prod SG)ဖြစ်ပြီး EU Directives အများစုမှာ Prod SG ဖြင့် ပုံဖော်ဖွဲ့စည်းထားပါသည်။ Prod SG အရ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးသူများသည် ဈေးကွက်တွင် စားသုံးသူများ၏ ကျန်းမာရေးနှင့်လုံခြုံရေးလိုအပ်ချက်များအရ လုပ်ဆောင်ရန်ဖြစ်ပြီး လုံခြုံစိတ်ချမှုပိုင်းများတွင် ပျက်ကွက်မှုရှိလျှင် ယူရို ၁ သိန်းအထိ ဒဏ်ငွေတပ်နိုင်ကာ သီးခြားတာဝန်ရပ်များအား ဖောက်ဖျက်မှုရှိလျှင် ထောင်ဒဏ်တစ်နှစ် သို့မဟုတ် ဒဏ်ငွေချမှတ်နိုင်ပါသည်။ ထို့ပြင် ထုတ်လုပ်တင်သွင်းသူများသည် ထုတ်ကုန်တွင် ကျန်းမာရေးနှင့် လုံခြုံစိတ်ချမှုပိုင်းအန္တရာယ်တစ်ခုခုရှိလျှင် ဈေးကွက်အနီးကပ်ကြီးကြပ်သူ အာဏာပိုင်များသို့ အကြောင်းကြား

MSDP

ခြင်း၊ ကာကွယ်နိုင်သောနည်းလမ်းများ အသိပေးရမည်ဖြစ် ပြီး အာဏာပိုင်များက Federal Institute for occupational safety and health သို့ ဆက်လက်အကြောင်းကြားဆောင်ရွက်မည်ဖြစ်ပါသည်။ စားသုံးသူကျန်းမာရေးဆိုင်ရာအတွက် Food and Commodity Act, Medical Products Act တို့အရလည်း စည်းမျဉ်းများစွာချမှတ် ထားရှိပါသည်။

Act against unfair competition အရ စီးပွားရေးလုပ်ငန်းများအတွက် ကန့်သတ်ထိန်းချုပ်မှုများ အထူးသဖြင့်နားလည်မှုလွဲစေသော နှိုင်းယှဉ်မှုများသော ကြော်ငြာခြင်းများမပြုလုပ်ရန်ဖြစ်ပြီး Business to Consumer (B2C) နှင့် Business to Business(B2B) နှစ်မျိုးလုံးအတွက် ချမှတ်ထားရှိကာ စည်းမျဉ်းအများစုမှာ B2B တွင် ပိုမိုအသုံးပြုပါသည်။ Act against restraints of competition သည် စားသုံးသူကာကွယ်ရေးကို တိုက်ရိုက် (သို့)သွယ်ဝိုက် ကာကွယ်ပေးထားပြီး ဈေးကွက်တွင် Anti–Competitive စည်းမျဉ်းများချမှတ်၍ ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ပေးပါသည်။ Act on enforcement of consumer protection အရ သတ်မှတ်ချက်များ လိုက်နာခြင်းမရှိပါက ယူရို (၁၀၀၀၀)နှင့် ProdSG အရ စစ်ဆေးမှုများကို လိုက်နာမှုမရှိပါက ထောင်ဒဏ် ၁နှစ် ချမှတ်နိုင်ပါသည်။

**စားသုံးသူအချက်အလက်များထိန်းသိမ်းခြင်း**

Federal Cartel Office ကို စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ကဏ္ဍအလိုက် စုံစမ်းစစ်ဆေးမှုများအတွက် တာဝန်ပေးအပ်ထားပါသည်။ စားသုံးသူ(သို့) စီးပွားရေး လုပ်ငန်းများအတွက် တိုင်ကြားမှုလုပ်ငန်းစဉ်ကို သီးခြားရေးဆွဲသတ်မှတ်ထားခြင်းမရှိဘဲ Federal Cartel Office သို့ အလွတ်သဘော တင်ပြနိုင်ပါသည်။ Public enforcement ဥပမာတစ်ခုမှာ TV broadcasting တစ်ခုအား စားသုံးသူများသို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းကြော်ငြာအတွက် ဖုန်းခေါ်ဆိုမှုများ ကြိမ်ဖန်များစွာပြုလုပ်ခြင်းအပေါ် Federal Network Agency က ယူရို (၂၅၀၀၀၀)ဒဏ်ငွေချမှတ်ခြင်း ရှိခဲ့ပါသည်။ မကြာသေးမီကပင် Federal Cartel Office သည် Competition Lawတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းရပ်များကို (ဥပမာ– Facebook data collection လုပ်ငန်းများ) များစွာ ဦးတည်ထည့်သွင်းဆောင်ရွက်လာသည်။ စားသုံးသူများ၏ အချက်အလက်များထိန်းသိမ်းခြင်းစည်းမျဉ်းများအတွက် Federal Cartel Office က အရေးယူဆောင်ရွက်သည့် ဥပမာအချို့မှာ မကြာသေးမီက Facebookကို User data များ ကောက်ယူ၍ Data protection စည်းမျဉ်းများကို ချိုးဖောက်၍ စားသုံးသူများကို ထိခိုက်စေကြောင်း ဆုံးဖြတ်ခြင်းအပေါ် Facebookက ပြန်လည်တောင်းပန်ခြင်း

MIS DOP

ပြုလုပ်ခဲ့ရာ Dusseldort Higher Regional Court က ခွင့်ပြုပေးခဲ့ပြီး Federal Court of Justice က ပြန်လည်ဆုံးဖြတ်မည် ဖြစ်ပါသည်။ အလားတူ Telecom Provider 1&1 အား hotline call ပြုလုပ်သူများ၏ personal data များ ဖော်ပြခြင်းအပေါ် ယူရိုငွေ (၁၀)သန်း ဒဏ်ငွေချမှတ်ခဲ့ပါသည်။ Electric vehicles များအတွက် Charging Infrastructure များမှာ သီးခြား Energy Law များအောက်တွင် သတ်မှတ်ထားခြင်းမရှိ၍ Anti-trust Law ဖြင့် ဖြစ်နိုင်ချေရှိသည့် ယှဉ်ပြိုင်မှုအတားအဆီးများကို ကုစားခြင်းရှိလာနိုင်ခြင်းနှင့်၊ ဝန်ဆောင်မှုပိုင်းများတွင် messenger သုံးစွဲသူများ၏ data protection ပိုင်းနှင့် ဆက်သွယ်ပြောဆိုမှုများ လုံခြုံမှုအပိုင်းများအတွက် စုံစမ်းစစ်ဆေးမှုများကို စတင်ထားရှိပါသည်။ အီးယူ၏ Data protection rule(GDPR)ကိုလည်း ၂၀၁၈ခုနှစ်တွင် စတင်ချမှတ်ခဲ့ပြီး စားသုံးသူများ၏ Personal data ကောက်ယူခြင်းများအတွက် စည်းမျဉ်းများချမှတ်၍ ကာကွယ်မှုပြုလုပ် ပေးထားပါသည်။

German Consumer Authority များသည် Investigation နှင့် Enforcement အတွက် အဓိကဆောင်ရွက်ပြီး စားသုံးသူကာကွယ်ရေးစည်းမျဉ်း ဖောက်ဖျက်မှုများအတွက် စားသုံးသူများဘက်ကသာ ဖော်ထုတ်တိုင်ကြားရမည်ဖြစ်သည်။ Prod SG ရှိ Specific Act များအရ အာဏာပိုင်များက သက်ဆိုင်ရာအချက်အလက်များတောင်းခံခြင်း၊ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း ဝင်ရောက်စစ်ဆေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ Unfair Competition Rules များကို ဖောက်ဖျက်ခြင်းရှိပါက စားသုံးသူများက တိုက်ရိုက်တိုင်ကြားခြင်း သို့မဟုတ် သဘောတူညီမှုများကို ပယ်ဖျက်ခြင်းတို့ပြုလုပ်နိုင်သလို လုပ်ငန်းရှင်များသို့ နှစ်စဉ်လည်ပတ်ငွေ၏ ၄ ရာခိုင်နှုန်းအထိ ဒဏ်ငွေချမှတ်နိုင်မည်ဖြစ်သည်။ ဥရောပသမဂ္ဂအနေဖြင့် New Deal for Consumers ကို ၂၀၁၉ခုနှစ် နှစ်ကုန်ပိုင်းတွင် အတည်ပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက စားသုံးသူကာကွယ်ရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ၂၀၂၁ခုနှစ်နှစ်ကုန်ပိုင်းမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ကြ ရန် ဖြစ်ပါသည်။

Sources:

https://iclg.com/practice-areas/consumer-protection-laws-and-regulations/germany

https://www.bmjv.de/EN/Home/home_node.html

သီတာဝင်းငြေး၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………

MIS DOP

## ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများ ရောင်းချမှုမြင့်တက်လာခြင်း (ဟောင်ကောင်ဒေသ)

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ကူးစက်မှုလျော့နည်းကျဆင်းပြီး အချင်းချင်းခပ်ခွာနေထိုင်ရန် ကန့်သတ်ထားမှုများ ဖြေလျှော့ပေးခဲ့ပြီးနောက် လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားများ ပြန်လည်ကျင်းပလာသောကြောင့် ယခုနှစ်အတွင်း ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများရောင်းချမှု (၃၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လွန်ခဲ့သော(၂)နှစ်အတွင်း ရောင်းချမှုများလျော့ကျခဲ့ပြီး ရောင်းချမှုများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်က ဒေသတွင်းအစိုးရဆန့်ကျင် ဆန္ဒပြမှုများကြောင့် ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများ ရောင်းချမှု (၄၀) ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် (၈၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ သို့သော် ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်နိုင်ရန် မင်္ဂလာညှော်ခံပွဲ အခမ်းအနားများသို့ တက်ရောက်သည့် အရေအတွက်ကန့်သတ်ချက်များအား ယခင်နှစ် (၂၀) ဦးခွင့်ပြုထားရာ မှ (၂၄၀) ဦးသို့ ဖြေလျှော့ပေးပြီးနောက် ရွှေနှင့် ကျောက်မျက် လက်ဝတ်ရတနာများ ရောင်းချမှုများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က " Gold jewellery sales sparkle" ခေါင်းစဉ် ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်း၌ ဖီးနစ်ငှက်၊ နဂါးရုပ်ပုံတို့ဖြင့် အလှဆင်ထားသော လက်ကောက်များ အစရှိသည်တို့ကို မင်္ဂလာပွဲအခမ်းအနားများ၌ မင်္ဂလာသတို့သမီးအား ၎င်း၏ဆွေမျိုးများမှ မင်္ဂလာလက်ဖွဲ့အနေဖြင့် လက်ဆောင်ပေးခြင်းမှာ တရုတ်ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း၊ ယခုနှစ် တတိယသုံးလပတ်တွင် လက်ထပ်ထိမ်းမြားမှု (၁၁)ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အချို့သောမင်္ဂလာဆောင်သူများမှာ အချင်းချင်းခပ်ခွာခွာနေထိုင်ရန် ကန့်သတ်ချက်များကြောင့် ညှော်ခံပွဲအတွက် ကုန်ကျစရိတ်အား (၁၉) ရာခိုင်နှုန်း လျှော့ချသုံးစွဲပြီး ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများ ဝယ်ယူမှုအပေါ် (၂၀) ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့ကြကြောင်း၊ ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာ ဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်တွင် (၁၉) ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် (၂၄) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ဟောင်ကောင်၌ ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာများ ရောင်းချမှုမြင့်တက်လာသော်လည်း ရွှေဈေးနှုန်းမှာ (၅) ရာခိုင်နှုန်း ကျဆင်းလျက်ရှိပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၈၀၅ ဒေါ်လာရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း

တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် လာမည့် ၂၀၂၂ ခုနှစ်အတွင်း တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင်ပြည်ပအချက်ချာကျသည့်ဒေသ အနေဖြင့်ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ယွမ်ငွေကြေးငွေလဲလှယ်မှု အချက်အချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးရန်မှာ ဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ်အတွင်း ဦးစားပေးအချက်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိနိုင်ငံများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကုန်တွင် ဘဏ်အပ်နှံငွေ ယွမ် (၈၃၄.၉) ဘီလီယံ (ဟောင်ကောင်ဒေါ်လာ အားဖြင့် ၁.၀၂ ထရီလီယံ) ရှိခဲ့ရာ ယခင်နှစ် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှု၏(၄၆) ရာခိုင်နှုန်းရှိသောကြောင့်တရုတ်နိုင်ငံအတွက် ဟောင်ကောင်ဒေသသည်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဗဟိုဌာနအနေဖြင့် အဓိကအချက်အချာကျသည့်ဒေသဖြစ်ကြောင်း၊ ထို့ပြင်ဟောင်ကောင်ဒေသသည် မဟာပင်လယ်ကွေ့ဒေသ၏စီမံကိန်းအရမကာအိုနှင့်နှင့် တရုတ်ပြည်မကြီးမှ မြို့ကြီးများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Frank Tang က " Beijing to bolster HK as yuan trading hub, diversify city's forex reserves" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသသည် လန်ဒန်နှင့် စင်ကာပူနိုင်ငံတို့၏ယွမ်ငွေကြေးလဲလှယ်မှု ပြည်ပအချက်အချာကျသည့် စင်တာများကဲ့သို့ ဆောင်ရွက်နိုင်ရန် စတော့ရှယ်ယာ၊ စာချုပ်များနှင့် ပိုင်ဆိုင်မှု စီမံခန့်ခွဲမှု ချိတ်ဆက်မှု အစီအစဉ်တို့အား တရုတ်ပြည်မကြီးနှင့် စီးပွားရေးလုပ်ငန်းများနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ပံ့ပိုးပေးမည့်မူဝါဒနှင့်ပတ်သက်၍ တရုတ်နိုင်ငံဗဟိုဘဏ်မှ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ရှင်းလင်းဖော်ပြခြင်းမရှိသော်လည်း၊ ယွမ်ငွေကြေးသုံးစွဲမှုများ၊ ကုန်သွယ်ရေးအတွက်ပေးချေမှုနှင့် ဒစ်ဂျစ်တယ်လ်ယွမ်သုံးစွဲမှုတို့အတွက် အလားအလာကောင်းအများအပြားရှိကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းတစ်လျှောက်ရှိနိုင်ငံများမှ ကုမ္ပဏီများအနေဖြင့် ရှယ်ယာများနှင့်စာချုပ်များ ရင်းနှီးမြှုပ်နှံမှုတွင် အခက်အခဲများရှိကြောင်း၊ သို့ဖြစ်ရာ အရည်အချင်းပြည့်မီသည့် နိုင်ငံခြားကုမ္ပဏီများအား တရုတ်စတော့

MS DCP

ရှယ်ယာဈေးကွက်မှ ဘဏ္ဍာငွေများမတည်ရင်းနှီးမြှုပ်နှံနိုင်ရန် တရုတ်နိုင်ငံအနေဖြင့် ခွင့်ပြုပေးသင့်ကြောင်း၊ သို့သော် ငွေသွင်း/ငွေထုတ် ငွေသားစီးဆင်းမှုများ လျှင်မြန်ချောမွေ့စေရန် လဲလှယ်နိုင်မည့် ရင်းနှီးငွေ အမြောက်အမြား လိုအပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဟောင်ကောင်ရှိ အစုရှယ်ယာကုမ္ပဏီ (၃) ခု အတွက် တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနမှ စာချုပ်အနေဖြင့် ယွမ် (၂၀) ဘီလီယံ ထုတ်ပေးခဲ့ကြောင်း၊ ယခင်ရက်သတ္တပတ်က ယွမ် (၅) ဘီလီယံတန်ဖိုးရှိ ဗဟိုဘဏ်၏ငွေစက္ကူများကို တရုတ်နိုင်ငံ People's Bank of China မှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ထုတ်ရောင်းခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုကိုပယ်ဖျက်နိုင်ရန်နှင့် ငွေကြေးစနစ်တွင် အမေရိကန်ဒေါ်လာလွှမ်းမိုးမှုအား ဝါရှင်တန်မှ တင်းကြပ်မှုများပြုလုပ်မည်ကို ၂၀၁၈ ခုနှစ်ကတည်းက စိုးရိမ်မှုများဖြစ်ခဲ့သောကြောင့် ပေကျင်းသည် တရုတ်နိုင်ငံ၏ ယွမ်ငွေကြေးအား နိုင်ငံတကာအသုံးပြုနိုင်ရေး အစီအစဉ်ကို ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်ယွမ်ငွေကြေးအား နိုင်ငံတကာ အသုံးပြုနိုင်ရန်ဆောင်ရွက်မှုမှာ နှေးကွေးလျက်ရှိပြီး နိုင်ငံတကာငွေပေးချေမှု၊ အရန်ငွေကြေးနှင့် နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်မှုများတွင် အမေရိကန်ဒေါ်လာ၏ နောက်တွင်ရှိဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း နိုင်ငံတကာငွေပေးချေမှုတွင် အမေရိကန်ဒေါ်လာ (၄၀.၃၉) ရာခိုင်နှုန်း၊ ယူရို (၃၃.၅၂) ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်လျှင် တရုတ်ယွမ်ငွေကြေးမှာ (၂.၁၄) ရာခိုင်နှုန်းရှိပြီး အဆင့် (၅) တွင်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကြေးပြည်ပနိုင်ငံများတွင် အသုံးပြုမှုမြှင့်တင်နိုင်ရန် ဒစ်ဂျစ်တယ်လ် ယွမ်ငွေကြေးအစီအစဉ်အား အဆင့်မြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်လ်ငွေကြေးများအား နယ်မြေဖြတ်ကျော် ပေးချေမှုစနစ်များ လေ့လာနိုင်ရန် တရုတ်နိုင်ငံ People's Bank of China သည် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၊ ထိုင်းနိုင်ငံရှိဗဟိုဘဏ်၊ ယူအေအီးတို့နှင့် တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ လုပ်ငန်းကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုများ ပိုမိုလွယ်ကူစေရန် ယွမ်ငွေကြေးများ ပမာဏအများအပြား ကိုင်ဆောင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ ပြည်ပရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရန် အသေးစားစီမံကိန်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

…………………………………………………………………………………………………..

MISDOP

## ဂျပန်စီးပွားရေးလုပ်ငန်းများ၏ ၈၄ % ခန့်က ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများရှိသည်ဟု မျှော်လင့်ကြောင်းသိရ

ဂျပန်စီးပွားရေးလုပ်ငန်းများ၏ ၈၄ % ခန့်က ၂၀၂၂ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းထားကျဆင်းသွားပြီး တစ်ဦးချင်းစားသုံးမှုနှုန်းများလည်း ပြန်လည်မြင့်တက်လာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများရှိသည်ဟုမျှော်လင့်နေကြကြောင်းကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ကျိုဒိုသတင်းဌာနမှဆောင်ရွက်သည့် စစ်တမ်းအဖြေများအရ သိရပါသည်။

Toyota Motor Corp. နှင့် SoftBank Group Corp.တို့အပါအဝင် ကုမ္ပဏီပေါင်း ၁၀၆ ခု အပေါ်စစ်တမ်းကောက်ယူခဲ့ရာတွင် ကုမ္ပဏီ ၁၃ ခုကသာ ကူးစက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေပြီး ဂျပန်နိုင်ငံ၏စီးပွားရေးသည် ဆက်လက်ကျဆင်းမည်အလားအလာရှိသည်ဟု ခန့်မှန်းထားကြောင်းသိရပါသည်။ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ စားသုံးသူများ၏ သုံးစွဲမှုနှုန်းလျော့ကျနေဆဲဖြစ်သည်ဟု ယူဆခြင်းနှင့် လက်ရှိ၌ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်မှုများရှိနေဆဲဖြစ်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမှုနှုန်း သိသိသာသာမြင့်တက်လာနိုင်မည်မဟုတ်ဟု ယူဆကြောင်းသိရပါသည်။

ကုမ္ပဏီ ၈၄ ခုကမူ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံ့စီးပွားရေးမှာ အလယ်အလတ်နှုန်းထားဖြင့် တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ကုမ္ပဏီ ၅ ခုမှာထိုထက်ပို၍ စီးပွားရေးတိုးတက်လာနိုင်သည်ဟု မျှော်လင့်ကြောင်း ဖြေကြားထားပါသည်။

ထိုကဲ့သို့ မျှော်မှန်းချက်ရှုဒေါင့်မျိုးစုံမှ ဖြေကြားချက်များအရ ကုမ္ပဏီအားလုံး၏ ၉၁ % မှ စားသုံးသူများ၏ တစ်ဦးချင်းသုံးစွဲမှုအနေအထားမှာ သိသိသာသာမြင့်တက်လာနိုင်သည်ဟု ယူဆကြောင်း၊ ၆၄% မှာ ဗိုင်းရပ်စ်ကြောင့် ယိမ်းယိုင်နေသည့် နိုင်ငံ့စီးပွားရေးမှာ ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိလာမည်ဟု မျှော်မှန်းကြောင်း၊ ၃၅% ကမူ ငွေလုံးငွေရင်းပိုင်း ရင်းနှီးမြှုပ်နှံမှုမှာပြန်လည်မြင့်တက်လာမည်ဟု ယူဆကြောင်း၊ ၁၉ % မှ အမေရိကန်နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုအပေါ် မျှော်လင့်ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ကျိုဒိုသတင်းဌာနမှ ဆောင်ရွက်ခဲ့သော အလားတူစစ်တမ်းအရ ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံ၏ စီးပွားရေးနာလန်ထူလာမှုအပေါ် ကုမ္ပဏီအားလုံး၏ ၇၄ % ခန့်မှ မျှော်မှန်းခဲ့ကြောင်း သိရပါသည်။

ဝန်ကြီးချုပ် Fumio Kishida မှ နိုင်ငံ၏ စီးပွားရေးနဂိုမူလအခြေအနေပြန်လည်ရောက်ရှိရန် ကြိုးပမ်းနေစဉ် လက်ရှိစတင်ပြန့်ပွားနေသည့် Omicron ဗိုင်းရပ်စ်မျိုးကွဲသစ်ကူးစက်မှုကို တတ်နိုင်သမျှ အနည်းဆုံးအနေအထားသို့ လျှော့ချရန်အားထုတ်ဆောင်ရွက်သွားမည်ဟု သံမိဥ္စာန်ပြုထားပါသည်။

၂၀၂၁ ခုနှစ်၊ နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို လက်ခံကျင်းပခဲ့သည့်အချိန်၌ ပဉ္စမအကြိမ်မြောက် ကိုရိုနာကူးစက်မှုလှိုင်းနှင့် ရင်ဆိုင်ခဲ့ရစဉ် ဂျပန်အစိုးရသည် နိုင်ငံတစ်ဝှမ်းအား အရေးပေါ်အစီအမံကြေငြာခဲ့ပြီး ပြည်သူများကို မလိုအပ်ဘဲနေအိမ်ပြင်ပသို့သွားရောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦးနီးကပ်စွာနေထိုင်ခြင်းများ ရှောင်ရှားရန် တိုက်တွန်းခဲ့ပါသည်။

အောက်တိုဘာလ ၁ ရက်နေ့တွင် ၎င်းအရေးပေါ်အစီအမံအားရုတ်သိမ်းခဲ့ပြီး လုပ်ငန်းအားလုံးပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည့်နောက်တွင် တည်းခိုနေထိုင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းစသည့် အပန်းဖြေမှုဆိုင်ရာလုပ်ငန်းကဏ္ဍများသည် ကူးစက်ရောဂါမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ထားပါသည်။ စစ်တမ်းဖြေကြားသည့်ကုမ္ပဏီများအနက် စားသောက်ကုန်လုပ်ငန်းဆောင်ရွက်သူ ကုမ္ပဏီတစ်ခုမှ ဂျပန်အစိုးရ၏ကိုရိုနာဗိုင်းရပ်စ်တုန့်ပြန်ရေးအစီအမံများမှာ လုံလောက်မှုမရှိကြောင်း၊ သို့ဖြစ်ရာ ဗိုင်းရပ်စ်မပြန့်ပွားမီအချိန်မှ နိုင်ငံ့စီးပွားရေး တိုးတက်မှုအနေအထားသို့ ပြန်လည်ရောက်ရှိရန် အချိန်ယူရမည်ဖြစ်ကြောင်း ဖြေကြားထားပါသည်။

ဂျပန်နိုင်ငံတွင် ပဉ္စမအကြိမ်မြောက် ကိုရိုနာကူးစက်မှုလှိုင်းကို ရင်ဆိုင်ရပြီးနောက်ပိုင်းကာကွယ်ဆေးထိုးနှံမှုများ တွန်းအားပေးဆောင်ရွက်ခဲ့ရာ ပြည်တွင်းကူးစက်မှုများ ပြန်လည်ကျဆင်းသွားခဲ့ပါသည်။ သို့သော် လတ်တလော ပြည်တွင်းရှိ စီရင်စုအချို့၌ Omicron ဗိုင်းရပ်စ်မျိုး ကွဲသစ်စတင်ကူးစက်ပြန့်ပွားနေပြီဖြစ်သဖြင့် ဆဋ္ဌမလှိုင်း တဖန်ပြန်လည်ကူးစက်လာနိုင်မှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာလျက်ရှိပါသည်။

ထို့အတူ ဂျပန်နိုင်ငံမှစားသုံးသူများသည် ကုန်ကြမ်းပစ္စည်းများ ဈေးတက်လာခြင်းနှင့် ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းတို့ကြောင့် နေ့စဉ်အသုံးစရိတ်များ ချွေတာလာကြသည်ကို တွေ့ရပါသည်။

ဝန်ကြီးချုပ် Kishida ၏ အဓိကမူဝါဒရေးရာများနှင့်ပတ်သက်၍ ကျိုဒိုသတင်းဌာနမှ စစ်တမ်းကောက်ယူရာတွင် ကုမ္ပဏီအားလုံး၏ ၅၄ % မှာ ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းရေးကို

လက်ခံကြကြောင်း ဖြေကြားခဲ့ကြပါသည်။ ၄၈ % ကမူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံး ချမှုဆိုင်ရာ မူဝါဒကို ထောက်ခံကြောင်း သိရပါသည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန် ဂျပန်အစိုးရအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၂၀၁၉ ဘဏ္ဍာနှစ် အတွင်းက အသုံးချမှု ၁၈ % ထက်နှစ်ဆပိုမိုကာ ၂၀၃၀ ဘဏ္ဍာနှစ်အတွင်း ၃၆ % မှ ၃၈ % သို့ ရောက်ရှိရန် ကြိုးပမ်းနေပါသည်။ စစ်တမ်းကောက်ယူထားသည့် ကုမ္ပဏီများ၏ ၃၉% သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၃၅ % မှ ၃၉ % ထိရောက်ရှိရန် ရည်မှန်းထားကြောင်း၊ ကုမ္ပဏီများ၏ ၂၀% မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၄၀ % နှင့်အထက်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းသင့်ကြောင်း ဖြေကြားထားပါသည်။

အထက်ဖော်ပြပါ စစ်တမ်းကို ကျိုဒိုသတင်းဌာနမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလလယ်မှ ဒီဇင်ဘာလအစောပိုင်းအတွင်း၌ ANA Holdings Inc.၊ Seven & i Holdings Co.၊ Nintendo Co. နှင့် Panasonic Corp. အစရှိသည့် ကုမ္ပဏီကြီးများအပါအဝင် ဂျပန်ကုမ္ပဏီ ၁၀၆ ခုအပေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ရင်းမြစ်။ https://www.nippon.com/en/news/kd850548247794909184/84-of-firms-in-japan-see-economic-growthin-2022.html

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

MIS DOP

..........................................................................................................

## ၂၀၂၂ ခုနှစ် အစပိုင်းတွင် ဂျပန်၏ Nikkei အညွှန်းကိန်း ဈေးနှုန်းမြင့်တက်လာကြောင်းတွေ့ရ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မှ Dow Jones Industrial Average အညွှန်းကိန်း၏ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ပြီးနောက်ပိုင်း တိုကျိုစတော့ရှယ်ယာဈေးကွက်သည် ဇန်နဝါရီလ ၄ ရက် (အင်္ဂါနေ့) တွင် ၂၀၂၂ ခုနှစ်အစပိုင်းအတွက် ပထမဆုံးဈေးအမြင့်နှင့် စတင်ဖွင့်လှစ်လိုက်ကြောင်းသိရပါသည်။

ပထမတန်းစားအစုရှယ်ယာ ၂၂၅ မျိုး၏ Nikkei အညွှန်းကိန်းသည် ၂၀၂၁ ခုနှစ်အကုန် ဈေးပိတ်ချိန်ကထက် ၁.၇၇ % မြင့်တက်လာပြီး ဇန်နဝါရီလ ၄ ရက် (အင်္ဂါနေ့) တွင် ၂၉,၃၀၁ မှတ်ဖြင့် ဈေးပိတ်ခဲ့ပါသည်။

Japan Exchange Group ၏ အမှုဆောင်အရာရှိချုပ် Kiyota Akira က စတော့ရှယ်ယာဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေကြသူအများစုအနေဖြင့် ဈေးကွက်ခိုင်မာအားကောင်းမည့် အလားအလာကောင်းများ မျှော်လင့်နေကြသည်ဟု ယူဆကြောင်း၊ ၂၀၂၂ ခုနှစ်သည် တရုတ်ရိုးရာပြက္ခဒိန်အရ ကျားနှစ်ကျရောက်သည့်အတွက် အားမာန်အပြည့်ဖြင့် မင်္ဂလာရှိသည့်နှစ်သစ်အဖြစ် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်လာသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အားတက်လာခဲ့ပါသည်။ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ယန်းငွေ တန်ဖိုး လျော့ကျနေသဖြင့် ပို့ကုန်ဆိုင်ရာရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့သည်ကိုလည်း တွေ့ရပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တစ်နှစ်လုံးတွင် ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် တိုကျိုစတော့ရှယ်ယာဈေးကွက်၏ Nikkei ပျမ်းမျှအညွှန်းကိန်းသည် ဈေးနှုန်းမတည်ငြိမ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

**ရင်းမြစ်။** https://mainichi.jp/english/articles
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

.......................................................................................................

## နိုဝင်ဘာလကုန်ထိစာရင်းဇယားများအရ ဂျပန်၏ အလုပ်လက်မဲ့နှုန်းသည် ၂.၈ % အထိ မြင့်တက်လာခဲ့

ကိုရိုနာဗိုင်းရပ်ကြောင့်ထိခိုက်ခဲ့ရသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူကောင်းမွန်လာသဖြင့် လူအများစုမှာ မူလအလုပ်ထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များရှာဖွေလာကြခြင်းကြောင့် နိုဝင်ဘာလ၏ စာရင်းဇယားများအရမူလအလုပ်ကိုစွန့်ခွာသူဦးရေ ၂.၈% အထိ မြင့်တက်လာခဲ့ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဂျပန်အစိုးရကထုတ်ပြန်ခဲ့ပါသည်။

ပြီးခဲ့သည့် အောက်တိုဘာလတွင် ကူးစက်မှုများသိသိသာသာ ကျဆင်းခဲ့သည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေး အရေးပေါ်အခြေအနေ ရုတ်သိမ်းပြီးနောက်ပိုင်း ခြောက်လအတွင်း ရာသီ

အလိုက်ချိန်ညှိထားသော အလုပ်လက်မဲ့နှုန်းသည်ယခင်လ (စက်တင်ဘာလ) ကထက် ၀.၁% မြင့်တက်လာကြောင်းတွေ့ရပါသည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ နိုဝင်ဘာလတွင် အလုပ်အကိုင်ရရှိမှုအချိုးသည် ယခင်အောက်တိုဘာလ၏ နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိဘဲ အလုပ်ရှာဖွေသူ ၁၀၀ ဦးလျှင် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု ၁၁၅ ဦးရှိကြောင်း သိရပါသည်။

နိုဝင်ဘာလတွင် အလုပ်လက်မဲ့ဦးရေစုစုပေါင်းမှာ ၁.၈၂ သန်းအထိ တိုးလာပြီး သုံးလတာအတွင်း ပထမဆုံးအကြိမ် တိုးမြင့်လာကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။ ၎င်းတို့အနက် လူပေါင်း ၇၆၀,၀၀၀သည် ၎င်းတို့၏ ဆန္ဒအလျောက်အလုပ်မှ နှုတ်ထွက်သူများဖြစ်ကြောင်း သိရပါသည်။

အလုပ်လက်မဲ့ဦးရေတိုးလာခြင်းသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များရှာဖွေရန် မိမိဆန္ဒအလျောက် မူလအလုပ်စွန့်လွှတ်သူ ဦးရေတိုးတက်လာခြင်းဖြစ်ကြောင်း၊ မကြာသေးမီကာလက ပြည်တွင်းဗိုင်းရပ်စ်ကူးစက်မှုနှုန်းကျဆင်းသွားခြင်းနှင့် စီးပွားရေးနာလန်ထူလာသည့် အနေအထား၏ သက်ရောက်မှုဟု ဆိုနိုင်ကြောင်း အစိုးရတာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ လေ့လာသုံးသပ်သူများမှလည်း ပြီးခဲ့သည့် နွေရာသီတွင် ဗိုင်းရပ်စ်ကူးစက်မှုအမြင့်ဆုံးနှုန်းထားဖြစ်ခဲ့သည့် တစ်ရက်လျှင် လူဦးရေ ၂၅,၀၀၀ကျော်ကူးစက်မှုနှင့် နှိုင်းယှဉ်ပါက လတ်တလောကာလတွင် တစ်ရက်ကူးစက်မှု ၂,၅၀၀ ဝန်းကျင်ခန့်သို့ လျော့နည်းကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးအပေါ် အလုပ်လုပ်ကိုင်သူများ၏ ပိုမိုအကောင်းမြင်လာမှုကို ဖြစ်လာစေသည်ဟု သုံးသပ်ခဲ့ပါသည်။

အသက် ၁၅ နှင့် ၂၄ နှစ်အကြားရှိလူများနှင့် ၃၅ နှင့် ၄၄ နှစ်အကြား ရှိသူများ၏ အလုပ်လက်မဲ့နှုန်းတိုးလာခြင်းသည်၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြောင်းလဲလိုသည့် ရည်ရွယ်ချက်ဖြင့် အလုပ်အကိုင်သစ်များရှာဖွေလာကြောင်းကိုပြသနေသည်ဟု Daiwa Institute of Research မှသုတေသီ Megumi Wada မှ သုံးသပ်ထားပါသည်။ အနာဂတ်အတွက် ကြိုတင်သုံးသပ်ရမည်ဆိုပါက မျက်နှာချင်းဆိုင်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများဖြစ်ကြသည့် ဟိုတယ်နှင့် တည်းခိုနေထိုင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ အနေအထား ပြန်လည်တိုးတက်

ကောင်းမွန်လာနိုင်သည့်အတွက် လုပ်သားဈေးကွက်သည် ပြန်လည်နာလန်ထူလာမည်ဟု ယူဆရကြောင်း Wada က သုံးသပ်ပါသည်။

ယခုနှစ်အတွက် ဒီဇင်ဘာလကုန် နှစ်သစ်ကူးအားလပ်ရက်ရှည်တွင် နေရပ်ပြန်ရန် လူအများမှ ရှင်းကန်းဆန် (ကျည်ဆန်ရထား) နှင့် ပြည်တွင်းလေကြောင်းလိုင်းများအသုံးပြုရန် ကြိုတင်မှာယူမှုများ မြင့်တက်လာခြင်းကိုလည်း တွေ့ရပါသည်။ အစိုးရမှ "Go To Travel" ခရီးသွားကဏ္ဍလှုံ့ဆော်ရေးအစီအစဉ်ကို ပြန်လည်စတင်မည်ဆိုပါက ခရီးသွားဝန်ဆောင်မှုကဏ္ဍအပေါ် ထပ်မံမြှင့်တင်နိုင်လိမ့်မည်ဖြစ်ပါသည်။

တည်းခိုနေထိုင်ခြင်းနှင့် အစားအသောက်ဝန်ဆောင်မှုကဏ္ဍ၊ လက်လီနှင့်လက်ကားရောင်းချမှုကဏ္ဍတို့မှ အလုပ်အကိုင်များမှာ ယခုနှစ်စတွင်အတန်ပင်ကျဆင်းခဲ့သော်လည်း လက်ရှိ၌ငွေကဏ္ဍမှလုပ်သားဈေးကွက်မှာ အခြေအနေတိုးတက်လာသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်စာတိုက်လုပ်ငန်းများတွင် လုပ်သားဦးရေသည် ယခင်နှစ်ကထက် ၉.၃% နှင့် ၅.၅ % အသီးသီးမြင့်တက်လာခဲ့ကြောင်း သိရပါသည်။

**ရင်းမြစ်။** https://www.japantimes.co.jp/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

........................................................................................................................................

## နှစ်ကုန်အားလပ်ရက်ရှည်ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာမှုမရှိစေရန် ဂျပန်အစိုးရအထူးသတိပြုနေ

ဒီဇင်ဘာလကုန်မှအစပြုမည့် နှစ်သစ်ကူးအားလပ်ရှည်ကာလအတွင်း ဇာတိပြန်ကြမည့်ပြည်သူများကြောင့် ဒီဇင်ဘာလ ၂၉ ရက်နေ့၌ လေဆိပ်နှင့် ရထားဘူတာရုံများတွင် လူများပြည့်ကျပ်နေသည်ကိုတွေ့ရပါသည်။ ပြည်တွင်း၌ Omicron မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ စတင်တွေ့ရှိလာရသည့်အပြင် ပိတ်ရက်ရှည်ကာလအတွင်း လူအများခရီးသွားလာကြခြင်းများကြောင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံမြင့်တက်လာမည်ကို ဂျပန်အစိုးရတာဝန်ရှိသူများက စိုးရိမ်နေကြပါသည်။

နှစ်သစ်ကူးကာလအတွက် ခရီးသွားလာခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ပြင်ဆင်နေကြချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံမဖြစ်ပွားစေရန် ပြည်သူများအား အထူးသတိပြုကြရန် ဗဟိုအစိုးရနှင့်ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများက နှိုးဆော်လျက်ရှိပါသည်။ အားလပ်ရက်ရှည်အတွင်း ပြည်သူများ၏ ခရီးသွားလာမှုများမြင့်တက်လာသဖြင့် လူထုအတွင်း Omicron မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ အရှိန်အဟုန်ဖြင့် ပြန့်ပွားလာနိုင်ကြောင်းကို အထူးသတိပြုရန်လိုကြောင်း တိုကျိုမြို့တော်ဝန် Ms. Koike Yuriko မှ သတိပေးပြောကြားခဲ့ပါသည်။

လက်ရှိ၌ မြို့တော်တိုကျိုအပါအဝင် စီရင်စု ၇ခုတွင် ပြည်တွင်းကူးစက်မှုအဖြစ် Omicron မျိုးကွဲသစ်ကူးစက်မှုများ ပြန့်ပွားနေကြောင်း ၊ မျိုးဗီဇပြောင်း Omicron ကိုရိုနာဗိုင်းရပ်စ်သည် ပြင်းထန်သည့် ရောဂါလက္ခဏာများ ဖြစ်နိုင်ချေနည်းသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အစီရင်ခံစာတွင်ဖော်ပြထားသော်လည်း အလျင်အမြန်ကူးစက်နှုန်းမြင့်မားကြောင်း သိရသည့်အတွက် အကယ်၍ဂျပန်နိုင်ငံအတွင်း တဖန်ကူးစက်မှုများမြင့်တက်လာပါက နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ထိခိုက်စေနိုင်ကြောင်းဟု ကျွမ်းကျင်သူများက သတိပေးထားပါသည်။

ဒီဇင်ဘာလ ၂၉ ရက်နေ့ထုတ်ပြန်ချက်အရ တိုကျိုမြို့တွင် ရောဂါပိုးကူးစက်သူဦးရေ ၇၆ ထိတိုးတက်လာခဲ့ပြီး ယခင်အောက်တိုဘာလနောက်ပိုင်း တစ်နေ့တာကူးက်မှုဦးရေ ၅၀ ကျော်သို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**ရင်းမြစ်။ [https://mainichi.jp/](https://mainichi.jp/) , [https://japantoday.com/](https://japantoday.com/)**

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

.................................................................................................................

## အစိုးရအနေဖြင့်ပြည်ပသို့ပို့ကုန်တင်ပို့နိုင်မှုအပေါ်အားရလျက်ရှိခြင်း (ထိုင်းနိုင်ငံ)

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှု၊ ကမ္ဘာတစ်ဝှမ်း ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံမှုနှုန်းမြင့်တက်လာမှုနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးလှုံ့ဆော်မှုအစီအမံများကြောင့် ယခုနှစ်အတွက်ပို့ကုန်တင်ပို့မှုဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ကျေနပ်အားရလျှက်ရှိကြောင်း၊ ယခုနှစ်အတွက် ပြည်ပသို့သဘော်ာတင်ပို့မှုအနေဖြင့် (၁၆%) တိုးတက်ကာ

အမေရိကန်ဒေါ်လာ၂၆၈ဘီလီယံ(ဘတ်ငွေ၈.၅ထရီလီယံခန့်) ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ၂၀၂၂ ခုနှစ်အတွက် ပြည်ပတင်ပို့မှုတိုးတက်မှုနှုန်း(၃.၅-၄.၅%) ရရှိနိုင်မည်ဖြစ်ကာ အမေရိကန်ဒေါ်လာ(၂၇၈-၂၈၀) ဘီလီယံခန့်ရရှိနိုင်မည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။ ဆက်လက်၍ ဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် အထောက်အကူဖြစ်စေမည့် အချက်အလက်များတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တိုးတက်မှု၊ ကုန်သွယ်ဖက်နိုင်ငံများအကြား သွင်းကုန်တင်သွင်းမှု၊ ဒူဘိုင်းရေနံစိမ်းဈေးနှုန်းမြင့်တက်မှု၊ ဘတ်ငွေတန်ဖိုးကျဆင်းမှု၊ ထုတ်လုပ်မှုကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာမှုစသည်တို့ပါဝင်ကြောင်းပြောကြားခဲ့ပါသည်။

အခြားသောအပြုသဘောဆောင်သည့် အချက်အလက်များအနေဖြင့်၂၀၂၂ခုနှစ် နှစ်လယ်တွင် ကွန်တိန်နာများနှင့် သင်္ဘောများတိုးတက်လာဖွယ်ရှိမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိရောက်စွာထိန်းချုပ်နိုင်မှုနှင့် နောက်နှစ်အစတွင် အသက်ဝင်လာရန် စီစဉ်ထားသည့်ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) တို့ပါဝင်သည်ဟု ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုဝင်ဘာလတွင် အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ (၂၃.၆)ဘီလီယံ(ဘတ်ငွေ၇၈၃ဘီလီယံ)ရှိကြောင်း၊ ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်မှုနှုန်းမှာ (၂၄.၇%)ရှိကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာလည်း(၂၀.၅%)တိုတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂.၆) ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၁.၀၀၂)ဘီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရသိရှိရပါသည်။

၂၀၂၁ခုနှစ်ပထမ(၁၁)လအတွင်း ထိုင်းနိုင်ငံ၏ပြည်ပတင်ပို့မှုအနေဖြင့် (၁၆.၄%)တိုးတက်ခဲ့ပြီးအမေရိကန်ဒေါ်လာ(၂၄၆)ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း(၂၉.၄%)တိုးတက်ခဲ့ပြီးအမေရိကန်ဒေါ်လာ(၂၄၂)ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ(၃.၈၂)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

ရွှေ၊ ရေနံနှင့်ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါဝင်ဘဲ အမှန်တင်ပို့ခဲ့သော ပို့ကုန်ကဏ္ဍများအနေဖြင့် ဩဂုတ်လတွင်(၁၉.၄%)၊ စက်တင်ဘာလတွင်(၁၄.၈%)၊ အောက်တိုဘာလတွင်(၁၂.၂%) နှင့် ယခုနိုဝင်ဘာလတွင် ယမန်နှစ်ကထက်(၁၈.၉%)မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

MIS DOP

နိုဝင်ဘာလတွင်တင်ပို့မှုအားကောင်းကောင်းဖြင့်မြင့်တက်ခဲ့သောပို့ကုန်များတွင်သစ်သီးဝလံများ၊ ပီလောပီနံထုတ်ကုန်များ၊ ရာဘာ၊ သကြားနှင့်တိရစ္ဆာန်အစားအစာများစသည့် လယ်ယာထွက်ကုန်များနှင့် အစားအစာများ၊ အိမ်မှနေရင်းအလုပ်လုပ်သည့်ထုတ်ကုန်များ၊ ပရိဘောဂများနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ၊ ရေဒီယိုနှင့် တယ်လီဗေးရှင်းဖမ်းစက်များနှင့် အစိတ်အပိုင်းများ၊ မိုက်ခရိုဝေ့ခ်မီးဖိုများ၊ ရေခဲသေတ္တာများနှင့်အစိတ်အပိုင်းများ၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများ စသည့်အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဆေးပစ္စည်းကရိယာများ၊ ဆေးဝါးထုတ်ကုန်များစသည့်ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးထုတ်ကုန်များ၊ ဆေးဘက်ဆိုင်ရာထုတ်ကုန်များ တို့ဖြစ်ကြကြောင်း သိရှိရပါသည်။

အခြား တိုးတက်တင်ပို့နိုင်သော ထုတ်ကုန်များတွင်မီးပူများ၊ စတီးနှင့်စတီးပစ္စည်းထုတ်ကုန်များ၊ ဓါတုဗေဒထုတ်ကုန်များ၊ ပလပ်စတစ်ကော်စေ့များ၊ရာဘာတာယာများ၊ အီလက်ထရောနစ်ပေါင်းစပ်ဆားကစ်များ၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ လူသုံးကုန်ပစ္စည်းများပါဝင်ကြပြီး၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများသည့်အဖိုးတန်ဇိမ်ခံပစ္စည်းများလည်း ပါဝင်ကြောင်းသိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

........................................................................................................

## COVID ကြောင့် ကုန်တင်ကားမောင်းသူ ထက်ဝက်ခန့် ပြတ်တောက်သွားသဖြင့် စူပါမားကတ်များတွင် ပြတ်လပ်မှုများ ဖြစ်ပေါ်နေခြင်း (ဩစတြေးလျ)

သယ်ယူပို့ဆောင်ရေးလုပ်သားများအကြား COVID နှင့်ဆက်စပ်သည့်ပျက်ကွက်မှုများသည် စူပါမားကတ် ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေရာ နိုင်ငံတစ်ဝှမ်းရှိစူပါမားကတ်စင်များတွင် ပြောင်သလင်းခါသွားသည့်အတွက် ဝယ်ယူမှုပိုင်းတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေကြောင်း ABC သတင်းဌာန သတင်းအရသိရှိရသည်။

ထောက်ပံ့ပို့ဆောင်ရေး အော်ပရေတာများသည် COVID ဖျားနာမှု သို့မဟုတ် သီးခြားခွဲမှုများကြောင့် ၎င်းတို့၏ လုပ်သားအင်အား၏ သုံးပုံတစ်ပုံနှင့် တစ်ဝက်ကြားကို နေ့စဉ်ဆုံးရှုံးရလျက်ရှိပါ

သည်။ စူပါမားကတ်အချို့ရှိ ပြတ်တောက်မှုများသည် ဝယ်လိုအားများခြင်းကြောင့် မဟုတ်ဘဲပို့ဆောင်မှုနှောင့်နှေးမှုနှင့် ထောက်ပံ့မှုကွင်းဆက်အခက်အခဲများကြောင့် ဖြစ်ပါသည်။

ယခုအချိန်အထိ Coles စူပါမားကတ်သာလျှင် ဝယ်ယူမှုကန့်သတ်ချက်များကို ပြန်လည်ကျင့်သုံးခဲ့ပြီး၊ အနောက်သြစတြေးလျမှလွဲ၍ ပြည်နယ်နှင့် နယ်မြေအားလုံးတွင် အကျုံးဝင်မည်သည်။ ဝယ်ယူသူများသည် ကြက်စဉ်းကော၊ ကြက်ရင်အုံ၊ ကြက်ပေါင်နှင့် ဝက်အူချောင်း အများဆုံးနှစ်ထုတ်စီဝယ်ယူနိုင်ပြီး၊ rapid antigen test တစ်ခုကို ဝယ်ယူနိုင်သည်။ Woolworths သည် rapid antigen test kits များကို ယမန်နှစ်ကတည်းက ဝယ်ယူမှုကန့်သတ်ချက်များ ပြုလုပ်ခဲ့ပြီး၊ ဝယ်ယူသူများသည် လက်ရှိတွင် ဝယ်ယူမှုတစ်ခုလျှင် တစ်ထုပ်သာဝယ်ယူရန် ကန့်သတ်ထားပါသည်။ ထုတ်ကုန်မျိုးစုံအတွက် နယူးဆောက်ဝေးလ်နှင့် ကွင်းစလန်ပြည်နယ်တို့တွင် ထောက်ပံ့မှုပြဿနာများရှိနေကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြက်နှင့်အသားထွက်ပစ္စည်းအချို့သည် Woolworths တွင် ထောက်ပံ့မှုလျော့သွားနိုင်ကြောင်း သိရှိရသည်။ Coles ကမူ ထုတ်ကုန်ရရှိနိုင်မှုကို ဆက်လက်စောင့်ကြည့်ပြီး၊ ဝယ်ယူသူများအား ၎င်းတို့လိုအပ်သည့်အရာကိုသာဝယ်ယူရန် တောင်းဆိုခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော COVID–19 အခြေအနေသည် ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများအပေါ် ထပ်လောင်းဖိအားပေးလျက်ရှိပြီး၊ ဝယ်ယူသူများအတွက် အနှောင့်အယှက်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

သြစတြေးလျ၏ ထောက်ပံ့ရေးကွင်းဆက်သည် သိသာထင်ရှားသော ဖိအားအောက်တွင်ရှိနေသည်ဟု သယ်ယူပို့ဆောင်ရေး အလုပ်သမားများသမဂ္ဂက ပြောကြားခဲ့သည်။ National secretary Michael Kaine က အစိုးရသည် နိုင်ငံ၏ရွှေ့ပြောင်းလုပ်သားထုအတွက် rapid antigen test စမ်းသပ်မှုများကို ဦးစားပေးလုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း၊ စူပါမားကတ်များနှင့် ဆေးဆိုင်များရှိစင်များပေါ်တွင် ရောင်းချရန် ယာဉ်မောင်းများက ဖြန့်ဝေပေးပို့လျက်ရှိသော်လည်း သြစတြေးလျနိုင်ငံသား အများစုကဲ့သို့ပင် ၎င်းတို့အနေဖြင့် အသုံးပြုနိုင်ခြင်းမရှိခဲ့ကြောင်း၊ Rapid antigen test kits များကို အခမဲ့နှင့် အလွယ်တကူရရှိရန် အရေးကြီးပြီး၊ သယ်ယူပို့ဆောင်ရေးလုပ်သားများနှင့် အသိုင်းအဝိုင်းအတွင်းရှိ ၎င်းတို့၏အလုပ်ရှင်များအနေဖြင့် rapid antigen test kits များကို အသုံးပြုနိုင်ရန် အစိုးရသည် ဦးစားပေးဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

MIS DOP

အစိုးရက ကုန်တင်ယာဉ်မောင်းများအတွက် ပုံမှန် COVID စမ်းသပ်မှုလိုအပ်ချက်များကို ၅-၁-၂၀၂၂ ရက်နေ့က ဖယ်ရှားခဲ့သည်။ ကုန်တင်ယာဉ်များသမဂ္ဂက အစိုးရအား ကုန်းလမ်းပို့ဆောင်ရေးလုပ်သားများအတွက်အမြန်စစ်ဆေးမှုများပြုလုပ်ပေးစေလိုကြောင်း သိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………….

## COVID တိုက်ဖျက်ရေး စီမံချက်များအရ ဟောင်ကောင်သည် ဩစတြေးလျနှင့် အခြားနိုင်ငံ (၇) နိုင်ငံမှ လေယာဉ်ပျံသန်းမှုများကို သီတင်းပတ် ၂ ပတ်ကြာ ပိတ်ပင်သွားမည်

ဟောင်ကောင်သည် ဩစတြေးလျအပါအဝင် နိုင်ငံရှစ်နိုင်ငံမှ လေကြောင်းခရီးစဉ်များကို စနေနေ့မှစတင်ကာ နှစ်ပတ်ကြာပိတ်ပင်မည်ဖြစ်ပြီး အာဏာပိုင်များက မြို့တော်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုလှိုင်းသစ်ကို စိုးရိမ်သောကြောင့် ဒေသတွင်း COVID-19 ကန့်သတ်ချက်များကို တင်းကျပ်ထားကြောင်း ABC သတင်းဌာန သတင်းအရသိရှိရသည်။

COVID-19 လူနာတစ်ဦး၏ အဆက်အသွယ်များအနက် အချို့မှာ ဆိပ်ကမ်းသို့အမြန်ပြန်လည်ကပ်ရန် အမိန့်ပေးခံရသည့် "Royal Carribbean သင်္ဘော"ပေါ်တွင် လိုက်ပါခဲ့ကြသူများဖြစ်ရာ ကျန်းမာရေးအာဏာပိုင်များကမြို့ကို ပိတ်ဆို့ရှာဖွေလျက်ရှိပြီး၊ နောက်ဆုံးကန့်သတ်ချက်များကို ထုတ်ပြန်ကြေငြာခဲ့ခြင်းဖြစ်ပါသည်။ ဩစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ ဝင်ရောက်လာမည့် လေယာဉ်ခရီးစဉ်များအပြင် ကူးပြောင်းသွားလာမည့် ခရီးသည်များကို ဇန်နဝါရီ ၈ ရက်မှ ဇန်နဝါရီ ၂၁ ရက် အထိ ပိတ်ပင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရကသောကြာနေ့မှစတင်ကာ ညနေ ၆ နာရီနောက်ပိုင်းတွင် ဆိုင်တွင်းစားသောက်မှုများကို တားမြစ်မည်ဖြစ်ပြီး၊ ရေကူးကန်များ၊ အားကစားစင်တာများ၊ ဘားများနှင့် ကလပ်များ၊ ပြတိုက်များနှင့် အခြားနေရာများကို အနည်းဆုံးနှစ်ပတ်ကြာပိတ်နိုင်ကြောင်းနှင့် အပျော်စီးသင်္ဘောခရီးစဉ်များကို ဖျက်သိမ်းထားကြောင်း သိရှိရသည်။

ကန့်သတ်ချက်များ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ဟောင်ကောင်သည် အနီးနားရှိရေပြင်တွင် အပျော်စီးခရီးတိုများကို ကန့်သတ်ထားပြီး သင်္ဘောများ၏စွမ်းဆောင်ရည် လျှော့ချရန်နှင့် ဗိုင်းရပ်စ်ပိုးစမ်းသပ်ရာတွင် မရှိသည့်ခရီးသည်များနှင့် ကာကွယ်ဆေးထိုးပြီး ခရီးသည်များကိုသာ ခွင့်ပြုရန် တောင်းဆိုထားသည်။ ဟောင်ကောင်မြို့လယ်ရှိ ဗစ်တိုးရီးယားပန်းခြံ၊ အသစ်ဖွင့်လှစ်ထားသော M+ ခေတ်သစ်အနုပညာပြတိုက်၊ ကူးတို့ဆိပ်များ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ ဆေးခန်းများသည် စာရင်းဝင်နေရာများထဲတွင် ပါဝင်လျက်ရှိပါသည်။

မကြာသေးမီက ကိုဗစ်လူနာများနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုများကြောင့် ဟောင်ကောင်တစ်ဝှမ်းရှိ ဒါဇင်နှင့်ချီသောနေရာများသို့ ရောက်ဖူးသူများသည် မလုပ်မနေရ ကိုဗစ်စမ်းသပ်ခြင်းပြုလုပ်ရန် သတိပေးချက်ကိုထုတ်ပြန်ခဲ့ကြောင်း အစိုးရကသီးခြားထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………………………………………

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

**စမ်းသပ်ဇုန်များတွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် တံခါးပိုမိုဖွင့်လှစ်ပေးလိုက်သည့် တရုတ်နိုင်ငံ**

တရုတ်နိုင်ငံသည် ၎င်း၏စမ်းသပ်ဇုန်အချို့တွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အဆင့်မြင့်သည့်တံခါးဖွင့်ဆောင်ရွက်ပေးမှုများကို ချမှတ်လိုက်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဆုံးရှုံးနိုင်ခြေကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အမှားအယွင်းဖြစ်တတ်သည့်ကိစ္စများအတွက် ဆောင်ရွက်ထားကြောင်း State Administration of Foreign Exchange (SAFE) မှ တာဝန်ရှိသူက ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြောကြားလိုက်ပါသည်။

ရှန်ဟိုင်း၊ ကွမ်တုန်း၊ ဟိုင်နန်နှင့် ကျဲ့ကျန်းပြည်နယ်များရှိ သတ်မှတ်ထားသည့် စမ်းသပ်ဇုန်များအတွင်းရှိ ကုမ္ပဏီများအတွက် နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးလမ်းကြောင်းများကို တရုတ်နိုင်ငံက တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

အငယ်စား၊ အသေးစားနှင့် အလတ်စား နည်းပညာအဆင့်မြင့်ကုမ္ပဏီများကို ပြည်ပမှငွေချေးနိုင်ရန် ကိုတာခွဲဝေပေးမည်ဖြစ်ပြီး၊ နိုင်ငံဖြတ်ကျော် ပိုင်ဆိုင်မှုလွှဲပြောင်းပေးသည့် စီးပွားရေးလုပ်ငန်းများနှင့် တရုတ်နိုင်ငံကတည်ငြိမ်စွာနှင့် ချင့်ချင့်ချိန်ချိန်ရှိစွာ စမ်းသပ်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဆုံးရှုံးနိုင်ခြေ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းအားဖြင့် နိုင်ငံဖြတ်ကျော် မတည်ငွေရင်းစီးဆင်းမှု ဆုံးရှုံးရနိုင်ခြေများကို စောစီးစွာသတိပေးခြင်းနှင့် ထိန်းကျောင်းခြင်းကို အားကောင်းခိုင်မာစေရန် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် တည်ငြိမ်မှုနှင့် ဥပဒေစိုးမိုးမှုရှိစေရန် တရားမဝင်သည့် ဆောင်ရွက်မှုများအပေါ် နှိမ်နင်းခြင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စများအပေါ် ပြင်ဆင်ချိန်ညှိမှုများပြုလုပ်ခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..............................................................................

## ပထမလအတွင်း စီးပွားရေးအကျိုးကျေးဇူးများ ဖြစ်ပေါ်ခဲ့သည့် တရုတ်-လာအို ရထားလမ်း

တရုတ်-လာအို ရထားလမ်းစတင်ပြေးဆွဲသည့် ပထမလအတွင်းမှာပင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် အကျိုးကျေးဇူးများဖြစ်ထွန်းနေကြောင်း သိရပါသည်။ (၁,၀၃၅) ကီလိုမီတာရှည်လျားပြီး၊ လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တော်နှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ကို ဆက်သွယ်ထားသည့် ၎င်းမီးရထားလမ်းကို အသုံးပြု၍ ပထမတစ်လအတွင်းမှာပင် ခရီးသည်ဦးရေ (၆၇၀,၀၀၀) ဦးနှင့် ကုန်သေတ္တာတန်ချိန် (၁၇၀,၀၀၀) ကို သယ်ယူပို့ဆောင်ပေးခဲ့ပြီး ဖြစ်ပါသည်။

၎င်းရထားလမ်းပိုင်းတွင် တရုတ်ဘက်မှ ရထားတွဲအစုံ အရေအတွက် (၃၁.၅)တွဲဖြင့် ချိတ်ဆက်ထားပြီး၊ နေ့စဉ်အသုံးပြုနေသည့်ဦးရေမှာ (၁၉,၀၀၀)ခန့်ရှိခဲ့ရာမှ (၃၃,၀၀၀)ခန့်အထိ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံဘက်၌ ၎င်းရထားလမ်းပိုင်းကို တစ်လအတွင်း အသုံးပြုနေသူဦးရေ (၆၂၀,၀၀၀)ရှိခဲ့ကြောင်း၊ လာအိုဘက်ပိုင်းတွင်လည်း ရုံးပိတ်ရက်များနှင့် အားလပ်ရက်များတွင် ၎င်းမီးရထားကို အသုံးပြုသူများပြားပြီး၊ တစ်လအတွင်း အသုံးပြုသူဦးရေ (၅)သောင်းရှိခဲ့ကြောင်း သိရပါသည်။

၎င်းမီးရထားလမ်းကြောင့် တရုတ်နှင့် လာအိုတို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီး၊ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံကို ကုန်းတွင်းမှချိတ်ဆက်ပေးထားသည့် အချက်အချာနိုင်ငံအဖြစ်သို့ အသွင်ပြောင်းလဲစေခဲ့ကာ၊ ပြည်တွင်း ခရီးသွားကဏ္ဍကို မြှင့်တင်ပေး၍ နှစ်နိုင်ငံပြည်သူများအကြား အကျိုးကျေးဇူးများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

ရထားလမ်းကြောင့် ရေရှည်တွင် လာအိုနိုင်ငံ၏ စုစုပေါင်းဝင်ငွေတွင် (၂၁)ရာခိုင်နှုန်း အထိ မြင့်တက်လာနိုင်သည့် အလားအလာရှိကြောင်း၊ ကုန်းတွင်းမှ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်များနှင့် ချိတ်ဆက်ထားသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုအရှိန်ရလာနိုင်ခြင်းကဲ့သို့ အခွင့်အလမ်းများဖြစ်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။

ရထားလမ်းကြောင့် ယူနန်ပြည်နယ်ရှိ Pu'er နှင့် Xishuangbanna သို့ ခရီးသွားလာ မှုများမှာ တစ်လအတွင်း (၉၂.၄) ရာခိုင်နှုန်းနှင့် (၅၉.၉) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပါသည်။

၎င်းရထားလမ်းမှ ကုန်တင်ပို့လျှင် ကူမင်းနှင့် ဗီယန်ကျင်းအကြား ကြာမြင့်ချိန်မှာ နာရီ (၃၀) သာရှိတော့သည့်အတွက် ပြီးခဲ့သည့်တစ်လအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်တင်ရထား (၇၀) အပါ အဝင် ကုန်သေတ္တာတင် ရထားပေါင်း (၃၈၀)စင်း ပြေးဆွဲခဲ့ရကြောင်း၊ ကုန်တန်ချိန် (၅)သောင်း သယ်ယူပို့ဆောင်ပေးခဲ့ကြောင်းနှင့် သယ်ယူပို့ဆောင်ပေးခဲ့သည့် ကုန်စည်များတွင် ရာဘာ၊ ဓာတ်မြေသြဇာ၊ နိစ္စဓူဝသုံး လူသုံးကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ photovoltaic ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်း များ၊ မိုဘိုင်းလ်ဖုန်းများ၊ အထည်အလိပ်များ၊ ဟင်းသီးဟင်းရွက်များနှင့် ပန်းများပါဝင်ကြောင်း သိရ ပါသည်။

အနာဂတ်တွင် တရုတ်-လာအိုရထားလမ်းသည် အရှေ့တောင်အာရှနှင့် ဥရောပအကြား ကုန် စည်သယ်ယူပို့ဆောင်ရေးတွင် အဓိကလမ်းကြောင်း ဖြစ်လာနိုင်ဖွယ်ရှိနေကြောင်း သတင်းရရှိပါ သည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..................................................................................

## ၂၀၂၁ ခုနှစ်အတွင်း မီးရထားလမ်းများ၌ အမေရိကန်ဒေါ်လာ (၁၁၇.၄) ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း မီးရထားလမ်းများ၌ ပုံသေရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ (၁၁၇.၄) ဘီလီယံခန့်ပြုလုပ်ခဲ့ကာ ရထားလမ်းကြောင်းများကို တိုးချဲ့တည်ဆောက်ခဲ့ ကြောင်း နိုင်ငံပိုင်ရထားလုပ်ငန်းအုပ်စုမှ ထုတ်ပြန်ချက်အရ သိရပါသည်။ ၎င်းကာလအတွင်း စုစု ပေါင်းအရှည် (၄,၂၀၈) ကီလိုမီတာရှိသည့် ရထားလမ်းသစ်များကို တည်ဆောက်ခဲ့ပြီး၊ ၎င်းအနက် (၂,၁၆၈) ကီလိုမီတာရှိ အမြန်ရထားလမ်းကြောင်းများလည်း ပါဝင်ပါသည်။

၂၀၂၁ ခုနှစ်အကုန်ပိုင်းတွင် တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်မီးရထားလမ်းကွန်ရက်မှာ ကီလိုမီ တာ (၄)သောင်းကျော်ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................

## နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးရန် ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံဘက်သို့ တောင်းဆိုထား

Covid ကာကွယ်ရေးစီမံဆောင်ရွက်မှုများကြောင့် ပိတ်ထားသည့် တရုတ်– ဗီယက်နမ် နယ် စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် ကုန်သေတ္တာများကြပ်ညပ်နေသည့်ပြဿနာကို ဖြေရှင်း ရန် အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ချိန်များကို တိုးချဲ့ပေးရန် ဗီယက်နမ်စက်မှုနှင့် ကုန်သွယ် ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဘက်သို့ တောင်းဆိုထား ကြောင်းနှင့် ထိုကဲ့သို့ပိတ်ပင်ထားမှုများမှာ မလိုအပ်ကြောင်း ဗီယက်နမ်အကြီးတန်းကုန်သွယ်ရေး အရာရှိတစ်ဦးက ကွမ်ရှီးကုန်သွယ်ရေးအရာရှိများသို့ ပြောကြားခဲ့ကြောင်း သိရပါသည်။

ယခုကဲ့သို့ ပိတ်ပင်ထားမှုများကြောင့် ကုန်စည်စီးဆင်းမှုကွင်းဆက်များ၌ နှောင့်နှေးကြန့် ကြာမှုများ ဖြစ်ပေါ်စေကာ၊ နှစ်နိုင်ငံကုန်သွယ်ရေးဖွံ့ဖြိုးမှုများတွင် ဆိုးကျိုးသက်ရောက်မှုများ ဖြစ် ပေါ်စေကြောင်း၊ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအပေါ် ဆုံးရှုံးမှုကြီးများဖြစ်စေ သည်သာ အဖတ်တင်ကြောင်း ဗီယက်နမ်ဘက်မှ အရာရှိများက ပြောကြားခဲ့ပါသည်။

အကောက်ခွန်စစ်ဆေးရေးဂိတ်များ၌ ဝန်ထမ်းလိုအပ်ချက်ကို ဖြေရှင်းရန် ယာဉ်မောင်းများနှင့် လုပ်သားများကို ကွမ်ရှီးဘက်၌ ပိုမိုခန့်ထားပေးရန်နှင့် ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသည့် ဗီယက်နမ်များကိုလည်း အလုပ်လုပ်ကိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်ခွင့်ပြုရန်၊ မီးရထားနှင့် သင်္ဘောတို့ဖြင့် ကုန်တင်ပို့ထားသည်များကို လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန်၊ ဗီယက်နမ်မှ နဂါးမောက်သီးများတင်သွင်းမှုကို ပြန်လည်စတင်ပေးရန်စသည့်အချက်များကို ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တောင်းဆိုထားပါသည်။

ကွမ်ရှီးဘက်မှ ကုန်သွယ်ရေးအရာရှိများက အကောက်ခွန်ရှင်းလင်းရေး ကြာမြင့်ချိန်ကို နှစ်ဖက်အာဏာပိုင်များသဘောတူထားသည့် နယ်စပ်ဂိတ်သဘောတူညီချက်အပေါ် အခြေခံ၍ပိုမိုမြန်ဆန်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ဘက်မှ တောင်းဆိုထားသည်များကို အထက်သို့ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်ဟု သိရပါသည်။

တရုတ်ဘက်မှ Covid-19 ကာကွယ်ရေးစီမံဆောင်ရွက်မှုများကြောင့် တရုတ်– ဗီယက်နမ်နယ်စပ်၏ ဗီယက်နမ်ဘက်အခြမ်းတွင် တစ်လကျော်ကြာမြင့်သည်အထိ ကုန်တင်ယာဉ်များ ပိတ်မိလျက်ရှိပါသည်။ အချို့ယာဉ်များပေါ်တွင် သယ်ဆောင်လာသည့် ကုန်စိမ်းများမှာ ပျက်စီးစပြုလာသဖြင့် နယ်စပ်ဂိတ်မှပြန်လှည့်၍ ပြည်တွင်း၌ပင်လျှော့ဈေးဖြင့် ဖြန့်ဖြူးပေးနေရကြောင်း သိရပါသည်။

ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nguyen Hong Dien က တရုတ်နိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ အကောက်ခွန်ဌာနနှင့် ကွမ်ရှီးနှင့် ယူနန်ရှိ ပြည်နယ်အစိုးရများထံသို့ စာပေးပို့ကာ ၎င်းပြဿနာရပ်များကို ဝင်ရောက်ကူညီပေးရန် တောင်းဆိုထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ် ၊ e.vnexpress.net

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.....................................................................

## ကွမ်ရှီးတွင် ကုန်စည်အလေးလံဆုံးတင်ဆောင်ထားသည့်သင်္ဘောများ ဖြတ်သန်းသွားလာနိုင်သည့်ရေကြောင်းလမ်းကို စမ်းသပ်ပြေးဆွဲ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် ရှင်းကျန်းကုန်သေတ္တာတင် သင်္ဘောလိုင်း၏ ကွေ့ဂမ်နှင့် ဝူကျိုးကြား ရေကြောင်းလမ်းပိုင်းပေါ်တွင် မက်ထရစ်တန်ချိန် (၃)ထောင်တင်ဆောင်ထားသည့်သင်္ဘောများပြေးဆွဲမည့် ပထမအဆင့်ကိုစမ်းသပ်ခဲ့ကာ၊ ကွမ်ရှီး၏ ကုန်းတွင်းပိုင်းမြစ်များအားလုံးအနက် ကုန်စည်အလေးလံဆုံးတင်ဆောင်ထား သည့်သင်္ဘောပြေးဆွဲသည့်လမ်းကြောင်းဖြစ်လာမည်ဖြစ်ကြောင်း သိရပါသည်။

၎င်းလမ်းကြောင်းမှာ အနောက်ပိုင်းရှိ နန်နင်းမြို့မှစတင်ကာ အရှေ့ဘက်ရှိကီလိုမီတာ (၈၅၀) ကွာဝေးသည့် ကွမ်တုန်းပြည်နယ်၏မြို့တော်ကွမ်ကျိုးတွင် အဆုံးသတ်မည်ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းကို အပိုင်း (၂) ပိုင်းခွဲ၍ တည်ဆောက်နေပြီး၊ ပထမအဆင့်တွင် ကီလိုမီတာ (၂၆၆.၅) ပါဝင်ပါသည်။

"ရွှေရောင်လွှမ်းသည့်သင်္ဘောလမ်းကြောင်း" ဟုလူသိများသည့် ၎င်းရေကြောင်းလမ်းသည် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဒေသနှင့် ကွမ်ရှီးကို ဆက်သွယ်ပေးသည့် အရေးပါသောလမ်းကြောင်းဖြစ်လာပြီး၊ ပုလဲမြစ်နှင့် ရှင်းကျန်းမြစ် စီးပွားရေးရပ်ဝန်းဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

မကြာသေးမီနှစ်များအတွင်း ရှင်းကျန်းကုန်သေတ္တာတင်သင်္ဘောလိုင်းမှာ သင်္ဘောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အရှိန်အဟုန်ကြီးမားစွာ ရရှိလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ပထမ (၁၁)လအတွင်း ၎င်းသင်္ဘောလိုင်းမှ သင်္ဘောခေါက်ရေ (၃၄၃,၀၀၀)ကြောင်းကို ပြေးဆွဲပေးခဲ့ကာ ယခင်နှစ်ကထက် (၆.၂၁) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ၎င်းသင်္ဘောများဖြင့် ကုန်စည်တန်ချိန်ပေါင်း (၃၂၃)သန်းကိုသယ်ဆောင်ပေးခဲ့ပြီး ယခင်နှစ်ကထက် (၆.၂၅) ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..........................................................................................

MS DOP

## တရုတ်ပြည်တွင်းဈေးကွက်၌ အလူမီနီယံဈေးနှုန်းများ အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် အလူမီနီယံဈေးနှုန်းများအကျရပ်ပြီး တစ်ဖန်ပြန်လည်မြင့်တက်ခဲ့ပါသည်။

ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့ပိုင်းဈေးကွက်၌ ပြည်တွင်းအလူမီနီယံအချောင်းများ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၀,၃၇၀) ဖြစ်ပြီး၊ ဒီဇင်ဘာလအစ၌ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၈,၉၀၀)မှ (၇.၇၈) ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

တရုတ်ပြည်တွင်းအလူမီနီယံဈေးကွက်၌ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၁၉) ရက်နေ့တွင် တစ်တန်လျှင် ယွမ်ငွေ (၂၄,၂၄၀)ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်ခဲ့ပါသည်။

ဒီဇင်ဘာလအတွင်း အလူမီနီယံဈေးနှုန်းများ ပြန်လည်မြင့်တက်လာရသည့် အကြောင်းရင်းမှာ ဥရောပနိုင်ငံများတွင် စွမ်းအင်အကျပ်အတည်းဆက်လက်ဖြစ်ပွားနေပြီး၊ ဥရောပရှိ အလူမီနီယံထုတ်လုပ်သည့်ကုမ္ပဏီများက လုပ်ငန်းများပိတ်သိမ်းလာခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ လက်ရှိပိတ်သိမ်းနေမှုများကြောင့် တန်ချိန် (၅) သိန်းမှ (၆)သိန်းခန့်အထိ ထုတ်လုပ်မှုလျော့ကျသွားနိုင်ကာ၊ အနာဂတ်တွင် တစ်ကမ္ဘာလုံးထုတ်လုပ်နေမှုမှ တန်ချိန် (၂)သန်းခန့် လျော့ကျသွားနိုင်ကြောင်း ခန့်မှန်းထားပါသည်။ IAI အချက်အလက်များအရ ဥရောပနိုင်ငံများရှိ electrolytic အလူမီနီယံထုတ်လုပ်မှုများမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ထုတ်လုပ်နေမှုများ၏ (၁၁) ရာခိုင်နှုန်းခန့်ရှိကာ၊ တရုတ်နိုင်ငံမှ ထုတ်လုပ်နေမှုမှ (၂၆) ရာခိုင်နှုန်းခန့်ရှိပါသည်။ ဥရောပရှိ အလူမီနီယံ တန်ချိန် (၂.၄) သန်းခန့်နီးပါးကို အရည်ကျိုနေသည့်လုပ်ငန်းများ၏ စွမ်းအင်ရင်းမြစ်မှာ သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း သိရပါသည်။

ဤကဲ့သို့ အလူမီနီယံထုတ်လုပ်မှုများ ကျဆင်းလာသော်လည်း ဈေးကွက်ဝယ်လိုအားဘက်မှမူ ကောင်းမွန်နေဆဲဖြစ်သောကြောင့်၊ ဒီဇင်ဘာလအတွင်း အလူမီနီယံဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။ သို့ရာတွင် တရုတ်နိုင်ငံ၌ နွေဦးရာသီပွဲတော်ရက် နီးကပ်လာပြီဖြစ်ပြီး၊ ဝယ်လိုအားနှေးကွေးနေသဖြင့် အလူမီနီယံဈေးနှုန်းများမှာ ဒီဇင်ဘာလနှောင်းပိုင်း၌ ဖြစ်ပေါ်ခဲ့သောဈေးနှုန်းဝန်းကျင်၌ပင် ရှိနေနိုင်မည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

........................................................................................................................................

MSDOP

# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၂ / ၂၀၂၂)                ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁၄) ရက်


| ၁၄-၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၄၀.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၂၂.၆ |
| စတာလင်ပေါင် | ၂၄၄၁.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၅၆၂.၅ |
| တရုတ်ယွမ် | ၂၇၉.၉၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၃၃ |
| အိန္ဒိယရူပီး | ၂၃.၉၇၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၈၇ |
| မလေးရှား ရင်းဂစ် | ၄၂၅.၆၁ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၈၂၂ |
| ထိုင်းဘတ် | ၅၃.၅၆၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၂၇၄ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ခရိုအေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရန် အတွက်ခရိုအေးရှား ကူနာငွေ HRK (၇၇) သန်းသုံးစွဲသွားမည်

➢ ကြက်သားဈေးနှုန်းအား ခြောက်လခန့်တန့်ထားပေးရန် သဘောတူညီခဲ့ကြခြင်း (ထိုင်းနိုင်ငံ)

➢ ကြက်ဥဈေးတက်မှုအပေါ် ကြက်ဥရောင်းသူများအား သတိပေးခြင်း (ထိုင်းနိုင်ငံ)

➢ သားသတ်ရုံတွင် အာဖရိကဝက်အဖျားရောဂါ (African Swine Fever) တွေ့ရှိကြောင်း ထိုင်းအစိုးရပြောကြားခြင်း

➢ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ ဝက်သားတင်ပို့မှုကို ယာယီဆိုင်းငံ့ခြင်း (ထိုင်းနိုင်ငံ)

➢ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့နှင့် ပြောင်းသီးနှံတင်ပို့နိုင်မှု အခြေအနေများဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှု ၅.၂ ရာခိုင်နှုန်းတိုးတက်

➢ ဘရာဇီးလ်နိုင်ငံ၏ ပြောင်းတင်ပို့နိုင်သည့်ပမာဏ ကျဆင်းခဲ့

➢ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၃၉ သန်း စိုက်ပျိုးထွက်ရှိရန် ခန့်မှန်း

## ▪ အထွေထွေသတင်းများ

- ➢ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံသည် ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ ရရှိခဲ့
- ➢ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှုမှ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတွင် ယူရို (၁) ဘီလျံခန့် ထည့်ဝင်အကျိုးပြုထားခြင်း
- ➢ ကမ္ဘာတစ်ဝန်း မိုက်ခရိုချစ်ပ် ပြတ်လပ်မှုကြောင့် ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ကားထုတ်လုပ်ရောင်းချမှု ကျဆင်းခဲ့ခြင်း
- ➢ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၂၂ ခုနှစ်တွင် အရှိန်လျော့ကျသွားဖွယ်ရှိနေခြင်း
- ➢ ဂျာမနီနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာဆောင်ရွက်ချက်များ
- ➢ တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေးအရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့် ဒေသအနေဖြင့်ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း
- ➢ ဟောင်ကောင်ဒေသမှ ငွေကြေးလုပ်ငန်းကုမ္ပဏီများ မကာအိုဒေသသို့လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားလာကြခြင်း
- ➢ နိုဝင်ဘာလ၏ လက်လီရောင်းချမှု ရာခိုင်နှုန်း လွဲချော်မှုရှိခဲ့ခြင်း (ဟောင်ကောင်ဒေသ)
- ➢ ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများ၏ ဆုံးရှုံးမှုများအား ကုန်တိုက်များနှင့် ကုန်ပစ္စည်းပို့ဆောင်သည့်လုပ်ငန်းများအနေဖြင့် အကျိုးအမြတ်များ ရရှိလာနိုင်ခြင်း
- ➢ ၁၉၈၂ ခုနှစ်နောက်ပိုင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ငွေဖောင်းပွမှု ၇ ရာခိုင်နှုန်း မြင့်တက်
- ➢ **Omicron COVID-19** လှိုင်းက ဩစတြေးလျစီးပွားရေးကို ထိခိုက်စေခြင်း
- ➢ **Omicron** ကူးစက်မှုမြင့်တက်ခြင်းကြောင့် လေကြောင်းခရီးစဉ်များလျှော့ချလိုက်ခြင်း (ဩစတြေးလျ)

## ခရိုအေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရန်အတွက် ခရိုအေးရှား ကူနာငွေ HRK (၇၇) သန်းသုံးစွဲသွားမည်

ခရိုအေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြည်တွင်းထုတ်လုပ်မှု တိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းလမ်းသို့ ကူးပြောင်းနိုင်စေရေး ခရိုအေးရှားကူနာငွေ (HRK) ၇၇ သန်း ရင်းနှီးမြှုပ်နှံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရိုအေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မည့်အလားအလာရှိကြောင်းနှင့် စိုက်ပျိုးရေးကဏ္ဍအား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရေးကို ခရိုအေးရှားနိုင်ငံ၏ အမျိုးသားပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးအစီအမံ (National Recovery and Resilience Plan) တွင် ထည့်သွင်းထားကြောင်း ခရိုအေးရှား စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Marija Vučković က ပြောကြားပါသည်။

အဆိုပါ HRK (၇၇) သန်းတွင် အစိုးရဝန်ဆောင်မှုလုပ်ငန်းများအား ဒစ်ဂျစ်တယ်ပုံစံပြုလုပ်ခြင်းအတွက် (၁၄) သန်း၊ Smart Agriculture အတွက် (၅၀) သန်းနှင့် field-to-table စီမံကိန်းအတွက် (၁၃) သန်း အသုံးပြုသွားမည်ဟု သိရပါသည်။

ခရိုအေးရှားနိုင်ငံ၏ မိသားစုပိုင်လယ်ယာလုပ်ငန်းများ၌ အသက်ကြီးသူများကသာ အဓိကဆောင်ရွက်နေသဖြင့် ဒစ်ဂျစ်တယ်ပုံစံကူးပြောင်းဆောင်ရွက်ခြင်းဖြင့် ၎င်းလုပ်ငန်းတွင် လူငယ်လူရွယ်များ ပိုမိုပါဝင်လာစေရေးလှုံ့ဆော်ရန် လိုအပ်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းသို့ကူးပြောင်းခြင်းဖြင့် အချို့လုပ်ငန်းနယ်ပယ်များ၌ လုပ်သားရှားပါးမှုပြဿနာကိုလည်း တစ်စိတ်တစ်ပိုင်းဖြေရှင်းနိုင်ရန်ရည်ရွယ်ကြောင်း သိရှိရပါသည်။

ထိရောက်မှုရှိသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်စေရေးနှင့် ယင်းကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းတို့သည် ဒစ်ဂျစ်တယ်နည်းလမ်းအပေါ်တွင် မှီတည်နေကြောင်း၊ ဒစ်ဂျစ်တယ်ပုံစံဆောင်ရွက်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းဖြင့် အရည်အသွေးမြင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းကို အကျိုးပြုနိုင်စေမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ခရိုအေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍပို၍ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ပါဝင်ပတ်သက်နေသည့် stakeholders များအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသ လူမှုအသိုက်အဝန်းရှိ stakeholders အားလုံးကို ဒစ်ဂျစ်တယ်နည်းဖြင့် စိုက်ပျိုးရေးစနစ်အား စတင်လေ့လာနိုင်စေရေး သင်ကြားပေးရန်လိုအပ်နေကြောင်း သိရှိရပါသည်။

ရင်းမြစ် - https://www.total-croatia-news.com/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

…………………………………………………………………………………………………

## ကြက်သားဈေးနှုန်းအားခြောက်လခန့် တန့်ထားပေးရန်သဘောတူညီခဲ့ကြခြင်း (ထိုင်းနိုင်ငံ)

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေးလုပ်ငန်းမှကုန်သည်များသည် ဝက်သားဈေးနှုန်းမြင့်တက်ခြင်း ပြဿနာကိုဖြေရှင်းရန် ခြေလှမ်းစတင်လုပ်ဆောင်နေချိန်တွင် ကြက်သားဈေးနှုန်းအား ခြောက်လခန့် တန့်ထားပေးရန်သဘောတူညီခဲ့ကြကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Wattanasak Sur–iam က(၁၁.၁.၂၀၂၁) ရက်နေ့တွင် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

၎င်းက မွေးမြူရေးကြက်အရှင်များ၏ ခြံထွက်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၃၃.၅၀) ဘတ်၊ လတ်လတ်ဆတ်ဆတ် သတ်ထားသော ကြက်သား (အူ၊ အသည်းပါ/မပါ) တစ်ကီလိုဂရမ်လျှင်(၆၀–၆၅) ဘတ်၊ ပေါင်နှင့်ဒူးဆစ်ပိုင်းတစ်ကီလိုဂရမ်လျှင်(၆၀–၆၅) ဘတ်၊ ရင်ပုံသား တစ်ကီလိုဂရမ် လျှင်(၆၅–၇၀) ဘတ်ဟူ၍သတ်မှတ်ကြောင်း၊ အဆိုပါဈေးနှုန်းထိန်းချုပ်မှုမှာ ဇွန်လကုန်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကြက်မွေးမြူသူများကိုလည်း (၄၅) ရက်အတွင်းထုတ်လုပ်မှုမြှင့်တင်ရန် တောင်းဆိုမည်ဖြစ်ကြောင်း Mr.Wattanasak ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ကြက်ဥဈေးနှုန်းကိစ္စကိုလည်း ဆွေးနွေးရန်စီစဉ်ထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်လာခြင်းမှာသင့်လျှော်မှုမရှိဟုယူဆပါကြောင်း၊ (၁၂.၁.၂၀၂၂) ရက်နေ့မွန်းလွဲပိုင်းတွင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Mr.Wattanasak ၏အဆိုအရ ဝက်သားဈေးနှုန်းမြင့်တက်ရခြင်းမှာ အသေးစားဝက်မွေးမြူသူများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကိုပိတ်လိုက်ကြခြင်းက အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် တိရစ္ဆာန်အစာဈေးနှုန်းများလည်း(၇%) ခန့်မြင့်တက်သွားခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ယင်းတို့ကြောင့် ဈေးကွက်သို့ ဝက်သားထောက်ပံ့ဖြည်းဆည်းမှုမှာ(၃၀%)ခန့်ကျဆင်းစေခဲ့ကြောင်း သိရှိရပါသည်။

ဈေးနှုန်းများပြန်လည်ကျဆင်းစေရန်အတွက် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သီးခြားအရောင်းဆိုင်များတွင် ဝက်သားတစ်ကီလိုဂရမ်လျှင်(၁၅၀)ဘတ်ဈေးဖြင့် ဇန်နဝါရီလကုန်အထိ ရောင်းချမည့်ပရိုဂျက်စီမံကိန်းတစ်ခုအား စတင်ခဲ့ကြောင်းသိရှိရပါသည်။

MISDOP

အစိုးရ၏ဗဟိုရန်ပုံငွေမှ အဆိုပါပရိုဂျက်စီမံကိန်းအတွက် ရန်ပုံငွေခွဲဝေပေးရန် အစိုးရအဖွဲ့အားတောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် နည်းပါးသောဈေးနှုန်းဖြင့် ဝက်သားရောင်းချသည့်ဆိုင်အရေအတွက်မှာ (၆၆၂) ဆိုင်မှ (၁,၅၀၀) အထိ တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Wattanasak ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………..

## ကြက်ဥဈေးတက်မှုအပေါ် ကြက်ဥရောင်းသူများအား သတိပေးခြင်း (ထိုင်းနိုင်ငံ)

ကြက်ဥဈေးတက်သွားပြီးနောက် ဈေးတက်ရောင်းသည့်ဈေးသည်များအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျူရင် ကသတိပေးခဲ့ကြောင်းသိရှိရပါသည်။

ကြက်ဥဈေးများသည်(၈.၁.၂၀၂၂) ရက်နေ့တွင် အလုံး(၃၀)ပါတစ်ကဒ်လျှင်ငါးဘတ်မှ ခြောက်ဘတ်အထိဈေးတက်သွားပြီးနောက် ကြက်မွေးမြူရေးအသင်းမှ ကြက်စာနှင့် တိရစ္ဆာန် ကုဆေးဝါးများ၏ ကုန်ကျစရိတ်ကြီးမြင့်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

မစ္စတာဂျူရင်က ဝန်ကြီးဌာနအနေဖြင့် ကြက်ဥနှင့် ကြက်သားဈေးနှုန်းတိုးမြှင့်ခြင်းအပေါ် အတည်ပြုခြင်းမရှိသေးကြောင်းနှင့် ကြက်ဥထုတ်ကုန်များ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင်များအား ၎င်းတို့၏ထုတ်လုပ်မှုစရိတ်များကို အာဏာပိုင်များထံသို့ အကြောင်းကြားရန်နှင့် ဈေးနှုန်းများမတက်မီ အတည်ပြုချက်ရယူရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟုသိရှိရပါသည်။ ၎င်းက လတ်တလော ဝက်သားဈေးနှုန်းမြင့်တက်မှုကြောင့် စားသုံးသူများအပေါ် သက်ရောက်လာမှုကိုလျှော့ချရန် ဆောင်ရွက်နေသည့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနအနေဖြင့် ကြက်ဥထုတ်ကုန်များ၏ ဈေးနှုန်းများကို အနီးကပ်ကြီးကြပ်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ကြက်မွေးမြူရေးအသင်းဥက္ကဋ္ဌ Manote Chuthapthim က ကြက်ဥဈေးနှုန်းမှာတစ်လုံးလျှင်(၂.၈) ဘတ်မှနေ၍(၃)ဘတ်အထိ မြင့်တက်လာကြောင်း ကြက်မွေးမြူသူများအနေဖြင့် စရိတ်စကမြင့်တက်မှုကိုမခံနိုင်တော့ကြောင်းပြောကြားခဲ့ပါသည်။ ကျွေးမွေးစရိတ်သည် အနာဂတ်ကာလတွင် ကျဆင်းသွားနိုင်ဖွယ်ရာမရှိကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံတွင်လက်ရှိ၌ ဥစားကြက်မ(၅၀) သန်းရှိပြီး အများစုမှာ ပြည်တွင်းဈေးကွက်အတွက် တစ်ရက်လျှင်ကြက်ဥသန်း(၄၀) ခန့်ထွက်ရှိလျှက်ရှိနေကြောင်း သိရှိရပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် wattanasak Sur-iam က ကြက်မွေးမြူရေးသမားများနှင့် ကြက်ဥရောင်းချသူများအနေဖြင့် ကြက်ခြံများ၌ကြက်ဥရောင်းဈေးအား တစ်လုံးလျှင်အမြင့်ဆုံး (၃) ဘတ်နှုန်းဖြင့် (၆)လကြာရောင်းချရန် သဘောတူထားကြောင်း ပြောကြားခဲ့ပါသည်။

၎င်းက အဆိုပါသဘောတူညီချက်အား ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၊ ကြက်မွေးမြူသူများ၊ ကုန်သည်များ၊ ပြည်ပတင်ပို့သူများနှင့် မွေးမြူရေးဦးစီးဌာနတို့နှင့်ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် သဘောတူခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မွေးမြူရေးဦးစီးဌာနအနေဖြင့် ကြက်ဥပေးဝေထောက်ပံ့မှုအားကောင်းလာစေရန် ကတိပြုထားကြောင်းနှင့် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကြက်ဥထုတ်လုပ်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

……………………………………………………………………..

## သားသတ်ရုံတွင်အာဖရိကဝက်အဖျားရောဂါ(African Swine Fever) တွေ့ရှိကြောင်း ထိုင်းအစိုးရပြောကြားခြင်း

ထိုင်းအာဏာပိုင်များအနေဖြင့် နခွန်ပထုန်(Nakhon Pathom) ပြည်နယ်ရှိ သားသတ်ရုံတစ်ခုတွင် စုဆောင်းထားသောနမူနာများမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို

စစ်ဆေးတွေ့ရှိခဲ့ကြောင်း မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁၁.၁.၂၀၂၂) ရက်နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နခွန်ပထုန် (Nakhon Pathom) ပြည်နယ်ရှိ သားသတ်ရုံတစ်ခုတွင် စုဆောင်းထားသည့် နမူနာများမှအာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့သည်ဟု အာဏာပိုင်များက ပြောကြားခဲ့ကြောင်း၊ ၎င်းမှာနိုင်ငံ၏ ပထမဆုံးသောတရားဝင်အတည်ပြုသည့် ရောဂါဖြစ်ကြောင်း သိရှိရပါသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း အဆိုပါရောဂါကြောင့် ထိုင်းဝက်များအားရှင်းလင်းနေကြောင်း ထင်ကြေးပေးမှုများကြီးထွားလာပြီး သတင်းကိုဖုံးဖိထားသည်ဟု စွပ်စွဲမှုများပေါ်ထွက်ခဲ့ပြီးနောက် အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးမှုကိုစတင်ခဲ့ခြင်းဖြစ်ပါသည်။ ဝက်မွေးမြူထားသော ပြည်နယ်များရှိမွေးမြူရေးခြံ(၁၀) ခုနှင့် သားသတ်ရုံ (၂) ခု တို့မှ သွေးနမူနာများအပါအဝင် စုဆောင်းကောက်ယူထားသည့် နမူနာ(၃၀၉) ခုအနက် နမူနာတစ်ခုမှ အာဖရိကဝက်အဖျားရောဂါ (African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto က ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နမူနာတစ်ခုမှ အာဖရိကဝက်အဖျားရောဂါ(African Swine Fever) ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း (၁၁.၁.၂၀၂၂)ရက်နေ့တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto ကပြောကြားခဲ့ပါသည်။

အာဏာပိုင်များအနေဖြင့် မကြာသေးမီနှစ်များအတွင်း ဥရောပနှင့် အာရှတစ်ခွင်တွင် ပျံ့နှံ့ဖြစ်ပွားခဲ့ကာ ဝက်ကောင်ရေသန်းရာနှင့်ချီ၍သေဆုံးခဲ့သော ပြင်းထန်သည့်ရောဂါဖြစ်ပွားမှုကို နှစ်အတော်ကြာငြင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။

Kasetsart တက္ကသိုလ်ဓါတ်ခွဲခန်းမှ ပြီးခဲ့သည့်လက အိမ်မွေးတိရစ္ဆာန်ဝက်သေတွင် ရောဂါပိုးတွေ့ရှိကြောင်း ပထမဦးဆုံးအစီရင်ခံတင်ပြခဲ့ပြီးရက်များမကြာမီတွင် ယခုကဲ့သို့အတည်ပြုချက်ထွက်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

အာဏာပိုင်များအနေဖြင့် နမူနာတွေ့ရှိသည့်နေရာ၏(၅) ကီလိုမီတာအချင်းဝက်အတွင်းကိုရောဂါဖြစ်ပွားမှုဇုန်အဖြစ်ကြေငြာမည်ဖြစ်ကာ ဝက်များရွှေ့ပြောင်းသွားလာမှုကို ကန့်သတ်မည်ဖြစ်ကြောင်း၊ ရောဂါကူးစက်ခံရသည်ဟုသံသယရှိသည့်တိရစ္ဆာန်များကို သတ်ပစ်ရန်စဉ်းစားမည်

MIS DOP

ဖြစ်ကာ ထိခိုက်ခံစားရသည့် မွေးမြူရေးခြံများအတွက်လျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းညွှန်ကြားရေးမှူးချုပ် Mr.Sorravis Thaneto ကပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)သို့လည်းလည်း ရောဂါပိုးတွေ့ရှိကြောင်းတရားဝင် အကြောင်းကြားသွားမည်ဟု မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပါသည်။

အာဖရိကဝက်အဖျားရောဂါနှင့် အခြားဗိုင်းရပ်စ်ရောဂါပိုးမွှားများအား ကာကွယ်ရန်ယမန်နှစ်ကဝက်များကို သုတ်သင်ရှင်းလင်းခဲ့သည့်ပြည်နယ်(၅၆) ခုရှိ အသေးစားမွေးမြူရေးခြံများအတွက်လျော်ကြေးငွေဘတ်(၅၇၄) သန်းအား(၁၁.၁.၂၀၂၂) ရက်နေ့တွင် အတည်ပြုပေးခဲ့ကြောင်းလည်းသိရှိရပါသည်။ ယမန်နှစ်မတ်လမှ အောက်တိုဘာလအတွင်း သုတ်သင်ရှင်းလင်းခဲ့သည့်ဝက်အကောင်ရေ(၁၅၉,၀၀၀) ကျော်အတွက် မွေးမြူရေးသမား(၅,၀၀၀)ခန့်နီးပါးကိုလျော်ကြေးမပေးရသေးကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: Bangkok Post

https://www.bangkokpost.com/thailand/general/2245759/govt-says-african-swine-fever-detected-in-slaughterhouse

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

.......................................................................................

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ ဝက်သားတင်ပို့မှုကို ယာယီဆိုင်းငံ့ခြင်း (ထိုင်းနိုင်ငံ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ဝက်သားဈေးနှုန်းတဟုန်ထိုးတိုးတက်နေခြင်းအား တိုက်ဖျက်ရန်အတွက် ပြည်ပသို့ဝက်သားတင်ပို့မှုကို ယာယီဆိုင်းငံ့ထားရန်အမိန့်ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါတားမြစ်ချက်သည် (၆-၁-၂၀၂၂) ရက်နေ့မှစတင်၍ အသက်ဝင်မည်ဖြစ်ကြောင်း မွေးမြူရေးဌာနမှထိပ်တန်းအရာရှိများ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာန၏အဆင့်မြင့်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်က ဝက်နှင့် ဝက်ပေါက်ကလေးများကို ဧပြီလ(၅) ရက်နေ့အထိ ပြည်ပတင်ပို့ခွင့် ယာယီပိတ်ထားမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းဝက်သားအလုံအလောက်ရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယခင်နှစ်က ပြည်တွင်းဈေးကွက်အတွက် ဝက်ကောင်ရေ (၁၈)သန်းထောက်ပံ့ပေးခဲ့ပြီး ပြည်ပသို့ဝက်ကောင်ရေ(၁) သန်း တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

ယခုနှစ်တွင် ပြည်တွင်းစားသုံးမှုအတွက် ဖြည့်ဆည်းပေးရန်ဝက်ကောင်ရေ(၁၃) သန်း အထိကျဆင်းသွားနိုင်ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကိန်းဂဏန်းများနှင့်နှိုင်းယှဉ်ပါက ပြည်တွင်းစားသုံးမှုအတွက် ဝက်ကောင်ရေ(၅) သန်းခန့် လျော့နည်းသွားနိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဝက်ကောင်ရေ(၅၀၀) ကျော်မွေးမြူထားသူများ၊ ပြည်ပသို့ဝက်ကောင်ရေ(၅၀၀) ကျော် တင်ပို့သူများနှင့် ဝက်သား(၅)တန်ကျော် သိုလှောင်ထားနိုင်သည့်အအေးခန်း သိုလှောင်ရုံရှိသူများ အနေဖြင့်၎င်းတို့၏ လက်ကျန်စာရင်းနှင့် ဈေးနှုန်းများကို ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြရန်(၅-၁-၂၀၂၂) ရက်နေ့ကပြုလုပ်ခဲ့သောအစည်းအဝေးတွင် ထုတ်ပြန်ညွှန်ကြားခဲ့ကြောင်းသိရှိရပါသည်။

ဈေးများအားလုံးတွင် ဝက်သားလက်လီဈေးနှုန်းများကို ရှင်းရှင်းလင်းလင်းပြသထားရမည်ဖြစ်ကြောင်းနှင့် ရောင်းချသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမပြုရန်ဖြစ်ကြောင်း သိရှိရပါသည်။

ဝက်သားဈေးကြီးမြင့်မှုနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနအနေဖြင့် စိုးရိမ်မှုမြင့်တက်လာပြီးနောက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးPrapat Pothasuthon က ပြည်ပသို့ဝက်သားတင်ပို့ရောင်းချမှု ဆိုင်းငံ့ရေးအမိန့် ထုတ်ပြန်နိုင်ရေး အတွက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်းအစောပိုင်းကပြောကြားထားခဲ့ပါသည်။ မိမိတို့အနေဖြင့် အခြေအနေကိုပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ မိမိတို့တွင်အစားအစာဖူလုံစေရေးအတွက် ကာလလတ်နှင့် ရေရှည်စီမံကိန်းများရှိပါကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးမှ ဝက်သားဈေးတက်ရခြင်းမှာအိမ်နီးချင်းနိုင်ငံများတွင် အာဖရိကဝက်အပျင်းဖျားရောဂါ African Swine Fever(ASF)ဖြစ်ပွားမှုကြောင့်နှင့် ထိုင်းနိုင်ငံအနေဖြင့် အဆိုပါ

MIS DOP

ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် ပြင်းထန်သောအရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တွန်းအားပေးခဲ့ကြောင်းဖြင့် အဆိုပါအစည်းအဝေးတွင်ကောက်ချက်ချသုံးသပ်ခဲ့ကြောင်း သိရှိရပါသည်။

မွေးမြူရေးဦးစီးဌာနအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် သတ်မှတ်ထားသောဒေသများရှိအသေးစားလယ်သမားများ၏ ဝက်မွေးမြူရေးကို မြင့်တင်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်းနှင့် ကြီးမားသောဝက်မွေးမြူရေးခြံများတွင် ဝက်သားပေါက်များပိုမိုမွေးမြူသွားရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့နှင့် ပြောင်းသီးနှံတင်ပို့နိုင်မှု အခြေအနေများ ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှု ၅.၂ ရာခိုင်နှုန်းတိုးတက်

၂၀၂၁ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၈၆.၆၂၈ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပဲပုတ်စေ့တန်ချိန် ၈၂.၂၉၈ သန်း တင်ပို့ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၂.၅၂၄ သန်းတင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၁၆၁,၀၀၀ တန်အားတင်ပို့ခဲ့ကြောင်း နှံစားသီးနှံတင်ပို့သူများအသင်း (National Association of Cereal Exporters – Anec)က ပြောကြားခဲ့သည်။

ပဲပုတ်စေ့စားသောက်ကုန်တင်ပို့မှုတွင် ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းတန်ချိန် ၁၆.၈၁၇ သန်း တင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းတန်ချိန် ၁၆.၈၁၇ သန်း တင်ပို့ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဲပုတ်စားသောက်ကုန်တန်ချိန် ၁.၅၄၅ သန်းတင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၁.၁၁၁ တန်အား တင်ပို့နိုင်ခဲ့ကြောင်း Anec အသင်းကပြောကြားခဲ့သည်။

### ဘရာဇီးလ်နိုင်ငံ၏ ပြောင်းတင်ပို့နိုင်သည့်ပမာဏ ကျဆင်းခဲ့

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပြောင်းတင်ပို့မှုသည် စုစုပေါင်းတန်ချိန် ၂၀.၅၅ သန်း တင်ပို့ခဲ့ပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်းကာလတွင် အနည်းဆုံးတင်ပို့နိုင်သည့် ပမာဏဖြစ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပြောင်းတင်ပို့မှုသည် တန်ချိန် ၁၉.၈ သန်းရှိခဲ့ကြောင်း Anec

အသင်းက ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၁ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ပြောင်းတန်ချိန် ၃.၃၂၀ သန်းတင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တန်ချိန် ၃.၈၂၃ သန်းတင်ပို့ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၃၃.၃၉၆ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း အသင်းက ပြောကြားခဲ့သည်။

ပြောင်းထွက်ရှိမှုပမာဏကျဆင်းခဲ့သဖြင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သည့်ပမာဏမှာလည်း သိသိသာသာကျဆင်းခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် သင်္ဘောတင်အမှာစာများ ပြင်ဆင်ရခြင်း၊ သင်္ဘောတင်ရက်များ မကြာခဏပြောင်းလဲရခြင်းနှင့် ကြိုတင်ရောင်းဝယ်မှုစာချုပ်ပြင်ဆင်ရခြင်းများ ဖြစ်ပေါ်ခဲ့ရကြောင်း Anec အသင်းက ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.......................................................................

## ၂၀၂၁–၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၃၉ သန်း စိုက်ပျိုးထွက်ရှိရန် ခန့်မှန်း

၂၀၂၁–၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုမှ တန်ချိန် ၁၃၉ သန်း ထွက်ရှိနိုင်ပြီး ပြည်ပတင်ပို့မှုသည် တန်ချိန် ၉၄ သန်းအထိရောက်ရှိနိုင်သဖြင့် ပဲပုတ်စေ့ ပြည်တွင်းလက်ကျန်သည် တန်ချိန် ၂၃.၅၅ သန်း ကျန်ရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန၏ ဇန်နဝါရီလ ၁၂ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် အာဂျင်တီးနားနိုင်ငံ၏ ၂၀၂၁–၂၀၂၂ ခုနှစ်ကာလ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် ယခင်နှစ်ကထွက်ရှိသည့်ပမာဏအောက်သို့ လျော့ကျနိုင်ပြီး ပဲပတ်စေ့တန်ချိန် ၄၆.၅ သန်းဝန်းကျင်သာထွက်ရှိနိုင်ကြောင်း၊ ယခင်နှစ်တွင် ပဲပုတ်စေ့တန်ချိန် ၄၉.၅ သန်း စိုက်ပျိုးထွက်ရှိခဲ့ကြောင်း၊ ၂၀၂၁–၂၀၂၂ ခုနှစ်ကာလအတွင်း ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၄.၈၅ သန်း ရှိနိုင်ရန်ခန့်မှန်းထားပြီးလက်ကျန်တန်ချိန် ၂၂.၃၁ သန်း ကျန်ရှိနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပါရာဂွေးနိုင်ငံ၏ ၂၀၂၁–၂၀၂၂ ခုနှစ်ကာလ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုတွင် တန်ချိန် ၈.၅ သန်း ထွက်ရှိနိုင်ရန်ခန့်မှန်းထားပြီး ပြည်ပတင်ပို့မှုသည် တန်ချိန် ၅.၂၅ သန်းရှိနိုင်ကြောင်း၊

ထို့ကြောင့် ပြည်တွင်းတွင် ပဲပုတ်စေ့တန်ချိန် ၁၇၀,၀၀၀ လက်ကျန် ကျန်ရှိနိုင်ကြောင်း USDA က ခန့်မှန်းထားသည်။

၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံကာလအတွင်း တရုတ်နိုင်ငံ၏စိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၁၆.၄ သန်း ထွက်ရှိရန်ခန့်မှန်းထားပြီး ပြည်ပမှပဲပုတ်စေ့တန်ချိန် သန်း ၁၀၀ အထိ တင်သွင်းရနိုင်ကြောင်း၊ ပဲပုတ်စေ့အဓိကစိုက်ပျိုးထုတ်လုပ်သည့် တောင်အမေရိကနိုင်ငံများတွင် သီးနှံရိတ်သိမ်းချိန်၌ ပဲပုတ်စေ့အထွက်နှုန်းများလျော့ကျခဲ့သဖြင့် ယခင်နှစ်ဒီဇင်ဘာလအတွင်းကခန့်မှန်းခဲ့သည့်တန်ချိန် ၃၈၁.၇၂ သန်းအောက်လျော့ကျနိုင်ပြီး တန်ချိန် ၃၇၂.၅၆ သန်းဝန်းကျင်သာ ထွက်ရှိနိုင်ကြောင်း၊ ပြည်တွင်းလက်ကျန်အနေဖြင့် တန်ချိန် ၉၅.၂ သန်း ကျန်ရှိနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပဲပုတ်စေ့ဒုတိယအများဆုံး စိုက်ပျိုထုတ်လုပ်သည့် အမေရိကန်နိုင်ငံတွင် ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံကာလအတွင်း ပဲပုတ်စေ့ထွက်ရှိမှုအနည်းငယ်တိုးတက်ခဲ့သဖြင့် တန်ချိန် ၁၂၀.၄၅ သန်း ထွက်ရှိရန်ခန့်မှန်းခဲ့ရာမှ တန်ချိန် ၁၂၀.၇၀ သန်းအထိ တိုးတက်ထွက်ရှိခဲ့ကြောင်း၊ ပြည်ပတင်ပို့မှုသည် တန်ချိန် ၅၅.၇၉ သန်း ရှိနိုင်ရန်ခန့်မှန်းထားသဖြင့် ပြည်တွင်းတွင် ပဲပုတ်စေ့တန်ချိန် ၉.၅၃ သန်း ကျန်ရှိနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် -noticiasagricolas.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

MISDP

........................................................

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံသည် ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ ရရှိခဲ့

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံသည် ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ အဆိုပါ ကုန်သွယ်မှုပိုငွေပမာဏသည် ယခင်နှစ်က ရရှိခဲ့သည့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅၀.၄ ဘီလီယံထက် ၂၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း စီးပွားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄.၃၆၆ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀.၄၁၈ ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှု

ပမာဏ အမေရိကန်ဒေါ်လာ ၄၄.၇၈၄ ဘီလီယံဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာလတစ်လတည်းတွင် ကုန်သွယ်မှုပိုငွေ ၃.၉၄၈ ဘီလီယံ ရရှိခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၁ ခုနှစ် တစ်နှစ်လုံး၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈၀.၃၉၄ ဘီလီယံ၊ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၁၉.၃၈၆ ဘီလီယံနှင့် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၉.၇၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ပြီး ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၆၁.၀၀၈ ဘီလီယံ ရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုအခြေအနေအား ယခင်နှစ်အခြေအနေများနှင့်နှိုင်းယှဉ်ကြည့်ရာတွင် ပို့ကုန်တွင် ၂၆.၃၀ ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် ၂၄.၀၀ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်အတွင်း ဘရာဇီးလ်နိုင်ငံ၏ ကုန်သွယ်မှုတွင် လယ်ယာကဏ္ဍ၌ အမေရိကန် ဒေါ်လာ ၅၇.၆၆ သန်း၊ စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၁.၆ သန်းနှင့် စက်မှုကုန်ချောထုတ်လုပ်မှုတွင် အမေရိကန်ဒေါ်လာ ၁၂၉.၅၉ သန်းတို့ အသီးသီးတိုးတက်ရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဝန်ကြီးဌာနကထုတ်ပြန်သော ကုန်သွယ်မှုစာရင်းများအရ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုတွင် တိုးတက်မှုများရှိခဲ့ကြောင်း၊ အထူးသဖြင့် ပဲပုတ်စေ့၊ ကော်ဖီကုန်ကြမ်း၊ ဂျုံစေ့များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ရေနံစိမ်းနှင့်အခြားတွင်းထွက်သတ္တုများ၊ သဘာဝဓာတ်ငွေ့တို့တွင် ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –correiobraziliense.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

## ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှုမှ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတွင် ယူရို (၁) ဘီလျံခန့် ထည့်ဝင်အကျိုးပြုထားခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၊ အန့်တ်ဝပ်ပြည်နယ်၊ Puurs–Sint–Amands မြို့ရှိ Pfizer စက်ရုံ၏ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်မှုမှ ဘယ်လ်ဂျီယံနိုင်ငံ၏စီးပွားရေးတွင် ယူရို (၁) ဘီလျံခန့်ထည့်

ဝင်အကျိုးပြုထားကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ၏ စာရင်းအင်းဗျူရို တို့၏ ခန့်မှန်းချက်အရသိရပါသည်။ အဆိုပါ ကာကွယ်ဆေးထုတ်လုပ်သည့်လုပ်ငန်းမှ ထပ်ဆောင်း အလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးပေးခြင်းဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးကိုအထောက် အကူပြုနေခြင်း ဖြစ်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှု အဓိကအားဖြင့် Puurs-Sint-Amands မြို့ရှိ Pfizer စက်ရုံမှ ထုတ်လုပ်မှုသည် ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံဂျီဒီပီ၏ (၀.၂၅) ရာခိုင်နှုန်းကို တိုးတက်စေခဲ့ကြောင်း၊ ဘယ်လ်ဂျီယံစာရင်းအင်းဗျူရို (Statbel) ၏ အချက်အလက်များအရဆေး ဝါးလုပ်ငန်း၏ ထုတ်လုပ်မှုပမာဏသည် ၂၀၂၀ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်ပထမ (၁၀) လတွင် (၁၀၈) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ပထမ(၉) လအတွင်း ဆေးဝါးထုတ်လုပ်မှု တန်ဖိုးသည် ယူရို (၂၉.၄) ဘီလျံသို့ ရောက်ရှိခဲ့ပြီး (၁၀၁) ရာခိုင်နှုန်းတိုးတက်ခဲ့ ကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှု (၆.၂) ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ခန့်မှန်းထားပြီး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုက စီးပွား ရေးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ကာကွယ်ဆေးများကို ဘယ်လ်ဂျီယံ နိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းမရှိလျှင် စီးပွားရေးတိုးတက်မှုနှုန်းသည် (၅.၉) ရာခိုင်နှုန်းခန့်သာရှိနိုင် ကြောင်းသိရပါသည်။

Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံအပြင် အခြားဆေးဝါးကုမ္ပဏီများက ထပ်ဆောင်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းကြောင့် ဘယ်လ်ဂျီယံ၏ စီးပွားရေးတိုးတက်မှုကို ထည့်ဝင် အကျိုးပြုခဲ့ခြင်းဖြစ်ပါသည်။ အလုပ်အကိုင်ဖန်တီးနိုင်မှုနှင့် စီးပွားရေးတိုးတက်မှုတို့သည် ဒွန်တွဲနေခြင်းဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင်အရေအတွက် (၄၀၀၀၀) ခန့်တိုးတက်လာခဲ့ ကြောင်း၊ ဆေးဝါးကုမ္ပဏီများ၏ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဓါတ်ခွဲခန်းများအတွက် လိုအပ်သည့် အလုပ်နေရာများအတွက် ဘွဲ့ရရှိပြီးသူများကို တိုက်ရိုက် အလုပ်အကိုင်များဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးအပိုင်းတွင်လည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း ဘယ်လ်ဂျီယံဆေးဝါးလုပ်ငန်းအဖွဲ့ချုပ်မှ Member Association Delegate ဖြစ်သူ Ms.Caroline Ven က ပြောကြားပါသည်။

Puurs-Sint-Amands မြို့ရှိ Pfizer စက်ရုံအနေဖြင့် လစဉ် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံး ရေသန်း (၁၀၀) ကို ပို့ဆောင်ပေးကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပထမ(၉) လအတွင်းဘယ်လ်ဂျီယံနိုင်ငံ၏

MIS DOP

ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုသည် ယူရို (၁၆.၆) ဘီလျံရှိခဲ့ကြောင်း၊ အဆိုပါပမာဏတွင် Pfizer ကာကွယ်ဆေးအရေအတွက်မှာ လေးပုံသုံးပုံခန့်ရှိကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၌ အသုံးပြုသည့် အခြား ကာကွယ်ဆေးများမှာ Moderna, AstraZeneca နှင့် Johnson & Johnson တို့ဖြစ်ကြပြီး ၎င်းတို့ကိုပြည်ပမှ အဓိကတင်သွင်းခြင်းဖြစ်ကြောင်းသိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/business/199904/covid-19-vaccines-boost-belgian-economy-by-e1-billion, https://www.vrt.be/vrtnws/en/2021/12/31/production-of-coronavirus-vaccine-worth-1-billion-euro-to-the-be/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

…………………………………………………………..

## ကမ္ဘာတစ်ဝန်း မိုက်ခရိုချစ်ပ် ပြတ်လပ်မှုကြောင့် ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ကားထုတ်လုပ် ရောင်းချမှု ကျဆင်းခဲ့ခြင်း

၂၀၂၀ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ကားရောင်းချရမှုသည် (၉) ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း မိုက်ခရိုချစ်ပ် (semiconductor chip) ပြတ်လပ်မှုကြောင့် နယ်သာလန်၏ ကားထုတ်လုပ်မှုကဏ္ဍသည် ဆိုးရွားစွာထိခိုက်ခဲ့ပြီး၊ ကားထုတ်လုပ်မှု ကျဆင်းခဲ့ကာ ကားသစ်များ ထုတ်လုပ်မှုသည်လည်း နှောင့်နှေးခဲ့ကြောင်း လူစီးကားနှင့် ထရပ်ကား ရောင်းဝယ်ရေးဆိုင်ရာအသင်း (BOVAG) နှင့် မော်တော်ကားလုပ်ငန်းအသင်း (RAI) တို့၏ ဖော်ပြချက်အရ သိရပါသည်။

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ကားသစ်အစီးရေ (၃၂၂,၈၃၁) စီးမှတ်ပုံတင်ခဲ့ကြောင်း၊ ကုမ္ပဏီသုံး လျှပ်စစ်ကားများအား တစ်ကိုယ်ရည်အသုံးပြုမှုနှင့်စပ်လျဉ်း၍ နယ်သာလန်နိုင်ငံ၏ အခွန်ပြောင်းလဲမှုအစီအစဉ်ကြောင့် ဒီဇင်ဘာလတွင် ကားအရောင်းတိုးတက်လာမည်ဟု ကား ရောင်းဝယ်ရေးလုပ်ငန်းများက မျှော်လင့်ထားခဲ့ကြသော်လည်း သိသိသာသာတိုးတက်လာခဲ့ခြင်းမရှိ ဟုဆိုသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကားစီးရေ (၃၅၇၀၈) စီး မှတ်ပုံတင်ခဲ့ပြီး ယခင်နှစ်က ထက် (၁၆) ရာခိုင်နှုန်းနီးပါး လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

မိုက်ခရိုချစ်ပ် ပြတ်လပ်မှုဆိုင်ရာ အဟန့်အတားများကြောင့် လျှပ်စစ်ကားများထုတ်လုပ် ရောင်းချနိုင်မှု လျော့နည်းခဲ့ကြောင်း၊ လျှပ်စစ်ကားအသစ် (၆၄,၀၂၇) စီးသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊

၂၀၂၀ ခုနှစ်တွင် လျှပ်စစ်ကားစုစုပေါင်း (၇၂,၈၅၈) စီး ရောင်းချခဲ့ရကြောင်း၊ ၂၀၂၀ နှင့် ၂၀၂၁ နှစ်နှစ်စလုံးတွင် လျှပ်စစ်ကားများသည် နယ်သာလန်ဈေးကွက်၏ ငါးပုံတစ်ပုံခန့်ရှိခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်တွင် ကားသစ် (၃၉၀,၀၀၀) ခန့်ရောင်းချရလိမ့်မည်ဟု BOVAG နှင့် RAI တို့က ခန့်မှန်းထားကြပြီး၊ ထိုသို့ ရောင်းချရပါက ၂၀၂၁ ခုနှစ်ကထက် (၂၁) ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် မိုက်ခရိုချစ်ပ် ပြတ်လပ်မှုပြဿနာသည် မပြီးဆုံးသေးကြောင်းနှင့် အခွန်စနစ်ပြောင်းလဲမှုကြောင့် ကားရောင်းချရမှုကို လျော့ကျစေနိုင်ကြောင်းလည်း ၎င်းအသင်းအဖွဲ့များက ထောက်ပြကြသည်။

သို့သော် လျှပ်စစ်ကားများကို ပိုမိုဝယ်ယူရန် မက်လုံးပေးမှုများရှိနေပြီး၊ ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကားဝယ်ယူသူများသည် ယူရို (၃၃၅၀) ခန့် သက်သာစေနိုင်မည့် Purchase subsidy ကို အသုံးပြုနိုင်မည့်အစီအစဉ်များရှိကြောင်း၊ ထို့အပြင် လျှပ်စစ်ကားမော်ဒယ်များ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်ဖွယ်ရှိသဖြင့် ဝယ်ယူသူများအတွက် ရွေးချယ်စရာပိုများလာနိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကားများ၏ ဈေးကွက်ရှယ်ယာမှာ (၂၀) မှ (၃၀) ရာခိုင်နှုန်းအတွင်း ရှိနိုင်ကြောင်း BOVAG နှင့် RAI တို့က ခန့်မှန်းထားသည်ဟု သိရပါသည်။

ရင်းမြစ် – https://nltimes.nl/2022/01/01/dutch-car-sales-plunged-2021-due-global-chip-shortage

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

..............................................................

## ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၂၂ ခုနှစ်တွင် အရှိန်လျော့ကျသွားဖွယ်ရှိနေခြင်း

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်လျော့နိုင်သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ စီးပွားရေးလုပ်ငန်းများအသင်းချုပ် Federation of Enterprises (FEB) က နိုဝင်ဘာလအတွင်း ဘယ်လ်ဂျီယံကုမ္ပဏီများကို ကောက်ယူခဲ့သည့်စစ်တမ်းအရ သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင်ရရှိခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်သည် ၂၀၂၂ ခုနှစ်၊ ပထမ(၆)လတွင် ကျဆင်းနိုင်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းအများစုအနေဖြင့် ကုန်ကျစရိတ်များမြင့်

MISDOP

တက်မှုကို ဆက်လက်ကြုံတွေ့ရနိုင်သဖြင့် စီးပွားရေးတိုးတက်မှုအပေါ် အကောင်းမြင်မှုလျော့ကျခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ပထမ (၆) လတာကာလအတွက် စီးပွားရေးခန့်မှန်းချက်အရ လုပ်ငန်းများတိုးတက်လာရန် မျှော်မှန်းထားသည့် စီးပွားရေးကဏ္ဍများတွင် စက်မှုကုန်ထုတ်လုပ်ငန်းများပါဝင်ခြင်းမရှိဘဲ ယာယီအလုပ်အကိုင်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆောက်လုပ်ရေးကဏ္ဍ (၃) ခုသာပါဝင်ကြောင်း၊ Federation of Enterprises (FEB) တွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍများ၏ (၄၀) ရာခိုင်နှုန်းကျော်မှာ လုပ်ငန်းများကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်၊ တတိယသုံးလပတ်တွင် ကပ်ရောဂါမတိုင်မီကာလ စီးပွားရေးတိုးတက်မှုအဆင့်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး၊ (၅.၄) ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၂ ခုနှစ်တွင် (၂.၂) ရာခိုင်နှုန်းဖြင့် စီးပွားရေးတိုးတက်မှု သိသိသာသာ အားနည်းဖွယ်ရှိကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုခန့်မှန်းချက်များ အားပျော့ခဲ့စေကာမူ ကုမ္ပဏီလုပ်ငန်းအများစုအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြကြောင်း၊ FEB မှ စစ်တမ်းကောက်ယူသည့် ကုမ္ပဏီများ၏ (၅၀) ရာခိုင်နှုန်းကျော်မှာ လာမည့် (၆)လအတွင်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားရန် ရည်ရွယ်ထားသည်ဟု ဖြေကြားခဲ့ကြကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအလားအလာလျော့ကျမည့် ခန့်မှန်းချက်များနှင့်အတူ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုများ၏ သက်ရောက်မှုကြောင့် ဘယ်လ်ဂျီယံနှင့် ဥရောပတစ်ဝန်း၌ ကုမ္ပဏီများ၏ကုန်ကျစရိတ်များ မြင့်တက်မှုကိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ လာမည့်လများအတွင်း လုပ်ခလစာသိသာစွာမြင့်တက်မှုကို ကုမ္ပဏီများအနေဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ငွေကြေးဖောင်းပွမှုအရှိန်ရလာခြင်းသည် လုပ်သားကုန်ကျစရိတ်မြင့်တက်မှုကိုဦးတည်စေနိုင်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

………………………………………………………………

## ဂျာမနီနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာဆောင်ရွက်ချက်များ

အီးယူဒေသတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်များကို နယ်စပ်ဖြတ်ကျော်လွတ်လပ်စွာ သယ်ဆောင်၍ တင်ပို့တင်သွင်းခွင့်(free movement of goods) ရှိသည့်အခြေခံမူ(principle) ကို ချမှတ်ထားရှိပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် တရားဝင်ဈေးကွက် ဝင်ရောက်ထားသော စားသောက်ကုန်ပစ္စည်းများကို ယေဘူယျအားဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများသို့ အဆိုပါနိုင်ငံ၏ သီးခြား စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသော်လည်း တင်သွင်း၍ဈေးကွက်ဝင်ရောက်ခွင့်ရရှိနိုင်ပါသည်။ ဂျာမနီနိုင်ငံတွင် အဆိုပါသတ်မှတ်ချက်ကို German Food and Feed Code (LFGB) ၏ အပိုဒ်(၅၄) အရ ချမှတ်ထားသောစည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိဘဲ ဝင်ရောက်လာသည့် အခြားအဖွဲ့ဝင်နိုင်ငံများ မှ ကုန်ပစ္စည်းများတွင် ကျန်းမာရေးဆိုင်ရာကာကွယ်မှုအရ Federal Gazette မှ ထုတ်ပြန်ထားသည့် General Disposition ဖြင့် အတည်ပြုထားသည့် ကုန်ပစ္စည်းများကိုသာ ဈေးကွက်တွင်းသို့ဝင် ရောက်ခွင့်ရရှိရန် ဆောင်ရွက်ထားပါသည်။ Federal Office of Consumer Protection and Food Safety (BVL) က နယ်စပ်ဖြတ်ကျော်တင်သွင်းလာသည့် လျှောက်လွှာများပေါ်မူတည်၍ General Disposition များကိုထုတ်ပြန်ပြီး တင်သွင်းလျှောက်ထားသူက လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံစွာတင်ပြရန်လိုအပ်ပါသည်။ နည်းပညာပိုင်းစစ်ဆေးမှုများကို BVL က Federal Institute for Risk Assessment နှင့် ပူးပေါင်းစစ်ဆေးမှုပြုလုပ်ပါသည်။ တင်သွင်း ပစ္စည်းများသည် ပင်ရင်းဒေသ ထုတ်ကုန်ဖြစ်ကြောင်းသက်သေထောက်ခံချက်ပါရှိရန်လိုအပ်ပါသည်။

စားသောက်ကုန်များတင်သွင်းမှုအတွက် သက်ဆိုင်ရာဌာန၏ တရားဝင်ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး ခွင့်ပြုပြီးစာရင်းများကို ဥရောပကော်မရှင်၏သတ်မှတ်စည်းမျဉ်းများအရ database စနစ်တွင်ထည့်သွင်း၍ BVL ၏ ဝက်ဘ်ဆိုက်တွင် ခွင့်ပြုချက်အမှတ်နှင့် အချက်အလက်များပြည့်စုံစွာ ဖော်ပြ၍ ထုတ်ပြန်ပါသည်။ ဥရောပကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် အီးယူဒေသသို့ အီးယူအဖွဲ့ဝင် နိုင်ငံများနှင့် အခြားအီးယူပြင်ပနိုင်ငံများမှ ဝင်ရောက်ရန် အတည်ပြုချက်ရယူပြီးသည့် တိရစ္ဆာန်ထွက် ပစ္စည်းပါဝင်သောစားသောက်ကုန်များစာရင်းကို ထုတ်ပြန်ပေးပါသည်။ BVL က အကောက်ခွန်ရုံး များ၊ နယ်စပ်စစ်ဆေးစခန်းများ စသည်တို့၏စာရင်းများကို ထိန်းသိမ်းထားရှိပြီး Federal Gazette က စာရင်းထုတ်ပြန်မှုကို ဆောင်ရွက်ပါသည်။ အီးယူ၏ Official Controls Regulation (EU) 2017/625 က အီးယူဒေသသို့ တင်သွင်းသည့် တိရစ္ဆာန်များနှင့်ကုန်ပစ္စည်းများအတွက် Official Controls နှင့် ပတ်သက်သည့်စည်းမျဉ်းများကို ထုတ်ပြန်ထားရှိပါသည်။ ထို့ပြင် Regulation (EU) 2019/1793 ဖြင့် တိရစ္ဆာန်ထွက်ပစ္စည်းမပါဝင်သော အစားအစာများဝင်ရောက်မှုကို စစ်ဆေးကြီး

ကြပ်ခြင်းအတွက် စည်းမျဉ်းများချမှတ်ထားရှိပါသည်။ စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်များမှာ တင်သွင်းကုန်များတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသော အချက်အလက်များကောက်ယူရန်၊ ထုတ်လုပ်သူနှင့်တင်သွင်းသူများအား ဈေးကွက်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်တင်သွင်းလာစေရန်နှင့် စားသုံးသူများအားညစ်ညမ်းပစ္စည်းများပါဝင်သော၊ အပြစ်အနာအဆာရှိသော ကုန်ပစ္စည်းများသုံးစွဲခြင်းမှ ကာကွယ်မှုပေးနိုင်ရန် အတွက်ဖြစ်ပါသည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် စားသောက်ကုန်များတွင် အီးယူအဖွဲ့ဝင်နိုင်ငံများသို့မဟုတ် အခြားအီးယူပြင်ပနိုင်ငံများက စည်းမျဉ်းလိုက်နာမှုမရှိသည်များကို ဂျာမန်အစားအစာထိန်းချုပ်ရေးအာဏာပိုင်များက အသိပေးအကြောင်းကြားစာထုတ်ပြန်ခြင်း ဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် BVL က liaison body အနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနများနှင့်ဆက်သွယ်၍ ခါတ်ခွဲစစ်ဆေးတွေ့ရှိချက်၊ တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာစသည်တို့ပါဝင်သည့်အချက်အလက်များကို ပေးပို့ခြင်း၊ သက်ဆိုင်ရာနိုင်ငံများက ပြန်လည်ပြင်ဆင်ပေးပို့သည့်အချက်အလက်များကို ဂျာမန်အစားအစာ ထိန်းချုပ်ရေးအာဏာပိုင်များသို့ ဆက်လက်ပေးပို့ဆောင်ရွက်ခြင်းတို့ ပြုလုပ်ပါသည်။ အလားတူ ဂျာမနီနိုင်ငံက အီးယူအဖွဲ့ဝင်နိုင်ငံများသို့မဟုတ် အခြားအီးယူပြင်ပနိုင်ငံများသို့ တင်ပို့သောစားသောက်ကုန်များတွင် သက်ဆိုင်ရာနိုင်ငံရှိစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသည်များကို ထုတ်ပြန်ကြေငြာချက်များအတွက်လည်း BVL ကပင်နှစ်ဘက်အကြား ချိတ်ဆက်ဆောင်ရွက်မှုလုပ်ဆောင်ပါသည်။ BVL သည် ဥရောပကော်မရှင်၏ အစားအသောက်နှင့် တိရစ္ဆာန်ကျန်းမာရေးဌာန၏ စစ်ဆေးမှုလုပ်ငန်းများအတွက် ဂျာမနီနိုင်ငံ၏ Contact Point အနေ ဖြင့်လည်းဆောင်ရွက်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နယ်စပ်ဖြတ်ကျော်ကုန်စည်ကူးသန်းသွားလာမှုများအား ပိတ်ပင်ခြင်း၊ ကန့်သတ်ထိန်းချုပ်မှုများ တိုးမြှင့်ခြင်းတို့ဆောင်ရွက်ကြရပြီး ဝယ်လိုအားလျော့နည်းသွားခြင်းများကြုံတွေ့ကြရပါသည်။ တစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာစာရွက်စာတမ်းများနှင့် ဒေတာအချက်အလက်များပေးပို့ခြင်း၊ ဆက်သွယ်ခြင်းတို့ကို ပိုမိုဆောင်ရွက်လာကြသည်။ ဂျာမနီနိုင်ငံတွင် ကုန်သယ်ယူပို့ဆောင်မှုလုပ်ငန်းများအတွက် စာရွက်စာတမ်းများကို အီလက်ထရောနစ်စနစ်အသုံးပြု ဆောင်ရွက်စေရန် ဥပဒေပြဌာန်းမှုများကို ၂၀၁၃ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ပြဌာန်းမှုများသည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လိုက်နာဆောင်ရွက်လာကြစေရန် လက်ရှိဥပဒေများကို

UNCITRAL Model Law on Electronic Transferable Records (MLETR) နှင့်အညီပြောင်းလဲချမှတ်ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ယင်းသို့လိုအပ်ချက်အရ သယ်ယူပို့ဆောင်မှုလုပ်ငန်းစာရွက်စာတမ်းများကို အီလက်ထရောနစ်စနစ်အသုံးပြုရေး စည်းမျဉ်းများချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများက လက်ရှိဥပဒေများကို လိုက်နာကျင့်သုံးလာစေရန် Federal Ministry of Justice and Consumer Protection က စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၊ Bills of Exchange အက်ဥပဒေတွင် ပုံစံများထပ်မံဖြည့်ခြင်း၊ အီလက်ထရောနစ်ပို့ဆောင်ရေး အာမခံလက်မှတ်များ အသုံးပြုခြင်း၊ အီလက်ထရောနစ်စာရွက်စာတမ်းရှိ အချက်အလက်များအတွက် စည်းမျဉ်းများချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများက အီလက်ထရောနစ်စနစ်ဖြင့်လွှဲပြောင်းရယူခြင်းများအတွက် လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်စည်းမျဉ်းများ ချမှတ်ခြင်းတို့ကိုဆောင်ရွက်ရန်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဒစ်ဂျစ်တယ်ကူးသန်းရောင်းဝယ်ရေးစနစ် အသုံးပြုခြင်းဖြင့် လုပ်ငန်းများ၏ အချိန်နှင့်စရိတ်ကုန်ကျသက်သာမှုသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ၈၁ ရာခိုင်နှုန်းရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

အီးယူဒေသအတွင်း ကုန်စည်များလွတ်လပ်စွာစီးဆင်းနိုင်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအကြား စျေးကွက်ဝင်ရောက်မှုအဆင်ပြေချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် Product Contact Points များကို စီစဉ်ထားရှိပါသည်။ Contact Points များက ထုတ်ကုန်ဆိုင်ရာအချက်အလက်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းများကို ပံ့ပိုးဆောင်ရွက်ပါသည်။ ဂျာမနီနိုင်ငံတွင် Federal Agency for Agriculture and Food (BLE) က လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် စားသုံးကုန်စည်များအတွက်လည်းကောင်း၊ Federal Institute for Materials Research and Testing (BAM) က ကျန်ကုန်စည်များအတွက်လည်းကောင်း Product Contact Points များအဖြစ် ဆောင်ရွက်ကြပါသည်။

Cross Border ကုန်သွယ်မှုလုပ်ငန်းရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးလုပ်ငန်းရပ်များသည်လည်းများစွာ အရေးပါသည့်အားလျော်စွာ ဂျာမနီနိုင်ငံရှိ German Alliance for Trade Facilitation က အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဘက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ပေးပြီး WTO Trade Facilitation Agreement ကို အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးပါသည်။ ထို့ပြင် GIZ နှင့်ပူးပေါင်း၍ မိတ်ဘက်နိုင်ငံများနှင့် Development Project များကို အကောင်အထည်ဖော်ပြီး ကုန်သွယ်မှုလုပ်ငန်းများတွင် အချိန်နှင့်

စရိတ်များလျှော့ချနိုင်ခြင်း၊ စီးပွားရေး အကျိုးဖြစ်ထွန်းမှုများရရှိစေခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးပါသည်။

Sources:

https://www.bvl.bund.de/EN/Tasks/01_Food/01_tasks/05_Crossborder_Trade/Crossborder_Trade_node.html

https://blog.seeburger.com/updated-german-vat-rules-for-cross-border-e-commerce-in-the-eu/

https://www.tradefacilitation.de/en/about-us/

https://www.ble.de/EN/Topics/Market-Organisation/ProductContactPoint

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………………………………………..

## တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင်ပြည်ပအချက်ချာကျသည့်ဒေသအနေဖြင့်ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း

တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် လာမည့် ၂၀၂၂ ခုနှစ်အတွင်း တရုတ်ယွမ်ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ယွမ်ငွေကြေးငွေလဲလှယ်မှု အချက်အချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန်ပံ့ပိုးပေးရန်မှာဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ်အတွင်းဦးစားပေးအချက်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိနိုင်ငံများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြင့်တင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကုန်တွင် ဘဏ်အပ်နှံငွေ ယွမ် (၈၃၄.၉) ဘီလီယံ (ဟောင်ကောင်ဒေါ်လာအားဖြင့် ၁.၀၂ ထရီလီယံ) ရှိခဲ့ရာ ယခင်နှစ်နယ်စပ်ဖြတ်ကျော် ငွေပေးချေမှု၏(၄၆) ရာခိုင်နှုန်း ရှိသောကြောင့် တရုတ်နိုင်ငံအတွက်ဟောင်ကောင်ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဗဟိုဌာန အနေဖြင့်အဓိကအချက်အချာကျသည့်ဒေသဖြစ်ကြောင်း၊ ထို့ပြင်ဟောင်ကောင်ဒေသသည် မဟာပင်လယ်ကွေ့ဒေသ၏စီမံကိန်းအရမကာအိုနှင့် တရုတ်ပြည်မကြီးမှ မြို့ကြီးများနှင့်

ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Frank Tang က" Beijing to bolster HK as yuan trading hub, diversify city's forex reserves" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသသည်လန်ဒန်နှင့်စင်ကာပူနိုင်ငံတို့၏ ယွမ်ငွေကြေး လဲလှယ်မှု ပြည်ပအချက်အချာကျသည့် စင်တာများကဲ့သို့ ဆောင်ရွက်နိုင်ရန် စတော့ရှယ်ယာ၊ စာချုပ်များနှင့် ပိုင်ဆိုင်မှု စီမံခန့်ခွဲမှုချိတ်ဆက်မှုအစီအစဉ်တို့အား တရုတ်ပြည်မကြီးနှင့် စီးပွားရေးလုပ်ငန်းများနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ပံ့ပိုးပေးမည့်မူဝါဒနှင့်ပတ်သက်၍ တရုတ်နိုင်ငံဗဟိုဘဏ်မှကျယ်ကျယ်ပြန့်ပြန့်အသေးစိတ် ရှင်းလင်းဖော်ပြခြင်းမရှိသော်လည်း၊ ယွမ်ငွေကြေးသုံးစွဲမှုများ၊ ကုန်သွယ်ရေးအတွက် ပေးချေမှုနှင့်ဒစ်ဂျစ်တယ်လ် ယွမ်သုံးစွဲမှုတို့အတွက် အလားအလာကောင်း အများအပြားရှိကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိနိုင်ငံများမှ ကုမ္ပဏီများအနေဖြင့် ရှယ်ယာများနှင့်စာချုပ်များ ရင်းနှီးမြှုပ်နှံမှုတွင် အခက်အခဲများရှိကြောင်း၊ သို့ဖြစ်ရာ အရည်အချင်းပြည့်မီသည့် နိုင်ငံခြားကုမ္ပဏီများအား တရုတ်စတော့ရှယ်ယာဈေးကွက်မှ ဘဏ္ဍာငွေများမတည်ရင်းနှီးမြှုပ်နှံနိုင်ရန် တရုတ်နိုင်ငံအနေဖြင့် ခွင့်ပြုပေးသင့်ကြောင်း၊ သို့သော်ငွေသွင်း/ငွေထုတ် ငွေသားစီးဆင်းမှုများ လျင်မြန်ချောမွေ့စေရန် လဲလှယ်နိုင်မည့် ရင်းနှီးငွေအမြောက်အမြား လိုအပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဟောင်ကောင်ရှိ အစုရှယ်ယာကုမ္ပဏီ (၃) ခုအတွက် တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စာချုပ်အနေဖြင့် ယွမ် (၂၀) ဘီလီယံ ထုတ်ပေးခဲ့ကြောင်း၊ ယခင်ရက်သတ္တပတ်က ယွမ် (၅) ဘီလီယံ တန်ဖိုးရှိ ဗဟိုဘဏ်၏ ငွေစက္ကူများကို တရုတ်နိုင်ငံ People's Bank of China မှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ထုတ်ရောင်းခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုကိုပယ်ဖျက်နိုင်ရန်နှင့် ငွေကြေးစနစ်တွင် အမေရိကန်ဒေါ်လာလွှမ်းမိုးမှုအား ဝါရှင်တန်မှ တင်းကြပ်မှုများပြုလုပ်မည်ကို ၂၀၁၈ ခုနှစ် ကတည်းက စိုးရိမ်မှုများဖြစ်ခဲ့သောကြောင့် ပေကျင်းသည် တရုတ်နိုင်ငံ၏ ယွမ်ငွေကြေးအား နိုင်ငံတကာအသုံးပြုနိုင်ရေးအစီအစဉ်ကို ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်ယွမ်ငွေကြေးအား နိုင်ငံတကာအသုံးပြုနိုင်ရန် ဆောင်ရွက်မှုမှာ နှေးကွေးလျက်ရှိပြီး နိုင်ငံတကာငွေပေးချေမှု၊ အရန်ငွေကြေးနှင့် နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်မှုများတွင် အမေရိကန်ဒေါ်လာ၏ နောက်တွင်ရှိဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း နိုင်ငံတကာငွေပေးချေမှုတွင် အမေရိကန်ဒေါ်လာ (၄၀.၃၉) ရာခိုင်နှုန်း၊ ယူရို (၃၃.၅၂) ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်လျှင် တရုတ် ယွမ်ငွေကြေးမှာ (၂.၁၄) ရာခိုင်နှုန်းရှိပြီး အဆင့် (၅) တွင်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကြေး ပြည်ပနိုင်ငံများတွင် အသုံးပြုမှုမြှင့်တင်နိုင်ရန်

ဒစ်ဂျစ်တယ်လ် ယွမ်ငွေကြေးအစီအစဉ်အား အဆင့်မြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်လ်ငွေကြေးများအား နယ်မြေဖြတ်ကျော်ပေးချေမှုစနစ်များ လေ့လာနိုင်ရန် တရုတ်နိုင်ငံ People's Bank of China သည် ဟောင်ကောင်ငွေကြေး အာဏာပိုင်အဖွဲ့၊ ထိုင်းနိုင်ငံရှိ ဗဟိုဘဏ်၊ ယူအေအီးတို့နှင့် တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာလုပ်ငန်းကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုများ ပိုမိုလွယ်ကူစေရန် ယွမ်ငွေကြေးများ ပမာဏအများအပြား ကိုင်ဆောင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ရှယ်ယာလုပ်ငန်းများ ပြည်ပရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရန် အသေးစားစီမံကိန်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………

## ဟောင်ကောင်ဒေသမှ ငွေကြေးလုပ်ငန်းကုမ္ပဏီများ မကာအိုဒေသသို့ လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားလာကြခြင်း

ကာစီနိုလုပ်ငန်းများဖြင့် အချက်အချာကျသော မကာအိုဒေသအား ငွေကြေးဝန်ဆောင်မှုစင်တာအနေဖြင့် ဆောင်ရွက်ရန်ပေကျင်းမှချမှတ်ထားသော မူဝါဒအားအကျိုးရှိစွာဆောင်ရွက်နိုင်ရေးအတွက် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအခြေစိုက်၊ ငွေကြေးကုမ္ပဏီများသည် မကာအိုဒေသသို့လုပ်ငန်းများတိုးချဲ့ရန် စဉ်းစားလာကြကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu "Hong Kong Financial firms eye expansion in Macau" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ မကာအိုဒေသရှိ လိုင်စင်ရငွေကြေးလုပ်ငန်းနှစ်ခုထဲမှ တစ်ခုဖြစ်သည့် Everbright Sun Hung Kai သည် Wealth Management platform အား အဆင့်မြှင့်တင်ခဲ့ကြောင်း၊ ထို့ပြင်မကာအိုဒေသ၏ ကာလတိုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံသူများ Bond Products များ ရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Wealth Management Products ရောင်းချမှုမှာ နှစ်စဉ်တိုးတက်လာလျက်ရှိပြီး မကြာမီက တိုးချဲ့ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်တွင် (၅၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ Everbright Sun Hung Kai ၏ မိခင်ကုမ္ပဏီဖြစ်သည့် Everbright Securities သည်ဟောင်ကောင်၊ မကာအိုနှင့်တရုတ်ပြည်မကြီး၊ ကွမ်တုံးပြည်နယ်ရှိမြို့ကြီး

MISDP

(၉) မြို့ပါဝင်သည့် မဟာပင်လယ်ကွေ့ဒေသ၌ လွှမ်းမိုးမှုကြီးမားသောကြောင့် မကာအိုဒေသ၌ Everbright Sun Hung Kai ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ တိုးတက်မှုရှိနိုင်ကြောင်း၊ တရုတ်ပြည်မကြီးနှင့် နယ်မြေဖြတ်ကျော်ကုန်သွယ်မှုအစီအစဉ်တွင် မကာအိုဒေသအနေဖြင့် ပထမဆုံးအကြိမ်ဝင်ရောက်ခဲ့ပြီးနောက် မကာအိုဒေသ၏ ငွေကြေးဝန်ဆောင်မှုကဏ္ဍသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် Wealth Managemnet Connect Scheme ဆောင်ရွက်မှုမြင့်တက်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်တွင် တရုတ်ပြည်မကြီး မဟာပင်လယ်ကွေ့ဒေသအခြေစိုက် နေထိုင်သူများရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်၊ မကာအိုဒေသတို့ရှိဘဏ်များဖြင့် အပြန်အလှန်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးအကြား ငွေလွှဲပြောင်းမှုအရေအတွက် (၁၅၇၄)ခု အတွက် တရုတ်ယွမ်(၁၃၁.၈၇) မီလီယံ လွှဲပြောင်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း တရုတ်ပြည်မကြီးနှင့် မကာအိုဒေသအကြား နယ်မြေဖြတ်ကျော် ငွေလွှဲပြောင်းမှုများ (၈၈၃) ခုအတွက် တရုတ်ယွမ် (၅၃.၂၉) မီလီယံ (ဟောင်ကောင်ဒေါ်လာအားဖြင့် ၆၅.၄ မီလီယံ) လွှဲပြောင်းခဲ့ကြောင်း၊ သို့ဖြစ်ရာ ကြားခံငွေကြေးကဏ္ဍလုပ်ငန်း (၂) ခု၊ အာမခံလုပ်ငန်း (၂၅) ခုနှင့် ဘဏ် (၃၁) ခုတို့သာရှိသောမကာအိုဒေသ၏ငွေကြေးကဏ္ဍအတွက်ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသနှင့်နှိုင်းယှဉ်လျှင် ဟောင်ကောင်၌ စတော့ရှယ်ယာကုန်သည် (၆၀၀) ဦး၊ အာမခံလုပ်ငန်းလုပ်ကိုင်သူ (၁၆၅) ဦးနှင့် ဘဏ် (၁၆၀) ခုရှိကြောင်း၊ တရုတ်ပြည်မကြီး၌ ကနဦးရင်းနှီးမြှုပ်နှံမည့် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် Qualified Foreign limited partnership pilot scheme ဖြင့် မကာအိုနှင့် ဟန်ကျင်းဒေသ၌ ရင်းနှီးမြှုပ်နှံရန် တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစတင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းမူဝါဒတွင် ငွေကြေးလုပ်ငန်းအတွက် အရည်အသွေးမြင့်မားသည့် ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီနိုင်ရန်နှင့် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်ရန် နယ်မြေဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများကို ထပ်မံခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အာမခံလုပ်ငန်းကြီးတစ်ခုဖြစ်သည့် ဗြိတိသျှအာမခံလုပ်ငန်း Prudential သည် မကာအိုဒေသ၌ လိုင်စင်လျှောက်ထားလျက်ရှိကြောင်း၊ မဟာပင်လယ်ကွေ့ဒေသ၌ မကာအိုဒေသသည်အဓိကမြို့ကြီးတစ်မြို့ဖြစ်သောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများရရှိရန် မကာအိုဒေသ၌ အာမခံလုပ်ငန်း (၃) ခုဖြင့် ဖွင့်လှစ်လည်ပတ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အခြားသောအာမခံလုပ်ငန်းတစ်ခုဖြစ်သည့် Manulife သည်လည်း မကာအို၌ အခန်းကဏ္ဍအသစ်ဖန်တီးနိုင်ရန် မကာအိုဘဏ်ခွဲ၌ နည်းဗျူဟာအရာရှိချုပ် Carrie Tong အား ခန့်အပ်ခဲ့ကြောင်း၊ မကာအိုဒေသ၌

အာခံရောင်းချမှုများမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး မကာအိုဒေသ၏ အာမခံရောင်းချမှု၏ (၆၀) ရာခိုင်နှုန်းဝယ်ယူသော တရုတ်ပြည်မကြီးမှ အဓိကလာရောက်သည့် ခရီးသွားများကြောင့် ၂၀၂၁ ခုနှစ်၊ ပထမ(၉) လ အတွင်းတွင် အာမခံရောင်းချမှု (၃) ဆ မြင့်တက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ မကာအိုဒေသ၌ အာမခံလုပ်ငန်း အခွင့်အလမ်းများ တိုးတက်ရန်မျှော်လင့်ထားသည်ဟု Carrie Tong က ပြောကြားထားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………

## နိုဝင်ဘာလ၏ လက်လီရောင်းချမှု ရာခိုင်နှုန်း လွဲချော်မှုရှိခဲ့ခြင်း (ဟောင်ကောင်ဒေသ)

ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှုမှာ ၂၀၂၁ ခုနှစ်၊ ပထမ (၁၀) လအတွင်းမြင့်တက်ခဲ့ပြီး နိုဝင်ဘာလတွင်လည်း တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ (၃၀.၇) ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် (၇.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဒေသအစိုးရမှ ယမန်နေ့က ထုတ်ပြန်သည့် အချက်အလက်များတွင်ဖော်ပြခဲ့ရာ ဈေးကွက်ရည်မှန်းချက်ဖြစ်သည့် (၉.၇)ရာခိုင်နှုန်း ပမာဏနှင့် လွဲချော်မှု ရှိခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Retail sales miss mark in November” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဈေးနှုန်းပြောင်းလဲမှုသက်ရောက်မှုမပါဘဲ နိုဝင်ဘာလအတွင်း စုစုပေါင်းလက်လီရောင်းချမှုမှာ နှစ်ဦးပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် (၄.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ယခင်ခန့်မှန်းထားသည့် လက်လီရောင်းချမှု ရာခိုင်နှုန်း (၆.၅) ရာခိုင်နှုန်းအောက် လျော့နည်းခဲ့ကြောင်း၊ အွန်လိုင်းမှ လက်လီရောင်းချမှုမှာ နိုဝင်ဘာလတွင် (၁၁.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် (၂၇.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ပထမ (၁၁) လ အထိ စုစုပေါင်း လက်လီရောင်းချမှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် (၈.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အွန်လိုင်းမှ လက်လီရောင်းချမှုမှာ နှစ်ဦးပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် (၄၀.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသခံများအား ပံ့ပိုးပေးသည့် Consumption Voucher Scheme နှင့် ဟောင်ကောင်ဒေသစီးပွားရေး ပြန်လည်နာလန်ထူလာသောကြောင့် ဟောင်ကောင်ဒေသရှိ စားသုံးသူများ၏အခြေအနေမှာ ကောင်းမွန်နိုင်သည့် အလားအလာရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ မဖြစ်ပွားခင်က တရုတ်ပြည်မကြီးမှ ခရီးသွားဧည့်သည်များ လာရောက်ဝယ်ယူမှု

အပေါ် အားထားလျက်ရှိသည့်ကျောက်မျက်လက်ဝတ်ရတနာများ၊ နာရီများ၊ လက်ပတ်နာရီများနှင့် တန်ဖိုးကြီးမားသည့် လက်ဆောင်ပစ္စည်းများ ရောင်းချရမှုမှာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၄.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အဝတ်အထည်များရောင်းချမှု (၁၇.၉) ရာခိုင်နှုန်းနှင့် ဆေးဝါးနှင့် အလှကုန်ပစ္စည်းများရောင်းချမှု (၁၂.၉) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ စူပါမားကတ်များတွင် ကုန်ပစ္စည်းများရောင်းချမှုမှာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် (၃.၂) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည်များလာရောက်မှုမှာ နှစ်ဦးပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် (၅၉.၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့သော် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်း ခရီးသွားဧည့်သည်များလာရောက်မှုမှာ ၉၇.၇ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.........................................................................

## ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများ၏ ဆုံးရှုံးမှုများအား ကုန်တိုက်များနှင့် ကုန်ပစ္စည်းပို့ဆောင်သည့် လုပ်ငန်းများအနေဖြင့် အကျိုးအမြတ်များ ရရှိလာနိုင်ခြင်း

ဟောင်ကောင်ဒေသ၌ အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ် ဒေသတွင်း၌ ကူးစက်ပျံ့နှံ့မှုများရှိလာသဖြင့် စားသောက်ဆိုင်များနှင့် အဖျော်ယမကာ ရောင်းချသောဆိုင်များအား ၇-၁-၂၀၂၁ ရက်နေ့မှ ၂၀-၁-၂၀၂၁ ရက်နေ့အထိအား ညနေ (၆:၀၀) နာရီအထိသာ ဖွင့်လှစ်ရောင်းချရန် လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများအား ပြင်းထန်စွာ အဓိကရိုက်ခတ်နိုင်ကြောင်း၊ သို့သော် ဝယ်ယူသူများအား ဆွဲဆောင်နိုင်ရန် အကျိုးခံစားခွင့်အနေဖြင့် ဈေးနှုန်းများလျှော့ချရောင်းချခြင်းနှင့် အစားအစာများအား ဆိုင်ပြင်ပသို့ဝယ်ယူ၍ စားသုံးနိုင်ခြင်း အစရှိသည်တို့ဖြင့် စားသောက်ကုန်ပစ္စည်းများပို့ဆောင်သည့် Foodpanda နှင့် Deliveroo ကဲ့သို့သောလုပ်ငန်းများနှင့်ဈေးဝယ်စင်တာ၊ ကုန်တိုက်များအနေဖြင့် အခွင့်အလမ်းများနှင့် အကျိုးအမြတ်များရရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“Hong Kong social distancing: malls, delivery platforms seek to turn restaurants, loss into their gain” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်များ၏ ဝင်ငွေ (၈၀) ရာခိုင်နှုန်းမှာ ညနေ (၆) နာရီနောက်ပိုင်းရောင်းချခြင်းမှ ရရှိခြင်းဖြစ်ကြောင်း၊ အချို့သောရေခဲမုန့်အစရှိသည့် မုန့်အချိုပွဲ ရောင်းချသည့်ဆိုင်များအတွက် အများဆုံးရောင်းချရသည့် အချိန်မှာ ည (၁၀:၀၀) နာရီ နောက်ပိုင်းမှသာဖြစ်ကြောင်း၊ ချက်ချင်းစားသုံးရန် လိုအပ်သည့် ရေခဲမုန့်ကဲ့သို့သော အစားအစာ များမှာ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့် အွန်လိုင်းမှရောင်းချခြင်းစနစ် ပြောင်းလဲအသုံးပြုလျှင် အဆိုပါရေခဲမုန့်ဆိုင်များအနေဖြင့် ပေါင်မုန့်နှင့်အဖျော်ယမကာများအား ပြောင်းလဲရောင်းချရမည် ဖြစ်ကြောင်း၊ လူကြိုက်များသောစားသောက်ဆိုင်များ၌ညနေ (၇:၄၅)နာရီကျော်အထိ ဝယ်ယူသူ (၅၀) ဦး ခန့်သည်အစားအစာများအား ဆိုင်ပြင်ပသို့ဝယ်ယူ၍ စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင်ပြင်ပ၌ တန်းစီ၍ စောင့်ဆိုင်းခဲ့ကြကြောင်း၊ ညနေ(၆)နာရီနောက်ပိုင်း စားသောက်ဆိုင်များရောင်းချခွင့်မပြု သည့် နောက်ဆုံးကန့်သတ်ချက်မှာ အဆင်ပြေမှုမရှိကြောင်း၊ အချို့သောသူများမှာ ညစာအတွက် ဆိုင်မှဝယ်ယူ၍ အနီးအနားရှိ ပန်းခြံများတွင် စားသုံးကြကြောင်း ရေးသားဖော်ပြထားပါသည်။

စားသောက်ကုန်များ ဖြန့်ဖြူးပို့ဆောင်ပေးသည့် Deliveroo အနေဖြင့် စားသောက်ဆိုင်များ အတွက် မကြာမီကနောက်ဆုံးအခြေအနေ ထုတ်ပြန်ထားသော ကမ္ဘာ့ကပ်ရောဂါ ကန့်သတ်ထိန်း ချုပ်ကန့်သတ်ချက်များ၏ ရိုက်ခတ်မှုများ လျော့နည်းသက်သာစေရန် စားသောက်ဆိုင်များနှင့် ပို၍ ပူးပေါင်းချိတ်ဆက်ပြီး တစ်ချိန်တည်းမှာပင် အမှာစာများပိုမိုရရှိရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ Deliveroo ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိ အချို့သောစားသောက် ဆိုင်(၁၀,၀၀၀)ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၁,၀၀၀) ဦးကျော်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၏ စားသောက်ကုန်ပစ္စည်းများအဓိကဖြန့်ဖြူးပေးသည့် Foodpanda သည် အမှာစာ(၄၀) ရာခိုင်နှုန်းခန့်ရရှိပြီး Pandapro ၌အသင်းဝင်ထားသူများအတွက် အကန့်အသတ်မရှိ အခမဲ့ပေးပို့ပေးကြောင်းနှင့် စားသုံးသူများအား ပိုမိုဝယ်ယူလာနိုင်သည့် ဝန်ဆောင်မှုတစ်ခုလည်း ဖြစ်ကြောင်း၊ Foodpanda ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိအချို့သောစားသောက်ဆိုင် (၁၂,၀၀၀) ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၀,၀၀၀) ဦးကျော်ရှိကြောင်း၊ ယခု နောက်ဆုံးအခြေအနေ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုမှာ ဈေးဝယ်စင်တာ များနှင့် လက်လီအရောင်းဆိုင်များအပေါ် ကြီးမားစွာသက်ရောက်မှု မရှိနိုင်ကြောင်း၊ ဟောင်ကောင် ဒေသခံများညနေ (၆) နာရီနောက်ပိုင်း၌စားသောက်ဆိုင်များ၌ စားသုံးခြင်းအစား ကုန်တိုက်များ၌ ဈေးဝယ်အောင်ဆွဲဆောင်နိုင်ရန် ဟောင်ကောင်ဒေသ၏ အကြီးမားဆုံးအိမ်ခြံမြေလုပ်ငန်းဖြစ်သည့် Sun Hung Kai properties (SHKP) သည် ၎င်း၏ကုန်တိုက် (၄)ခု၌ ညနေ (၆) နာရီနောက်ပိုင်း

ဝယ်ယူသူများအတွက် အထူးအရောင်းမြှင့်တင်မှုအစီအစဉ်များ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ North Point ရှိ Harbour Nort Mall ၌ သတ်မှတ်ထားသော ရောင်းချသူများနှင့် စားသောက်ဆိုင်များ၌ SHKP အသင်းဝင်များအနေဖြင့် ၎င်းတို့၏ အသင်းဝင်ရမှတ်များဖြင့် ဟောင်ကောင်ဒေါ်လာ (၃၀၀) (အမေရိကန်ဒေါ်လာအားဖြင့် ၃၈ ဒေါ်လာ) ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ Tsuen Wan ရှိ Tsuen Kam Centre နှင့် Grand City Plaza တို့၌ Club member များအနေဖြင့် ညနေ(၆) နာရီနောက်ပိုင်းတွင် Reward Points နှစ်ဆရရှိနိုင်ခြင်းနှင့် အီလက်ထရောနစ် ကူပွန်အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၅၀၀) ရရှိနိုင်ကြောင်း၊ Causeway Bay ရှိ Windsor House (သို့မဟုတ်) The One or Silvercord Shopping တို့၌ညနေ(၆) နာရီနောက်ပိုင်းအစားအစာများအား ဆိုင်ပြင်ပသို့သယ်ယူစားသုံးရန်အနည်းဆုံးဟောင်ကောင်ဒေါ်လာ(၂၀၀) ဝယ်ယူသူများအတွက် ဟောင်ကောင်ဒေါ်လာ(၁၅၀) တန်ဖိုးရှိ ကူပွန်ပြန်လည်ရရှိမည်ဖြစ်ကြောင်း၊ ကုန်တိုက်များအနေဖြင့် ဒေသအစိုးရ၏ ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်နိုင်ရန် ကိုဗစ်-၁၉ ကန့်သတ် ထိန်းချုပ်မှု အစီအမံများကို ပံ့ပိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားအစာများအားဝယ်ယူ၍ ၎င်းတို့၏နေအိမ်များ၌ စားသုံးကြရန် စားသုံးသူများအား တိုက်တွန်းအားပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မကြာမီပြီးဆုံးရန် မျှော်လင့်ထားကြောင်း၊ Sino Group Mall (၆) ခုဖြစ်သည့်Tmtplaza ၊Olympic City ၊ Citywalk ၊ China Hong Kong City ၊ Gold Coast Piazza နှင့်Tsim Sha Tsui Centre တို့ရှိ စားသောက်ဆိုင်များမှ ညနေ(၆) နာရီနောက်ပိုင်းတွင် အစားအစာများအား ဆိုင်ပြင်ပ၌စားသုံးရန် အနည်းဆုံးဟောင်ကောင်ဒေါ်လာ (၂၀၀) ဝယ်ယူလျှင် ဈေးဝယ်ကူပွန် ဟောင်ကောင်ဒေါ်လာ (၂၀) ပံ့ပိုးပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

---

## ၁၉၈၂ ခုနှစ်နောက်ပိုင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန် ငွေဖောင်းပွမှု ၇ ရာခိုင်နှုန်း မြင့်တက်

အမေရိကန်နိုင်ငံတွင် ကိုရိုနာကပ်ရောဂါကြောင့် ရောင်းလိုအားနှင့်ဝယ်လိုအား မမျှမတဖြစ်ပေါ်လျက်ရှိသောကြောင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်လာလက ကုန်ဈေးနှုန်းသည် ယမန်နှစ်ကာလတူ ထက် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စီးပွားရေးပြန်လည်ထူထောင်နိုင်ရန် ဖယ်ဒရယ်အစိုးရနှင့် ပြည်နယ်

MISDOP

အစိုးရများမှပေးအပ်သည့် နိုးကြားရေးအထောက်အပံ့များကလည်း ကုန်ဈေးနှုန်းတိုးမြှင့်သွားစေပြီး ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေကြောင်း၊ ၁၉၈၂ ခုနှစ် နောက်ပိုင်း၊ နှစ်ပေါင်း ၄၀ အတွင်း အလျင်မြန်ဆုံး ငွေဖောင်းပွမှုဖြစ်ပေါ်လျက်ရှိကြောင်း ၁၂-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journalတွင် ဖော်ပြထားပါသည်။

အမေရိကန်၊ အလုပ်သမားရေးရာဝန်ကြီးဌာနက ၁၂-၁-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ချက်အရ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း စားသုံးကုန်၊ လူသုံးကုန်စည်များနှင့် ဝန်ဆောင်မှုဈေးနှုန်းများကိုတိုင်းတာသည့် စားသုံးသူဈေးဆနှုန်းကိန်းသည် ယမန်နှစ်၊ ဒီဇင်ဘာလထက် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ နိုဝင်ဘာလထက် ၆.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ငွေဖောင်းပွမှုသည် လာမည့်လများတွင် အမြင့်ဆုံးအဆင့်ကို ရောက်လာနိုင်ဖွယ်ရှိကြောင်း၊ စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများနှင့် မူဝါဒများအတွက် စိန်ခေါ်မှုတစ်ရပ် ဆက်လက်ဖြစ်ပေါ်နေမည်ဟု Wells Fargo မှ အကြီးတန်းစီးပွားရေးပညာရှင်နှင့် ဒါရိုက်တာဖြစ်သူ Mr. Sarah House က ဆိုပါသည်။

ယခင်က ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. Paul Volcker က ငွေဖောင်းပွမှုကို ကိုင်တွယ်နိုင်ရန် ဘဏ်တိုးနှုန်းကို သိသိသာသာတိုးမြှင့်ခဲ့ရာ ၁၉၈၀ ခုနှစ်တွင် ဆိုးဝါးစွာစီးပွားရေးကျဆင်းမှုဖြစ်ခဲ့ကြောင်း၊ ၁၉၈၂ ခုနှစ်နောက်ပိုင်းလများမှသာ ငွေဖောင်းပွမှုနှင့် ဘဏ်တိုးနှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခုအခါ ကပ်ရောဂါကြောင့် ထောက်ပံ့ပို့ဆောင်မှုတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် ဝယ်လိုအားနှစ်ဆမြင့်တက်မှုကြောင့် မော်တော်ကားရောင်းလိုအား လိုက်မမီသည့်အတွက် ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း၊ ဝယ်လိုအား မြင့်တက်လျက်ရှိသည့် မော်တော်ကား၊ ပရိဘောဂနှင့် အခြားတာရှည်ခံကုန်စည်များဈေးနှုန်းသည် တစ်ဆတစ်ဆမြင့်တက်လာပြီး ငွေဖောင်းပွမှုကို ပိုမိုမြင့်တက်စေကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မော်တော်ကားဟောင်းနှင့် ကုန်တင်ကားဟောင်းဈေးနှုန်းများသည် ယမန်နှစ်ကထက် ၃၇.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပရိဘောဂပစ္စည်းဈေးနှုန်းများ ၁၇.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခုနှစ် ၂၀၂၂ ခုနှစ်တွင် ရောင်းလိုအားနှင့် ဝယ်လိုအားများ မျှတလာနိုင်ပြီး ငွေဖောင်းပွမှုများကျဆင်းလာနိုင်သည်ဟု စီးပွားရေးပညာရှင်များနှင့် ဗဟိုဘဏ်က မျှော်လင့်ခဲ့ကြသော်လည်း

MISDOP

အိုမီခရွန်မျိုးကွဲ ထပ်မံပြန့်နှံ့လျက်ရှိသည့်အတွက် စီးပွားရေးခန့်မှန်းချက်များ မရေရာနိုင်သည့်အခြေ အနေဖြစ်နေကြောင်းလည်း ဖော်ပြထားပါသည်။

ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Jerome Powell က ယခုနှစ်အတွင်း ထောက်ပံ့ရေးအခက်အခဲများ ပြေလည်လာပြီး ငွေဖောင်းပွမှုကို လျော့ကျလာစေနိုင်သည်ဟု ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း နည်းပါးသည့် လုပ်သားအင်အားသည် ပြဿနာတစ်ရပ်ဖြစ်လာနိုင်ပြီး ငွေဖောင်းပွမှုဆီဦးတည်သွား နိုင်ပြီး ယခုဖြစ်ပေါ်လျက်ရှိသည့် ထောက်ပံ့မှုအခက်အခဲကြောင့် ဖြစ်ပေါ်လျက်ရှိသည်ထက် ပိုမိုဆိုး ဝါးလာနိုင်သည်ဟု မှတ်ချက်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ အလုပ်အကိုင်အစီရင်ခံစာတွင် လုပ်သားဈေးကွက် ဆက်လက်ကြပ် တည်းလျက်ရှိမည်ဟု ဖော်ပြထားကြောင်း၊ နိုဝင်ဘာလတွင် အလုပ်လက်မဲ့နှုန်း ၄.၂ ရာခိုင်နှုန်းမှ ဒီဇင်ဘာလတွင် ၃.၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် လျင်မြန်စွာပြန့်နှံ့ မှုသည် လုပ်သားရှားပါးမှု ဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

MIS DOP

## Omicron COVID-19 လှိုင်းက ဩစတြေးလျ စီးပွားရေးကို ထိခိုက်စေခြင်း

နိုင်ငံတစ်ဝှမ်း COVID-19 Omicron မျိုးကွဲ၏ လျင်မြန်စွာပျံ့နှံ့မှုသည် အလုပ်သမားများ ဗိုင်းရပ်စ်ကူးစက်ခံရခြင်း သို့မဟုတ် ၎င်းတို့သည် အနီးကပ်အဆက်အသွယ်ရှိသောကြောင့် သီးခြားခွဲ ခံထားရခြင်းကြောင့် ဩစတြေးလျစီးပွားရေးကို ထိခိုက်ခဲ့သည်။ ယမန်နှစ်က ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်တွင် သွင်းကုန်ဝယ်လိုအားမြင့်မားမှုနှင့် သဘော်ာတင်ကွန်တိန်နာ ပြတ်လပ် မှုများဖြစ်ပွားခဲ့ခြင်းမှာ အဓိကကျသည့်အချက်ဖြစ်ပြီး၊ ယခုအချိန်တွင် အကြီးဆုံးပြဿနာမှာ နိုင်ငံ တစ်ဝှမ်းရှိ အဓိကလုပ်ငန်းကဏ္ဍများတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိခြင်းဖြစ်ပါသည်။

Rapid antigen tests နှင့် ပါရာစီတမောကဲ့သို့ အချို့သောကုန်စည်များ အထူးသဖြင့် COVID-19 နှင့်ဆက်စပ်သော ဆေးဘက်ဆိုင်ရာထုတ်ကုန် ဝယ်လိုအားများ မြင့်တက်လာခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ စူပါမားကတ်များနှင့် အွန်လိုင်းစတိုးများစွာတို့တွင် လက်ကျန်မရှိတော့ပါ။

ကုန်တင်ကားယာဉ်မောင်းများ ပြတ်လပ်မှုသည် အဓိကချို့ယွင်းချက်များထဲမှ တစ်ခုဖြစ်ပြီး၊ အချို့သောကုမ္ပဏီများတွင် ယာဉ်မောင်း ၅၀ % အထိ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိကြကြောင်း အလုပ်သမားသမဂ္ဂမှ ပြောကြားခဲ့သည်။ ဗစ်တိုးရီးယားဝန်ကြီးချုပ် ဒန်နီရယ်အင်ဒရူးစ်က ကုန်တင်ကားမောင်းသူရှားပါးမှုသည် ထောက်ပံ့ရေးကွင်းဆက်တွင်အကြီးမားဆုံး ပြဿနာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Australasian Convenience and Petroleum Marketers Association က အလားတူဝန်ထမ်းပြဿနာများကြောင့် စက်သုံးဆီပြတ်လပ်မှုကိုလည်း သတိပေးထားပြီး၊ လုပ်ငန်းကဏ္ဍသည် စက်သုံးဆီလက်လီရောင်းချမှုကဏ္ဍနှင့် လောင်စာဆီသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်ပါ ဝန်ထမ်းများပြတ်လပ်ခြင်းများကို ကြုံတွေ့ရလျက်ရှိပါသည်။ လတ်တလောတွင် လုပ်ငန်းခွင်၌ လုပ်သား (၁၀) ယောက်အနက် တစ်ယောက်မှာ ပျက်ကွက်လျက်ရှိရာ အချို့စက်သုံးဆီ ဖြည့်သည့်နေရာများတွင် အလုပ်ချိန်လျှော့ချခြင်းများ ပြုလုပ်လျက်ရှိပြီး၊ အချို့နေရာများကို ယာယီပိတ်ထားလိုက်ရပါသည်။ မနက်အစောပိုင်းအချိန်က ဝန်ထမ်းများအတွက် အရမ်းခက်ခဲလာပြီး၊ မနက် ၆ နာရီကနေ ည ၉ နာရီကြားမှာ အဓိကကျသော လုပ်ငန်းအချိန်ကို ဦးစားပေးလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

သယ်ယူပို့ဆောင်ရေးနှင့် လောင်စာဆီ လက်လီရောင်းချခြင်းတို့သာမက အဓိကလုပ်ငန်းကဏ္ဍများဖြစ်သည့် ကုန်စည်ပို့ဆောင်ဖြန့်ဖြူးရေး၊ သတ္တုတူးဖော်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများ၏ အထွေထွေဖြန့်ဖြူးမှုအပိုင်းတွင်ပါ သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

စူပါမားကတ်များနှင့် ဂိုဒေါင်များတွင်လည်း ဝန်ထမ်းပြတ်လပ်မှုများဖြစ်ပေါ်လာရာ အထူးသဖြင့် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်နှင့် အသားထွက်ပစ္စည်းများ အစားအစာ ပြတ်လပ်မှုများကို ကြုံတွေ့ရလျက်ရှိပါသည်။ ယခုသီတင်းပတ်အစောပိုင်းတွင်၊ ကြက်သားထုတ်လုပ်သူ Ingham's က Omicron မျိုးကွဲ၏ လျင်မြန်သောပျံ့နှံ့မှုရလဒ်ဖြစ်သည့် ဝန်ထမ်းများပြတ်တောက်မှုသည် ထောက်ပံ့မှု၊ လည်ပတ်မှု၊ ထောက်ပံ့ပို့ဆောင်မှုနှင့် ရောင်းချမှုကို ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် အချို့သောထုတ်ကုန်များ ထုတ်လုပ်မှုကို ဆိုင်းငံ့ထားကာKFC ဆိုင်ခွဲများတွင် မီနူးမှ အချို့သောအမယ်များကို ယာယီဖယ်ရှားခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ ကြက်သားထုတ်လုပ်မှုကဏ္ဍအနေဖြင့် လုပ်သားပြတ်လပ်မှုကြောင့် သိသာထင်ရှားသည့် ဖိအားများကို ကြုံတွေ့

ရလျက်ရှိပါသည်။ အမှုဆောင်ဒါရိုက်တာ Vivien Kite မှ ပြင်ဆင်မှုအလိုအပ်ဆုံး ထုတ်ကုန်များဖြစ်သည့် ခုတ်ထစ်ထားသော၊ အရေခွံမပါသောနှင့် အလွန်ကောင်းမွန်စွာ ပြုပြင်ထားသောကြက်သားထုတ်ကုန်ပစ္စည်းများ ရှားပါးလာမည်ဖြစ်ပြီး ကြက်ကောင်လုံးမှာ ရရှိနိုင်သေးကြောင်းနှင့် အအေးခန်းနေရာမရှိခြင်းသည် ပြဿနာများကိုတိုးလာနိုင်စေသည်ဟု သတိပေးပြောကြားခဲ့သည်။

ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များသာမက ဆေးရုံများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများ၊ ကျောင်းများ၊ ကလေးထိန်းစင်တာများ၊ စစ်အခြေစိုက်စခန်းများနှင့် အကျဉ်းထောင်များကို ထောက်ပံ့ပေးသည့် မိသားစုပိုင်ဂိုဒေါင်များကို ကိုယ်စားပြုသည့် Independent Food Distributors Australia ၏ အမှုဆောင်အရာရှိချုပ်က အကျပ်အတည်းသည် ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများအထိ စီးပွားရေးလုပ်ငန်းအများအပြားကို ထိခိုက်နစ်နာစေကြောင်းနှင့် Rapid antigen test ရယူခြင်းသည် အစားအသောက်ကွင်းဆက်တစ်လျှောက် အဓိကပြဿနာဖြစ်ပြီး၊ ထိခိုက်လွယ်သူများကို အန္တရာယ်ကျရောက်စေမည့် အန္တရာယ်ရှိကြောင်း၊ ကွင်းစလန်ပြည်နယ်ရှိ အဖွဲ့ဝင်တစ်ဦးသည် ဆေးရုံ (၅) ခုနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဆောက်အအုံများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး၊ ယခုအခါ ၎င်း၏ဝန်ထမ်း (၃၅၀) ဦးတွင် (၁၇၅) ဦးသည် သီးသန့်ခွဲနေထိုင်ရလျက်ရှိကြောင်း ပြောကြားထားပါသည်။

အချို့သော ထုတ်ကုန်များအတွက် ဝယ်လိုအားမြင့်မားခြင်းကြောင့် ပြတ်လပ်မှုများကိုဖြစ်ပေါ်စေသည်။ အိမ်သာသုံးစက္ကူ၊ mask များ၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် လက်သန့်ဆေးရည်များသည် လတ်ဆတ်သောထွက်ကုန်များနှင့် ခေါက်ဆွဲနှင့် အေးခဲထားသော အစားအစာများကဲ့သို့ သက်တမ်းကြာရှည်သောထုတ်ကုန်များပင် ဝယ်လိုအားများမြင့်တက်လာပါသည်။ ထို့အပြင်ကိုရိုနာဗိုင်းရပ်ရောဂါလက္ခဏာများကို သက်သာစေနိုင်သော ဆေးဝါးများ ဝယ်လိုအားသည်လည်း မြင့်တက်လာရာပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ အဆိုပါ အခြေအနေများက Coles နှင့် Woolworths စူပါမားကတ်တို့သည် အကိုက်အခဲပျောက် ဆေးများနှင့် အိမ်သာသုံးစက္ကူအပါအဝင် ထုတ်ကုန်များအပေါ် ဝယ်ယူမှုကန့်သတ်ချက်များ ချမှတ်ရန် ဦးဆောင်ခဲ့ခြင်းဖြစ်ပါသည်။

စီးပွားရေးဆက်လက်လည်ပတ်နေစေရန်အတွက် ကျယ်ပြန့်သောစက်မှုလုပ်ငန်းများတွင် COVID-19 ထိတွေ့နေသောလုပ်သားများကို ကျယ်ပြန့်စွာ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကို ပိုမိုပျံ့နှံ့စေနိုင်ကြောင်း ဩစတြေးလျ အလုပ်သမားသမဂ္ဂကောင်စီက စိုးရိမ်လျက်ရှိပါသည်။ Woolworths ၏ အဓိကအသားထောက်ပံ့သူ ဩစတြေးလျ တောင်ပိုင်းရှိ Teys Australia

MIS DOP

သားသတ်ရုံက အလုပ်သမားများကို ကူးစက်နေချိန်မှာပင် အလုပ်ခိုင်းစေခဲ့ကြောင်း၊ သြစတြေးလျ တောင်ပိုင်း ကျန်းမာရေးဌာနသည် ကိုဗစ်ပိုးရှိသည့်ဝန်ထမ်းများကို ရောဂါလက္ခဏာမပြပါက အလုပ် လုပ်ရန်ခွင့်ပြုထားကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………….

## Omicron ကူးစက်မှုမြင့်တက်ခြင်းကြောင့် လေကြောင်းခရီးစဉ်များ လျှော့ချလိုက်ခြင်း (သြစတြေးလျ)

Omicron COVID-19 လှိုင်းက သြစတြေးလျနိုင်ငံသားများအား ခရီးသွားအစီအစဉ်များကို ဖျက်သိမ်းရန် သို့မဟုတ် နှောင့်နှေးစေရန် လှုံ့ဆော်ပေးသောကြောင့် Qantas လေကြောင်းလိုင်း သည် ၎င်း၏ကွန်ယက်စွမ်းရည်ကို လျှော့ချနေရပြီး၊ ယခုနှစ်အစောပိုင်းတွင် ကူးစက်ရောဂါမှလျင် မြန်စွာ ပြန်လည်ကောင်းမွန်လာနိုင်မည့် လေကြောင်းလိုင်း၏ ခန့်မှန်းချက်များမှာ ပြောင်းပြန်အနေ အထားသို့ ရောက်ရှိသွားပါသည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်းက အများပြည်သူဆိုင်ရာ နေရာများသို့ သွားလာခြင်းကို ရှောင်ရှားခြင်းကြောင့် ခရီးသွားကဏ္ဍ၊ ခရီးသွားလာမှုနှင့် ဧည့်ဝတ် ပြုမှုကဏ္ဍများမှာ ရုန်းကန်ရလျက်ရှိပြီး၊ သြစတြေးလျ၏ အလုပ်အများဆုံးအရှေ့ဘက်ကမ်းရိုးတန်း လေဆိပ် (၄) ခုမှ ခရီးသည် အရေအတွက်သည် ၂၀ % အထိ ကျဆင်းခဲ့ရသည်။

Qantas ယခု ၂၀၂၂ခုနှစ်၊ တတိယသုံးလပတ်တွင် ပြည်တွင်းလေကြောင်း၏ဆောင်ရွက် နိုင်မှုစွမ်းရည်သည် ကိုဗစ်အကြိုအဆင့်၏ ၇၀ % ဝန်းကျင်တွင်ရှိမည်ဟု မျှော်မှန်းထားပြီး၊ ယခင် ခန့်မှန်းထားသည့် ၁၀၂ % အောက်ကျဆင်းသွားခဲ့သည်။ အလားတူကာလအတွက် Qantas ၏ စုစုပေါင်းနိုင်ငံတကာစွမ်းဆောင်ရည်သည် ၃၀ %မှ COVID မတိုင်မီအဆင့်၏ ၂၀ % ဝန်းကျင်သို့ ကျဆင်းသွားနိုင်ပါသည်။ လေကြောင်းဒေတာကုမ္ပဏီ Cirium မှကိန်းဂဏန်းများအရ Qantas သည် ဒီဇင်ဘာလကတည်းက ယင်း၏စွမ်းဆောင်ရည်ကို လျှော့ချခဲ့ပြီးဖြစ်သည်။ Qantas သည် ယခုနှစ် ပထမသုံးလပတ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးစဉ်ပေါင်း ၆၃,၀၆၈ ခုရှိခဲ့သော်လည်း ဇန်နဝါရီ ၇ ရက်နေ့တွင် ခရီးစဉ် ၉,၄၆၈ ခု လျှော့ချခဲ့ရာ ၅၃,၆၀၀ သို့ ကျဆင်းသွားခဲ့သည်။

MSDP

Jetstar လေကြောင်းလိုင်းမှာ အလားတူကာလအတွင်း လေကြောင်းခရီးစဉ် ၃,၂၈၇ ခု လျှော့ကျခဲ့ရာ ၂၃,၉၅၅ သို့ ကျဆင်းသွားခဲ့သည်။ Virgin Australia လေကြောင်းလိုင်းကမူ ကြိုတင်စာရင်းသွင်းမှုများ ကျဆင်းသွားကာ COVID–19 အနီးအကပ်အဆက်အသွယ် သီးခြားထားရှိမှုသတ်မှတ်ချက်လိုအပ်ချက်များကြောင့် လေယာဉ်အမှုထမ်းများ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများရှိ ပြတ်လပ်သွားရာ ကျန်ရှိသောလေယာဉ်ခရီးစဉ်များ၏ လေးပုံတစ်ပုံနီးပါးကို လျှော့ချမည်ဖြစ်သည်။

Australian Airports Association မှထုတ်ပြန်သော ခရီးသည်ဒေတာများအရ COVID–19 ရောဂါဖြစ်ပွားမှုအရေအတွက်သည် ဒီဇင်ဘာ ၁၂ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၅၅၄ ဦးမှ ၁၀၃,၆၈၉ ဦးအထိ မြင့်တက်လာသောကြောင့် ခရီးသွားလုပ်ငန်းဝယ်လိုအား သိသိသာသာကျဆင်းသွားသည်ကို ဖော်ပြသည်။ ဆစ်ဒနီ၊ မဲလ်ဘုန်း၊ Brisbane နှင့် Adelaide လေဆိပ်များမှ တဆင့် ပျမ်းမျှနေ့စဉ်ခရီးသည်အရေအတွက်သည် ဒီဇင်ဘာလအတွင်း ကိုဗစ် အကြိုအဆင့်၏ ၆၁ % နီးပါးထိ ရောက်ရှိခဲ့သော်လည်း ဇန်နဝါရီလတွင် ၃၉ % သို့ ပြန်လည်ကျဆင်းသွားခဲ့သည်။

ဩစတြေးလျနိုင်ငံသားများသည် ယခုအခါတွင် မိမိအိမ်နှင့် ဝေးကွာသောနေရာတွင် ဗိုင်းရပ်စ်ကူးစက်ခံရမှုနှင့် အခြားပြည်နယ်တွင် သီးခြားခွဲနေထိုင်ရမည်ကို စိုးရိမ်သောကြောင့် အများစုမှာလေယာဉ်နှင့်ခရီးသွားလာရန် စိတ်ပူကြလျက်ရှိပါသည်။ အဓိက ခရီးသွားလည်ပတ်ရာနေရာများတွင် ဝန်ထမ်းပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လေယာဉ်ခရီးစဉ်များဖျက်သိမ်းခြင်းနှင့် အားလပ်ရက်အတွေ့အကြုံများအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်ကြလျက်ရှိကြပါသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုအစီအစဉ်အများစုသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ရပ်ဆိုင်းသွားပြီဖြစ်သော်လည်း လေကြောင်းလုပ်ငန်း၏ပြန်လည် ဦးမော့လာမှုသည် နောင်ကာလတစ်ခုအထိ အထိခိုက်မခံသည့် အနေအထားတွင်ရှိနေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: [www.smh.com.au](http://www.smh.com.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃ / ၂၀၂၂)　　　　၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၂၀) ရက်

| ၂၀-၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၈.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၂၀.၇ |
| စတာလင်ပေါင် | ၂၄၂၃.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၆.၀ |
| တရုတ်ယွမ် | ၂၈၀.၃၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၃၁ |
| အိန္ဒိယရူပီး | ၂၃.၈၉၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၄၈ |
| မလေးရှား ရင်းဂစ် | ၄၂၄.၅၀ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၀၅ |
| ထိုင်းဘတ် | ၅၄.၀၄၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၄၉၉ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ပဲတင်ပို့သည့် ကုန်သွယ်ဘက်နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယစားသုံးသူရေးရာဌာနအတွင်းဝန်က ပြောကြား

➢ တရုတ်ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များ၌ ဝါဈေးနှုန်းတက်လာသော်လည်း ကုန်ချောထုတ်သည့်ဘက်မှ ဝယ်လိုအားနည်းနေ

➢ ဇန်နဝါရီလ (၁၇)ရက်နေ့မှစ၍ ဖေဖော်ဝါရီလဆန်းအထိ တရုတ်-ဗီယက်နမ်နယ်စပ် Lang Son ပြည်နယ်သို့ သစ်သီးကုန်တင်ယာဉ်များဝင်ရောက်မှုကို ရပ်ဆိုင်းထား

➢ ဇန်နဝါရီလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှု ပိုမိုမြင့်တက်နိုင်

➢ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ လယ်ယာထွက်ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့

➢ ဘရာဇီးလ်အသားထုတ်လုပ်သည့် JBS ကုမ္ပဏီ က ဩစတြေးလျဝက်သားပြုပြင်ထုတ်လုပ်သည့် Rivalea ကုမ္ပဏီကို ဝယ်ယူမည်

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

➢ **Investment Management Exhibition (IME)** ကျင်းပမည့်အစီအစဉ် (ဂျာမနီ)

➢ ဂျာမနီနိုင်ငံ၏ ၂၀၂၁ ခုနှစ် စာရင်းအင်းအချက်အလက်များထုတ်ပြန်ခြင်း

- ကုန်စည်ပြပွဲကျင်းပချိန်များပြောင်းလဲမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကန့်သတ်မှုအခြေအနေ (ဂျာမနီ)
- ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ
- ကမ္ဘာ့ရောင်းအားအကောင်းဆုံးကားကုမ္ပဏီအဖြစ် တိုယိုတာမော်တာမှ ၂ နှစ်ဆက်တိုက်ရပ်တည် (ဂျပန်)
- ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအခြေအနေတိုးတက်မှုမျှော်မှန်းချက်အတွက် ရွှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရပြောကြား
- အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်ပြန့်ပွားမှုမြင့်တက်လာသည့် စီရင်စု ၁၃ ခုအား တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေကြေငြာရန် ဂျပန်အစိုးရစီစဉ်နေ
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအလားအလာနှင့် ခန့်မှန်းချက်များ
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ဉာဏပစ္စည်းမူပိုင်ခွင့်(**IP**) ချိုးဖေါက်မှုများကိုတားဆီးနှိမ်နင်းရန် အစီအမံများကိုဆောင်ရွက်လျှက်ရှိခြ**င်း** **(**ထိုင်းနိုင်ငံ)
- **Amata** ကုမ္ပဏီအနေဖြင့်လာအိုနိုင်ငံတွင် အမေရိကန်ဒေါ်လာ(၁) ဘီလီယံတန်ဖိုးရှိ **Smart and Eco City** အားတည်ဆောက်မည် (ထိုင်းနိုင်ငံ)
- ကူညီကယ်ဆယ်ရေးအစီအမံများအတွက်ဘတ်ငွေ(၁.၄၈)ဘီလီယံအားအစိုးရအဖွဲ့မှအတည်ပြု ခွင့်ပြုခြင်း (ထိုင်းနိုင်ငံ)
- အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင်းပြိုင်ဆိုင်မှုပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက် **(**အမေရိကန်)

## ပဲတင်ပို့သည့် ကုန်သွယ်ဘက်နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယစားသုံးသူရေးရာဌာန အတွင်းဝန်ကပြောကြား

ရန်ကုန်မြို့ရှိ OATA Myanmar ကုန်သည်အသင်း၏ စီစဉ်မှုဖြင့် ၇-၁-၂၀၂၂ နေ့တွင် ကျင်းပသော ပဲစင်းငုံနှင့်မတ်ပဲတင်ပို့မှု ရှေ့အလားအလာဆိုင်ရာဆွေးနွေးပွဲသို့ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်လျက် အမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနမှ အရန်အတွင်းဝန် Ms. Nidhi Khare က အိန္ဒိယအစိုးရအနေဖြင့်ပဲမျိုးစုံတင်ပို့သည့် ကုန်သွယ်ဘက်နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောဆိုခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Ms. Nidhi Khare က အိန္ဒိယပြည်တွင်းဈေးကွက်၌ ရောင်းလိုအားနှင့် ဝယ်လိုအားကွာဟမှုအရ မတ်ပဲနှင့် ပဲစင်းငုံတို့ကို ပြည်ပမှတင်သွင်းရလျက်ရှိရာ မြန်မာနိုင်ငံသည် ၎င်းပဲများအား အဓိကဝယ်ယူတင်သွင်းရသည့် ကုန်သွယ်ဘက်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၉-၂၀ ခုနှစ်နှင့် ၂၀၂၀-၂၁ ခုနှစ်တို့တွင် အိန္ဒိယ၏ မြန်မာနိုင်ငံထံမှ မတ်ပဲဝယ်ယူမှုမှာ တင်သွင်းမှုစုစုပေါင်း၏ ၆၉% နှင့် ၉၈% အသီးသီးရှိကြောင်း၊ အလားတူ အဆိုပါနှစ်များအတွင်း မြန်မာနိုင်ငံထံမှပဲစင်းငုံဝယ်ယူမှုသည်လည်း စုစုပေါင်းတင်သွင်းမှု၏ ၃၂% နှင့် ၂၈% အသီးသီးရှိကြောင်း၊ အိန္ဒိယဈေးကွက်၌ မြန်မာနိုင်ငံထံမှပဲများအား ဝယ်ယူတင်သွင်းလိုမှုမှာ မြင့်တက်လျက်ရှိကြောင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား ၅ နှစ် သက်တမ်းရှိသော မတ်ပဲနှင့်ပဲစင်းငုံ ရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၁ ခုနှစ်၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုသို့ MoU ရေးထိုးမှုသည် အရေးပါသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး အိန္ဒိယပြည်တွင်း၌ ကုန်စည်လွယ်ကူစွာ ရရှိစေမည်ဖြစ်သကဲ့သို့ တင်ပို့ရာမိတ်ဖက်နိုင်ငံရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ ဝင်ငွေရရှိမှုကိုလည်းသေချာခိုင်မာစေမည်ဖြစ်ကြောင်း၊ အဆိုပါစာချွန်လွှာအရ ယခု ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံထံမှ မတ်ပဲ တန်ချိန် ၂.၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်းတို့ကို တင်သွင်းရာတွင် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းရှင်းလင်းမှုအတွက် မြန်မာနိုင်ငံရှိသက်ဆိုင်ရာဌာနမှ ထုတ်ပေးသောပင်ရင်းနိုင်ငံသက်သေခံလက်မှတ် မိတ္တူကို အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) သို့ ပေးပို့ရမည်ဖြစ်ပြီး သီးနှံကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ပြည်တွင်း၌လက်လီဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အိန္ဒိယအစိုးရအနေဖြင့် မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ယခုနှစ် မတ် လ ၃၁ ရက်နေ့အထိ ဖြေလျှော့ပေးထားကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း နိုဝင်ဘာလအထိ မြန်မာနိုင်ငံထံမှ မတ်ပဲဝယ်ယူတင်သွင်းထားရှိမှုမှာ တန်ချိန် ၃.၅၃ သိန်းရှိပြီး စုစုပေါင်း မတ်ပဲတင်သွင်းမှု၏ ၈၈% ရှိ

ကြောင်း၊ ပဲစင်းငုံကိုမူ မြန်မာနိုင်ငံထံမှ တန်ချိန် ၁.၁၇ သိန်း တင်သွင်းထားပြီး ၎င်းပမာဏသည် စုစုပေါင်းပဲစင်းငုံတင်သွင်းထားရှိမှု၏ ၂၄% ရှိကြောင်း၊ ရှေ့လာမည့်ကာလများ၌ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၆ သိန်းမှ ၇ သိန်းအထိ အိန္ဒိယဈေးကွက်သို့ ဝင်ရောက်ဖွယ်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံအကြား ပဲမျိုးစုံကုန်သွယ်မှုမှာ ကျေနပ်အားရဖွယ်ရှိကြောင်း စသည်ဖြင့် ပြောကြားပါသည်။

အိန္ဒိယပြည်တွင်း၌ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၉-၂၀ ခုနှစ်တွင် တန်ချိန် ၂၀.၈ သိန်းနှင့် ၂၀၂၀-၂၁ ခုနှစ်၌ တန်ချိန် ၂၃.၄ သိန်းရှိကြောင်း၊ ပြည်ပမှ မတ်ပဲတင်သွင်းမှုမှာ ၂၀၁၉-၂၀ ခုနှစ်တွင် တန်ချိန် ၃.၁၂ သိန်းရှိပြီး ၂၀၂၀-၂၁ ခုနှစ်၌ တန် ချိန် ၃.၃၅ သိန်းသို့ တိုးတက်လာခဲ့ကြောင်း၊ ပြည်တွင်း၌ မတ်ပဲ ၁ ကီလိုဂရမ်၏ ပျမ်းမျှလက်လီဈေးနှုန်းမှာ ၂၀၂၀-၂၁ ခုနှစ်၌ ၁၀၄.၄၉ ရူပီးရှိရာမှ ၂၀၂၁-၂၂ ခုနှစ်တွင် ၁၀၇.၇၄ ရူပီးသို့ မြင့်တက်ခဲ့ကြောင်း၊ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၀-၂၁ ခုနှစ်တွင် တန်ချိန် ၃၈.၉ သိန်းရှိရာမှ ၂၀၂၁-၂၂ ခုနှစ်၌ တန်ချိန် ၄၂.၈ သိန်းသို့ တိုးတက်လာကြောင်း၊ ပြည်ပမှပဲစင်းငုံတင်သွင်းမှုမှာ ၂၀၁၉-၂၀ ခုနှစ်တွင် တန်ချိန် ၄.၅ သိန်းရှိပြီး ၂၀၂၀-၂၁ ခုနှစ်၌တန်ချိန် ၄.၄၈ သိန်းရှိကြောင်း၊ ပြည်တွင်းဈေးကွက်၌ ပဲစင်းငုံ ၁ ကီလိုဂရမ်၏ ပျမ်းမျှလက်လီဈေးနှုန်းသည်လည်း ၂၀၂၀-၂၁ ခုနှစ်၌ ၉၉.၅၇ ရူပီးရှိရာမှ ၂၀၂၁-၂၂ ခုနှစ်တွင် ၁၀၅.၈၁ ရူပီးသို့မြင့်တက်လာခဲ့ကြောင်း အိန္ဒိယစားသုံးသူရေးရာ အတွင်းဝန် Ms. Nidhi Khare ပြောဆိုမှုအရသိရှိရပါသည်။

၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်း၌ မတ်ပဲနှင့် ပဲစင်းငုံလွတ်လပ်စွာ တင်သွင်းခွင့်မူဝါဒကိုဆက်လက်ဖော်ဆောင်နိုင်ချေ ရှိ/မရှိ အလားအလာနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် အိန္ဒိယအစိုးရအနေဖြင့် စောင့်ကြည့်ကြပ်မတ်မှုယန္တရားစနစ်ဖြင့် ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရှိစေရေးဆောင်ရွက်လျက်ရှိရာတွင် ဈေးကွက်အခြေအနေအပေါ်မူတည်၍ သင့်လျော်သည့်အစီအစဉ်ကို ချမှတ်လုပ်ဆောင်ကြောင်း၊ အခြားတစ်ဖက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခြေအနေများအရ အိန္ဒိယသို့ပဲတင်ပို့မှုလုပ်ငန်းများမှာ ကြန့်ကြာမှုများရှိနေခဲ့ကြောင်း၊ သို့ဖြစ်ရာ လက်ရှိမူဝါဒမှာ ကာလတိုအတွက်သာ... 

ကာလတို၌ ဆောင်ရွက်ချက်ဖြစ်ပြီး ကာလရှည်တွင်ကွဲပြားခြားနားမှုရှိသည့် မူဝါဒဖော်ဆောင်မှုရှိနိုင်ကြောင်းဖြင့် Ms. Nidhi Khare က ဖြေကြားပါသည်။

ကုန်သွယ်ဘက်နိုင်ငံများ၌ စိုက်ပျိုးထုတ်လုပ်ရန် ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရရှိနိုင်ရေးအတွက် အိန္ဒိယဘက်မှ ပဲတင်သွင်းခွင့်မူဝါဒများအား ၆ လကြိုတင်၍ ထုတ်ပြန်နိုင်ချေ ရှိ/မရှိ မေးမြန်းချက်အပေါ် အိန္ဒိယစားသုံးသူရေးရာဌာန အတွင်းဝန်က အိန္ဒိယအစိုးရအနေဖြင့် မူဝါဒချမှတ်မှုကိုပိုမိုနည်းဗျူဟာကျစွာ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်းရှိတောင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရကြောင်း၊ လက်ရှိကာလ၌ ဈေးနှုန်းစောင့်ကြည့်ကြပ်မတ်

MSDOP

ရေးဗဟိုဌာနပေါင်း ၁၇၉ ခုဖြင့် ဈေးကွက်အချက်အလက်များကို လေ့လာပြုစုလျက်သင့်လျော်မည့် လုပ်ငန်းအစီအမံများ ချမှတ်မှုကို လုပ်ကိုင်လျက်ရှိကြောင်း၊ ၆ လကြိုတင်၍ မူဝါဒထုတ်ပြန်နိုင်မည်ဟု ပြောဆိုနိုင်ခြင်းမရှိသော်လည်း AI နည်းပညာရပ်များကို အသုံးပြုလာနိုင်သည်နှင့်အမျှ တိကျသေချာသည့် ခန့်မှန်းချက်များကို ထုတ်ဖော်ဆောင်ရွက်မှုကာလကို ၂ လ ခန့်အထိလျော့ချနိုင်ဖွယ်ရှိကြောင်းဖြင့် ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ၌ လူဦးရေနှင့် စီးပွားရေးတိုးတက်လာမှုနှင့် ပြည်တွင်းစားသုံးရန် ပဲလိုအပ်ချက်တို့ကို ဟန်ချက်ညီရှိစေရေးအတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးသည့်အပြင်အဓိကကုန်သွယ်ဘက်နိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိကြောင်း၊ အာဖရိကဒေသရှိ တန်ဇန်နီးယား၊ ဆူဒန်၊ ကင်ညာ စသည့်နိုင်ငံများ၊ ယခင် ဆိုဗီယက်ပြည်ထောင်စု၌ပါဝင်ခဲ့သောနိုင်ငံများနှင့် ကနေဒါကဲ့သို့ ပဲစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများထံမှဝယ်ယူတင်သွင်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ပ၌ရောက်ရှိနေထိုင်လျက်ရှိသော အိန္ဒိယနွယ်ဖွားလုပ်ငန်းရှင်များကလည်း ၎င်းနိုင်ငံများတွင် အိန္ဒိယသို့တင်ပို့မည့်ပဲများ စိုက်ပျိုးထုတ်လုပ်မှုကို ကူညီလုပ်ဆောင်ပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် MoU ပါ မတ်ပဲ ကိုတာပမာဏကိုတိုးမြှင့်ပေးနိုင်ဖွယ် ရှိ/မရှိ ဟူသောမေးခွန်းအတွက် အိန္ဒိယပြည်တွင်း၌ ဝယ်လိုအားအပေါ်ဖြည့်ဆည်းပေးနိုင်မှု ကွာဟချက်ရှိနေသည်နှင့်အမျှ တင်သွင်းမည့်ပမာဏသည်လည်း တိုးမြှင့်လာဖွယ်ရှိသည်ဟု ဆိုနိုင်ကြောင်း၊ ပဲမျိုးစုံဝယ်လိုအား တိုးတက်မှုအတွက် သင့်တင့်သည့်ဈေးနှုန်းဖြင့်ကုန်စည်များရလွယ်နိုင်မှု သေချာခိုင်မာစေရေးသည် အိန္ဒိယအတွက် သတိပြုဆောင်ရွက်ရမည့်အချက်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယအစိုးရအနေဖြင့် ပဲမျိုးစုံတင်ပို့သည့် အဓိကနိုင်ငံများနှင့်ကုန်သွယ်ဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာကောင်းမွန်ရေးကို မျှော်မှန်းဆောင်ရွက် လျက်ရှိကြောင်းဖြင့် Ms. Nidhi Khare က ပြောကြားခဲ့ပါသည်။

Source: Webinar on Tur and Urad Outlook for India and Myanmar held by OATA Myanmar at 16:00 IST on 7th Jan 2022

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

……………………………………………………………………………………………………..

MSDOP

## တရုတ်ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များ၌ ဝါဈေးနှုန်းတက်လာသော်လည်း ကုန်ချောထုတ်သည့်ဘက်မှ ဝယ်လိုအားနည်းနေ

ဇန်နဝါရီလ (၁၂)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် 3128B lint ဝါဈေးနှုန်းမှာ တစ်တန်လျှင်ယွမ်ငွေ (၂၂,၄၅၅)ဖြစ်ပြီး၊ ယခင်လကထက် (၂.၁၇) ရာခိုင်နှုန်း မြင့်တက်လာပါသည်။ 32S ဝါချည်ခင်၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၃၀,၃၈၃)ဖြစ်ပြီး၊ ယခုလဆန်းပိုင်းကထက် (၀.၇၂) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

မကြာသေးမီအချိန်အတွင်း ဝါဈေးနှုန်းများ အနည်းငယ်မြင့်တက်လာရာ ကုန်သည်များက ဈေးပိုပေး၍ ဝယ်ယူလိုလာသည်ကို တွေ့ရပါသည်။ Zheng ဝါအမျိုးအစားမှာ အတက်ဘက်တွင် ရှိနေပါသည်။ နိုင်ငံခြားဝါဈေးနှုန်းများမှာလည်း မြင့်တက်လာပါသည်။ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် ICE ဝါ မတ်လအရောင်းမှာ တစ်ပေါင်လျှင် (၁၁၆.၀၂) ဆင့်ဖြစ်ပြီး၊ နိုင်ငံတကာဝါဈေးနှုန်းအညွှန်းကိန်း (M)မှာ တစ်ပေါင်လျှင် (၁၃၁.၄၀) ဆင့် ဖြစ်ပါသည်။ ၎င်းဈေးနှုန်းများမှာ ယခင်ရက်သတ္တပတ်ကထက် အနည်းငယ်မြင့်တက်လာခြင်း ဖြစ်ပါသည်။

ထိုသို့မြင့်တက်လာသော်လည်း ဝါချည်ခင်နှင့် ကုန်ချောထုတ်သည့်လုပ်ငန်းများဘက်မှ အမြတ်အစွန်းရရှိမှုမှာမူ ကျဆင်းလာပြီး၊ ကုန်ထုတ်လုပ်ငန်းကွင်းဆက်မှာ အထစ်အငေါ့များဖြစ်နေကြောင်း သိရပါသည်။

လက်ရှိအချိန်တွင် ထုတ်လုပ်သူအများစု၌ အမှာစာများ မလုံလောက်ဖြစ်နေပြီး၊ ကျင်းစုနှင့် ကျဲ့ကျန်းပြည်နယ်များမှ ရက်ကန်းစက်ရုံများ၊ ပန်းရိုက်နှင့် ဆိုးဆေးစက်ရုံများမှာ ဇန်နဝါရီလလယ်ခန့်မှစ၍ နွေဦးရာသီပွဲတော်အားလပ်ရက်သတ်မှတ်ရန် စီစဉ်နေကြခြင်း၊ ကပ်ရောဂါဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်တက်လာသဖြင့် အဝတ်အထည်ဝယ်လိုအား နည်းလာခြင်းတို့ကြောင့် ရေတိုကာလတွင် ဝါဈေးကွက်မှာ ဈေးနှုန်းအမြင့်ပိုင်း၌ပင် အတက်အကျဆက်လက်ဖြစ်ပေါ်နေနိုင်ဖွယ်ရှိသော်လည်း ရေရှည်တွင် ပြန်လည်ကျဆင်းနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................

## ဇန်နဝါရီလ (၁၇)ရက်နေ့မှစ၍ ဖေဖော်ဝါရီလဆန်းအထိ တရုတ်-ဗီယက်နမ် နယ်စပ် Lang Son ပြည်နယ်သို့ သစ်သီးကုန်တင်ယာဉ်များဝင်ရောက်မှုကို ရပ်ဆိုင်းထား

တရုတ်-ဗီယက်နမ် နယ်စပ်ပြည်နယ်ဖြစ်သည့် Lang Son ပြည်နယ်သည် ဇန်နဝါရီလ (၁၇) ရက်နေ့မှ ဖေဖော်ဝါရီလအစောပိုင်းအထိ သစ်သီးကုန်တင်ယာဉ်များ ဝင်ရောက်မှုကိုရပ်ဆိုင်းထားကြောင်း သိရပါသည်။

လက်ရှိအချိန်အထိ ဗီယက်နမ်ဘက်မှ သစ်သီးကုန်တင်ယာဉ် (၁,၅၀၀)ကျော်တို့မှာ တရုတ်နိုင်ငံသို့ဝင်ရောက်ရေးအတွက် အကောက်ခွန်ရှင်းလင်းမှုပြီးစီးရန် နယ်စပ်၌တန်းစီ စောင့်ဆိုင်းနေရဆဲဖြစ်ပါသည်။

တစ်နေ့လျှင် အကောက်ခွန်ရှင်းလင်းမှုဆောင်ရွက်နိုင်သည့် ကုန်တင်ယာဉ်အစီးရေမှာ (၈၀)မှ (၁၀၀)ကြားတွင်သာရှိပြီး၊ ၎င်းကုန်တင်ယာဉ်များအနက် (၇၀)ရာခိုင်နှုန်းမှာ သစ်သီးများတင်ဆောင်ထားသည်ဟု သိရပါသည်။ ဇန်နဝါရီလ (၁၂)ရက်နေ့ နံနက်ပိုင်းစာရင်းအရ Huu Nghi ၊ Tan Thanh နှင့် Chi Ma နယ်စပ်ဂိတ် (၃)ဂိတ်တွင် ကုန်တင်ယာဉ် (၁,၅၄၈)စီး တန်းစီထားဆဲဖြစ်ကာ၊ ထက်ဝက်ခန့်မှာ သစ်သီးများတင်ဆောင်ထားပါသည်။ ၎င်းယာဉ်အားလုံးကိုစစ်ဆေးရန် လဝက်ခန့်ကြာမြင့်မည်ဟု Lang Son ပြည်နယ်အစိုးရက ခန့်မှန်းထားပါသည်။

ထို့ကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း Lang Son အစိုးရက နယ်စပ်ဂိတ်များသို့ ကုန်ပစ္စည်းများ တင်ပို့ခြင်းမပြုသင့်သေးကြောင်း ဗီယက်နမ်နိုင်ငံတစ်ဝှမ်းသို့ အကြံပြုခဲ့သော်လည်း နေ့စဉ်ကုန်တင်ယာဉ်အစီးရေ (၁၀၀)ခန့် ဝင်ရောက်နေသေးသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ဗီယက်နမ် အကောက်ခွန်ဌာန၏စာရင်းများအရ ၂၀၂၁ ခုနှစ်၊ ပထမ(၁၁)လအတွင်း တရုတ်နိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၇၅) ဘီလီယံ ရရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၃.၆) ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း သိရပါသည်။ ၎င်းကာလအတွင်း တရုတ်နိုင်ငံ၏ဈေးကွက်မှာ ဗီယက်နမ်မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတင်ပို့သည့်ဈေးကွက်၏ (၅၄) ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။

ရင်းမြစ်၊ vnexpress

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## ဇန်နဝါရီလတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှု ပိုမိုမြင့်တက်နိုင်

ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တန်ချိန် ၄.၃၂ သန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပဲပုတ်စေ့တန်ချိန် ၄.၂၇၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း နှံစားသီးနှံတင်ပို့သူများအသင်း(National Association of Cereal Exporters – Anec)ကပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၅၃ သန်းအား တင်ပို့ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း ပဲပုတ်စေ့တန်ချိန် ၆၃၁,၇၄၉ တန်အား တင်ပို့ထားပြီးဖြစ်ကြောင်း၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း ပဲပုတ်စေ့တန်ချိန် ၈၈၉,၀၇၃ တန်အား တင်ပို့နိုင်ရန်လုပ်ဆောင်လျက်ရှိကြောင်း အသင်းက ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စားသောက်ကုန်တင်ပို့မှုတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း တန်ချိန် ၁.၉၆၀ သန်းအထိ တင်ပို့နိုင်ရန်မျှော်မှန်းလုပ်ဆောင်လျက်ရှိပြီး ကာလတူဖြစ်သည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် တန်ချိန် ၉၈၆,၈၅၇ တန် တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စားသောက်ကုန်တန်ချိန် ၁.၅၂၄ သန်းအား တင်ပို့ခဲ့ကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ လယ်ယာထွက်ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ လယ်ယာထွက်ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀၅.၁ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၉.၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်ဖြစ်ပေါ်နေသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်နေမှုသည် ဘရာဇီးလ်နိုင်ငံ၏လယ်ယာပို့ကုန်ဝင်ငွေကို ပိုမိုတိုးမြင့်စေခဲ့ကြောင်း ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံရှိ အသုံးချစီးပွားရေးသုတေသနဌာနက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဘရာဇီးလ်နိုင်ငံ၏လယ်ယာပို့ကုန်များအနက် သကြား၊ ပဲပုတ်စေ့၊ အေးခဲအသားများနှင့် ကော်ဖီတို့ကို အများအပြားတင်ပို့နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ကဏ္ဍတွင် ကုန်သွယ်မှုပိုငွေစံချိန်တင်မြင့်တက်ရရှိခဲ့သဖြင့် ကုန်သွယ်မှုတစ်ခုလုံးအနေဖြင့် အမေရိကန်ဒေါ်လာ ၆၁.၂ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့ကြောင်း စီးပွားရေးသုတေသနဌာနက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင်ရရှိခဲ့သည့် လယ်ယာပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၂၀.၆ ဘီလီယံသည် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုသမိုင်းတွင် စံချိန်တင်ပမာဏဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ရရှိခဲ့သည့် ပို့ကုန်ပမာဏနှင့်နှိုင်းယှဉ်ပါက ၁၉.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှအများဆုံးတင်ပို့သည့် ပို့ကုန်ပစ္စည်း ၁၅ မျိုး၏ ပို့ကုန်ပမာဏသည် ပို့ကုန်ဝင်ငွေအားလုံး၏ ၈၉.၅ ရာခိုင်နှုန်းရှိခဲ့ပြီး ပျမ်းမျှဈေးနှုန်းရရှိမှုတွင် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ အဓိကပို့ကုန် ၁၅ မျိုးအနက် အမဲသားတင်ပို့မှုတွင် ၈.၃ ရာခိုင်နှုန်း၊ ကော်ဖီတင်ပို့မှုတွင် ၃.၆ ရာခိုင်နှုန်းနှင့် ပြောင်းတင်ပို့မှုတွင် ၄၀.၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ နွားရူးရောဂါပို့တွေ့ရှိခဲ့မှုကြောင့် တရုတ်နိုင်ငံ၏ ဘရာဇီးလ်အမဲသားတင်သွင်းမှု ယာယီတားမြစ်ကန့်သတ်ချက်များကြောင့် အမဲသားပို့ကုန်ပမာဏတွင်လျော့ကျခဲ့ရပြီး ရာသီဥတုဖောက်ပြန်မှုများကြောင့် ကော်ဖီနှင့်ပြောင်းသီးနှံအထွက်နှုန်းများကျဆင်းခဲ့သဖြင့် တင်ပို့မှုပမာဏတွင် လျော့နည်းခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန၏အချက်အလက်များအားကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်၊ သွင်းကုန်ကန့်သတ်ချက်ကြောင့် စက်တင်ဘာလမှ နိုဝင်ဘာလ အထိ ဘရာဇီးလ်နိုင်ငံမှတင်ပို့သည့် ပဲပုတ်စေ့၊ ဝက်သားနှင့် ကြက်သားပို့ကုန်ပမာဏတို့တွင် လျော့ကျမှုများဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ပို့ကုန်များပြန်လည်တိုးတက်လာခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာသွင်းကုန်ပမာဏသည် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၈.၉ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅.၅ ဘီလီယံတန်ဖိုးအားတင်သွင်းခဲ့ကြောင်း၊ သွင်းကုန်များတွင် ဂျုံ၊ သံလွင်ဆီနှင့်ငါးအမျိုးမျိုးတို့အား အဓိကတင်သွင်းခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ပို့ကုန်တင်ပို့မှုတွင် တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာပို့ကုန်များအတွက် အဓိကဈေးကွက်အဖြစ်ဆက်လက်တည်ရှိလျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင်

MISDOP

အမေရိကန်ဒေါ်လာ ၄၁.၀၂ ဘီလီယံတန်ဖိုးအား တင်ပို့နိုင်ခဲ့ကြောင်း၊ လယ်ယာပို့ကုန်များတွင် ပဲပုတ်စေ့ ၇၀.၂ ရာခိုင်နှုန်း၊ အမဲသား ၃၉.၂ ရာခိုင်နှုန်း၊ အပင်နှင့်စက်စပ်ပစ္စည်းများ ၄၃.၄ ရာခိုင်နှုန်း၊ သကြား ၁၅.၆ ရာခိုင်နှုန်း၊ ဝက်သား ၄၇.၇ ရာခိုင်နှုန်း၊ ကြက်သား ၁၄.၃ ရာခိုင်နှုန်းနှင့် ဝါဂွမ်း ၂၈.၉ ရာခိုင်နှုန်းတို့အားတင်ပို့ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အမဲသားတင်သွင်းမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသော်လည်း အသားစားသုံးမှုနှုန်း လျော့နည်းလျက်ရှိနေသေးကြောင်း၊ လူ ၁ ဦး၏ ၁ ရက် အသားစားသုံးမှုနှုန်းသည် တရုတ်နိုင်ငံတွင် ၆.၆ ဂရမ်၊ အမေရိကန်နိုင်ငံတွင် ၃၈.၆ ဂရမ်နှင့် ဘရာဇီးလ်နိုင်ငံတွင် ၃၆.၃ ဂရမ်နှင့် ဥရောသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့တွင် ၁၄.၇ ဂရမ်တို့ အသီးသီးဖြစ်ကြကြောင်း အသုံးချစီးပွားရေးသုတေသနဌာနမှ သုတေသနပညာရှင် Ana Cecília Kreter ကပြောကြားချက်အား သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

........................................................................................................................

## ဘရာဇီးလ်အသားထုတ်လုပ်သည့် JBS ကုမ္ပဏီ က ဩစတြေးလျ ဝက်သားပြုပြင်ထုတ်လုပ်သည့် Rivalea ကုမ္ပဏီကို ဝယ်ယူမည်

ဘရာဇီးလ်အသားထုတ်လုပ်သည့် JBS ကုမ္ပဏီသည် ဩစတြေးလျထိပ်တန်း ဝက်သားပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီ Rivalea ကို ဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။ ကနဦးက ဩစတြေးလျ စိုက်ပျိုးမွေးမြူသူများက ယှဉ်ပြိုင်မှုဆုံးရှုံးသွားနိုင်သည့်အခြေအနေကို စိုးရိမ်ပူပန်မှုကြောင့် အဆိုပါသဘောတူညီချက်ကို ကန့်ကွက်ခဲ့ကြသော်လည်း ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition & Consumer Commission– ACCC) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြန်လည်သုံးသပ်ရေးဘုတ်အဖွဲ့ (Foreign Investment Review Board–FIRB) တို့ကအတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ဩစတြေးလျတောင်ပိုင်းမှ တင်ပို့လျက်ရှိသည့်ဝက်သားသတ်ရုံလေးခုအနက် သုံးခုကို JBS က ထိန်းချုပ်မှုရရှိမည်ဖြစ်သည်။ JBS သည် Rivalea Holdings

Pty Ltd ၏ ရှယ်ယာ ၁၀၀ % နှင့် စက်ဘူပူစာရင်းဝင် အစားအသောက်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် QAF Limited ထံမှ Oxdale Dairy Enterprise Pty Ltd ၏ ရှယ်ယာ ၁၀၀ % ကို ဩစတြေးလျဒေါ်လာ ၁၇၅ သန်းဖြင့် ဝယ်ယူခဲ့သည်။ JBS နှင့် ACCC တို့မှ အာမခံချက်များ ရှိနေသော်လည်း ယင်းသို့ဝယ်ယူမှုအတွက် အသေးစားဝက်သားထုတ်လုပ်သူများမှာ လုပ်ငန်းကဏ္ဍစုပေါင်းမှုအတွက် စိုးရိမ်နေကြပါသည်။ Diamond Valley ဝက်သားစက်ရုံတွင် ၎င်းတို့၏ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုခက်ခဲစေပြီး၊ နိုင်ငံစုံကော်ပိုရေးရှင်းတစ်ခုသို့ ထပ်မံပေါင်းစည်းခြင်းသည် အသေးစားလုပ်ငန်းလုပ်ကိုင်သူများအတွက် သတင်းကောင်းမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

JBS Australia အမှုဆောင်အရာရှိချုပ် Brent Eastwood က Rivalea ကို JBS အဖွဲ့ကကြိုဆိုရသည့်အတွက် စိတ်လှုပ်ရှားမိကြောင်း၊ Rivalea သည် ဩစတြေးလျနိုင်ငံ၏ ဝက်သားထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်စဉ်၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ အဓိကအသားနှင့် အစားအစာထုတ်လုပ်သူ JBS ၏ အတွေ့အကြုံကိုအသုံးပြုခြင်းဖြင့် Rivalea ဖောက်သည်များအတွက် ပိုမိုကောင်းမွန်ပြီးထိရောက်သော ဝက်သားပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဖန်တီးရန် အတူတကွလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ JBS Australia သည် ဩစတြေးလျဝက်သားအတွက် အခွင့်အလမ်းသစ်များမှတစ်ဆင့် လုပ်ငန်းကိုကြီးထွားစေရန် ကတိပြုပါကြောင်းနှင့် အောင်မြင်မှုရရှိရန် Rivalea ၏ စီမံခန့်ခွဲမှုနှင့် လုပ်သားအင်အား၊ လက်ရှိဖောက်သည်များ၊ ထောက်ပံ့သူများ၊ ကန်ထရိုက်တာများနှင့် နီးနီးကပ်ကပ်လက်တွဲလုပ်ဆောင်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

………………………………………………………………………………………………

## ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

### Omicron COVID-19 လှိုင်းက ဩစတြေးလျ စီးပွားရေးကို ထိခိုက်စေခြင်း

နိုင်ငံတစ်ဝှမ်း COVID-19 Omicron မျိုးကွဲ၏ လျင်မြန်စွာပျံ့နှံ့မှုသည် အလုပ်သမားများဖိုင်းရပ်စ်ကူးစက်ခံရခြင်း သို့မဟုတ် ၎င်းတို့သည် အနီးကပ်အဆက်အသွယ်ရှိသောကြောင့် သီးခြားခွဲခံထားရခြင်းကြောင့် ဩစတြေးလျစီးပွားရေးကို ထိခိုက်ခဲ့သည်။ ယမန်နှစ်က ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်တွင် သွင်းကုန်ဝယ်လိုအားမြင့်မားမှုနှင့် သင်္ဘောတင်ကွန်တိန်နာ ပြတ်လပ်

မှုများဖြစ်ပွားခဲ့ခြင်းမှာ အဓိကကျသည့်အချက်ဖြစ်ပြီး၊ ယခုအချိန်တွင် အကြီးဆုံးပြဿနာမှာ နိုင်ငံတစ်ဝှမ်းရှိ အဓိကလုပ်ငန်းကဏ္ဍများတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိခြင်းဖြစ်ပါသည်။

Rapid antigen tests နှင့် ပါရာစီတမောကဲ့သို့ အချို့သောကုန်စည်များ အထူးသဖြင့် COVID–19 နှင့်ဆက်စပ်သော ဆေးဘက်ဆိုင်ရာထုတ်ကုန် ဝယ်လိုအားများမြင့်တက်လာခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ စူပါမားကတ်များနှင့် အွန်လိုင်းစတိုးများစွာတို့တွင် လက်ကျန်မရှိတော့ပါ။ ကုန်တင်ကားယာဉ်မောင်းများ ပြတ်လပ်မှုသည် အဓိကချို့ယွင်းချက်များထဲမှ တစ်ခုဖြစ်ပြီး၊ အချို့သော ကုမ္ပဏီများတွင် ယာဉ်မောင်း ၅၀ % အထိ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိကြကြောင်း အလုပ်သမားသမဂ္ဂမှ ပြောကြားခဲ့သည်။ ဗစ်တိုးရီးယားဝန်ကြီးချုပ် ဒန်နီရယ်အင်ဒရူးစ်က ကုန်တင်ကားမောင်းသူရှားပါးမှုသည် ထောက်ပံ့ရေးကွင်းဆက်တွင် အကြီးမားဆုံးပြဿနာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Australasian Convenience and Petroleum Marketers Association က အလားတူဝန်ထမ်းပြဿနာများကြောင့် စက်သုံးဆီပြတ်လပ်မှုကိုလည်း သတိပေးထားပြီး၊ လုပ်ငန်းကဏ္ဍသည် စက်သုံးဆီလက်လီရောင်းချမှုကဏ္ဍနှင့် လောင်စာဆီသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်ပါဝန်ထမ်းများပြတ်လပ်ခြင်းများကို ကြုံတွေ့ရလျက်ရှိပါသည်။ လတ်တလောတွင် လုပ်ငန်းခွင်၌ လုပ်သား (၁၀) ယောက်အနက် တစ်ယောက်မှာ ပျက်ကွက်လျက်ရှိရာ အချို့စက်သုံးဆီဖြည့်သည့်နေရာများတွင် အလုပ်ချိန်လျှော့ချခြင်းများ ပြုလုပ်လျက်ရှိပြီး၊ အချို့နေရာများကို ယာယီပိတ်ထားလိုက်ရပါသည်။ မနက်အစောပိုင်းအချိန်က ဝန်ထမ်းများအတွက် အရမ်းခက်ခဲ လာပြီး၊ မနက် ၆ နာရီကနေ ည ၉ နာရီကြားမှာ အဓိကကျသော လုပ်ငန်းအချိန်ကို ဦးစားပေး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

သယ်ယူပို့ဆောင်ရေးနှင့် လောင်စာဆီ လက်လီရောင်းချခြင်းတို့သာမက အဓိကလုပ်ငန်းကဏ္ဍများဖြစ်သည့် ကုန်စည်ပို့ဆောင်ဖြန့်ဖြူးရေး၊ သတ္တုတူးဖော်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများ၏ အထွေထွေဖြန့်ဖြူးမှုအပိုင်းတွင်ပါ သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

စူပါမားကတ်များနှင့် ဂိုဒေါင်များတွင်လည်း ဝန်ထမ်းပြတ်လပ်မှုများဖြစ်ပေါ်လာရာ အထူးသဖြင့် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်နှင့် အသားထွက်ပစ္စည်းများ အစားအစာပြတ်လပ်မှုများကို ကြုံတွေ့ရလျက်ရှိပါသည်။ ယခုသီတင်းပတ်အစောပိုင်းတွင်၊ ကြက်သားထုတ်

MISDOP

လုပ်သူ Ingham's က Omicron မျိုးကွဲ၏ လျင်မြန်သောပျံ့နှံ့မှုရလဒ်ဖြစ်သည့် ဝန်ထမ်းများပြတ်တောက်မှုသည် ထောက်ပံ့မှု၊ လည်ပတ်မှု၊ ထောက်ပံ့ပို့ဆောင်မှုနှင့် ရောင်းချမှုကို ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် အချို့သောထုတ်ကုန်များ ထုတ်လုပ်မှုကို ဆိုင်းငံ့ထားကာ KFC ဆိုင်ခွဲများတွင် မီနူးမှ အချို့သောအမယ်များကို ယာယီဖယ်ရှားခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ ကြက်သားထုတ်လုပ်မှုကဏ္ဍအနေဖြင့် လုပ်သားပြတ်လပ်မှုကြောင့် သိသာထင်ရှားသည့် ဖိအားများကိုကြုံတွေ့ရလျက်ရှိပါသည်။ အမှုဆောင်ဒါရိုက်တာ Vivien Kite မှ ပြင်ဆင်မှုအလိုအပ်ဆုံး ထုတ်ကုန်များဖြစ်သည့် ခုတ်ထစ်ထားသော၊ အရေခွံမပါသောနှင့် အလွန်ကောင်းမွန်စွာ ပြုပြင်ထားသော ကြက်သားထုတ်ကုန်ပစ္စည်းများ ရှားပါးလာမည်ဖြစ်ပြီး ကြက်ကောင်လုံးမှာ ရရှိနိုင်သေးကြောင်းနှင့် အအေးခန်းနေရာမရှိခြင်းသည် ပြဿနာများကို တိုးလာနိုင်စေသည်ဟု သတိပေးပြောကြားခဲ့သည်။

ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များသာမက ဆေးရုံများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများ၊ ကျောင်းများ၊ ကလေးထိန်းစင်တာများ၊ စစ်အခြေစိုက်စခန်းများနှင့် အကျဉ်းထောင်များကို ထောက်ပံ့ပေးသည့် မိသားစုပိုင်ဂိုဒေါင်များကို ကိုယ်စားပြုသည့် Independent Food Distributors Australia ၏ အမှုဆောင်အရာရှိချုပ်က အကျပ်အတည်းသည် ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများအထိ စီးပွားရေးလုပ်ငန်းအများအပြားကို ထိခိုက်နစ်နာစေကြောင်းနှင့် Rapid antigen test ရယူခြင်းသည် အစားအသောက်ကွင်းဆက်တစ်လျှောက် အဓိကပြဿနာဖြစ်ပြီး၊ ထိခိုက်လွယ်သူများကို အန္တရာယ်ကျရောက်စေမည့် အန္တရာယ်ရှိကြောင်း၊ ကွင်းစလန်ပြည်နယ်ရှိ အဖွဲ့ဝင်တစ်ဦးသည် ဆေးရုံ (၅) ခု နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဆောက်အအုံများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး၊ ယခုအခါ ၎င်း၏ဝန်ထမ်း (၃၅၀) ဦးတွင် (၁၇၅) ဦးသည် သီးသန့် ခွဲနေထိုင်ရလျက်ရှိကြောင်း ပြောကြားထားပါသည်။

အချို့သော ထုတ်ကုန်များအတွက် ဝယ်လိုအားမြင့်မားခြင်းကြောင့် ပြတ်လပ်မှုများကို ဖြစ်ပေါ်စေသည်။ အိမ်သာသုံးစက္ကူ၊ mask များ၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် လက်သန့်ဆေးရည်များသည် လတ်ဆတ်သောထွက်ကုန်များနှင့် ခေါက်ဆွဲနှင့် အေးခဲထားသော အစားအစာများကဲ့သို့ သက်တမ်းကြာရှည်သော ထုတ်ကုန်များပင် ဝယ်လိုအားများ မြင့်တက်လာပါသည်။ ထို့အပြင်ကိုရိုနာဗိုင်းရပ်ရောဂါလက္ခဏာများကို သက်သာစေနိုင်သောဆေးဝါးများ ဝယ်လိုအားသည်လည်း မြင့်တက်လာရာ ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ အဆိုပါ အခြေအနေများက Coles နှင့် Woolworths စူပါမားကတ်တို့သည် အကိုက်အခဲပျောက်ဆေးများနှင့် အိမ်သာသုံးစက္ကူအပါအဝင် ထုတ်ကုန်များအပေါ် ဝယ်ယူမှုကန့်သတ်ချက်များချမှတ်ရန် ဦးဆောင်ခဲ့ခြင်းဖြစ်ပါသည်။

MIS DOP

စီးပွားရေးဆက်လက်လည်ပတ်နေစေရန်အတွက် ကျယ်ပြန့်သောစက်မှုလုပ်ငန်းများတွင် COVID-19 ထိတွေ့နေသောလုပ်သားများကို ကျယ်ပြန့်စွာ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကို ပိုမိုပျံ့နှံ့စေနိုင်ကြောင်း သြစတြေးလျအလုပ်သမား သမဂ္ဂကောင်စီကစိုးရိမ်လျက်ရှိပါသည်။ Woolworths ၏ အဓိကအသားထောက်ပံ့သူ သြစတြေးလျ တောင်ပိုင်းရှိ Teys Australia သားသတ်ရုံက အလုပ်သမားများကို ကူးစက်နေချိန်မှာပင် အလုပ်ခိုင်းစေခဲ့ကြောင်း၊ သြစတြေးလျ တောင်ပိုင်း ကျန်းမာရေးဌာနသည် ကိုဗစ်ပိုးရှိသည့်ဝန်ထမ်းများကို ရောဂါလက္ခဏာမပြပါက အလုပ်လုပ်ရန် ခွင့်ပြုထားကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..........................................................................................

## Omicron ကူးစက်မှုမြင့်တက်ခြင်းကြောင့် လေကြောင်းခရီးစဉ်များလျှော့ချလိုက်ခြင်း (သြစတြေးလျ)

Omicron COVID-19 လှိုင်းက သြစတြေးလျနိုင်ငံသားများအား ခရီးသွားအစီအစဉ်များကို ဖျက်သိမ်းရန် သို့မဟုတ် နှောင့်နှေးစေရန် လှုံ့ဆော်ပေးသောကြောင့် Qantas လေကြောင်းလိုင်းသည် ၎င်း၏ ကွန်ယက်စွမ်းရည်ကို လျှော့ချနေရပြီး၊ ယခုနှစ်အစောပိုင်းတွင် ကူးစက်ရောဂါမှလျင်မြန်စွာ ပြန်လည်ကောင်းမွန်လာနိုင်မည့် လေကြောင်းလိုင်း၏ ခန့်မှန်းချက်များမှာ ပြောင်းပြန်အနေအထားသို့ ရောက်ရှိသွားပါသည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်းက အများပြည်သူဆိုင်ရာနေရာများသို့ သွားလာခြင်းကို ရှောင်ရှားခြင်းကြောင့် ခရီးသွားကဏ္ဍ၊ ခရီးသွားလာမှုနှင့် ဧည့်ဝတ်ပြုမှုကဏ္ဍများမှာ ရုန်းကန်ရလျက်ရှိပြီး၊ သြစတြေးလျ၏ အလုပ်အများ ဆုံးအရှေ့ဘက်ကမ်းရိုးတန်းလေဆိပ် (၄) ခုမှ ခရီးသည် အရေအတွက်သည် ၂၀ % အထိ ကျဆင်းခဲ့ရသည်။

Qantas ယခု ၂၀၂၂ခုနှစ်၊ တတိယသုံးလပတ်တွင် ပြည်တွင်းလေကြောင်း၏ဆောင်ရွက်နိုင်မှုစွမ်းရည်သည် ကိုဗစ်အကြိုအဆင့်၏ ၇၀ % ဝန်းကျင်တွင်ရှိမည်ဟု မျှော်မှန်းထားပြီး၊ ယခင်ခန့်မှန်းထားသည့် ၁၀၂ % အောက်ကျဆင်းသွားခဲ့သည်။ အလားတူကာလအတွက် Qantas ၏စုစုပေါင်းနိုင်ငံတကာစွမ်းဆောင်ရည်သည် ၃၀ %မှ COVID မတိုင်မီအဆင့်၏ ၂၀ % ဝန်းကျင်သို့ ကျဆင်းသွား

နိုင်ပါသည်။ လေကြောင်းဒေတာကုမ္ပဏီ Cirium မှကိန်းဂဏန်းများ အရ Qantas သည် ဒီဇင်ဘာလကတည်းက ယင်း၏စွမ်းဆောင်ရည်ကို လျှော့ချခဲ့ပြီးဖြစ်သည်။ Qantas သည် ယခုနှစ် ပထမသုံးလပတ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးစဉ်ပေါင်း ၆၃,၀၆၈ ခုရှိခဲ့သော်လည်း ဇန်နဝါရီ ၇ ရက်နေ့တွင် ခရီးစဉ် ၉,၄၆၈ ခု လျော့ကျခဲ့ရာ ၅၃,၆၀၀ သို့ ကျဆင်းသွားခဲ့သည်။

Jetstar လေကြောင်းလိုင်းမှာ အလားတူကာလအတွင်း လေကြောင်းခရီးစဉ် ၃,၂၈၇ ခု လျော့ကျခဲ့ရာ ၂၃,၉၅၅ သို့ ကျဆင်းသွားခဲ့သည်။ Virgin Australia လေကြောင်းလိုင်းကမူ ကြိုတင်စာရင်းသွင်းမှုများ ကျဆင်းသွားကာ COVID–19 အနီးအကပ်အဆက်အသွယ် သီးခြားထားရှိမှုသတ်မှတ်ချက် လိုအပ်ချက်များကြောင့် လေယာဉ်အမှုထမ်းများ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများရှိ ပြတ်လပ်သွားရာ ကျန်ရှိသော လေယာဉ်ခရီးစဉ်များ၏ လေးပုံတစ်ပုံနီးပါးကို လျှော့ချမည်ဖြစ်သည်။

Australian Airports Association မှထုတ်ပြန်သော ခရီးသည်ဒေတာများအရ COVID–19 ရောဂါဖြစ်ပွားမှုအရေအတွက်သည် ဒီဇင်ဘာ ၁၂ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၅၅၄ ဦးမှ ၁၀၃,၆၈၉ ဦးအထိ မြင့်တက်လာသောကြောင့် ခရီးသွားလုပ်ငန်းဝယ်လိုအား သိသိသာသာကျဆင်းသွားသည်ကို ဖော်ပြသည်။ ဆစ်ဒနီ၊ မဲလ်ဘုန်း၊ Brisbane နှင့် Adelaide လေဆိပ်များမှတဆင့် ပျမ်းမျှနေ့စဉ်ခရီးသည်အရေအတွက်သည် ဒီဇင်ဘာလအတွင်း ကိုဗစ် အကြိုအဆင့်၏ ၆၁ %နီးပါးထိ ရောက်ရှိခဲ့သော်လည်း ဇန်နဝါရီလတွင် ၃၉ % သို့ ပြန်လည် ကျဆင်းသွားခဲ့သည်။

ဩစတြေးလျနိုင်ငံသားများသည် ယခုအခါတွင် မိမိအိမ်နှင့် ဝေးကွာသောနေရာတွင် ဗိုင်းရပ်စ်ကူးစက်ခံရမှုနှင့် အခြားပြည်နယ်တွင် သီးခြားခွဲနေထိုင်ရမည်ကို စိုးရိမ်သောကြောင့် အများစုမှာလေယာဉ်နှင့်ခရီးသွားလာရန် စိတ်ပူကြလျက်ရှိပါသည်။ အဓိက ခရီးသွားလည်ပတ်ရာနေရာများတွင် ဝန်ထမ်းပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လေယာဉ်ခရီးစဉ်များဖျက်သိမ်းခြင်းနှင့် အားလပ်ရက်အတွေ့အကြုံများအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်ကြလျက်ရှိကြပါသည်။ အစိုးရ၏ ပံ့ပိုးကူညီမှု အစီအစဉ်အများစုသည် ၂၀၂၁ ခုနှစ်၊ ဒီဇင် ဘာလကုန်တွင် ရပ်ဆိုင်းသွားပြီဖြစ်သော်လည်း လေကြောင်းလုပ်ငန်း၏ပြန်လည် ဦးမော့လာမှုသည် နောင်ကာလတစ်ခုအထိ အထိခိုက်မခံသည့် အနေအထားတွင်ရှိနေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: [www.smh.com.au](http://www.smh.com.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## အချို့သော ထုတ်ကုန်များအပေါ် ဩစတြေးလျ၏ ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးမှုများအတွက် WTO တွင် တရုတ်က စိန်ခေါ်လိုက်ခြင်း

တရုတ်နိုင်ငံမှ တင်သွင်းသော သံမဏိကန်များ၊ မီးရထားဘီးနှင့် wind towers များအပေါ် ဩစတြေးလျနိုင်ငံက တန်ပြန်စုပုံခွန်များ ကောက်ခံမှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ တောင်းဆိုချက်ကို ကြားနာစစ်ဆေးနိုင်ရန် WTO တွင် ခုံရုံးဖွဲ့ပေးရန် တရုတ်ကတောင်းဆိုလိုက်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၁၅-၁-၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ခဲ့ပါသည်။

ဩစတြေးလျနှင့် ညှိနှိုင်းဆွေးနွေးရန် တရုတ်နိုင်ငံက ဇွန်လ ၂၄ ရက်နေ့က တောင်းဆိုခဲ့ပြီးနောက် ယခုတောင်းဆိုမှုသည် WTO အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်၏ နောက်တစ်ဆင့်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehanက “ဩစတြေးလျ၏ ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးမှုစနစ်သည် အမှီအခိုကင်းပြီး၊ ပွင့်လင်းမြင်သာမှုရှိကာ ခွဲခြားမှုမရှိသည့် စည်းမျဉ်းအခြေပြုစနစ်ဖြစ်ကြောင်း၊ ဆောင်ရွက်ချက်များသည် ဩစတြေးလျ၏ WTO ဆိုင်ရာဝတ္တရားများနှင့် ကိုက်ညီကြောင်း ယုံကြည်ပြီး၊ ယင်းတို့အား ခိုင်ခိုင်မာမာခုခံကာကွယ်သွားမည်” ဟု ပြောကြားခဲ့သည်။

ဩစတြေးလျသည် စည်းမျဉ်းအခြေပြု နိုင်ငံစုံကုန်သွယ်မှုစနစ်အား ခိုင်မာစွာထောက်ခံအားပေးသူဖြစ်ပြီး၊ ဝန်ကြီးက “WTO အဖွဲ့ဝင်တိုင်း၏ စိုးရိမ်ပူပန်မှုကို WTO သို့ တင်ပြခွင့်ရှိသည့် အခွင့်အရေးကို လေးစားပါကြောင်း၊ ယခုကိစ္စကို တရုတ်နိုင်ငံနှင့် ဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန် အဆင်သင့်ရှိနေပါကြောင်း” ပြောကြားခဲ့ပါသည်။

www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………………………………………………

## ဩစတြေးလျ အမျိုးသားအစိုးရအဖွဲ့က COVID-19 ဆိုင်ရာ သီးခြားနေထိုင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည့် အလုပ်အကိုင်များထပ်တိုးသတ်မှတ်လိုက်ခြင်း

လုပ်သားအင်အားနှင့် ထောက်ပံ့ရေးကွင်းဆက်များအပေါ် ဖိအားများ ဖြေလျှော့ပေးနိုင်ရန် COVID-19 ဆိုင်ရာ သီးခြားနေထိုင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိမည့် အလုပ်သမားများကို ဩစတြေးလျ၊ အမျိုးသားအစိုးရအဖွဲ့က သဘောတူညီခဲ့သည်။ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ အဆိုပါစာရင်းတွင် အကျုံးဝင်သည့် COVID-19 ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူများကို ယခုအခါလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

ဩစတြေးလျ ကျန်းမာရေးကာကွယ်မှု အဓိကကော်မတီ (The Australian Health Protection Principal Committee) က COVID-19 ဆိုင်ရာ သီးခြားနေထိုင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည့် အလုပ်အကိုင်များကို သတ်မှတ်ရာတွင် ကျန်းမာရေး၊ လူမှုဖူလုံရေး၊ စောင့်ရှောက်မှုနှင့်ပံ့ပိုးကူညီမှုကဏ္ဍ၊ အစားအသောက်၊ အဖျော်ယမကာနှင့် အခြားအရေးကြီးသော ကုန်ပစ္စည်းများကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်၊ သယံဇာတနှင့် ရေနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ဆက်သွယ်ရေး၊ ဒေတာ၊ အသံလွှင့်လုပ်ငန်းနှင့် မီဒီယာကဏ္ဍ၊ ဘဏ္ဍာရေးနှင့် အာမခံဝန်ဆောင်မှုများ၊ ပညာရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေး၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ အရေးပေါ်ဝန်ဆောင်မှုများ၊ ဘေးကင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုနှင့် အကျဉ်းထောင်ဝန်ဆောင်မှုများ၊ မရှိမဖြစ်လိုအပ်သော သုတေသနများ၊ အစိုးရ၏ အရေးကြီးသော လုပ်ငန်းဆောင်တာများ၊ ဖက်ဒရယ်၊ ပြည်နယ် (သို့) ဒေသန္တရအစိုးရနှင့် ပြည်သူ့လုပ်ငန်းများ၊ နေရာထိုင်ခင်းနှင့် အိမ်ခြံမြေကဏ္ဍနှင့် အထက်ဖော်ပြပါ အမျိုးအစားများကိုပံ့ပိုးပေးသောအလုပ်များဟူ၍ ကဏ္ဍအလိုက်ဝန်ဆောင်မှုနှင့် အလုပ်အကိုင်စာရင်းများကို အသေးစိတ်ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

..........................................................................

MSDP

## Rapid Antigen Tests (RATs) ပြတ်တောက်မှုများအကြား သြစတြေးလျထုတ် RATs များအတွက် TGA အတည်ပြုချက်စောင့်ဆိုင်းလျက်ရှိခြင်း

သြစတြေးလျနိုင်ငံသားများသည် COVID-19 Rapid Antigen Tests စစ်ဆေးမှုကိုရရှိရန် ရှန်းကန်နေရချိန်တွင် သြစတြေးလျကုမ္ပဏီများသည် ယင်းတို့၏ RATs များကို ဒေသဆိုင်ရာခွင့်ပြုချက်များအတွက် လပေါင်းများစွာစောင့်ဆိုင်းနေခဲ့ရလျက်ရှိပါသည်။ လက်ရှိတွင် သြစတြေးလျနိုင်ငံ၊ ကုထုံးဆိုင်ရာကုန်စည်များ စီမံခန့်ခွဲရေး (Therapeutic Goods Administration –TGA) မှ အတည်ပြုထားသော ပြည်တွင်း Test (၂၂) ခုအနက်မှ တစ်ခုသာ ပြည်တွင်းတွင်ပြုလုပ်ထားပြီး၊ ၁၆ ခုမှာ တရုတ်နိုင်ငံမှဖြစ်ကာ အမေရိကန်မှ ၂ ခုနှင့် အခြား ကိုရီးယား၊ စင်ကာပူနှင့် ဂျာမနီနိုင်ငံတို့မှဖြစ်ကြောင်း သိရှိရပါသည်။

သို့သော်လည်း ကမ္ဘာတဝှမ်း Omicron လှိုင်းလုံးကြီးကြောင့် RAT များ ဝယ်လိုအားမြင့်တက်လာသည်ကို မြင်တွေ့နေရသဖြင့် RAT တင်ပို့မှုများ အခြားနေရာသို့ လမ်းကြောင်းပြောင်းပါက သြစတြေးလျ၏ လက်ရှိထောက်ပံ့ရေးပြတ်လပ်မှု ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်မှုများရှိနေပါသည်။ အထူးသဖြင့်သြစတြေးလျ၏ များပြားလှသော Test များသည် တရုတ်နိုင်ငံမှ ထွက်ပေါ်လာခြင်းနှင့်အတူ ပိုမိုဆိုးရွားလာသော Omicron ဖြစ်ပွားချိန်တွင် တရုတ်အစိုးရမှ ပို့ကုန်အတွက်ကန့်သတ်မှုပြုလုပ်ပါက ထောက်ပံ့မှုကို ပိုမိုခြိမ်းခြောက်လာနိုင်ပါသည်။

ဥရောပ(သို့)မြောက်အမေရိကတွင် အသုံးပြုနေပြီးဖြစ်သော Test များအတွက် အနည်းဆုံးကုမ္ပဏီနှစ်ခုသည် TGA အတည်ပြုချက်ကို စောင့်ဆိုင်းနေသော်လည်း သြစတြေးလျကုမ္ပဏီအများအပြားသည် ပြည်တွင်း၌ COVID RAT များကို တီထွင်ခဲ့ကြပြီဖြစ်သည်။ Brisbane အခြေစိုက် AnteoTech သည် ယင်း၏ Brisbane စက်ရုံမှ တစ်လလျှင် အနည်းဆုံး Test တစ်သန်းခန့်ကို လပိုင်းအတွင်း ထုတ်လုပ်ရန် မျှော်လင့်လျက်ရှိသည်။ AnteoTech ၏ အမှုဆောင်အရာရှိချုပ် Derek Thomson က သြစတြေးလျအစိုးရများ၏ အစောပိုင်း စီမံကိန်းများနှင့် ရင်းနှီးမြုပ်နှံမှုများစွာမရှိဘဲ Delta နှင့် Omicron ကဲ့သို့သော COVID မျိုးကွဲအသစ်များ၏ အဓိကလှိုင်းလုံးများအတွင်း ထောက်ပံ့မှုပြတ်တောက်မှုသည် ရှောင်လွှဲ၍မရနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

AnteoTech သည် ၂၀၂၀ ခုနှစ်အစောပိုင်းတွင် ကွင်းစလန်ပြည်နယ် အစိုးရထံမှ သြစတြေးလျဒေါ်လာ ၁.၄ သန်း ကတိကဝတ်ပြုထားပြီး၊ ဖက်ဒရယ်သုတေသနနှင့် ဖွံ့ဖြိုးရေး အခွန်မက်လုံးပေးအစီအစဉ်အရ ပြန်အမ်းငွေ သြစတြေးလျဒေါ်လာ ၂ သန်းနီးပါးကို Anteo-Tech မှ ရရှိခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများရှိနေသော်လည်း ဩစတြေးလျတွင် RATs အသုံးပြုမှုအတွက် အစိုးရ၏ပံ့ပိုးကူညီမှု မရှိခြင်းကြောင့် ကုမ္ပဏီ၏အာရုံစိုက်မှုသည် ဥရောပသို့ ကူးပြောင်းသွားခဲ့သည်။ အခြား Brisbane အခြေစိုက် ကုမ္ပဏီ Ellume သည် ယင်း၏ RAT ကို ဈေးကွက်တင်ရန် ပြည်ပတွင် ရှာဖွေလျက်ရှိပြီး၊ အမေရိကန်အစိုးရထံ စမ်းသပ်မှုသန်းနှင့်ချီ၍ ထိုနေရာရှိ လက်လီဆိုင်များမှတစ်ဆင့် ရောင်းချနေပြီဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီသည် ယင်း၏ Test များအတွက် စည်းမျဉ်းဆိုင်ရာ အတည်ပြုချက်ကို ဩစတြေးလျ နိုင်ငံတွင် စောင့်ဆိုင်းနေဆဲဖြစ်သည်။ မဲလ်ဘုန်းအခြေစိုက် Lumos Diagnostics ကလည်း ကုမ္ပဏီသည်ပြည်တွင်း COVID RAT ထုတ်လုပ်မှုကိုအားပေးကာ လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်ကတည်းက ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရများထံ ချဉ်းကပ်ခဲ့ကြောင်း၊ ယခုအခါ TGA အတည်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရှိရပါသည်။

နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယားပြည်နယ်နှင့် ဩစတြေးလျ အစိုးရနယ်မြေတို့တွင် ဒယ်လ်တာမျိုးကွဲ ပျံ့နှံ့ဖြစ်ပွားမှုကြောင့် ပြည်ထောင်စုအစိုးရသည် ကျန်းမာရေးဝန်ထမ်းများဆောင်ရွက်မပေးသည့် အိမ်တွင်းစမ်းသပ်မှုကိုခွင့်ပြုရန် ဥပဒေအားပြောင်းလဲလိုက်ပြီး နောက်ပိုင်းတွင်RATs ပြတ်တောက်မှုများဖြစ်ပေါ်လာရာ ဤရုတ်တရက်နောက်ကျသောမူဝါဒအပြောင်း အလဲများက ဩစတြေးလျကို နောက်ကျကျန်ရစ်စေခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါRAT များသည် ကပ်ရောဂါကိုစီမံခန့်ခွဲရန်အတွက် ရှေ့တန်းကိရိယာတစ်ခုဖြစ်ကြောင်း ဩစတြေးလျအစိုးရက သဘောပေါက်ထားသည့် အနေအထားတွင်ရှိပြီး၊ ထိုအခြေအနေကိုအခြားသော အဓိကဈေးကွက်များစွာမှ အစောပိုင်းကတည်းက သိရှိနားလည်လာခဲ့ပြီးဖြစ်ပါသည်။

တစ်ကမ္ဘာလုံးတွင် စည်းမျဉ်းချမှတ်သည့် အာဏာပိုင်များသည် RATs အတည်ပြုချက်အတွက် ၎င်းတို့၏လိုအပ်ချက်များကို တင်းကျပ်ထားခြင်းကြောင့် ဈေးကွက်တွင် တရုတ်နိုင်ငံ၏ စွမ်းဆောင်ရည်ညံ့ဖျင်းသော ထုတ်ကုန်များဖြင့် ဈေးကွက်များကိုလွှမ်းမိုးထားလျက်ရှိနေပါသည်။ TGA မှ ABC သတင်းဌာနသို့ ပြောကြားရာတွင် နှောင့်နှေးမှုများမှာ စမ်းသပ်ထုတ်လုပ်သူများနှင့် သာသက်ဆိုင်ကြောင်းနှင့် လိုအပ်သောအချက်အလက်အားလုံးကို တင်ပြပါက အတည်ပြုချက်သည် ၃ ရက်မှ ၅ ရက်အတွင်း RATs အတည်ပြုချက် လျှောက်ထားသူအများအပြားသည် TGA လိုအပ်ချက်များကို ဖတ်ရှုရန်ပျက်ကွက်ခြင်း (သို့) ၎င်းတို့တောင်းဆိုထားသည့် sensitivity rate ဖြင့် ၎င်းတို့၏ စမ်းသပ်မှုကိုသရုပ်ပြရန် လိုအပ်သောသက်သေအထောက်အထားမရှိခြင်းတို့ကို ကြုံတွေ့ရလျက်ရှိနေပါသည်။

လျှောက်ထားသူများထံမှ အချက်အလက်များရရှိသည်နှင့် အိမ်သုံးအတွက် COVID-19 RATs အကဲဖြတ်မှုကို ဦးစားပေးပြီး အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု TGA မှပြောကြားခဲ့သည်။ လက်ရှိ RATs အတည်ပြုချက် လျှောက်ထားသူများ၏ ပြောကြားချက်အရ ဩစတြေးလျ TGA ခွင့်ပြုချက် လုပ်ငန်းစဉ်သည် ဥရောပလုပ်ငန်းစဉ်ထက် အဆပေါင်းများစွာ ပိုမိုတင်းကြပ်နေကြောင်း သိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.........................................................................................................................

## Investment Management Exhibition (IME) ကျင်းပမည့်အစီအစဉ် (ဂျာမနီ)

Investment Management Exhibition(IME) ကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် ၂၀၂၂ ခုနှစ်တွင် စက်တင်ဘာလ၈ရက်နေ့မှ၉ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။ IME သည် နိုင်ငံများစွာမှ စီမံကိန်းလုပ်ငန်းလုပ်ကိုင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ထိရောက် အကျိုးရှိသည့်တွေ့ဆုံဆွေးနွေးပွဲ၊ ပြပွဲများ၊ဟောပြောပွဲများကျင်းပသည့် သီးသန့် Networking Platform တစ်ခုဖြစ်ပြီး အစိုးရဌာနအဖွဲ့အစည်းများ၊ နိုင်ငံတစ်ကာ ရင်းနှီးမြှုပ်နှံသူများနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွေ့ဆုံ၍ ဆွေးနွေးချိတ်ဆက်မှုများရရှိသည့်နေရာ တစ်ခုဖြစ်ပါသည်။ နိုင်ငံများတွင် တည်ဆောက်လုပ်ကိုင်ကြသော အထူးစီးပွားရေးဇုန်ကဲ့သို့ လုပ်ငန်းများအတွက် နိုင်ငံတစ်ကာရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် တွေ့ဆုံကြသည့်ပွဲတစ်ခုလည်း ဖြစ်ပါသည်။

IME ကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် ပြပွဲလုပ်ငန်းများ စီစဉ်ဆောင်ရွက်သည့် ကုမ္ပဏီဖြစ်သော Xhafa Exhibitions က Organizer အဖြစ် ဆောင်ရွက်၍ German Ministry of International Cooperation and Development (BMZ) နှင့် သက်ဆိုင်ရာ ဌာနများ၊ မိတ်ဘက်အဖွဲ့အစည်းများတို့ ပူးပေါင်းကျင်းပပြီး ၂၀၂၂ခုနှစ် တွင် (၇)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။ IME သို့ နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ၊ စက်မှုဇုန်/ စီးပွား ရေးဇုန်လုပ်ကိုင်သူများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းလုပ်ကိုင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များစသည်တို့ တက်ရောက်ကြပါသည်။ စီမံကိန်းလုပ်ငန်းများကို အများအားဖြင့် အစိုးရကဏ္ဍပိုင်းမှ တင်ပြကြပြီး ရင်းနှီးမြှုပ်နှံလိုသူများက မေးမြန်းဆွေးနွေးခြင်း ပြုကြပါသည်။ ၂၀၂၁ခုနှစ်

IME ကို နိုင်ငံပေါင်း (၄၀) ကျော်ပါဝင်၍ BMZ ၊ UNIDO ITPO နှင့် German SME Association တို့ပူးပေါင်းမှုဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကိုယ်တိုင်တက်ရောက်နိုင်ခြင်း မရှိသူများက Virtual စနစ်ဖြင့်ပါဝင်ခဲ့ကြသည်။ တက်ရောက်ခဲ့သူများအနက် ၆၀ရာခိုင်နှုန်းခန့်မှာ ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်ကြပြီး ၄၀ရာခိုင်နှုန်းမှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ ဖြစ်ကြပါသည်။

IME အတွက် ဝင်ခွင့်လက်မှတ်ဈေးနှုန်းများမှာ ၃၀.၃.၂၀၂၂ ရက်နေ့အထိ ယူရို (၃၅၀)၊ ၃၀.၆.၂၀၂၂ ရက်နေ့အထိ ယူရို (၅၅၀) နှင့် ယင်းကာလနောက်ပိုင်း ဝယ်ယူမှုများအတွက် ယူရို(၆၅၀) တို့ဖြစ်ပါသည်။ ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် လာရောက်သူများအတွက် တစ်ဦးထက်ပိုပါက ဈေးနှုန်းများကို သတ်မှတ်ကာလများအလိုက် အမျိုးမျိုးသတ်မှတ်ရယူနိုင်ပါသည်။ နိုင်ငံ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းအနေဖြင့် ပြခန်းနေရာကို Package အလိုက်ရယူ၍ ပြသနိုင်ပြီး အနည်းဆုံး $6m^2$(ယူရို ၁၃၇၅၀) ပြခန်းကို ရယူနိုင်ပါသည်။ ဆွေးနွေးပွဲ၊ ဖိုရမ်များတွင် ၁၅မိနစ်စာ Presentation တွင် အများဆုံးစီမံကိန်း(၂) ခုတင်ပြနိုင်ပြီး Presentation တစ်ခုစာအတွက် ယူရို(၄၉၀၀) ကျသင့်ပါမည်။ Exhibitor registration ကို ၂၀.၇.၂၀၂၂ရက်နေ့ နောက်ဆုံးထား ပြုလုပ်နိုင်ပြီး Pre Matchm–aking များ ကြိုတင်စီစဉ်လိုသည့် Exhibitor များ အနေဖြင့် ၃၀.၃.၂၀၂၂ တွင် နောက်ဆုံးထားပြုလုပ်နိုင်ပါသည်။ Exhibitor ပြခန်းများတွင် Exhibitor နှင့်အတူ Co–Exhibitor များအနေဖြင့်ပါဝင်ပြသနိုင်ပြီး သတ်မှတ်နှုန်းထားများ ပေးသွင်းရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်း၊ စီမံကိန်းများကို IME ရှိ ကြော်ငြာပုံစံအမျိုးမျိုးတို့တွင် (Exhibition Catalogue, Exhibition Bag, Web and Newsletters advertising, Brochure holder စသည်) သတ်မှတ်နှုန်းထားများအလိုက် ပါဝင်ကြော်ငြာထည့်သွင်းနိုင်ပါသည်။ IME အသေးစိတ်အချက်အလက်များကို www.ime–europe.eu တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

IME သည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်သူ(project owners) များနှင့် နိုင်ငံတစ်ကာရင်းနှီးမြှုပ်နှံသူများအကြား အဓိကဆွေးနွေးဖလှယ်သည့် ထိရောက်အကျိုးရှိသော ပလက်ဖောင်းတစ်ခုဖြစ်ပြီး IME ဘက်မှလည်း မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရန် မြန်မာသံရုံးသို့ အကြောင်းကြားဖိတ်ကြားလာပါသည်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် ပါဝင်တက်ရောက်နိုင်မည်ဆိုပါက လိုအပ်သည်များဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ရေးသား တင်ပြလိုက်ရပါသည်။

Source: www.ime–europe.eu
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

MISDOP

## ဂျာမနီနိုင်ငံ၏ ၂၀၂၁ ခုနှစ် စာရင်းအင်းအချက်အလက်များ ထုတ်ပြန်ခြင်း

ဂျာမနီနိုင်ငံ၏ ၂၀၂၁ ခုနှစ် ဂျီဒီပီ (Gross Domestic Product–GDP)တိုးတက်မှုနှုန်းနှင့် ကဏ္ဍအလိုက်စီးပွားရေးစာရင်းအင်း အချက်အလက်များကို Federal Statistical Office မှ ဥက္ကဋ္ဌ Dr.Georg Thiel နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးခြင်းကို ၁၄.၁.၂၀၂၀ရက်နေ့တွင် Webinar Online Expert discussion အစည်းအဝေးကျင်းပ၍ ပြုလုပ်ခဲ့ရာ စီးပွားရေးသံမှူးတက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ပြည်တွင်းထုတ်ကုန်၊ National Accounts နှင့် ဈေးနှုန်းဆိုင်ရာများ၊ National Income နှင့် ကဏ္ဍအလိုက်စာရင်းအင်းအချက်အလက်များ၊ အလုပ်အကိုင်ရရှိမှုစသည်တို့ကို အသီးသီး ရှင်းလင်းဆွေးနွေးကြပါသည်။

ဂျာမနီနိုင်ငံ၏ ဂျီဒီပီသည် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ခုနှစ်ထက် ၂.၇ ရာခိုင်နှုန်း ပိုမိုတိုးတက်မှုရရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါမဖြစ်ပွားခင် ၂၀၁၉ခုနှစ်ထက် ၂ ရာခိုင်နှုန်း လျော့နည်းလျက်ရှိနေသေးကြောင်း၊ Inflation rate မှာ ၅.၂ရာခိုင်နှုန်းရှိပြီး ၂၀၂၁ ခုနှစ်အတွင်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် ပြန်လည်တိုးတက်မှုများရှိလာပြီး ကပ်ရောဂါကာလ ကန့်သတ်မှုများကြောင့် ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်မှု၊ စားသောက်ကုန် ဝန်ဆောင်မှုစသည်တို့တွင် တိုးတက်မှုနှေးကွေးနေသေးကြောင်း၊ ၂၀၂၀ခုနှစ်အတွင်း ကျဆင်းခဲ့သော public services၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း ပြန်လည်ကုစားနိုင်မှုများရှိခဲ့ပြီး ဆောက်လုပ်ရေး၊ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍများမှာ ကပ်ရောဂါကာလအတွင်း မကျဆင်းစေရန် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ ၂၀၂၁ခုနှစ်အတွင်း အစိုးရ၏ final consumption expenditure မှာ ၃.၄ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး အထွေထွေအစိုးရ ဘတ်ဂျက်တစ်ခုလုံးအနေနှင့် Financial Deficit ယူရို ၁၅၃.၉ ဘီလီယံ ရှိနေကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် ကိုဗစ်ကပ်ရောဂါစစ်ဆေးမှု rapid antigen tests များ၊ ကာကွယ်ဆေးများနှင့် ရောဂါစစ်ဆေးမှုစင်တာများအတွက် များစွာပံ့ပိုးမှုများပြုလုပ်ပေးခဲ့ရခြင်းကြောင့် ဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန် ယူရို ၁၆၈၅.၄ ဘီလီယံနှင့် သွင်းကုန် ယူရို ၁၄၈၁.၂ ဘီလီယံတို့ရရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို ၂၀၄.၂ ဘီလီယံရရှိခဲ့ကာ ၂၀၂၀ ခုနှစ်ကထက် ၉.၄ ရာခိုင်နှုန်းနှင့် ၈.၆ရာခိုင်နှုန်းအသီးသီး တိုးတက်မှုရရှိခဲ့ကြောင်း၊ ၂၀၂၀ခုနှစ် ကပ်ရောဂါကာလ ကုန်သွယ်မှုကဏ္ဍတွင် ကျဆင်းမှုများရှိခဲ့သည့်အခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။

Federal Statistical Office မှ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ Federal Association of Wholesale, Foreign Trade and Services (BGA)မှ ဥက္ကဋ္ဌဖြစ်သူ Dr. Dirk Jandura က

ဂျာမနီနိုင်ငံ၏စီးပွားရေးသည် ပြန်လည်ဦးမော့လာနိုင်သော်လည်း မျှော်လင့်ထားသည့်အခြေအနေကို ပြန်လည်ရောက်ရှိရန် လိုအပ်နေသေးကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုအပြင် ဖွဲ့စည်းတည်ဆောက်မှုပုံစံအပြောင်းအလဲများ၊ ကျွမ်းကျင်လုပ်သားပြတ်လပ်မှု၊ စွမ်းအင်ဈေးနှုန်းများ မြင့်တက်မှု၊ ကမ္ဘာ့ဈေးကွက်တွင် supply chains ပုံစံ ကသောင်းကနင်း ဖြစ်မှုစသည်တို့ကြောင့်လည်း စီးပွားရေးတိုးတက်မှုအပေါ် ရိုက်ခတ်သက်ရောက်စေခြင်းလည်းဖြစ်ကြောင်း၊ ဖက်ဒရယ် အစိုးရသစ်အနေဖြင့် အဓိကကိုင်တွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိနေပြီး စီးပွားရေးလုပ်ငန်းများနှင့် ကောင်းစွာပူးပေါင်းဆွေးနွေးသွားရန် လိုအပ်ကြောင်း၊ ဂျာမန်ကုမ္ပဏီများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားရန်လိုအပ်ပြီး ယှဉ်ပြိုင်နိုင်မှုရှိသော စီးပွားရေးအခြေအနေတစ်ရပ်ရှိမှသာ ရေရှည်တွင် အစိုးရအသုံးစရိတ်မြင့်တက်နေမှုနှင့် မိမိတို့လူမှုကွန်ယက် ချိတ်ဆက်ဆောင်ရွက်မှုများကို ဘဏ္ဍာရေးအထောက်အပံ့များပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Sources:

https://www.destatis.de/EN/Press/2022/01/PE22_020_811.html

https://www.bga.de/

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

.......................................................................................

## ကုန်စည်ပြပွဲကျင်းပချိန်များပြောင်းလဲမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကန့်သတ်မှုအခြေအနေ (ဂျာမနီ)

ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အိုမီခရွန်တွေ့ရှိမှုနှင့်ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်းကြောင့် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလအတွင်းကျင်းပမည့် ကုန်စည်ပြပွဲများ ရွှေ့ဆိုင်းခြင်း ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်ထားပါသည်။ ဖေဖော်ဝါရီလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ဘာလင်မြို့တွင်ကျင်းပမည့် Fruit Logistica ပြပွဲကို ဧပြီလ ၅ရက်မှ၇ရက်နေ့သို့ ရွှေ့ပြောင်းကျင်းပမည်ဖြစ်ပြီး Registration ပြုလုပ်ပြီးသူများအနေဖြင့် Free Cancellation ကို ဇန်နဝါရီလ(၂၈)ရက်နေ့နောက်ဆုံးထားပြုလုပ်နိုင်ပြီး ဆက်လက်ပါဝင်ပြသလိုသူများက ဧပြီလတွင် ပါဝင်ပြသနိုင်မည်ဖြစ်ပါသည်။

နူရင်ဘတ်မြို့တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည့် Biofach Organic ပြပွဲကို ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ ပြောင်းလဲကျင်းပမည်ဖြစ်ပါသည်။ ပြပွဲကို ယခင်ကဲ့သို့ ကိုယ်တိုင်လာရောက်ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

ဖရန့်ဖတ်မြို့တွင် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပမည့် Ambienete ပြပွဲကိုမူ Messe Frankfurt က ဖျက်သိမ်းခဲ့ပြီး ၂၀၂၃ ခုနှစ်အတွက် ကျင်းပမည့်ရက်ကို ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။ ပြပွဲတွင် ပြခန်းငှားရမ်းခများ ပေးသွင်းထားမှုများနှင့် ပြပွဲလက်မှတ်ဝယ်ယူထားမှုများအား ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

ဂျာမနီနိုင်ငံတွင် ၁၈.၁.၂၀၂၂ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်မှုမှာ (၁၁၈၁၀၅) ဦးဖြစ်ပြီး စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်မှုမှာ (၈၁၄၀၄၄၆) ဦးဖြစ်ပြီး သေဆုံးမှုမှာ (၁၁၆၆၁၀) ဦးနှင့် ပြန်လည်သက်သာလာသူ (၇၀၉၈၄၀၀) ဦးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ဂျာမန် ညွန့်ပေါင်းအစိုးရသစ်သည် ရွေးကောက်ပွဲကတိကဝတ်များကြောင့် စီးပွားရေးထိခိုက်မှုကို အတတ်နိုင်ဆုံးရှောင်ကြဉ်နိုင်ရန် အိမ်နီးချင်း နယ်သာလန်၊သြစတြီးယား၊ပြင်သစ်အစရှိသော နိုင်ငံများကဲ့သို့ ဈေးဆိုင်များပိတ်သိမ်းရသည့်ကန့်သတ်ချက် (Total lockdown) ကို ရှောင်ရှားလျှက်ရှိပြီး ပြည်သူများအား ကာကွယ်ဆေး တတိယအကြိမ်ထိုးခြင်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်များသို့ ဝင်ရောက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါ စားသောက်ဆိုင်၊ Departmental Store များသို့ ဝင်ရောက်ရာတွင် ကိုဗစ်ကာကွယ်ဆေး (၃) ကြိမ်ထိုးပြီးမှသာ ဝင်ရောက်ခွင့် (2G plan rule) ကို ကျင့်သုံးလျှက်ရှိပြီး ဖေဖော်ဝါရီလခန့်တွင် ကာကွယ်ဆေးမထိုးမနေရ ဥပဒေသတ်မှတ်နိုင်ရန် လွှတ်တော်အတွင်း ဆွေးနွေးမှုများကို စတင်ပြုလုပ်လျှက်ရှိပါသည်။

Sources:

https://www.fruitlogistica.com/de/

https://www.biofach.de/en/info/biofach-2022

https://ambiente.messefrankfurt.com/frankfurt/de.html

https://www.worldometers.info/coronavirus/country/germany/

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

..................................................................................................................

## ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ

### ကုန်ပစ္စည်းတင်လေယာဉ်များ ပြေးဆွဲမှု လျော့ချခြင်းဖြင့် ကုန်ပစ္စည်းများ ပြတ်လပ်နိုင်ပြီး ဈေးနှုန်းများမြင့်တက်လာနိုင်ကြောင်း (ဟောင်ကောင်ဒေသ)

ဟောင်ကောင်ဒေသ၌ လေယာဉ်ဝန်ထမ်း (၂) ဦးမှ စတင်၍ အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ် ဒေသအတွင်း၌ ကူးစက်ပျံ့နှံ့မှုများ ရှိလာသဖြင့် လေယာဉ်ဝန်ထမ်းများအား ကိုဗစ်-၁၉ ထိန်းချုပ်မှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုရေး (Quarantine) ကန့်သတ်ချက်များ တင်းကြပ်ဆောင်ရွက်ခြင်းဖြင့် ကုန်တင်လေယာဉ်များ ပြေးဆွဲမှုလျော့နည်းနိုင်ပြီး ကုန်ပစ္စည်းများ ပြတ်လပ်နိုင်သွားနိုင်ကာ ကုန်ဈေးနှုန်း မြင့်တက်လာနိုင်ကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor က ပြောကြားထားကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Products Shortages and price increases on the cards amidst reduction in cargo flights" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသ၏ တင်းကြပ်သော ကိုဗစ်-၁၉ ကူးစက်မှုနှုန်း သုညမူဝါဒအရ ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်ရေးဆိုင်ရာ တင်းကြပ်မှုများကြောင့် ဟောင်ကောင်ဒေသလေကြောင်းလိုင်းအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်က လေယာဉ်ဝန်ထမ်းများ၏ Quarantine နေထိုင်ခဲ့ရသည့် အချိန်စုစုပေါင်းမှာ နှစ်ပေါင်း (၂၀၀) ကျော်နှင့် ညီမျှသည့် ရက်ပေါင်း (၇၃,၀၀၀) ခန့် နေထိုင်ခဲ့ရကြောင်း၊ Cathay Pacific လေကြောင်းလိုင်းမှ လေယာဉ်ဝန်ထမ်း (၂) ဦးအနေဖြင့် နေအိမ်များ၌ စောင့်ကြပ်ကြည့်ရှုနေထိုင်ရန် စည်းကမ်းများအား ချိုးဖောက်ခဲ့ကာ ဟောင်ကောင်ဒေသတွင်း၌ အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားစေရန် အစပြုခဲ့သောကြောင့် လေကြောင်းလိုင်းအနေဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း၊ လေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်ဝန်ထမ်းများ ဟောင်ကောင်ဒေသသို့ ပြန်လည်ဝင်ရောက်လာရာတွင် ဟိုတယ်များ၌ Quarantine နေထိုင်ရန် ကင်းလွတ်ခွင့်ရရှိရန် လေကြောင်းလိုင်းမှ ဥပဒေအရ လိုက်နာစီစဉ်ဆောင်ရွက်မှုများအပေါ် ဟောင်ကောင်ဒေသမှ တာဝန်ရှိသူများမှ စောင့်ကြည့်လျက်ရှိကြောင်း၊ ကုန်တင်လေယာဉ်ဝန်ထမ်းများမှ နေအိမ်များ၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုနေထိုင်ရေး စည်းကမ်းချိုးဖောက်ခဲ့မှုအတွက် လေကြောင်းလိုင်း အနေဖြင့် တာဝန်ယူပေးရန် ဟောင်ကောင်ဒေသမှ တာဝန်ရှိသူများအား ဟောင်ကောင်ဒေသခံများမှ တောင်းဆိုမှုများကြောင့် ဟောင်ကောင်ဒေသ၏ လေကြောင်းလိုင်းလုပ်ငန်းကို ထိခိုက်နိုင်ကြောင်း၊ လတ်ဆတ်သော

အစားအစာများ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးများ တင်သွင်းလျက်ရှိသည့် ကုန်တင်လေယာဉ်များ အရေအတွက် လျော့နည်းလာလျှင် ဟောင်ကောင်ဒေသ၌ နေထိုင်သူအားလုံးအပေါ် ရိုက်ခတ်ခံရနိုင်ကြောင်း၊ သို့ဖြစ်ရာ မကြာမီစျေးဆိုင်များ၌ ကုန်ပစ္စည်းများ ပြတ်လပ်သွားနိုင်ပြီး ကုန်စျေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs.Carrie Lam Cheng Yuet-ngor က သတိပေး ပြောကြားထားကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..................................................................

## ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများ၏ ဆုံးရှုံးနိုင်မှုများအပေါ် ကုန်တိုက်များနှင့် ကုန်ပစ္စည်းပို့ဆောင်သည့် လုပ်ငန်းများအနေဖြင့် အကျိုးအမြတ်များ ရရှိလာနိုင်ခြင်း

ဟောင်ကောင်ဒေသ၌ အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ် ဒေသတွင်း၌ ကူးစက်ပျံ့နှံ့မှုများရှိလာသဖြင့် စားသောက်ဆိုင်များနှင့် အဖျော်ယမကာ ရောင်းချသောဆိုင်များအား ၇-၁-၂၀၂၁ ရက်နေ့ မှ ၂၀-၁-၂၀၂၁ ရက်နေ့အထိအား ညနေ (၆:၀၀) နာရီအထိသာ ဖွင့်လှစ်ရောင်းချရန် လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင် လုပ်ငန်းများအား ပြင်းထန်စွာ အဓိက ရိုက်ခတ်နိုင်ကြောင်း၊ သို့သော် ဝယ်ယူသူများအား ဆွဲဆောင်နိုင်ရန် အကျိုးခံစားခွင့်အနေဖြင့် စျေးနှုန်းများ လျှော့ချရောင်းချခြင်းနှင့် အစားအစာများအား ဆိုင်ပြင်ပသို့ ဝယ်ယူ၍ စားသုံးနိုင်ခြင်း အစရှိသည်တို့ဖြင့် စားသောက်ကုန်ပစ္စည်းများ ပို့ဆောင်သည့် Foodpanda နှင့် Deliveroo ကဲ့သို့သော လုပ်ငန်းများနှင့် စျေးဝယ်စင်တာ၊ ကုန်တိုက်များအနေဖြင့် အခွင့်အလမ်းများနှင့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Hong Kong social distancing: malls, delivery platforms seek to turn restaurants, loss into their gain” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်များ၏ ဝင်ငွေ (၈၀) ရာခိုင်နှုန်းမှာ ညနေ (၆) နာရီနောက်ပိုင်း ရောင်းချခြင်းမှ ရရှိခြင်းဖြစ်ကြောင်း၊ အချို့သော ရေခဲမုန့် အစရှိသည့် မုန့်အချိုပွဲ ရောင်းချသည့် ဆိုင်များအတွက် အများဆုံး ရောင်းချရသည့် အချိန်မှာ ည (၁၀:၀၀) နာရီ

နောက်ပိုင်းမှသာဖြစ်ကြောင်း၊ ချက်ချင်းစားသုံးရန် လိုအပ်သည့် ရေခဲမုန့်ကဲ့သို့သော အစားအစာအား အိမ်တိုင်ရာ ရောက်ပို့ဆောင်ပေးသည့် အွန်လိုင်းမှရောင်းချခြင်းစနစ် ပြောင်းလဲအသုံးပြုလျှင် အဆိုပါ ရေခဲမုန့်ဆိုင်များ အနေဖြင့် ပေါင်မုန့်နှင့် အဖျော်ယမကာများအား ပြောင်းလဲရောင်းချရမည် ဖြစ်ကြောင်း၊ လူကြိုက်များသော စားသောက်ဆိုင်များ၌ ညနေ(၇:၄၅) နာရီကျော်အထိ ဝယ်ယူသူ (၅၀) ဦး ကျော်ခန့်သည် အစားအစာများအား ဆိုင်ပြင်ပသို့ဝယ်ယူ၍ စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင် ပြင်ပ၌တန်းစီ၍ စောင့်ဆိုင်းခဲ့ကြကြောင်း၊ ညနေ (၆) နာရီနောက်ပိုင်း စားသောက် ဆိုင်များ ရောင်းချခွင့်မပြုသည့် နောက်ဆုံးကန့်သတ်ချက်မှာ အဆင်ပြေမှုမရှိကြောင်း၊ အချို့သော သူများမှာ ညစာအတွက် ဆိုင်မှဝယ်ယူ၍ အနီးအနားရှိပန်းခြံများတွင် စားသုံးကြကြောင်း ရေးသား ဖော်ပြထားပါသည်။

စားသောက်ကုန်များ ဖြန့်ဖြူးပို့ဆောင်ပေးသည့် Deliveroo အနေဖြင့် စားသောက်ဆိုင်များ အတွက်မကြာမီက နောက်ဆုံးအခြေအနေထုတ်ပြန်ထားသော ကမ္ဘာ့ကပ်ရောဂါ ကန့်သတ်ထိန်းချုပ် ကန့်သတ်ချက်များ၏ ရိုက်ခတ်မှုများ လျော့နည်းသက်သာစေရန် စားသောက်ဆိုင်များနှင့် ပို၍ ပူးပေါင်းချိတ်ဆက်ပြီး တစ်ချိန်တည်းမှာပင် အမှာစာများပိုမိုရရှိရန် ကြိုးစားဆောက်ရွက် သွားမည် ဖြစ်ကြောင်း၊ Deliveroo ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိ အချို့သော စားသောက်ဆိုင် (၁၀,၀၀၀) ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၁,၀၀၀) ဦး ကျော်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၏ စားသောက်ကုန်ပစ္စည်းများ အဓိက ဖြန့်ဖြူးပေးသည့် Foodpanda သည် အမှာစာ (၄၀) ရာခိုင်နှုန်းခန့် ရရှိပြီး Pandapro ၌ အသင်းဝင်ထားသူများအတွက် အကန့်အသတ်မရှိ အခမဲ့ ပေးပို့ပေးကြောင်းနှင့် စားသုံးသူများအား ပိုမိုဝယ်ယူလာနိုင်သည့် ဝန်ဆောင်မှုတစ်ခုလည်းဖြစ် ကြောင်း၊ Foodpanda ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိ အချို့သော စားသောက်ဆိုင် (၁၂,၀၀၀) ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၀,၀၀၀) ဦး ကျော်ရှိကြောင်း၊ ယခု နောက်ဆုံးအခြေအနေ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုမှာ ဈေးဝယ်စင်တာများ နှင့် လက်လီအရောင်းဆိုင်များအပေါ် ကြီးမားစွာသက်ရောက်မှု မရှိနိုင်ကြောင်း၊ ဟောင်ကောင် ဒေသခံများ ညနေ (၆) နာရီနောက်ပိုင်း၌ စားသောက်ဆိုင်များ၌ စားသုံးခြင်းအစား ကုန်တိုက်များ၌ ဈေးဝယ်အောင် ဆွဲဆောင်နိုင်ရန် ဟောင်ကောင်ဒေသ၏ အကြီးမားဆုံး အိမ်ခြံမြေ လုပ်ငန်းဖြစ်သည့် Sun Hung Kai properties (SHKP) သည် ၎င်း၏ကုန်တိုက် (၄) ခု၌ ညနေ (၆) နာရီနောက်ပိုင်း ဝယ်ယူသူများအတွက် အထူးအရောင်းမြှင့်တင်မှု အစီအစဉ်များစတင် ဆောင်ရွက်ခဲ့ကြောင်း၊ North Point ရှိ Harbour Nort Mall ၌ သတ်မှတ်ထားသော ရောင်းချသူများနှင့် စားသောက်ဆိုင်များ၌

SHKP အသင်းဝင်များ အနေဖြင့် ၎င်းတို့၏ အသင်းဝင်ရမှတ်များဖြင့် ဟောင်ကောင်ဒေါ်လာ (၃၀၀) (အမေရိကန်ဒေါ်လာအားဖြင့် ၃၈ ဒေါ်လာ) ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ Tsuen Wan ရှိ Tsuen Kam Centre နှင့် Grand City Plaza တို့၌ Club member များအနေဖြင့် ညနေ (၆) နာရီ နောက်ပိုင်းတွင် Reward Points နှစ်ဆ ရရှိနိုင်ခြင်းနှင့် အီလက်ထရောနစ် ကူပွန်အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၅၀၀) ရရှိနိုင်ကြောင်း၊ Causeway Bay ရှိ Windsor House (သို့မဟုတ်) The One or Silvercord Shopping တို့၌ ညနေ(၆) နာရီနောက်ပိုင်း အစားအစာများအား ဆိုင်ပြင်ပသို့ သယ်ယူစားသုံးရန် အနည်းဆုံး ဟောင်ကောင်ဒေါ်လာ (၂၀၀) ဝယ်ယူသူများအတွက် ဟောင်ကောင်ဒေါ်လာ (၁၅၀) တန်ဖိုးရှိသော ကူပွန်ပြန်လည်ရရှိမည် ဖြစ်ကြောင်း၊ ကုန်တိုက်များအနေဖြင့် ဒေသအစိုးရ၏ ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်နိုင်ရန် ကိုဗစ်-၁၉ ကန့်သတ် ထိန်းချုပ်မှုအစီအမံများကို ပံ့ပိုးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အစားအစာများအားဝယ်ယူ၍ ၎င်းတို့၏နေအိမ်များ၌ စားသုံးကြရန် စားသုံးသူများအား တိုက်တွန်းအားပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု မကြာမီ ပြီးဆုံးရန် မျှော်လင့်ထားကြောင်း၊ Sino Group Mall (၆) ခုဖြစ်သည့် Tmtplaza၊ Olympic City၊ Citywalk၊ China Hong Kong City၊ Gold Coast Piazza နှင့် Tsim Sha Tsui Centre တို့ရှိ စားသောက်ဆိုင်များမှ ညနေ (၆) နာရီနောက်ပိုင်း အစားအစာများအား ဆိုင်ပြင်ပ၌ စားသုံးရန် အနည်းဆုံး ဟောင်ကောင် ဒေါ်လာ (၂၀၀) ဝယ်ယူလျှင် ဈေးဝယ်ကူပွန် ဟောင်ကောင်ဒေါ်လာ (၂၀) ပံ့ပိုးပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

...........................................................................

**ဟောင်ကောင်ဒေသအစိုးရမှ ပံ့ပိုးမည့် ဟောင်ကောင်ဒေါ်လာ(၂.၃) ဘီလီယံမှာ လုံလောက်မှု မရှိကြောင်း အသင်းအဖွဲ့များက ပြောကြားခဲ့ကြောင်း**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရန် ကန့်သတ် တင်းကြပ်ခဲ့မှုကြောင့် ပြင်းထန်စွာ ရိုက်ခတ်မှုခံရသည့် စီးပွားရေးလုပ်ငန်းများသက်သာခွင့် ရရှိစေရန် ဒေသအစိုးရမှ ပံ့ပိုးမည့် ဟောင်ကောင်ဒေါ်လာ (၂.၃) ဘီလီယံမှာ လုံလောက်မှုမရှိဟု အသင်းအဖွဲ့များက ပြောကြားခဲ့ကြောင်း၊ အလုပ်သမား (၇၀၀,၀၀၀) ဦးခန့်မှာ အလုပ်အကိုင်ရရှိရန် အခက်အခဲ ဖြစ်ပွားလျက်ရှိ

MIS DOP

သောကြောင့် အနည်းဆုံး ဟောင်ကောင်ဒေါ်လာ (၆.၃) ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း၊ အိုမီခရွန် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ဇူလုပ်ဘာအသစ်တွင် အဖျော်ယမကာဆိုင်များ၊ အားကစားခန်းမ များ၊ အလှပြင်ခန်းမများ၊ ရုပ်ရှင်ရုံများ ပါဝင်သည့် လုပ်ငန်းအမျိုးအစား (၁၅) မျိုးမှာ ရက်သတ္တပတ် (၂) ပတ်ကြာ ပိတ်သိမ်းခဲ့ရကြောင်း၊ စားသောက်ဆိုင်များ၏ ရောင်းချမှုကိုလည်း ညနေ (၆:၀၀) နာရီ တွင် ရပ်တန့်ရ မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Rachel Yeo နှင့် Tiffany Liang တို့က “Government relief figure is HK$ 2.3 b short, union say” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ယခင် ၂၀၂၀ ပြည့်နှစ်က ထောက်ပံ့ခဲ့သည့် ပမာဏနှင့် တူညီစွာ အလုပ်လက်မဲ့ တစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ (၉,၀၀၀ ) ဒေါ်လာနှုန်းဖြင့် ထောက်ပံ့မည် ဆိုပါက အလုပ်လက်မဲ့ (၇၀၀,၀၀၀) ဦးအတွက် ဟောင်ကောင်ဒေါ်လာ (၆.၃) ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများ ယာယီပိတ်သိမ်းထားရခြင်းဖြင့် (၁၄) ရက်အတွင်း ကုန်ကျစရိတ် ဟောင်ကောင်ဒေါ်လာ (၁.၄) ဘီလီယံ ရှိနိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများအပေါ် ဒေသအစိုးရမှ ပံ့ပိုးပေးခဲ့ရာ ယခုအကြိမ်မှာ ပဉ္စမ အကြိမ်မြောက် ပံ့ပိုးမှုဖြစ်သည်ဟု ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor ကပြောကြားခဲ့ကြောင်း၊ အလုပ်သမားများအနေဖြင့် ဒေသအစိုးရ၏ ပံ့ပိုးမှုအား အလုပ်ရှင်မှတစ်ဆင့် လျှောက်ထားရန် မလိုအပ်ဘဲ တိုက်ရိုက်လျှောက်ထားခွင့် ရရှိရန် မျှော်လင့်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ ဖြစ်ပွားလျက်ရှိပြီး ရပ်ဆိုင်းထားသော ဘားနှင့် ကလပ်များအား ဖြစ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် ဒေသအစိုးရအား တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ လုပ်ငန်းများလည်ပတ်မှု ရပ်ဆိုင်းခြင်း၏ ရိုက်ခတ်မှုသည် အလုပ်သမားများသာမက ၎င်းတို့၏ မိသားစုဝင်များပါ ခံစားရလျက်ရှိကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်းမှ ယာဉ်မောင်းများနှင့် ပို့ဆောင်ရေးလုပ်ငန်းရှိ ဝန်ထမ်းများကိုလည်း ဒေသ အစိုးရ ထောက်ပံ့ငွေ ပံ့ပိုးပေးနိုင်ရန် အကြံပြုပြောကြားထားကြောင်း၊ စားသောက်ကုန်လုပ်ငန်း၏ အကြံပေးမှ ပြောကြားရာတွင်လည်း စားသောက်ဆိုင်များနှင့် ယာယီပိတ်သိမ်းထားသည့် အဆောက် အအုံများမှ အလုပ်သမားများအား ဒေသအစိုးရ ထောက်ပံ့ငွေပံ့ပိုးပေးရန် အကြံပြုပြောကြားထားကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

MISDOP

## ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုအသစ်၏ရိုက်ခတ်မှုမှ လျော့နည်းသက်သာစေရန် ဒေသအစိုးရမှ ပံ့ပိုးသွားရန် စီစဉ်လျက်ရှိကြောင်း

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရန် ကန့်သတ်တင်းကြပ်ခဲ့မှုကြောင့် ပြင်းထန်စွာ ရိုက်ခတ်မှုခံရသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် စားသောက်ဆိုင်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် အဆောက်အအုံများအတွက် သက်သာခွင့်ရရှိစေရန် ဒေသအစိုးရမှ ပဥ္စမအကြိမ်မြောက်သက်သာခွင့် အစီစဉ်ကိုပံ့ပိုးပေးရန် စီစဉ်လျက်ရှိကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ Carine Chow က“Subsidies on way to ease pain from new curbs” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ပြင်းထန်စွာရိုက်ခတ်မှုခံရသည့် စီးပွားရေးလုပ်ငန်းများအတွက် ပဥ္စမအကြိမ် ပံ့ပိုးပေးသည့်အစီအစဉ်အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၄) ဘီလီယံ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ အကယ်၍ အဆိုပါပမာဏမှာလုံလောက်မှုမရှိပါက ရန်ပုံငွေအဆိုပြုလွှာထပ်မံတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှောက်လွှာတင်သွင်းခြင်းများ၊ သတ်မှတ်ချက်နှင့် ပြည့်မီကိုက်ညီသည့်လုပ်ငန်းများအဖြစ် ရွေးချယ်မှုကို ၂၀၂၀ ပြည့်နှစ်က ဟောင်ကောင် ဒေါ်လာ (၆.၄) ဘီလီယံ ပံ့ပိုးပေးခဲ့စဉ်ကဆောင်ရွက်ခဲ့မှုအပေါ် အခြေခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်များအား (၁၈:၀၀)နာရီ နောက်ပိုင်းတွင် ရောင်းချခြင်းမပြုရန် ရက်ပေါင်း (၇၀) ပိတ်ပင်ထားမှုနှင့် အဆောက်အအုံများအား ရက်ပေါင်း (၁၀၀) ခန့် ပိတ်ထားရန် စည်းကမ်းသတ်မှတ်ချက် ထုတ်ပြန်ထားမှုကြောင့် ယခုအကြိမ်ပံ့ပိုးပေးသည့်ပမာဏမှာ ယခင်ပံ့ပိုးပေးမှုနှင့် နှိုင်းယှဉ်လျှင် ပမာဏနည်းပါးလျက်ရှိကြောင်း၊ အဆိုပါနောက်ဆုံးအကြိမ် ကန့်သတ်ချက်အား ၇-၁-၂၀၂၂ ရက်နေ့တွင်ထုတ်ပြန်ခဲ့ကြောင်း၊ မိမိအနေဖြင့်လည်း အဆိုပါ အဆောက်အအုံများအား ကြာရှည်စွာဆက်လက်ပိတ်ထားစေလိုခြင်းမရှိကြောင်း၊ ၇-၁-၂၀၂၂ ရက်နေ့မှ ၂၀-၁-၂၀၂၂ ရက်နေ့အထိ ကာရာအိုကေသီချင်းဆိုခန်းမများ၊ အားကစားလေ့ကျင့်ရေးခန်းမများ၊ အလှပြင်ခန်းမများ၊အနှိပ်ခန်းများ၊ ဂိမ်းကစားသည့်ခန်းမများ၊ ပန်းခြံများ၊ ပြတိုက်များ၊ ဘားများနှင့် ကလပ်များ အစရှိသည်တို့ပါဝင်သည့် နေရာအမျိုးအစား (၁၅) မျိုးအား ပိတ်ထားမည်ဖြစ်ကြောင်း၊ ဒေသအစိုးရမှ ထောက်ပံ့ငွေ ပဥ္စမအကြိမ်ပံ့ပိုးမှုတွင် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုကြောင့် ပြင်းထန်စွာ တိုက်ရိုက်ရိုက်ခတ်မှုခံရသည့်လုပ်ငန်းများနှင့် ပြန်လည်နာလန်မထူနိုင်သည့် ခရီးသွားလုပ်ငန်းအစရှိသည့်လုပ်ငန်းများအနေဖြင့် ရရှိမည်ဖြစ်ကြောင်း၊ အလှပြင်ခန်းမနှင့်အားကစား လေ့ကျင့်ရေးခန်းမများမှ ဟောင်ကောင်အထူးအုပ်ချုပ်

MISDP

ရေးဒေသ၊ အုပ်ချုပ်ရေးမှူးချုပ်၏ ကြေညာချက်ကို ကြိုဆိုလက်ခံခဲ့ကြကြောင်း၊ စားသောက်ဆိုင်များအား (၁၈:၀၀) နာရီ နောက်ပိုင်းတွင် ရောင်းချမှုရပ်တန့်ရမည်ဖြစ်သောကြောင့် စားသောက်ဆိုင်များအား ဟောင်ကောင်ဒေါ်လာ (၁) ဘီလီယံ ပံ့ပိုးပေးသင့်သည်ဟု စားသောက်ကုန်လုပ်ငန်းကဏ္ဍမှ ပြောကြားခဲ့ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်တွင် ချေးငွေပမာဏအား နောက်ပိုင်းမှပြန်လည်ပေးဆပ်ပြီး အတိုးအားအရင်ပေးသွင်းမည့်အစီအစဉ်ကို စတင်ဆောင်ရွက်သင့်ကြောင်း၊ ဒေသအစိုးရမှ သက်သာခွင့်ပေးသည့် အစီအစဉ်ဖြင့် ထောက်ပံ့ငွေများပေးခြင်းထက် စားသောက်ဆိုင်များ၌ ညပိုင်းအချိန်ရောင်းချမှု ပိတ်ပင်ခြင်းအား ပယ်ဖျက်သင့်ခြင်း (သို့မဟုတ်) ရောင်းချရန် နာရီများပိုမိုခွင့်ပြုပေးခြင်းနှင့် ဘားများ၊ ကာရာအိုကေဆိုင်များနှင့် ကလပ်များအား (၁၈:၀၀) နာရီအထိ လုပ်ကိုင်ခွင့်ပြုခြင်းမှာ ပိုမိုထိရောက်နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းအေးဂျင့်တစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ ၁၀,၀၀၀ ပံ့ပိုးပေးသင့်သည်ဟု ဟောင်ကောင်ခရီးသွားလုပ်ငန်းအေဂျင်စီပိုင်ရှင်များအသင်းမှ ပြောကြားထားကြောင်း၊ ဒေသအစိုးရ၏ ပံ့ပိုးမှုအစီအစဉ်မှာ ကုမ္ပဏီများအတွက် နေရာငှားရမ်းခနှင့် ဝန်ထမ်းလစာများအတွက် ပံ့ပိုးကူညီရာရောက်မည်ဖြစ်ကြောင်း ကျန်းမာရေး အားကစားလေ့ကျင့်ရေး လုပ်ငန်းများမှလည်းပြောကြားထားကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## **ဟောင်ကောင်ဒေသမှ ရင်းနှီးမြှုပ်နှံသူများ လန်ဒန်မြို့၌ အိမ်ခြံမြေများ အများအပြားဝယ်ယူလျက်ရှိခြင်း**

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် အတူယှဉ်တွဲ နေထိုင်သွားရမည့်အနေအထား ဖြစ်လျက်ရှိသောကြောင့် အိမ်ခြံမြေဝယ်ယူမှုများ ရုတ်တရက်မြင့်တက်လျက်ရှိပြီး လန်ဒန်မြို့ရှိ အိမ်ခြံမြေများဝယ်ယူသည့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူများအကြားတွင် ဟောင်ကောင်ဒေသမှ ရွှေ့ပြောင်းအခြေချသည့် ရင်းနှီးမြှုပ်နှံသူများကလည်း အများအပြားဝယ်ယူလျက်ရှိကြောင်း၊ လန်ဒန်မြို့ရှိခရိုင်အများစု၌ အိမ်ခြံမြေရောင်းချမှုများ မြင့်တက်လျက်ရှိကြောင်း၊ သို့သော်အလုပ်သမားများ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်း၊ ခရီးသွားလာရန်စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ လွယ်ကူအဆင်ပြေလာခြင်းနှင့် ထိပ်တန်းကျန်းမာရေးဆိုင်ရာ အကြီးအကဲမှ

MIS DOP

အဆိုးဆုံးအခြေအနေကို ကြုံတွေ့ပြီးသည့် အခြေအနေဖြစ်နိုင်သည်ဟူသော သုံးသပ်ချက်အစရှိသည်တို့ကြောင့်ဖြစ်ကြောင်း၊ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် အိမ်ခြံမြေရောင်းဝယ်မှုများမှာ ပျမ်းမျှအားဖြင့် တစ်လလျှင် (၄.၁) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ လန်ဒန်မြို့လယ်ရှိရုံးခန်းများ ရောင်းချမှုမှာလည်း ပျမ်းမျှအားဖြင့် (၂၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အဆိုပါ မြို့လယ်ရှိ ရုံးခန်းများရောင်းချမှု မြင့်တက်လာခြင်းမှာ ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Cheryl Arcibal က“HK investors flock back to prime homes in London” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်း၌ ရင်းနှီးမြှုပ်နှံသူများအနက် British National (Overseas) visa scheme ဖြင့် ဗြိတိန်နိုင်ငံသို့ပြောင်းရွှေ့မည့် ဟောင်ကောင်ဒေသအခြေစိုက် ဝယ်ယူသူများဖြစ်ကြောင်း၊ ပြောင်းရွှေ့မည့်သူများထဲမှ ၃၂၂,၄၀၀ ဦးမှာ လာမည့်(၅)နှစ်အတွင်း ဗြိတိန်၌အိမ်ခြံမြေများ ဝယ်ယူနိုင်သည်ဟု ဗြိတိန်အစိုးရမှ ခန့်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလက စတင်ဆောင်ရွက်ပေးခဲ့သည့် British National (Overseas) visa scheme အား ၂၀၂၁ ခုနှစ်၊ တတိယသုံးလပတ်တွင် ဟောင်ကောင်လူမျိုး (၈၈,၉၀၀) ဦး လျှောက်ထားခဲ့ရာ (၇၆,၁၇၆) ဦးအား အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်မှာ ဟောင်ကောင်ဒေသခံများ ဗြိတိန်နိုင်ငံသား ခံယူနိုင်ရန်လွယ်ကူသည့်လမ်းကြောင်းဖြစ်ပြီး ဟောင်ကောင်ဒေသအတွက် ၂၀၂၁ ခုနှစ်၊ ဇွန်လကပြဋ္ဌာန်းခဲ့သည့် တရုတ်အစိုးရ၏ အမျိုးသားလုံခြုံရေးဥပဒေကို ဗြိတိန်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသမှ ရင်းနှီးမြှုပ်နှံသူများသည် ဗြိတိန်၌အိမ်ခြံမြေဝယ်ယူရန် ပေါင် ၇၀၀,၀၀၀ (ဟောင်ကောင်ဒေါ်လာ ၇.၄ မီလီယံ) မှ ပေါင် ၈၀၀,၀၀၀ အထိ သုံးစွဲလေ့ရှိကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………..

MIS DOP

## ဟောင်ကောင်ဒေသအနေဖြင့် ငွေကြေးကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲပြီးနောက် အမေရိကန်၌ ရင်းနှီးမြှုပ်နှံထားသော တရုတ်ပြည်မကြီးမှ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအား လက်ခံရန် အသင့်အနေအထားတွင်ရှိကြောင်း

ဟောင်ကောင်ဒေသ၌ ငွေကြေးကဏ္ဍဆိုင်ရာစည်းမျဉ်းစည်းကမ်းများပြုပြင်ပြောင်းလဲပြီးနောက် အမေရိကန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီများ ဟောင်ကောင်၌ ရင်းနှီးမြှုပ်နှံမှုအား လက်ခံရန် အသင့်အနေအထားတွင်ရှိကြောင်း၊ မဟာပင်လယ်ကွေ့ဒေသဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော ငွေကြေးကဏ္ဍနှင့် တရုတ်နိုင်ငံဗဟိုဘဏ်၏ ဒစ်ဂျစ်တယ်လ်ငွေကြေးဆောင်ရွက်မှုများဖြင့် ဟောင်ကောင်ဒေသ၏ ငွေကြေးဈေးကွက်ကို တိုးတက်စေရန် ဆွဲဆောင်နိုင်မည်ဟု ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က“ HK ready for US-listed mainland firms after reforms” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသအနေဖြင့် ကိုဗစ်-၁၉ ရောဂါ၏ ပဉ္စမလှိုင်းရိုက်ခတ်လျက်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် စတော့ရှယ်ယာ ဈေးကွက်တွင် ၁၇ ရာခိုင်နှုန်း လျော့ကျခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ပြန်လည်မြင့်တက်လာသောကြောင့် အလားအလာကောင်းများရှိသည်ဟု မျှော်မှန်းထားကြောင်း၊ တရုတ်ပြည်မကြီးမှ ကုမ္ပဏီများမှလည်း အမေရိကန်နိုင်ငံ၏ ငွေကြေးကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ မသေချာမရေရာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသော်လည်း လုပ်ငန်းများတိုးတက်ရန် ရှာဖွေလုပ်ကိုင်လျက်ရှိပြီး နိုင်ငံတကာငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ တရုတ်ကုမ္ပဏီများ၏ ပြည်ပနိုင်ငံဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံထားသော စတော့ရှယ်ယာများပြန်လည်ဝင်ရောက်လာနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကုမ္ပဏီများရင်းနှီးမြှုပ်နှံနိုင်ရန် Hong Kong Exchanges and Clearing (HKEX) မှလည်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့နှင့် ရောင်းဝယ်မှုများလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများအား အနည်းဆုံးဟောင်ကောင်ဒေါ်လာ (၃) ဘီလီယံဖြင့် ဟောင်ကောင်ဒေသ၌ ကုမ္ပဏီ တည်ထောင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါ ခွင့်ပြုသည့်ပမာဏမှာ ဟောင်ကောင်၌ ကုမ္ပဏီတည်ထောင်ရန် ယခင်က ဟောင်ကောင်ဒေါ်လာ (၄၀) ဘီလီယံ သတ်မှတ်ထားရာမှ လျှော့ချပေးခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

MSDOP

ထို့ပြင် HKEX သည် Blank –cheque companies များအား ဟောင်ကောင်၌ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး လုပ်ငန်းအစပျိုးလုပ်ကိုင်နိုင်ရန်အတွက် အခြားသောငွေကြေး ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန်လည်း ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ပြုပြင်ပြောင်းလဲမှုများမှာ ဒေသ၌စတော့ရှယ်ယာလုပ်ငန်းများ ရင်းနှီးမြှုပ်နှံအောင်ဆွဲဆောင်နိုင်ရန် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဟောင်ကောင်ငွေကြေး အာဏာပိုင်အဖွဲ့မှ People's Bank of China ၏ ဒစ်ဂျစ်တယ်လ်ယွမ် / e-yuan စတင် စမ်းသပ်ဆောင်ရွက်မှုမှာလည်း ဟောင်ကောင်ဒေသအတွက်အားတက်ဖွယ်ရာဖြစ်ကြောင်း၊ ထို့ပြင် နောက်ပိုင်းအဆင့်တွင် ဟောင်ကောင်ဒေသမှဘဏ်များပါဝင်ဆောင်ရွက်ရန်နှင့် HKMA ၏ Faster Payment System electronic transfer network ဖြင့် e-yuan wallet ကို အပြည့်အဝ ဆောင်ရွက်ရန်တိုးချဲ့ဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း၊ HKMA မှ လည်း ဒစ်ဂျစ်တယ်လ် ဟောင်ကောင်ဒေါ်လာ (e-HKD) အား စတင်အသုံးပြုနိုင်ရန် စူးစမ်းလုပ်ကိုင်လျက်ရှိကြောင်း၊ မဟာပင်လယ်ကွေ့ဒေသရှိ ကုမ္ပဏီများနှင့် ဒေသခံအစိုးရများအနေဖြင့်လည်း ၎င်းတို့၏စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံငွေရရှိရန် ဟောင်ကောင်ဒေသ၌ Green Bond အစရှိသည်တို့ကို ထုတ်၍ရောင်းချနိုင်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် မဟာပင်လယ်ကွေ့ဒေသ၊ တရုတ်ပြည်မကြီးရှိမြို့ကြီးများနှင့် ကမ္ဘာ့နိုင်ငံများအကြားချိတ်ဆက်ပေးနိုင်ရန် အချက်အချာကျသည့် အနေအထားတွင်ရှိကြောင်း၊ တရုတ်နိုင်ငံဗဟိုအစိုးရနှင့် ကုမ္ပဏီများအနေဖြင့် ဟောင်ကောင်ဒေသ၌ Green Bond အစရှိသည်တို့ကို ထုတ်ရောင်းခြင်းဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများထံမှရင်းနှီးမြှုပ်နှံငွေများရရှိနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

......................................................................................

**ဟောင်ကောင်ဒေသ၏ ငွေကြေးရန်ပုံငွေများ ခွဲဝေပံ့ပိုးမှုမှာ အဓိကအချက်ဖြစ်သည်ဟု ဟောင်ကောင်ဒေသ ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Chan ကပြောကြားခဲ့ကြောင်း**

ဟောင်ကောင်ဒေသ၌ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ပဉ္စမလှိုင်းကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ ဖြစ်ပွားစေနိုင်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ဒေသ၏ငွေကြေးရန်ပုံငွေများကိုခွဲဝေချထားပြီး ပြင်းထန်သောရိုက်ခတ်မှုခံရသည့် စီးပွားရေးလုပ်ငန်းများကို သင့်လျော်သောပံ့ပိုးမှုများ ပေးသွားရန်မှာ အဓိကအချက်ဖြစ်ကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်

ရေးဒေသဘဏ္ဍာရေးအတွင်းဝန်(ဝန်ကြီး) Mr. Paul Chan Mo-po ကပြောကြားထားကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ထုတ် The Standard သတင်းစာ၌ " Resources allocation a focal point, says Chan" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသတွင်း၌ အိုမီခရွန်မိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့်ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုဆိုင်ရာသတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ပြီးနောက် အစားအစာနှင့် အဖျော်ယမကာရောင်းချသော လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ထိခိုက်သောစီးပွားရေးလုပ်ငန်းများအတွက် ဒေသအစိုးရ၏ သက်သာခွင့်ပေးသည့်အစီအစဉ် ထပ်မံပံ့ပိုးပေးရန်တောင်းဆိုခဲ့ပြီးနောက် ဟောင်ကောင်ဒေသ၏ ငွေကြေးရန်ပုံငွေများခွဲဝေပံ့ပိုးမှုမှာ အဓိကအချက်ဖြစ်သည်ဟု Mr. Chan က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရ၏ ၂၀၂၂ ခုနှစ်စီးပွားရေးခန့်မှန်းချက်နှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကျင်းပပြုလုပ်မည့် နှစ်စဉ်ဘဏ္ဍာရေးစီမံချက် ရှင်းလင်းပြောကြားမှုတွင် ထည့်သွင်းပြောကြားနိုင်ရန် မျှော်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသ ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး)အနေဖြင့်ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့်ငွေကြေးကွင်းဆက်တွင် ကြန့်ကြာနေမှုများနှင့် အနောက်နိုင်ငံများမှ ဗဟိုဘဏ်များ၏ ငွေကြေးမူဝါဒဆိုင်ရာပြောင်းလဲမှုများနှင့် ပတ်သက်၍လည်း တာဝန်ယူဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း၊ ထို့ပြင် လောင်စာဆီများနှင့် ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်ခဲ့ခြင်းများကြောင့် စီးပွားရေးကဏ္ဍတွင် မသေချာမရေရာမှုများနှင့် ပတ်သက်၍ဟောင်ကောင်ဒေသ၏ စီးပွားရေးခန့်မှန်းချက်တွင် ထည့်သွင်းပြောကြားရန်လိုအပ်ကြောင်း၊ Morgan Stanley နှင့် Bloomberg တို့မှ စီးပွားရေးပညာရှင်များမှကြိုတင်ခန့်မှန်းချက်တွင် ဟောင်ကောင်ဒေသအနေဖြင့် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသောကြောင့် ဟောင်ကောင်ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကျဆင်းနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၌ အိုမီခရွန်မိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားမီက ဟောင်ကောင်၏လက်လီရောင်းချရမှုမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအထိမြင့်တက်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင်လည်း ဒေသတွင်းစားသုံးမှုမြင့်တက်စေရန် ဒေသအစိုးရမှပံ့ပိုးသည့် Digital retail Voucher Scheme ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ပြန်လည်နာလန်ထူလာကြောင်း၊ ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှု မှာ၂၀၂၁ခုနှစ်၊ နှစ်ဦးပိုင်းနှင့်နှိုင်းယှဉ်လျှင် နိုဝင်ဘာလတွင် (၇.၁) ရာခိုင်နှုန်း(ဟောင်ကောင်ဒေါ်လာအားဖြင့် ၃၀.၇ ဘီလီယံ) မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

## ကမ္ဘာ့ရောင်းအားအကောင်းဆုံးကားကုမ္ပဏီအဖြစ် တိုယိုတာမော်တာမှ ၂ နှစ် ဆက်တိုက်ရပ်တည်

ဂျပန်နိုင်ငံမှ အထင်ကရကားကုမ္ပဏီဖြစ်သည့် တိုယိုတာမော်တာသည် ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး မော်တော်ကားထုတ်လုပ်သူအဖြစ် နံပါတ် ၁ အဆင့်ကို ၂ နှစ်ဆက်တိုက် ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သိရပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ တိုယိုတာမော်တာကုမ္ပဏီခွဲများအနေဖြင့် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မော်တော်ကားစီးရေ ၉.၅ သန်းကျော်ရောင်းချခဲ့ရပြီး ၎င်းပမာဏတွင် တိုယိုတာ၏လက်အောက်ခံ ကုမ္ပဏီများဖြစ်ကြသည့် Daihatsu နှင့် Hino တို့မှ ရောင်းချမှုများလည်း အပါအဝင်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့တွင် တိုယိုတာမော်တာ၏ ရောင်းအားမြင့်တက်ခဲ့ကြောင်းသိရပါသည်။

တိုယိုတာမော်တာပြီးနောက် ဒုတိယမြောက်ရောင်းအားအကောင်းဆုံးမှာ ဂျာမဏီနိုင်ငံမှ Volkswagen ကားကုမ္ပဏီဖြစ်ပြီး ၂၀၂၁ ခုနှစ် တစ်နှစ်တာအတွင်း မော်တော်ကားစီးရေ ၈.၉ သန်းခန့်ရောင်းချခဲ့ရကြောင်း သိရပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန့်ပွားမှုကြောင့် တိုယိုတာမော်တာသည် မော်တော်ကားထုတ်လုပ်မှုဆိုင်ရာ အပိုစက်ပစ္စည်းအစိတ်အပိုင်းများ ပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး နွေရာသီမှဆောင်းဦးရာသီအတွင်း ထုတ်လုပ်မှုများလျှော့ချခဲ့ရသော်လည်း အခြားမော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများထက် ၎င်းအကျပ်အတည်းများကို အနည်းဆုံးဖြစ်စေရန် ကျော်လွှားဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရင်းမြစ်။** https://english.kyodonews.net/news/2022/01/a05620c074b6-toyota-tops-global-auto-sales-    in-2021-for-2nd-year-in-row.htm

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

…………………………………………………………………

## ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအခြေအနေတိုးတက်မှုမျှော်မှန်းချက်အတွက် ရှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရပြောကြား

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု၏ သက်ရောက်မှုမှ ပြန်လည်နာလန်ထူလာသည့် စီးပွားရေးလုပ်ငန်းများ၏ အခြေအနေကောင်းမွန်လာမှုကြောင့် အခွန်ငွေများတိုးတက်လာဖွယ်ရှိသဖြင့် ပြီးခဲ့သည့် ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဂျပန်အစိုးရမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဂျပန်၏ လက်ကျန်ငွေစာရင်းရှင်းတမ်းတွင် သုံးစွဲငွေဖယ်ထုတ်ပြီး အခွန်ငွေများမှာ အခြားအသုံးစရိတ်များတွက် ယန်း ၂၀၀ ဘီလီယံ (အမေရိကန်ဒေါ်လ ၁.၈ ဘီလီယံ) ခန့် ပိုလျှံနေပြီး ကောင်းမွန်သည့်ရလဒ်များဆီသို့ ဦးတည်နေကြောင်း အစိုးရအဖွဲ့၏ နှစ်ဝက်ခန့်မှန်းချက်အရ သိရှိရပါသည်။

လက်ရှိနောက်ဆုံးခန့်မှန်းချက်အရ ကမ္ဘာ့တတိယစီးပွားရေးအင်အားကြီးနိုင်ငံသည် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏လက်ထက်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရန် နှေးကွေးနေခဲ့သည့် ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးခိုင်မာအားကောင်းလာစေရေးရည်မှန်းချက်ကို ဆက်လက်အကောင်ထည်ဖော်ရန် အားနည်းနေဆဲဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ဂျပန်နိုင်ငံသည် သက်ကြီးရွယ်အိုဦးရေ တိုးပွားလာမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန့်ပွားမှုများကြောင့် လူမှုဖူလုံရေးကုန်ကျစရိတ်များကြောင့် ပြည်တွင်းဘဏ္ဍာရေးအခြေအနေ ကြံ့ခိုင်မှုရှိစေရန် ရုန်းကန်ကြိုးပမ်းနေရပါသည်။ သို့သော် နိုင်ငံ၏အသုံးစရိတ်များကို ထိရောက်စွာစနစ်တကျသုံးစွဲမည်ဆိုပါက ၂၀၂၅ ဘဏ္ဍာနှစ်ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရအနေဖြင့်လည်း ၂၀၂၅ ဘဏ္ဍာနှစ်ရည်မှန်းချက်သို့ရောက်ရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လက်ရှိဝန်ကြီးချုပ်ဖူမီယိုခီရှိဒါက ပြောကြားခဲ့ပါသည်။

ကုန်ထုတ်လုပ်ငန်းများနှင့် နည်းပညာဆက်စပ်ကုမ္ပဏီများ၏ စီးပွားရေးအခြေအနေများ ပြန်လည်နာလန်ထူလာချိန် ကော်ပိုရိတ်အခွန်ငွေများ မြင့်တက်လာခြင်းကြောင့် အခွန်ရငွေများ တဖြည်းဖြည်းတိုးတက်လာနိုင်သည်ဟု ခန့်မှန်းသုံးသပ်ကြပါသည်။

MIS DOP

ဧပြီလတွင်စတင်မည့် ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဂျပန်အစိုးရအနေဖြင့် အခွန်ငွေပမာဏ ယန်း ၆၅.၂၄ ထရီလီယံအထိ ရရှိရန် မျှော်မှန်းထားပြီး ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်းမှခန့်မှန်း ချက် ယန်း ၆ ထရီလီယံထက်သာလွန်မည်ဖြစ်ကြောင်း မျှော်လင့်ထားပါသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆယ်စုနှစ် ၂ ခုတာအတွင်း nominal growth ၃ % ဖြင့် တစ်ကြိမ်သာ တိုးတက်ခဲ့သဖြင့် နိုင်ငံအနေဖြင့် ခန့်မှန်းထားသည့်အတိုင်း ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးအခြေအနေကြွံခိုင်မှုအတွက် မျှော်လင့်ရန် အားနည်းနေကြောင်းသုံး သပ်ကြပါသည်။

ဂျပန်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄.၅ % (Real GDP) သို့မဟုတ် ၃.၉ % (Norminal GDP) သို့ ကျဆင်းသွားခဲ့ပြီး ကူးစက်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန် ထပ်ဆောင်း ဘတ်ဂျက်များကို ချမှတ်ဆောင်ရွက်ခဲ့ရသဖြင့် ယန်း ၄၈.၈ ထရီလီယံ ဘဏ္ဍာရေးလိုငွေပြမှုဖြစ်ပေါ် ခဲ့ပါသည်။

လတ်တလော ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် စတင်ပြန့်ပွားကူးစက်နေသည့် အိုမီခရွန်မျိုးကွဲ၏ သက်ရောက်မှုကြောင့် ဂျပန်နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာ သည် မရေရာမှုများရှိနိုင်သည်ဟု ဂျပန်အစိုးရအဖွဲ့ရုံးမှ သတိပေးထားပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/news/2022/01/14/business/japan-fiscal-health-projection/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………

**အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်ပြန့်ပွားမှုမြင့်တက်လာသည့် စီရင်စု ၁၃ ခုအား တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေကြေငြာရန် ဂျပန်အစိုးရစီစဉ်နေ**

ဂျပန်ဝန်ကြီးချုပ် Fumio Kishida သည် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်ပြန့်ပွားမှုမြင့် တက်လာသည့် စီရင်စု ၁၃ ခု (တိုကျို၊ ဆိုင်းတမ၊ ချီးဘား၊ ကာနာဂါဝါ၊ ဂူးမား၊ နီအိဂတ၊ ဂီဖု၊ အအိချိ၊ မိအဲ၊ ကူမာမိုတို၊ မီရာဇာကီ၊ နာဂါစကီနှင့် ကာဂါဝါ) တို့အား တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ

(quasi–emergency status) ကြေငြာထုတ်ပြန်မည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၈ ရက် (အင်္ဂါနေ့ည) တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ယာမာဂူချီ၊ အိုကီနာဝါနှင့် ဟီရိုရှီးမားစီးရင်စုများတွင် ၎င်းတစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ (quasi–emergency status) ထုတ်ပြန်ထားပြီးဖြစ်ရာ ယခုထုတ်ပြန်ရန် ပြင်ဆင်ထားသည့် စီရင်စု ၁၃ ပါဝင်မည်ဆိုပါက စုစုပေါင်း စီရင်စု ၁၆ ခုအထိ တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ ကြေငြာချက်အောက်တွင် အကျုံးဝင်လာမည်ဖြစ်ပါသည်။ အိုဆာကာ၊ ကျိုတိုနှင့် ဟျိုးဂိုးစီရင်စုများတွင်လည်း အလားတူ တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ ထုတ်ပြန်နိုင်ရေး ဇန်နဝါရီလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် မြို့တော်အုပ်ချုပ်ရေးမှူးများမှ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

စီရင်စု ၁၃ ခုအား တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ ထုတ်ပြန်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပမည့်ဂျပန်အစိုးရ၏ COVID–19 ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် တရားဝင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ၎င်း၏ vaccination–testing package အစီအစဉ်အရ COVID–19 ကာကွယ်ဆေးထိုးထားပြီးသူများ (သို့မဟုတ်) COVID–19 စစ်ဆေးရာတွင် ရောဂါပိုးကူးစက်မှုမရှိကြောင်း စစ်ဆေးမှုရလဒ်ရှိသူများအပေါ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် လူမှုရေးလုပ်ငန်းဆောင်ရွက်မှုများ ကန့်သတ်မှုမှ ကင်းလွတ်ခွင့်ပြုထားခြင်းကို ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း၊ သို့သော် ၎င်းကိစ္စရပ်အပေါ်စီရင်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ဆုံးဖြတ်ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ချေရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် Kishida ကပြောကြားခဲ့ပါသည်။

သို့သော် လူဦးရေအားလုံး၏ ၈၀ % နီးပါး ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသော ဂျပန်နိုင်ငံ၏ ပြည်သူပြည်သားများသည် ဗိုင်းရပ်စ်တစ်ဖန်ကူးစက်နေသည့် အနေအထားမှာပင် အပြင်သို့ ထွက်၍ စားသောက်ခြင်းများ၊ ခရီးသွားခြင်းများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းများသည် ဂျပန်အစိုးရ၏ကြိုးပမ်းချက်များအပေါ် အရာမထင် အာနိသင်လျော့ကျစေသကဲ့သို့ ဖြစ်နေပါသည်။

ကာကွယ်ဆေးစမ်းသပ်ခြင်းအစီအစဉ်အရ လူအများအပြား နေအိမ်ပြင်ပထွက်ကာစားသောက်ခြင်းအပေါ် ကန့်သတ်ထားခြင်းများကို အရေးပေါ်အခြေအနေ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေကြေငြာထားသည့် နယ်မြေများတွင် ဖြေလျှော့ပေးခြင်း၊ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်အဝထိုးနှံပြီးသူများ (သို့မဟုတ်) ဗိုင်းရပ်စ်စစ်ဆေးရာတွင် ပိုးကင်းစင်ကြောင်းအဖြေ

MSDP

ရလဒ်သက်သေပြနိုင်သူများကို ဖြေလျှော့ပေးခြင်း၊ လူစုလူဝေးများပြားသည့် ပွဲကြီးများအတွက် တက်ရောက်သူဦးရေးကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

အိုမီခရွန်မိုင်းရပ်စ်မျိုးကွဲသစ်၏ လျင်မြန်စွာပြန့်ပွားမှုကြောင့် ဂျပန်အစိုးရသည် ၎င်း၏မူဝါဒများကို တဖြည်းဖြည်းပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခဲ့ပါသည်။ ဇန်နဝါရီလ ၁၈ ရက် (အင်္ဂါနေ့) တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကူးစက်မှု ၃၀,၀၀၀ ကျော်ဖြင့် စံချိန်တင်ခဲ့ပြီး အိုဆာကာတွင် ကူးစက်မှုပေါင်း ၅,၃၉၆ ခု၊ တိုကျိုတွင် ကူးစက်မှုပေါင်း ၅,၁၈၅ ခု ရှိခဲ့ကြောင်း ထုတ်ပြန်ထားပါသည်။

ဂျပန်နိုင်ငံ၏ အားဖြည့်ကာကွယ်ဆေးထိုးနှံမှုများမှာ အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများအား ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှသာ ၎င်းတို့၏ တတိယအကြိမ် ဆေးထိုးနှံမှုကို စတင်နိုင်ခဲ့ပြီး ကျန်လူဦးရေအများစုမှာ ဆေးထိုးနှံခွင့်ရရှိရေးစောင့်ဆိုင်းဆဲဖြစ်ပါသည်။ ပြည်တွင်း၌ ကူးစက်ပြန့်ပွားမှုများမှာ အရေကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်လာပြီး ဇန်နဝါရီလ ၁၀ ရက်နေ့အထိ အအိချိစီရင်စုမှ COVID-19 ကူးစက်ခံရသူ ၇၄ ဦးတွင် ၆၇ ဦးမှာ ကာကွယ်ဆေးထိုးနှံပြီး ကူးစက်ခံရသူများဖြစ်ကြောင်း၊ သို့ဖြစ်ရာ ကူးစက်ခံရသူအားလုံး၏ ၉၀ % ခန့်မှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူများဖြစ်ကြောင်း Tokai TV မှ ကြေငြာချက်အရသိရပါသည်။

ယခုဂျပန်အစိုးရမှ ထုတ်ပြန်ကြေငြာမည့် တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ (quasi-emergency status) သည် ဇန်နဝါရီလ ၂၁ ရက် (သောကြာနေ့) မှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ အကျုံးဝင်မည်ဖြစ်ကြောင်း၊ သို့သော် စားသောက်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများအပေါ်ချမှတ်မည့်ကန့်သတ်ချက်များမှာ စီရင်စုအနေအထား၊ ကူးစက်ပြန့်ပွားမှုအဆင့်အတန်းနှင့် အခြားအကြောင်းအရာများအပေါ်မူတည်၍ ကွဲပြားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။

လိုအပ်သည့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအစီအမံများနှင့်အညီ ဖွင့်လှစ်နေသည့် စားသောက်ဆိုင်များတွင် ယမကာရောင်းချခြင်းများကို ကန့်သတ်မည်မဟုတ်ကြောင်း၊ သို့သော် ရောင်းချချိန်ကိုလျှော့ချရန် တောင်းဆိုမည်ဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအစီအမံများညီညွတ်မှုမရှိသည့် အခြားစားသောက်ဆိုင်များကို ယမကာရောင်းချခွင့် ရပ်ဆိုင်းစေမည်ဖြစ်ကြောင်းကို ချီးဘားစီရင်စုမှ အုပ်ချုပ်ရေးမှူး Toshihito Kumagai က ပြောကြားခဲ့ပါသည်။

တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ (quasi-emergency status) ထုတ်ပြန်ချိန်အတွင်း စီရင်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိစီရင်စုအတွင်းရှိ စားသောက်ဆိုင်များကို ဖွင့်လှစ်ချိန်လျှော့

ချရန်နှင့် ယမကာရောင်းချခြင်း ရပ်ဆိုင်းရန်တို့ကို တောင်းဆိုနိုင်ပါသည်။ လိုက်နာခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ယန်း ၂၀၀,၀၀၀ မှ အများဆုံးဒဏ်ငွေ ယန်း ၃၀၀,၀၀၀ အထိ ဒဏ်ငွေဆောင်ရမည်ဖြစ်ပါသည်။ ၎င်းစီရင်စုအသီးသီးမှ နေထိုင်ကြသူများအား စီရင်စုတစ်ခုမှတစ်ခုသို့ ကူးလူးသွားလာခွင့်ကိုလည်း ရှောင်ကြဉ်ကြရန် တောင်းဆိုမည်ဖြစ်ပါသည်။

ဇန်နဝါရီလ ၂၁ ရက် (သောကြာနေ့) တွင် ဆိုင်းတမရှိ အားကစားကွင်းတွင် ကျင်းပရန်စီစဉ်ထားသည့် ဂျပန်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့၏ Kirin Cup ဘောလုံးပွဲနှင့် အားကစားပွဲအချို့ကိုလည်း ဖျက်သိမ်းထားပြီးဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/news/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

.........................................................................................................

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအလားအလာနှင့် ခန့်မှန်းချက်များ

### ၂၀၂၁-၂၂ ခုနှစ်အတွင်း မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှု

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကုန်သွယ်မှုအခြေအနေမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၆၅.၆၇၅သန်း တိုးတက်လာခဲ့သော်လည်း နယ်စပ်မှတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉၆၆.၆၃၃သန်း လျော့နည်းခဲ့ကြောင်း တစ်နှစ်လုံးတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတင်ပို့မှုနှင့် တင်သွင်းမှုနှစ်မျိုးစလုံးတွင်လျော့ကျခဲ့ရာ လျော့ကျမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၆၀၀.၉၅၈သန်းခန့်ရှိကြောင်း မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတရားဝင်အချက်အလက်များအရ သိရှိရပါသည်။

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုများအနေနှင့် လက်ရှိတွင် တရုတ်နိုင်ငံ၏ Belt and Road Initiative (BRI) ပဏာမခြေလှမ်းအောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ CMEC အတွက် အစီအစဉ်များကို ဆက်လက်လုပ်ဆောင်ရန် အရေးကြီးသော ဖွံ့ဖြိုးရေးစီမံကိန်းများစွာ၏

လုပ်ငန်းကော်မတီများကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပေကျင်းနှင့် နေပြည်တော်ကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

………………………………………………………..

## ၂၀၂၂ခုနှစ် အတွက် တရုတ်နိုင်ငံ၏စီးပွားရေး အလားအလာနှင့် ခန့်မှန်းချက်များ

**တရုတ်နိုင်ငံ၏စီးပွားရေး–** တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် နှေးကွေးမည်ဟု ခန့်မှန်းရပါကြောင်း ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် အားကောင်းသော ပြန်လည်ဦးမော့လာပြီးနောက်၊ ဒုတိယနှစ်ဝက်တွင် တရုတ်နိုင်ငံ၏စီးပွားရေးလျင်မြန်စွာ အေးခဲသွားကြောင်း ၂၀၂၂ တွင် ၅.၁ ရာခိုင်နှုန်းအထိ လျှော့ချခြင်းမပြုမီ ယခုနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၈.၀ ရာခိုင်နှုန်းသို့ရောက်ရှိရန် မျှော်မှန်းထားကြောင်း နှေးကွေးမှုသည် နိုင်းယှဉ်ရည်ညွှန်းသောကိန်းများ၏ သက်ရောက်မှုများ less-favorable base effects ၊ပို့ကုန်၏ ထောက်ပံ့မှုလျော့နည်းသွားခြင်း diminished support from exports နှင့် အစိုးရ၏ အကြွေးလျှော့ချရေး ဆက်လက်ကြိုးပမ်းမှုများ government's continued deleveraging efforts ကို ထင်ဟပ်စေကြောင်း တိုးတက်မှုနှုန်းသည် လာမည့်နှစ်တွင် နှေးကွေးမည်ဟုခန့်မှန်းထားသော်လည်း အထောက်အကူဖြစ်စေသော ဘဏ္ဍာရေးဆိုင်ရာ ရပ်တည်ချက်ရှိပါက အရှိန်အဟုန်ဖြင့် တက်လာနိုင်မည်ဟု မျှော်လင့်ပါသည်။

**ကိုဗစ်ရောဂါ၏ရိုက်ခတ်မှု** Omicron မျိုးကွဲအသစ်အပါအဝင် ပြည်တွင်း COVID-19 ပျံ့နှံ့မှုအသစ်များသည် စီးပွားရေးလုပ်ဆောင်မှုတွင် ကြီးမားသောအနှောင့်အယှက်များ ဆက်လက်ဖြစ်စေနိုင်သည်။

**အိမ်ခြံမြေကဏ္ဍ** (အာမခံဖြင့် ငွေချေးခွင့်ပြုထားသော) အိမ်ခြံမြေကဏ္ဍတွင် နှစ်ရှည်လများပြင်းထန်စွာကျဆင်းမှုသည် စီးပွားရေးတစ်ခုလုံးကို သိသိသာသာသက်ရောက်မှုရှိနိုင်သည့် အခြားသောအကျိုးဆက်အန္တရာယ်ကို ဖြစ်ပေါ်စေကြောင်း ကာလလတ်တွင် တရုတ်နိုင်ငံသည် အရည်အသွေးမြင့်တိုးတက်မှုသို့ ကူးပြောင်းရန် ရည်မှန်းထားသောကြောင့် ပြန်လည်ချိန်ညှိရန် ခက်ခဲသောလုပ်ရပ်ကို ရင်ဆိုင်နေရကြောင်း ကပ်ရောဂါနှင့် နောက်ဆက်တွဲ ပြန်လည်နာလန်ထူလာမှုသည် ပြည်တွင်းနှင့်ပြည်ပ စီးပွားရေးမညီမျှမှုများကို ပိုမိုဆိုးရွားစေကြောင်း ထို့အပြင် အခြေခံအဆောက်အအုံနှင့် အိမ်ခြံ

မြေရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုးတက်မှုကို မြှင့်တင်သည့် ရိုးရာကစားနည်းစာအုပ်၏ လမ်းစဉ်လည်ပတ်နေပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

**စိန်ခေါ်မှုများ** တရုတ်နိုင်ငံအတွက် အထူးစိန်ခေါ်မှုသုံးရပ်မှာ ထင်ရှားပါကြောင်း ပထမစိန်ခေါ်မှုမှာ ပြင်ပမှပြည်တွင်းဝယ်လိုအားကို ပြန်လည်ထိန်းညှိခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းမှဦးဆောင်သောတိုးတက်မှုမှ စားသုံးမှုနှင့် ဝန်ဆောင်မှုများအပေါ် ပိုမိုမှီခိုအားထားမှုသို့လည်းကောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်ခေါင်းဆောင်မှုနှင့် စည်းမျဉ်းများအပေါ် သိသာထင်ရှားသောအလေးပေးထားရှိခြင်းမှသည် ဈေးကွက်နှင့် ပုဂ္ဂလိကကဏ္ဍများအခန်းကဏ္ဍသို့ ကြီးမားသောကူးပြောင်းခြင်းနှင့် တတိယအချက်မှာ (ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး) ကာဗွန်ထုတ်လုပ်မှုမြင့်မားသော နိုင်ငံအဖြစ်မှ ကာဗွန်ထုတ်လုပ်မှု နိမ့်သောနိုင်ငံအဖြစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။

**မူဝါဒရွေးချယ်မှုများ–**ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ဤပြန်လည် ချိန်ခွင်လျှာညှိမှုတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း အပြန်အလှန် အားဖြည့်ပေးသည့် အောက်ပါမူဝါဒရွေးချယ်မှုများက တရုတ်နိုင်ငံအနေဖြင့် အကောင်းဆုံးအခြေအနေဖြစ်စေရန် အတိုးအလျှော့၊ အပေးအယူပြုလုပ်ရခြင်းများကို လျှော့ပါးစေပြီး အရည်အသွေးမြင့်တိုးတက်မှုဆီသို့ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန် ကူညီပေးနိုင်ပါကြောင်း ပထမဦးစွာ၊ ကော်ပိုရိတ်နှင့် ဘဏ်ဖြေရှင်းမှုမူဘောင်များ corporate and bank resolution frameworks ကို အားကောင်းစေခြင်းသည် အားနည်းသောသို့မဟုတ် ပျက်ကွက်သောလုပ်ငန်းများအတွက် စနစ်ကျသောထွက်ပေါက်ကို လွယ်ကူချောမွေ့စေပြီး ကိုယ်ကျင့်တရား ဆိုင်ရာအန္တရာယ်များကို လျှော့ပါးသက်သာစေမည်ဖြစ်ကြောင်း ချေးငွေရယူမှုတွင် လွဲမှားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ပိုမိုအားကောင်းသော ပုဂ္ဂလိကကဏ္ဍသို့တိုးတက်မှုကို ဦးဆောင်နိုင်ကြောင်း၊ ဒုတိယအချက်မှာ ဈေးကွက်ပြိုင်ဆိုင်မှုတွင် ကျန်ရှိနေသောအတားအဆီးများကို အာရုံပြောင်းခြင်းသည် ဆန်းသစ်တီထွင်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုကို လှုံ့ဆော်ပေးနိုင်ပါကြောင်း၊ အကာအကွယ်ပေးထားသော ဝန်ဆောင်မှုကဏ္ဍကို ထပ်မံဖွင့်လှစ်ခြင်းသည် အရည်အသွေးမြင့်ဝန်ဆောင်မှုများ လက်လှမ်းမီမှုကိုတိုးတက်စေပြီး တန်ဖိုးမြင့်ဝန်ဆောင်မှုအလုပ်များဆီသို့ ပြန်လည်ချိန်ခွင်လျှာညှိမှုကို ပံ့ပိုးပေးနိုင်ပါကြောင်း မြို့ပြဒေသအားလုံးအတွက် hukou ဖျက်သိမ်းခြင်းဖြင့် အလုပ်သမားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များရုတ်သိမ်းခြင်းသည် တရုတ်နိုင်ငံ၏အကြီးဆုံးမြို့ကြီးများရှိ တက်ကြွသောဝန်ဆောင်မှု စီးပွားရေးတိုးတက်မှုကို ညီတူညီမျှပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ တတိယမူဝါဒရွေးချယ်မှုမှာ ပြည်တွင်းစားသုံးမှုဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုဆီသို့ ပြန်လည်ချိန်ခွင်လျှာညီမျှမှုကိုပံ့ပိုးရန် လူမှုဖူလုံရေး ကွန်ယက်များနှင့်

MSDP

ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အသုံးစရိတ်များကို မြှင့်တင်ပေးစဉ်တွင် ပိုမိုတိုးတက်သောအခွန်စနစ်တစ်ခုဖန်တီးရန် ရည်မှန်းနိုင်ပါသည်။

**စွမ်းအင်ကဏ္ဍ** တရုတ်နိုင်ငံ၏ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကာဗွန်ဈေးနှုန်းကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် အစိမ်းရောင်ငွေကြေး ထောက်ပံ့မှုဆိုင်ရာကိရိယာအစုံအလင်ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အစိမ်းရောင်ဆန်းသစ်တီထွင်မှုကို အားပေးနေစဉ်တွင် တရုတ်နိုင်ငံ၏ နိမ့်သောကာဗွန်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန် ကူညီပေးမည်ဖြစ်သောကြောင့် ကာလလတ် တိုးတက်မှုအလားအလာ မြှင့်တင်ပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**ဒစ်ဂျစ်တယ် စီးပွားရေး** Digital Economy တရုတ်နိုင်ငံ၏ဒစ်ဂျစ်တယ်စီးပွားရေးသည် ကမ္ဘာပေါ်တွင် ဒုတိယအဆင့်ဖြင့် ရပ်တည်နေပြီး၊ ဒစ်ဂျစ်တယ် စီးပွားရေးတည်ဆောက်ရန် ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၅)တွင် မီးမောင်းထိုးပြခဲ့ပါကြောင်း တရုတ်နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေး Digital Economy သည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု၏ အနာဂတ်ဦးတည်ချက်ကို ကိုယ်စားပြုပြီး ဒစ်ဂျစ်တယ်နည်းပညာများအသုံးချခြင်းနှင့် စက်မှုလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်သို့ ပြောင်းလဲခြင်း အရှိန်မြှင့်သင့်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးနှင့်စစ်မှန်သော စီးပွားရေးကိုနက်နက်ရှိုင်းရှိုင်းပေါင်းစပ်သင့်ကြောင်း သမ္မတရှီက လမ်းညွှန်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် ၂၀၂၀ခုနှစ်တွင် တိုးတက်မှုနှုန်း ၉.၇ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြားတွင်ပင် မြင့်မားသောတိုးတက်မှုနှုန်းရှိခဲ့ကြောင်း နိုင်ငံ၏ဒစ်ဂျစ်တယ် စီးပွားရေးစကေး သည် ယွမ် ၃၉.၂ ထရီလီယံ (အမေရိကန် ဒေါ်လာ ၆.၁ ထရီလီယံခန့်) ရှိပြီး ယမန်နှစ် ဂျီဒီပီ၏ ၃၈.၆ရာခိုင်နှုန်းရှိကြောင်း China Academy of Information and Communications Technology (CAICT) မှ ထုတ်ပြန် သော စက္ကူဖြူစာတမ်းတွင် ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး အလင်းဖန်မျှင်ဆက်သွယ်ရေးကြိုး optical fiber နှင့် 4G နှင့် 5G မိုဘိုင်း broadband ကွန်ရက်များကို တည်ဆောက်ခဲ့ပြီး အရေအတွက် ၃၆၅ သန်းထက်ပိုသော 5G terminal ချိတ်ဆက်မှု နှင့် 5G အက်ပလီကေးရှင်းအခြေအနေများ ပိုမိုကြွယ်ဝလာကြောင်း၊ တရုတ်ကုမ္ပဏီများအား လာမည့်ဆယ်စုနှစ်အတွင်း ပြည်ပဒစ်ဂျစ်တယ်ဈေးကွက်တွင် အခွင့်အလမ်းများရယူရန် တွန်းအားပေးလိမ့်မည်ဖြစ်ကြောင်း ၂၀၂၁ခုနှစ် ဇူလိုင် ၂၃ ရက်က တရုတ်အစိုးရဌာနများ ပူးပေါင်းထုတ်ပြန်သည့် လမ်းညွှန်ချက်အရ ပြည်တွင်းဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ

ကို ပြည်ပတွင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာများနှင့် ထုတ်ကုန်ဒီဇိုင်းစင်တာများဖြန့်ကျက်ချထားရေးနှင့် ပြည်ပနည်းပညာကုမ္ပဏီများနှင့် big data, 5G နှင့် ဉာဏ်ရည်တု artificial intelligence တို့တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သို့ဖြစ်ရာ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးDigitalization နှင့်စပ်လျှဉ်း၍ စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် အခြားဌာနများကထုတ်ပြန်သည့် စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ခုအရ တရုတ်နိုင်ငံသည် ၎င်း၏အဓိကကုန်ထုတ်လုပ်ငန်းကြီးများ၏ ၇၀ ရာခိုင်နှုန်းကို အခြေခံအားဖြင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းကာ ၂၀၂၅ ခုနှစ်တွင်ကွန်ရက်ချိတ်ဆက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ်တွင် စက်မှုထိပ်တန်းစမတ်ထုတ်လုပ်ရေး သရုပ်ပြစက်ရုံပေါင်း ၅၀၀ ကျော်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ စမတ်ကုန်ထုတ်လုပ်မှုသည် ရှေ့ပြေးစမ်းသပ်မှုအဆင့်မှ အသုံးချမှုအထိတိုးတက်လာသော်လည်း အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းထက် နောက်ကျကျန်နေသေးကြောင်း၊ ဆန်းသစ်တီထွင်မှု၊ အပလီကေးရှင်း၊ ပံ့ပိုးမှုနှင့်ကူညီမှုများအပါအဝင် စမတ်ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အထူးလုပ်ဆောင်မှုများ အများအပြားကို အဆိုပါအစီအစဉ်တွင် အဆိုပြုထားပါသည်။

### (က) ဘဏ္ဍာရေးဖွံ့ဖြိုးမှုစနစ် Financial Development System

ပွင့်လင်းသော ဈေးကွက်စီးပွားရေးများတွင် ခေတ်မီဘဏ္ဍာရေးစနစ်သည် စွန့်စားမှုတန်ဖိုးဖြတ်ခြင်း pricing of risk နှင့် အရင်းအနှီးခွဲဝေမှု capital allocation တို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ခွင့်ပြုပေးပါကြောင်း ယင်းကိုနည်းပညာပိုင်းဆိုင်ရာဟုထင်ရသော်လည်း လူ့အဖွဲ့အစည်းကအကြွေးကို တရားမျှတပြီး ကြိုတင်မှန်းဆနိုင်သောနှုန်းဖြင့် လွယ်လွယ်ကူကူရရှိရန် စွမ်းဆောင်နိုင်ကြပါကြောင်း ကျိုးကြောင်းဆီလျော်သော အတိုးနှုန်းဖြင့် လုပ်ငန်းချဲ့ထွင်နိုင်စေရန် ချေးငွေရယူသည့် အသေးစားလုပ်ငန်းတစ်ခု (သို့မဟုတ်) မတူညီသောဘဏ်များ၏ အကြွေးဝယ်ကဒ်ဖြင့် ဈေးဝယ်နိုင်သော စားသုံးသူတစ်ဦး (သို့မဟုတ်) ဤဈေးကွက်များတွင် အလွန်အကျွံဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ပြီး ရလဒ်များကိုခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်သော အစိုးရများအကြောင်း စဉ်းစားကြည့်စေလိုပါကြောင်း အထက်ဖော်ပြပါ အမှတ်ပေးစနစ်အပေါ်အခြေခံ၍ တရုတ်နိုင်ငံသည် အကြီးဆုံးဈေးကွက်ဖွင့်စီးပွားရေးဆယ်ခု၏ ပျမ်းမျှအမှတ် ၅.၈ နှင့် နှိုင်းယှဉ်ပါက ၂.၆ ရှိပါကြောင်း ၎င်းသည် ၂၀၁၀ခုနှစ်တွင် ၁.၈၅ ရမှတ်မှ ခြေလှမ်းသစ် တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ဘဏ္ဍာရေးစနစ်တွင် ဘဏ်လုပ်ငန်းတွင် နောက်ထပ်ရွေးချယ်စရာများဆီသို့ တိုးတက်မှုရှိကြောင်း ထင်ဟပ်စေကြောင်း

တရုတ်နိုင်ငံသည် ဒေသဆိုင်ရာအစိုးရများနှင့် ကော်ပိုရေးရှင်းများအား ၎င်းတို့၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးလျှော့ချရန် အတန်ငယ်အောင်မြင်ခဲ့သော်လည်း နိုင်ငံ၏ကြွေးမြီဝန်ထုပ်ဝန်ပိုး ဖြစ်နေသောအိမ်ခြံမြေဈေးကွက်နှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများအရ တရုတ်အစိုးရလွှမ်းမိုးထားသော ဘဏ္ဍာရေးစနစ်ကဖန်တီးထားသည့် အမှားအယွင်းများကို ပြသနေပါကြောင်း ယနေ့ခေတ်တွင် နိုင်ငံပိုင်ဘဏ္ဍာရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ဘဏ်လုပ်ငန်းပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းနီးပါးရှိရာ ဤလေ့လာမှုတွင် ပါဝင်ခဲ့သောနိုင်ငံများ၏ပျမ်းမျှနှုန်း ၉ ရာခိုင်နှုန်းသာရှိ၍ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

## (ခ) ဈေးကွက်ပြိုင်ဆိုင်မှု Market Competition

ဈေးကွက်ပြိုင်ဆိုင်မှုဟူသည်မှာ ကုမ္ပဏီများ စတင်ဆောင်ရွက်ချိန်နှင့်ထွက်ခွာချိန် အတားအဆီးနည်းနည်းနှင့်သာရင်ဆိုင်ရပြီး စားသုံးသူများ၏အကျိုးစီးပွားကို ဦးစားပေးရာတွင် ဈေးကွက်တွင် အစိုးရပါဝင်မှုကို ကန့်သတ်ထားပြီး ရှင်းလင်းသောယှဉ်ပြိုင်မှုဆိုင်ရာ အခြေခံမူများဖြင့် အုပ်ချုပ်ခြင်းဖြစ်ပါကြောင်း လူများသည် များသောအားဖြင့် တရုတ်နိုင်ငံကို စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်နိုင်သည့် “ပွင့်လင်းသော” (သို့မဟုတ်) “လွတ်လပ်သော ဈေးကွက်” အဖြစ် ဆက်စပ်ယှဉ်တွဲ၍မြင်လေ့မရှိပါကြောင်း ဤလေ့လာမှုမှ အချက်အလက်များက ဤအချက်သည် မှန်ကန်ဆဲဖြစ်ကြောင်းပြောပြလျှက်ရှိပါကြောင်း သို့သော်လည်း ၁၉၇၈ ခုနှစ်တွင် အသွင်ကူးပြောင်းမှု စတင်ခဲ့သော အပြည့်အဝနိုင်ငံပိုင်စီးပွားရေးစနစ်သည် ယခုအခါ ဟိုက်ဘရစ် မော်ဒယ်အဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲနေလျှက်ရှိပါကြောင်း ၂၀၂၀ခုနှစ်တွင် အခြားနိုင်ငံကြီးများ၏ ဈေးကွက်ပြိုင်ဆိုင်မှု ပျမ်းမျှအမှတ် ၇.၈၂ ရရှိချိန်တွင် တရုတ်နိုင်ငံသည် ၂.၉၇ ရမှတ် ရခဲ့ကြောင်း ဤအချက်က တရုတ်နိုင်ငံသည်သိသိသာသာနောက်ကျ ကျန်နေမှုပြသနေသော်လည်း နိုင်ငံ၏၂၀၁၀ခုနှစ်ရမှတ်မှ အမှန်တကယ်တိုးတက်နေပြီဖြစ်ကြောင်း၊ အချို့သော စက်မှုလုပ်ငန်းများတွင် တရုတ်နိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများအပါအဝင် ပြိုင်ဆိုင်မှုအဆင့်မြင့်မားကြောင်း (တရုတ်ပြည်တွင် ပထမဆုံးနိုင်ငံခြားသား အပြည့်အဝပိုင်ဆိုင်သော မော်တော်ယာဉ်စက်ရုံကို တည်ဆောက်ခွင့်ရခဲ့သည့် အမေရိကန်ကုမ္ပဏီ Tesla ကိုတွေးကြည့်ပါက ယခုအခါ ရောင်းအားအလွန် ခိုင်မာနေပြီဖြစ်ပါကြောင်း)၊ သို့သော်လည်း ယခုအခါ တရုတ်အစိုးရပိုင်လုပ်ငန်းများသည် ၂၀၁၀ ခုနှစ် နှင့်နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ GDP၏ ဝေစုပိုမိုမြင့်မားလျက်ရှိပါကြောင်း၊ တရုတ်အစိုးရသည် အခြားဈေးကွက်ပါဝင်သူများအား အန္တရာယ်မဖြစ်စေသည့် ကတိကဝတ်များကို အကောင်အထည်မပေါ်သေးပါကြောင်း ဈေးကွက်ပြိုင်ဆိုင်မှုသည်

တရုတ်စီးပွားရေး၏ အစိတ်အပိုင်းအသီးသီးတွင် ထပ်ခါတလဲလဲတွေ့နေရသည့် (ရှေ့သို့ခြေတစ်လှမ်းတိုးပြီး နောက်သို့နှစ်လှမ်းဆုတ်သော) ပုံစံငယ်ဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

## (ဂ) ခေတ်မှီ တီထွင်ဆန်းသစ်မှုစနစ် Modern innovation system

ကျန်းမာသောစီးပွားရေးတိုင်းသည် ပြိုင်ဆိုင်မှုကိုတွန်းအားပေးရန်၊ ကုန်ထုတ်စွမ်းအားတိုးရန်နှင့် ကြွယ်ဝချမ်းသာမှုကိုဖန်တီးရန် ဆန်းသစ်တီထွင်မှုအပေါ်မူတည်ကြကြောင်း ဆန်းသစ်တီထွင်မှုစနစ်များသည် နိုင်ငံတိုင်းလိုလိုတွင်ကွဲပြားသော်လည်း ပွင့်လင်းသောဈေးကွက်များရှိ ယင်းတို့၏ ယေဘုယျလက္ခဏာအချို့မှာ အခြေခံသုတေသနအတွက် အစိုးရရန်ပုံငွေကို အားကိုးသော်လည်း ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အလေးပေးပါကြောင်း၊ ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများကို ခိုင်မာစွာကာကွယ်ခြင်းဖြင့် အသိပညာဆိုင်ရာအသုံးချမှုကို စီးပွားဖြစ်အသုံးချရန်အားပေးပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သောနည်းပညာများမှလွဲ၍ နိုင်ငံခြားကုမ္ပဏီများနှင့် သုတေသနပညာရှင်များနှင့် ပူးပေါင်းပါဝင်မှုကို အားပေးပါကြောင်း၊ တရုတ်နိုင်ငံသည် ထင်ထားသည်ထက်ပိုဆန်းသစ်ကြောင်း အမှန်မှာ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ၎င်း၏ GDP ၏ ရာခိုင်နှုန်း တစ်ခုအဖြစ် အကျိုးတူအရင်းအနှီးသည် သိသိသာသာ ခုန်တက်သွားခဲ့ပါကြောင်း ယခုအခါ တရုတ်နိုင်ငံတွင် တက်ကြွသောနည်းပညာစတင်သည့်ကဏ္ဍကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသောအကျိုးအမြတ်များ ဖန်တီးပေးပါကြောင်း အမေရိကန်နှင့် ဗြိတိန်တို့သာဆောင်ရွက်သော ဤလမ်းကြောင်းကိုလိုက်နေကြောင်း သို့သော် တီထွင်ဆန်းသစ်မှုဆိုင်ရာ အခြားနယ်ပယ်များတွင် လိုငွေပြခြင်းသည် ၎င်း၏ အလုံးစုံရမှတ်ကို သိသိသာသာကျဆင်းစေပါကြောင်း ၎င်းသည် ပွင့်လင်းသောစီးပွားရေးများ၏ပျမ်းမျှအမှတ် ၄.၄ နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်တွင် ဤအမျိုးအစားတွင် ၂.၄ ရမှတ်ရခဲ့ပါကြောင်း ၎င်းသည် ၂၀၁၀ ခုနှစ်မှ တိုးတက်မှုကို ကိုယ်စားပြုသော်လည်း တရုတ်နိုင်ငံသည် ကြီးမားသော နိုင်ငံတော်၏ ဝင်ရောက်စွက်ဖက်မှုမှ ညံ့ဖျင်းသောဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်များအလယ် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးကဏ္ဍကြီးများမှ နိုင်ငံခြားကုမ္ပဏီများကို ဖယ်ထုတ်ခြင်းအထိ ကြီးမားသောအဖွဲ့အစည်းဆိုင်ရာ ချို့ယွင်းချက်များနှင့် ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း အဆိုပါရလဒ်များသည် ဆန်းသစ်တီထွင်မှုတင်သွင်းသူသာမကတင်ပို့သူအဖြစ် ရည်မှန်းထားသည့် တရုတ်နိုင်ငံလက်တွေ့ ဘဝ၏ ကြီးမားသောပမာဏတစ်ခု ဖြစ်ပါသည်။

(ဃ) **ကုန်သွယ်ရေးပွင့်လင်းမြင်သာရှိမှု** Trade openness

လွတ်လပ်သောကုန်သွယ်မှုသည် ဈေးကွက်ဖွင့်စီးပွားရေး၏ အဓိကအင်္ဂါရပ်ဖြစ်ပါကြောင်း ၎င်းတို့၏ ကြီးထွားနိုင်စွမ်း၊ ၎င်းတို့ ထူးချွန်သည့်နယ်ပယ်များတွင် အထူးပြုကာ ကုန်ကျစရိတ်သက်သာစွာဖြင့် နိုင်ငံသားများထံ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်း၏ အခြေခံကိုပုံဖော်ပါကြောင်း၊ သို့သော် လွန်ခဲ့သည့်နှစ်အနည်းငယ်က (ကျွန်ုပ်တို့ကို) သတိပေးခဲ့သည့်အတိုင်း လွတ်လပ်စွာကုန်သွယ်မှုသည် အမြဲတမ်း အလကားမဟုတ်ပါကြောင်း ဂလိုဘယ်လိုက်ဇေးရှင်း၏ ကုန်ကျစရိတ်များကို ပိုမိုအာရုံစိုက်သည့်ကမ္ဘာတွင် နိုင်ငံများသည် ၎င်းတို့၏ကိုယ်ပိုင်စက်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် နိုင်ငံခြားပြိုင်ဘက်များအပေါ် အခွန်စည်းကြပ်ရန် လှုပ်ရှားဆောင်ရွက်နေကြပါကြောင်း ဤလေ့လာမှုတွင် အစိုးရ၏လွှမ်းမိုးမှုကြီးကြီးမားမားမကင်းလွတ်သော နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှုအဖြစ် ကုန်သွယ်မှုပွင့်လင်းမှုကို အဓိပ္ပာယ်ဖွင့်ဆိုပါကြောင်း အကောက်ခွန်အပေါ် သုံးသပ်ကြည့်ပါက တရုတ်နိုင်ငံ၏အကောက်ခွန်နှုန်းထား ၇.၄၅ ရာခိုင်နှုန်းဖြင့် အခြားသောနိုင်ငံများ၏ ပျမ်းမျှ၆.၉၇ ရာခိုင်နှုန်းထက် သာလွန်နေကြောင်း ပထဝီနိုင်ငံရေးပဋိပက္ခများကြောင့် အကောက်ခွန်နှုန်းထားများ မငြိမ်မသက်ဖြစ်နိုင်ပါကြောင်း အဓိကအားဖြင့် တရုတ်နိုင်ငံနှင့်ဖြစ်ပွားနေသည့် ကုန်သွယ်ရေး စစ်ပွဲကြောင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ပျမ်းမျှ အမေရိကန် အကောက်ခွန်နှုန်းထားသည် ၁၀ ရာခိုင်နှုန်းသို့ နှစ်ဆကျော်တိုးသွားခဲ့ပါကြောင်း တစ်ချိန်တည်းမှာပင်၊ အမေရိကန်မှလွဲ၍ အခြားနိုင်ငံများနှင့် တရုတ်နိုင်ငံ၏အခွန်နှုန်းထားများ ကျဆင်းခဲ့ပါကြောင်း ဤလေ့လာမှုတွင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များနှင့် မိတ်ဖက်များ ၎င်းတို့၏ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေအတွင်း  လိုက်နာဆောင်ရွက်သော တရုတ်နိုင်ငံ၏ တစ်နိုင်ငံချင်းဆိုင်ရာ အစီအမံများကိုကျွမ်းကျင်သူများ ပြန်လည် သုံးသပ်ခဲ့ပါကြောင်း အခွန်ကောက်ခြင်းနှင့် စာရင်းအင်းတို့မှာ အရေးကြီး၍ ဖြစ်ပါကြောင်း အကောက်ခွန်အပြင်၊ နိုင်ငံများသည် ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် ကုန်သွယ်မှုကို ကန့်သတ်ပြီး ကုန်သွယ်မှု ပွင့်လင်းမှုအညွှန်းကိန်းကို ဖန်တီးသည့်အခြားနည်းလမ်းများကို လေ့လာခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် အခြားသောနိုင်ငံများ၏ပျမ်းမျှအမှတ် ၅.၆ နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်တွင် အညွှန်းကိန်းတွင်၄.၃ ရခဲ့ပြီး  ၂၀၁၀ခုနှစ်တွင် တရုတ်နိုင်ငံ၏ရမှတ် ၃နှင့် နှိုင်းယှဉ်ပါက အမျိုးအစား ခြောက်ခုလုံးတွင် ၎င်းအမှတ်သည် အကောင်းဆုံးစုစုပေါင်းရမှတ်ဖြစ်ပါကြောင်း တရုတ်နိုင်ငံသည် ဘက်စုံနှင့်တိုးတက်သော သဘောတူညီချက်ဖြစ်သော လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်တစ်ခုဖြစ်သည့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်တွင်ပါဝင်ရန်

လိုအပ်ချက်များပြည့်မီရန် ပွင့်လင်းသောဈေးကွက်စီးပွားရေးစနစ်သို့ နီးကပ်စွာရွေ့လျားနေသည်ဟု ပုံဖော်ရန် ကြိုးပမ်းနေချိန်တွင် အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာသွားသော်လည်း အခြားနိုင်ငံများက လက်ခံယုံကြည်ခဲ့ကြောင်း ယင်းကဲ့သို့အချက်များကို မီးမောင်းထိုးပြလိုခြင်းဖြစ်ပါကြောင်း အဓိကအချက်မှာ တရုတ်နိုင်ငံသည် ၎င်း၏ ဈေးကွက်ဖွင့် ပြိုင်ဘက်များနှင့် နှိုင်းယှဉ်နိုင်သော အကောက်ခွန် အဆင့်တစ်ခုသို့လျှော့ချခဲ့ပြီး ကုန်ပစ္စည်းများတွင် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်မှုနိုင်ငံဖြစ်လာခဲ့ပါကြောင်း သို့သော် ဝန်ဆောင်မှုများရောင်းဝယ် ဖောက်ကားခြင်းအပေါ် ကန့်သတ်ချက်များသည် အထူးသဖြင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများတွင် အခြားပွင့်လင်းသောဈေးကွက်စီးပွားရေး/နိုင်ငံများထက်မြင့်မားနေသေးကြောင်း နိုင်ငံခြားကုမ္ပဏီများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အကောက်ခွန်မဟုတ်သော အတားအဆီးများချမှတ်ခြင်းကဲ့သို့သော စီမံခန့်ခွဲရေးလိုင်စင်လိုအပ်ချက်ဝန်ထုတ်ဝန်ပိုးများအဖြစ် လူသိများသောကြောင့် တရုတ်နိုင်ငံအတွက် မြင့်မားသောရည်ညွှန်းရမှတ် ဖြစ်ပါသည်။

(င) **တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပွင့်လင်းမြင်သာရှိမှု** Direct Investment Openness

တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပွင့်လင်းမြင်သာမှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံခွင့်နှင့် ပြည်တွင်းကုမ္ပဏီများကို နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံခွင့် လွတ်လပ်ခွင့်ကို ရည်ညွှန်းပါကြောင်း ဤအရာများသည် ပွင့်လင်းသောစီးပွားရေး၏ အဓိကအင်္ဂါရပ်များဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတကာဈေးကွက်များကို အားပေးပါကြောင်း တရုတ်နိုင်ငံသည် ၂၀၂၀ ခုနှစ်အတွက် ဤတိုင်းတာမှုတွင် ၂.၂၄ သို့ရောက်ရှိခဲ့ပြီး အခြားသောနိုင်ငံများ၏ ပျမ်းမျှအမှတ်မှာ ၆.၉၄ ဖြစ်ပါကြောင်း ၂.၂၄ သည် လွန်ခဲ့သောဆယ်စုနှစ်တစ်ခုကထက် တိုးတက်မှုတစ်ခုဖြစ်သော်လည်း ပြည်တွင်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု inward FDI ပြင်းထန်မှုကို ဂျီဒီပီ၏ရာခိုင်နှုန်းတစ်ခုအနေဖြင့်ကြည့်ပါက တရုတ်နိုင်ငံ၏အဖြေမှာ တကယ်ကို ပြန်လည်ဆုတ်ယုတ်နေပါကြောင်း ယင်းမှာထိတ်လန့်စရာကောင်းသော ရလဒ်တစ်ခုဖြစ်ပါကြောင်း ကမ္ဘာပေါ်တွင် FDI အများဆုံးလက်ခံသူဖြစ်လာရန် ရည်မှန်းထားသည့် တရုတ်နိုင်ငံအတွက် ရွေးခေတ်ဖြစ်သင့်ပါကြောင်း သို့သော်လည်း ပြီးခဲ့သည့်နှစ်များစွာအတွင်း တရုတ်အစိုးရသည် ဖြေလျှော့မှုအရှိန်အဟုန်ကို နှေးကွေးစေခဲ့ပြီး နိုင်ငံခြားကုမ္ပဏီများအတွက် အဆင့်တူကစားကွက် **level playing field** ကို ဖန်တီးနိုင်ခြင်းမရှိခဲ့ပါကြောင်း ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အထိ လစ်ဘရယ်ဝါဒ၏ အချိန်တိုကာလအပြီး တရုတ်ကုမ္ပဏီများ၏out bound FDI များကို ဆက်လက်ထိန်းချုပ်ခဲ့ကြောင်း အချက်အလက်များအရ

တရုတ်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင် ကန့်သတ်ချက်များကြောင့် မည်မျှအတားအဆီးဖြစ်နေကြောင်း ပြသပါကြောင်း ပေါင်းစည်းခြင်းနှင့် ဝယ်ယူခြင်း (**mergers and acquisitions** M&A) များ မြင့်တက်နေသော်လည်း၊ တရုတ် M&A သဘော တူညီချက်များတွင် နိုင်ငံခြားဝယ်လက်များ၏ ရှယ်ယာသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကျဆင်းသွားခဲ့ပြီး နိုင်ငံခြားပိုင်ဆိုင်မှုအပေါ် အစိုးရ၏ကန့်သတ်ချက်များနှင့် နိုင်ငံရေးအရ စွန့်စားမှုမြင့်မားခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတောင့်တခြင်းကို ထိန်းချုပ်ရပ်တန့်စေခဲ့ပါသည်။

## (စ) Portfolio **ရင်းနှီးမြှုပ်နှံမှုပွင့်လင်းမြင်သာရှိမှု** Portfolio Investment Openness

ပြည်ပမှလာရောက်သော နိုင်ငံခြားကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုများ ပွင့်လင်းမြင်သာရှိမှုနှင့် စပ်လျဉ်း၍ နယ်စပ်ဖြတ်ကျော် စီးဆင်းမှုများ(အဝင်-အထွက်)၊ အစု ရှယ်ယာများ (စတော့များ)၊ ကြွေးမြီ (ငွေချေးစာချုပ်များ) နှင့်အခြားဘဏ္ဍာရေးဆိုင်ရာ **financial instruments** များအပေါ် အစိုးရ၏ ကန့်သတ်ထိန်းချုပ်မှုများ ပါဝင်ပါကြောင်း ၎င်းတို့သည် ငွေကြေးဈေးကွက်ထိရောက်မှု၏ အဓိကအစိတ်အပိုင်းဖြစ်ပါကြောင်း အမေရိကန်ပြည်ထောင်စုတွင် အပြန်အလှန်ရန်ပုံငွေ **mutual funds** (သို့မဟုတ်) ပင်စင်လစာအများစုသည် ပြည်ပကုမ္ပဏီများရှိ ရင်းနှီးမြှုပ်နှံမှုများ၏ လေးပုံတစ်ပုံခန့်ရှိပါကြောင်း ယင်းသည် သင်၏ဥအားလုံးကို ခြင်းတောင်းတစ်ခုတည်းတွင် ထည့်မထားဟူသော ရင်းနှီးမြှုပ်နှံမှုဆိုရိုးစကားဟောင်းကို ထင်ဟပ်စေကြောင်း၊ ကွဲပြားသောရင်းနှီးမြှုပ်နှံမှု (အစုတစ်ခု) ရှိခြင်းသည် အမေရိကန်ပြည်ထောင်စုတွင် လက်ခံနိုင်သောအရာတစ်ခု ဖြစ်သော်လည်း တရုတ်နိုင်ငံတွင် ယင်းသို့မဟုတ်ပါကြောင်း ဖော်ပြထားပါသည်။

လွန်ခဲ့သည့်နှစ်များစွာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် (အနောက်နိုင်ငံ ငွေချေးစာချုပ်ဈေးကွက်များတွင် ပေးဆောင်သည်ထက်) ပိုမိုသော အမြတ်အစွန်းငွေများကို ရှာဖွေရန် တရုတ်ဈေးကွက်များသို့ ရောက်ရှိလာခဲ့ကြကြောင်း မည်သို့ပင်ဆိုစေကာမူ၊ တရုတ်နိုင်ငံသည် အခြားသောနိုင်ငံများ၏ ပျမ်းမျှ ၇.၈၆ နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်တွင် ၁.၁ ရရှိခဲ့ပါကြောင်း လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ၎င်းသည် ဤတိုင်းတာမှုအပေါ် တိုးတက်မှုအနည်းငယ်သာရှိခဲ့ပါကြောင်း သို့သော်လည်း ယင်းမှာကြိုးစားမှုမရှိ၍မဟုတ်ဘဲ တရုတ်စီးပွားရေးနယ်ပယ်တွင် **liberalization** ရရန် ကြိုးပမ်းမှုထက်စာလျှင် **portfolio investment** ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုဆောင်ရွက်မှု မတွေ့မြင်ရသောကြောင့်ဟုဆိုနိုင်ပါကြောင်း သိရှိရပါသည်။

၂၀၂၁ခုနှစ်တွင် တရုတ်နိုင်ငံ၏ထင်ရှားသော သတင်းစကားမှာ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်ဖြင့် ပေါင်းစည်းမှုကို နက်နက်ရှိုင်းရှိုင်းဖြစ်စေရန် ရည်ရွယ်ပါကြောင်း မကြာသေးမီက တရုတ်အစိုးရသည် ရင်းနှီးမြှုပ်နှံမှု အဝင်နှင့်အထွက်ဆိုင်ရာ လုံခြုံရေးနှင့် ဒေတာလျှို့ဝှက်ရေး ဦးတည်သည့် ကန့်သတ်ချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့ပါကြောင်း ဤကန့်သတ်ချက်များ၏ အကျိုးသက်ရောက်မှုကို လျှော့မတွက်စေလိုပါကြောင်း အကယ်၍ တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုကို ဖွင့်လှစ်မည်ဆိုပါက၊ ၎င်းသည် ကမ္ဘာ့စီးပွားရေးထဲသို့ ဒေါ်လာထရီလျံပေါင်း ဆယ်နှင့်ချီ၍ ထည့်ဝင်နိုင်ပါကြောင်း ခန့်မှန်းချက်တစ်ခုအရ ယခုမှစ၍ ၂၀၃၀ခုနှစ်အတွင်း ဒေါ်လာ၂၀ ထရီလျံကျော် တိုးလာနိုင်ပါကြောင်း ကိန်းဂဏန်းများအရ တရုတ်နိုင်ငံအတွက် သာမက ကျန်ကမ္ဘာအတွက်ပါ အလားအလာရှိသော ပြုပြင်ပြောင်းလဲမှုများကို နောက်ဆုံးတွင် အကောင်အထည် ဖော်နိုင်မည့် အလားအလာကို ပြသနေပါကြောင်း သိရှိရပါသည်။

ကိုးကားချက်များ

(၁)https://www.worldbank.org/en/country/china/publication/china-economic-update-december2021#:~:text=After%20a%20strong%20rebound%20in,to%205.1%20percent%20in%202022.

(၂) https://www.commerce.gov.mm/my/content/

(၃) china customs

(၄) https://www.atlanticcouncil.org/content-series/the-big-story/the-2021-economic-scorecard-how-china-stacks-up-with-the-us-and-its-allie s/

(၅) http://www.xinhuanet.com/english/2021-08/04/c_1310107393.htm

(၆)https://www.orfonline.org/expert-speak/growing-chinese-investments-in-myanmar-post-coup/

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………………….

MIS DOP

## တရုတ်နိုင်ငံတွင် နိုင်ငံခြားကုန်သွယ်မှု တည်ငြိမ်စေရန် စီမံချက်များထုတ်ပြန်ခဲ့ခြင်း

တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများအပေါ် ဖိအားများ ဖြေလျှော့ရန်နှင့် နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်များတည်ငြိမ်စေရန် လမ်းညွှန်ချက်အသစ်များကို (၁၁-၁-၂၂) ရက်တွင် ထုတ်ဖော် မိတ်ဆက်ခဲ့ပါသည်။

တရုတ်နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သော နိုင်ငံခြားကုန်သွယ်မှု ပိုမိုတည်ငြိမ်ရေး လမ်းညွှန်ချက်များအရ နိုင်ငံသည် စီးပွားရေးကိုပိုမိုပွင့်လင်းလာစေပြီး အလတ်စား၊ အသေးစားနှင့် အသေးစား နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများကို ပံ့ပိုးပေးနိုင်ရန်၊ ယင်းတို့၏လည်ပတ်မှုနှင့် မျှော်လင့်ချက်များကို အာမခံနိုင်ရန် အပြန်အလှန်လည်ပတ်နိုင်သော ပြုပြင်ပြောင်းလဲမှုများ cross-cyclical adjustments လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါလမ်းညွှန်ချက်တွင် နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများအတွက် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးကူညီမှုများအပြင် နိုင်ငံခြားကုန်သွယ်မှုတွင် လုပ်ငန်းပုံစံသစ်များ အတွက် မက်လုံးများအပါအဝင် အစီအမံ ၁၅ ခုကို အသေးစိတ်ဖော်ပြထားသည်။ အဆိုပါလမ်းညွှန်ချက်အရ ယွမ်ငွေလဲလှယ်နှုန်းသည် ကျိုးကြောင်းဆီလျော်ပြီး ဟန်ချက်ညီသောအဆင့်တွင် တည်ငြိမ်နေမည်ဖြစ်ပြီး နိုင်ငံခြားငွေလဲလှယ်မှု အန္တရာယ်မှကာကွယ်ရန် နိုင်ငံခြားကုန်သွယ်မှု ကုမ္ပဏီများအား နိုင်ငံကကူညီပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများအတွက် ထောက်ပံ့ရေးကွင်းဆက် အန္တရာယ်များကိုဖြေလျှော့ရန် အစီအမံများချမှတ်ကာ သင်္ဘောကုမ္ပဏီများနှင့် ရေရှည်သဘောတူညီချက်များ လက်မှတ်ရေးထိုးရန် တိုက်တွန်းမည်ဖြစ်ကြောင်း ပြည်တွင်း၌လုံလောက်သော ထောက်ပံ့မှုရရှိစေရေးအတွက် အစုလိုက်အပြုံလိုက် တင်သွင်းမှုဆိုင်ရာကြိုးပမ်းမှုများကို အလေးပေးဖော်ပြထားပြီး တရုတ်နိုင်ငံတွင် ကုန်သွယ်မှုဖြေလျှော့မှုနှင့် ပံ့ပိုးကူညီမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ရာတွင် နိုင်ငံခြားကုန်သွယ်မှုကို ပိုမိုတည်ငြိမ်စေမည့် အခွင့်အလမ်းတစ်ရပ်အဖြစ် လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

ရင်းမြစ် [http://English.yunnnan.cn/html/2022/consulgeneral 0112/27651](http://English.yunnnan.cn/html/2022/consulgeneral 0112/27651). html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………………

## တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်၊ကူမင်းမြို့တွင် တင်သွင်းလာသော သစ်သီးဝလံများကို ကြီးကြပ်ကွပ်ကဲလျက်ရှိခြင်း

တင်သွင်းသော သစ်သီးဝလံများ ထိန်းချုပ်ခြင်းဆိုင်ရာ သတိပေးချက်ကို (၁၂-၁-၂၂) ရက်နေ့ ကတရုတ်နိုင်ငံ၊ ကူမင်းတွင် ထုတ်ပြန်ခဲ့ပါသည်။ (၂၀-၁-၂၂) ရက်နေ့မှစတင်၍ နျူကလိယ-အက် ဆစ်စမ်းသပ်ခြင်းနှင့် ပိုးသတ်ရန်အတွက် တင်သွင်းလာသောသစ်သီးဝလံများကို နမူနာယူမည်ဖြစ် ကြောင်း၊ တင်သွင်းလာသောသစ်သီးဝလံများ သိုလှောင်ရောင်းချခြင်းနှင့် ပြုပြင်ခြင်းအတွက် လိုအပ် သော လက်မှတ်ဆိုင်ရာ အသိပေးစာတွင် ဖော်ပြထားသည်။ တင်သွင်းလာသော သစ်သီးဝလံများ၏ ပင်ရင်းဒေသကိုမသိရှိဘဲ စားသုံးခြင်းမပြုရန်လည်း ပြည်သူများကို အသိပေးတောင်းဆိုထား ကြောင်းသိရှိရပါသည်။

အရင်းအမြစ်- [Kunming steps up oversight on imported fruits - News - Yunnan Express](http://english.yunnan.cn/html/2022/consulgeneral-0114/27725.html) ,
http://english.yunnnan.cn/html/2022/consulgeneral-0114/27725.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

........................................................................

## ကိုရိုနာဗိုင်းရပ်စ်ကို သစ်သီးများတွင်တွေ့ရှိပြီးနောက် တရုတ်နိုင်ငံမှ စစ်ဆေးမှုများ အရှိန်မြှင့်လိုက်ခြင်း

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ သစ်သီးဝလံများ၏ ထုပ်ပိုးစွည်းများတွင် COVID-19 ဖြစ်ပွား စေသည့် ဗိုင်းရပ်စ်ကိုတွေ့ရှိပြီးနောက် တရုတ်သည် သွင်းကုန်စည်းမျဉ်းများကို တင်းကျပ်ခဲ့ပြီဖြစ် ကြောင်း ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီးနှင့် ထိုင်းနိုင်ငံမှ ကနစိုးသီးများကို ကိုရိုနာဗိုင်းရပ်စစ်ဆေး မှုပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံရှိ မြို့ကိုးမြို့ထက်မနည်းတွင် တွေ့ရှိ၍ကြောင်း မီဒီယာများ၏ဖော်ပြချက် အရ သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဒီဇင်ဘာလနှောင်းပိုင်းတွင် ကိုရိုနာဗိုင်းရပ်တွေ့ရှိမှုကြောင့် ဗီယက်နမ်မှ နဂါးမောက်သီးတင်သွင်းမှုအချို့ကို ဇန်နဝါရီလကုန်အထိ ရပ်တန့်ထားပြီးဖြစ်သည်။ ယခုအခါအာ ဏာပိုင်များသည် တင်သွင်းလာသောစားသောက်ကုန်များကို စတင်စစ်ဆေးနေပြီဖြစ်ပြီး အစား အသောက်ဆိုင်များကို ယာယီပိတ်ကာ ဆက်စပ်အသီးအနှံဝယ်ယူသူများကို သီးသန့်ခွဲထားရန်ညွှန် ကြားထားပါသည်။ ယမန်နှစ် စက်တင်ဘာလတွင် ဗီယက်နမ်မှတင်သွင်းလာသော နဂါးမောက်သီး

များထုပ်ပိုးသောသေတ္တာများတွင် SARS–CoV–2 ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ပြီး တင်သွင်းမှုကိုတစ်ပတ်ကြာ ရပ်ဆိုင်း ထားခဲ့သည်။

COVID–19 ကို ဖြစ်စေသော ဗိုင်းရပ်စ်ဖြစ်သော်လည်း အစားအစာဘေးကင်းရေးအတွက် တိုက်ရိုက်စိုးရိမ်စရာမဟုတ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကဲ့သို့သော အဖွဲ့အစည်းများက ပြောဆိုကြပါသည်။ လက်ရှိအချက်အလက်များအရ အစားအစာနှင့် အစားအစာ ထုပ်ပိုးမှုပစ္စည်းများသည် SARS–CoV–2 ကဲ့သို့သော ဗိုင်းရပ်စ်များပျံ့နှံ့မှုအတွက် လမ်းကြောင်းတစ်ခု မဟုတ်ကြောင်း ညွှန်ပြနေကြောင်း ကိုရိုနာဗိုင်းရပ်စ်များသည် အစားအစာ သို့မဟုတ် မျက်နှာပြင်များပေါ်တွင် မပွားနိုင်ကြောင်း၊ လမ်းညွှန်ချက်များအရ အဆိုပါပတ်ဝန်းကျင်တွင် ဗိုင်းရပ်စ်ပိုးများ ကျရောက်ပါက ပိုးအရေအတွက်လျော့နည်းသွားကာ ကူးစက်မှုနည်းလာကြောင်း သိရှိရပါသည်။ အစားအစာများနှင့် ထုပ်ပိုးမှုတွင် ဗိုင်းရပ်စ် သို့မဟုတ် ဗိုင်းရပ်စ် ribonucleic acid (RNA) အကြွင်းအကျန်များကို စစ်ဆေးခြင်းသည် ယခင်ညစ်ငြမ်းကြောင်း သက်သေပြသော်လည်း အစားအစာ သို့မဟုတ် အစားအစာထုပ်ပိုးပစ္စည်းများမှတဆင့် ကူးစက်ပြီး ၎င်းတို့ကိုထိမိသူများတွင် ဖျားနာစေသော SARS–CoV–2 ဖြစ်ပွားကြောင်း အတည်ပြုချက် မရရှိသေးပါ။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အစည်းအဝေးတွင် တရုတ်နိုင်ငံ၏ COVID–19 ချဉ်းကပ်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ပထမဆုံးထုတ်ဖော်ခဲ့သည့်နိုင်ငံများစွာထဲမှ တစ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုသည်ဖြစ်ကြောင်း၊ ဩစတြေးလျ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့် ရုရှားတို့ကလည်း အခြေအနေကိုမကျေနပ်ကြောင်း ပြောဆိုခဲ့ကြကြောင်း WTO ၏ သီးခြားကုန်သွယ်မှုဆိုင်ရာ စိုးရိမ်မှုကို ဘရာဇီး ၊ဂျပန်၊ ကင်ညာ၊ မက္ကဆီကို၊ နယူးဇီလန်၊ ပါရာဂွေး၊ ဆွစ်ဇာလန်နှင့် ဗြိတိန် တို့က ထောက်ခံထားပါသည်။

၂၀၂၀ ခုနှစ် ဇွန်လမှစတင်၍ တရုတ်နိုင်ငံတွင် COVID–19 နှင့်ပတ်သက်သည့် ကန့်သတ်ချက်များတွင် တင်ပို့သူထုတ်ပြန်ချက်ဆိုင်ရာလိုအပ်ချက်များ၊ အလုပ်သမား များ၏ COVID–19 ဖြစ်ပွားမှုဆိုင်ရာ စက်ရုံများမှ တင်သွင်းမှုများကို ဆိုင်းငံ့ထားခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် အပြုသဘောဆောင်သော nucleic acid စမ်းသပ်မှုရလဒ်များတွင် ဆိပ်ကမ်းဝင်ခွင့် ငြင်းပယ်ခြင်းများပါဝင်သည်။ သွင်းကုန်ထုတ်ကုန်များကို စမ်းသပ်ခြင်းနှင့် ပိုးသတ်ခြင်းပါဝင်သည့် နောက်ထပ်အစီအမံများတွင် မဖြစ်မနေ ပြုလုပ်ရမည့် ကုန်သွယ်မှုဆိုင်ရာကြေငြာချက်များ (သို့မဟုတ်) ကူးသန်းရောင်းဝယ်ရေး စာချုပ်များအတွက် အပြောင်းအလဲများ၊ ဈေးကွက်ဝင်ရောက်မှုကိုထိန်းသိမ်းရန် သို့မဟုတ် ပြန်

MIS DOP

လည်ရယူရန် အွန်လိုင်းမှတဆင့် စစ်ဆေးမှုများ၊ အလုပ်သမားများတွင် SARS-CoV-2 တွေ့ရှိထားသော ပြည်ပသို့ အစားအသောက်ထုတ်လုပ်သည့်စက်ရုံများ တင်ပို့မှုကို ဆန္ဒအလျောက်ရပ်ဆိုင်းရန် တောင်းဆိုချက်များ ပါဝင်ပါသည်။

တရုတ်နိုင်ငံတွင်း အိန္ဒိယ၊ အမေရိကန်နှင့် ကနေဒါတို့မှ တင်ပို့လာသော အစားအစာနှင့် ထုပ်ပိုးမှုတွင် နျူကလိယအက်ဆစ် စမ်းသပ်ပြီးနောက် COVID-19 ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ကြောင်း ၂၀၂၁ ခုနှစ်ဇွန်လအထိ အကောက်ခွန်သည် ကြက်တောင်ပံ၊ ပင်လယ်စာနှင့် ငါးများကဲ့သို့ ထုပ်ပိုးကုန်ပစ္စည်းများတင်ပို့မှုနှင့် ဆက်စပ်သောနမူနာ ၂၆ ခုတွင် COVID-19 ဗိုင်းရပ်စ် တွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။

ရင်းမြစ် [China steps up checks after coronavirus fruit findings | Food Safety News]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………………………………...

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

## RCEP အသက်ဝင်လာပြီးနောက် ကုန်သွယ်မှုများနှင့် RCEP ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ အသုံးပြုမှုများပြားလာ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (RCEP)မှာ အသက်ဝင်လာပြီ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်သို့ကူးပြောင်းခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကုန်တင်ရထားတစ်စီး ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာခဲ့ပါသည်။ တရုတ်နှင့် ဗီယက်နမ်နှစ်နိုင်ငံလုံးမှာ RCEP အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပါသည်။

၂၀၂၂ ခုနှစ်တွင် ပထမဆုံးကုန်တင်ရထားအဖြစ် ဗီယက်နမ်သို့ထွက်ခွာခဲ့သည့် ၎င်းရထားပေါ်တွင် လျှပ်စစ်ပစ္စည်းများ၊ နိစ္စဓူဝသုံး လူသုံးကုန်ပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများကို တင်ဆောင်ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၀)သန်းခန့်ရှိပါသည်။ ၎င်းရထား နန်နင်းမှ ဟန္ဓိုင်းသို့ရောက်ရှိရန် (၂၈)နာရီသာ ကြာမြင့်ပါသည်။

ဇန်နဝါရီလ (၁) ရက်နေ့မှာပင် ဂျပန်နိုင်ငံမှ reflective ဖလင်ပြားတန်ချိန် (၅.၆) တန်မှာကွမ်တုန်းပြည်နယ်၊ ရှန်းကျန့်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီး၊ ၎င်းဖလင်ပြားများကို မိုဘိုင်းလ်ဖုန်းများ၊ ဒစ်ဂျစ်တယ်ကင်မရာများနှင့် အခြားလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရာတွင်အသုံးပြုမည်ဟု သိရပါသည်။ RCEP သဘောတူညီချက်ကို အကောင်အထည် ဖော်လာခြင်းကြောင့် ၎င်းဖလင်ပြားများအတွက်ပေးဆောင်ရမည့် အကောက်ခွန်များအနက် ယွမ်ငွေ (၆) ထောင်ခန့် သက်သာသွားသည်ဟု သိရပါသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင်လည်း ဇန်နဝါရီလ (၁) ရက်နေ့၌ Zhuzhou Cemented Carbide Works Imp& Exp Co အပါအဝင် ကုမ္ပဏီများထံ RCEP ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို အကောက်ခွန်အာဏာပိုင်များက ထုတ်ပေးခဲ့ပါသည်။

China Council for the Promotion of International Trade (CCPIT) မှ အချက်အလက်များအရ ဇန်နဝါရီလ (၁)ရက်နေ့တွင် CCPIT က တရုတ်နိုင်ငံတစ်ဝှမ်းရှိ ပြည်နယ် (၁၂) ပြည်နယ်တွင် စီးပွားရေးကုမ္ပဏီ (၉)ခုအတွက် RCEP လက်မှတ် (၁၅၈) စောင် ထုတ်ပေးခဲ့ကြောင်း၊ ဇန်နဝါရီလ (၅) ရက်နေ့ရှိ စာရင်းများအရ ပြည်နယ် (၁၈)ပြည်နယ်တွင် စီးပွားရေးလုပ်ငန်း(၁၃၅)ခုအတွက် RCEP Rules of Origin လက်မှတ်ပေါင်း (၂၇၅)စောင်ကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရပါသည်။ ၎င်းလက်မှတ်များတွင်ပါရှိသည့် ပို့ကုန်တင်ပို့မည့်နေရာများမှာ ဂျပန်၊ ဩစတြေးလျနှင့် ကိုရီးယားတို့ဖြစ်ကာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၁၉)သန်းတန်ဖိုးရှိသည့် အထည်အလိပ်၊ ဓာတုဗေဒပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားသောက်ကုန်များစသည့် ပို့ကုန်ပစ္စည်းများဖြစ်ကြကာ၊ ၎င်းလက်မှတ်များမှ အခွန်သက်သာခွင့် အမေရိကန်ဒေါ်လာ (၂၂၀,၀၀၀) ခန့် ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် RCEP သဘောတူစာချုပ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့ဝင် (၁၀)နိုင်ငံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်စသည့် အာရှနှင့် ပစိဖိတ်နိုင်ငံပေါင်း (၁၅) နိုင်ငံ ပါဝင်ပါသည်။ စာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးစည်းမျဉ်းများကို အကောင်းဆုံးဖြစ်စေခြင်း၊ ထိရောက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် ပိုမိုကျယ်ပြန့်စွာတံခါးဖွင့်ပေးခြင်းတို့ကြောင့် အဖွဲ့ဝင်နိုင်ငံများရှိ လုပ်ငန်းများထံ လက်တွေ့အကျိုးကျေးဇူးများသယ်ဆောင်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ထားကြပါသည်။ RCEP အောက်တွင် ပေါ်ပေါက်လာမည့်ဖွံ့ဖြိုးမှုအခွင့်အလမ်းသစ်များနှင့် အလားအလာသစ်များက ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပြန်လည်နာ

လန်ထူလာရေးသို့ အရှိန်အဟုန်ဖြင့်ပါဝင်ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။

ရင်းမြစ်၊ China Daily Global
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................................................

## မြေရှားသတ္တု ဈေးနှုန်းထိန်းချုပ်ခြင်းနှင့် ထိထိရောက်ရောက်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် နိုင်ငံပိုင်မြေရှားသတ္တုလုပ်ငန်းကြီးများကို ပေါင်းစည်းဖွဲ့စည်းလိုက်သည့်

တရုတ်နိုင်ငံသည် ဈေးနှုန်းသတ်မှတ်မှုများအား ထိန်းချုပ်ရန်၊ ပိုမိုထိရောက်မှုရှိစေရန်၊ မဟာဗျူဟာမြောက်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်မြောက်စေရန် ၎င်း၏မြေရှားသတ္တုလုပ်ငန်းများကို ပေါင်းစည်းမှုများ ပြုလုပ်လိုက်ပါသည်။ နိုင်ငံပိုင် မြေရှားသတ္တုလုပ်ငန်း (၃) ခုကို ပေါင်းစည်း၍ China Rare Earth Group Co. Ltd ကို တည်ထောင်ကာ ကမ္ဘာပေါ်တွင် မြေရှားသတ္တုနှင့်ပတ်သက်သည့် အကြီးမားဆုံးအရွေ့အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အသစ်တည်ထောင်လိုက်သည့် China Rare Earth Group Co. Ltd မှာ တရုတ်နိုင်ငံ heavy rare earth ပံ့ပိုးပေးနိုင်မှု၏ (၆၂) ရာခိုင်နှုန်းနီးပါး ပါဝင်ပါသည်။ ၎င်းနိုင်ငံပိုင် လုပ်ငန်းသည် dysprosium နှင့် terbium ကဲ့သို့ အဓိကမြေရှားသတ္တုများ၏ ဈေးနှုန်းသတ်မှတ်နိုင်စွမ်းကို တိုးမြှင့်သွားမည်ဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာ မြေရှားသတ္တု ပံ့ပိုးမှုကွင်းဆက်သို့ အပြောင်းအလဲများဖြစ်ပေါ်လာနိုင်ဖွယ် ရှိပါသည်။

၎င်းလုပ်ငန်းကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ကျင်းစီးပြည်နယ်၊ ဂန်းကျိုး၌ တည်ထောင်လိုက်ခြင်းဖြစ်ကာ၊ Aluminum Corporation of China (CHALCO)၊ China Minmetals Corporation ၊ Ganzhou Rare Earth Group Co., Ltd တို့အပြင် သုတေသနကုမ္ပဏီများဖြစ်သည့် China Iron & Steel Research Institute Group နှင့် Grinm Group Corporation Ltd တို့ကိုပါ ပေါင်းစည်း၍ ဖွဲ့စည်းလိုက်ခြင်းဖြစ်ပါသည်။ China Rare Earth Group Co. Ltd ကို မြေရှားသတ္တုကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုကိုမြှင့်တင်သွားရန် ရည်ရွယ်၍ ပေါင်းစည်းဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြပါသည်။

MIS DOP

မြေရှားသတ္တုများမှာ lanthanum ၊ cerium ၊ praseodymium ၊ neodymium ၊ promethium ၊ samarium ၊ europium ၊ gadolinium ၊ terbium ၊ dysprosium ၊ holmium ၊ erbium ၊ thulium ၊ ytterbium ၊ lutetium ၊ scandium နှင့် yttrium ဟူသည့် ဓာတုဗေဒဆိုင်ရာ အခြေခံ (၁၇)မျိုး၏ အုပ်စုဖြစ်ပါသည်။

မြေရှားသတ္တုများကို အဆင့်မြင့်လူသုံးကုန်ပစ္စည်းများ (ကွန်ပျူတာများ၊ ဖုန်းများ၊ စွမ်းအင် အသစ်သုံးယာဉ်များ)နှင့် စစ်ရေးအသုံးအဆောင်များ (လေဆာများ၊ လမ်းညွှန်ပြသသည့် စနစ်များ၊ ရေဒါစနစ်များ) ထုတ်လုပ်ရာတွင် မရှိမဖြစ် ထည့်သွင်းအသုံးပြုရပါသည်။ သံလိုက်များတွင် အသုံးပြုရသည့် အရေးအပါဆုံးပစ္စည်းလည်း ဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ အပေါ်ယံလွှာတွင် မြေရှားသတ္တုများ ပါဝင်တတ်သော်လည်း၊ အခြားတွင်းထွက်များကဲ့သို့ ထုတ်ယူနိုင်လောက်အောင် များများစားစား ရှိမနေတတ်ခြင်းကြောင့် တန်ဖိုးမြင့် ရှားပါးသတ္တုဖြစ်နေခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံမှာ ၂၀၀၀ ပြည့်နှစ်များမှစ၍ ကမ္ဘာပေါ်ရှိမြေရှားသတ္တုလုပ်ငန်းတွင် ဦးဆောင်နေသည့်နိုင်ငံဖြစ်ပြီး၊ မြေရှားသတ္တုတွင်းများ၏ (၅၅) ရာခိုင်နှုန်းမှ (၇၀) ရာခိုင်နှုန်းခန့်ကို ဝင်ရောက် လုပ်ကိုင်နေကာ၊ သန့်စင်ထုတ်လုပ်မှုပိုင်းတွင် (၉၀) ရာခိုင်နှုန်းခန့် ရှိပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံ၏ ဈေးကွက်လွှမ်းမိုးနိုင်မှုမှာ အားနည်းနေခဲ့ပြီး၊ တစ်ကမ္ဘာလုံးမှ ထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ယခင်ထုတ်လုပ်မှုများ၏ (၈၆) ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် (၅၈.၃) ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်တော့သည်အထိ ကျဆင်းခဲ့ကြောင်း US Geological Survey အရ သိရပါသည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုမှာလည်း များစွာကျဆင်းလာခဲ့ပြီး၊ သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များကို ထိခိုက်စေမှုများနှင့် ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုချင်း၏ ပြည်တွင်းပြိုင်ဆိုင်မှုကလည်း နိုင်ငံခြားမှလုပ်ငန်းအပြိုင်များနှင့် ပြိုင်ဆိုင်ရာတွင် သိသာလာသည့်အတွက် ယခုကဲ့သို့ ပေါင်းစည်းဖွဲ့စည်းခြင်းဖြစ်ပါသည်။

ယခုအသစ်ဖွဲ့စည်းလိုက်သည့် China Rare Earth Group Co. Ltd သည် သတ္တုတွင်းတူးဖော်နိုင်သည့်ခွဲဝေမှု(ကိုတာ) မက်ထရစ်တန်ချိန် (၅၂,၇၁၉)တန် (တရုတ်နိုင်ငံတစ်နိုင်ငံလုံး စုစုပေါင်း၏ ၃၁ ရာခိုင်နှုန်း)ကို ရရှိထားပြီး၊ သတ္တုအရည်ကြိုနိုင်သည့် ခွဲဝေမှု (ကိုတာ) မက်ထရစ်တန်ချိန် (၄၇,၁၂၉) တန် (တရုတ်နိုင်ငံ တစ်နိုင်ငံလုံး စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်း)ကို ရရှိထားပါသည်။ China Rare Earth Group Co. Ltd အနေဖြင့် တရုတ်တစ်နိုင်ငံလုံး heavy rare earth ပံ့ပိုးပေးနိုင်စွမ်းတွင် (၆၂) ရာခိုင်နှုန်းခန့် ပါဝင်ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းအနေဖြင့် သံလိုက်ထုတ်

MISDP

လုပ်ရာတွင် အဓိကအသုံးပြုသည့် dysprosium နှင့် terbium ဈေးနှုန်းများကို ပိုမိုထိန်းချုပ်သွားနိုင်ဖွယ်ရှိပါသည်။

ထို့ပြင် ၎င်းကုမ္ပဏီအနေဖြင့် နည်းပညာများကို မျှဝေအသုံးပြု၍ ရင်းမြစ်များကို အထိရောက်ဆုံးအသုံးပြုသွားရန်နှင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချပေးရန်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ တရုတ်အစိုးရဘက်မှလည်း ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုအသုံးပြု၍ မြေရှားသတ္တုလုပ်ငန်းကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထိန်းကျောင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တရုတ်အစိုးရ၏ ၂၀၂၁ အတွက် ရင်းနှီးမြှုပ်နှံမှုကန့်သတ်စာရင်းတွင် မြေရှားသတ္တု၊ ရေဒီယိုသတ္တိကြွတွင်းထွက်များနှင့် အဖြိုက်နက်တို့အား တူးဖော်ရှာဖွေခြင်းကို ထည့်သွင်းထားသော်လည်း ဟိုင်နန်လွတ်လပ်သောကုန်သွယ်ရေးဆိပ်ကမ်း ကန့်သတ်စာရင်း၌မူ ခြွင်းချက်အနေအထားနှင့် တားမြစ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရေရှည်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကုန်ကျစရိတ်များကို လျှော့ချ၍ အလုံးစုံထုတ်လုပ်မှုကို တိုးတက်စေလျက် မြေရှားသတ္တုကဏ္ဍသို့ မျှတသောယှဉ်ပြိုင်မှုများ ဆောင်ကြဉ်းပေးနိုင်သည့် ထုတ်လုပ်မှုကွင်းဆက် အကျိုးသက်ရောက်မှုများကို မျှော်မှန်းနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြပါသည်။

ထို့ပြင် တရုတ်နိုင်ငံတောင်ပိုင်းရှိ China Rare Earth Group Co. Ltd သည် heavy နှင့် medium မြေရှားသတ္တုများအပေါ် အလေးထားဆောင်ရွက်သော်လည်း တရုတ်နိုင်ငံမြောက်ပိုင်း၌ အပေါ့စား မြေရှားသတ္တုများထွက်ရှိသဖြင့် ၎င်းအတွက် နောက်ထပ်မြေရှားသတ္တုလုပ်ငန်းကြီးတစ်ခုဖွဲ့စည်းမည့်အလားအလာရှိပါသည်။ ဤကဲ့သို့ ဖွဲ့စည်းဖြစ်ခဲ့ပါက မြေရှားသတ္တုအမျိုးအစားအားလုံး၏ ကုန်စည်ပံ့ပိုးမှုကွင်းဆက်များတွင် တရုတ်နိုင်ငံက ပိုမိုလွှမ်းမိုးမှုလာဖွယ်ရှိကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ China–Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.............................................................................................................................

MIS DOP

## နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ဉာဏပစ္စည်းမူပိုင်ခွင့်(IP)ချိုးဖောက်မှုများကို တားဆီးနှိမ်နင်းရန် အစီအမံများကို ဆောင်ရွက်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ဉာဏပစ္စည်းမူပိုင်ခွင့်(IP)ချိုးဖောက်မှုများကိုတားဆီးနှိမ်နင်းရန် အစီအမံများကိုဆောင်ရွက်လျှက်ရှိကြောင်း၊ ၎င်းမှာ ကုန်သွယ်ဖက်နိုင်ငံများအကြားယုံကြည်မှုကို တည်ဆောက်ရန်နှင့် ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကိုဖန်တီးရန် လုပ်ဆောင်မှုဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါလှုပ်ရှားမှုသည် နိုင်ငံအတွင်းသို့ အဆင့်မမီထုတ်ကုန်များ တင်သွင်းလာမှုကိုတားဆီးနိုင်ရန်နှင့် ပြည်တွင်းရှိစားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်လည်း ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sinit Lertkrai ၏ပြောကြားချက်အရခိုးကူးအမှတ်တံဆိပ်များနှင့် ထုတ်ကုန်များအားတင်ပို့ခြင်း၊ တင်သွင်းခြင်း(သို့မဟုတ်) ထိုင်းနိုင်ငံကိုတစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း စသည့်မည်သည့်ပုံစံတစ်ခုခုကိုမဆို တားမြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာမူကြမ်းကို အစိုးရအဖွဲ့မှ ဇန်နဝါရီလ (၄) ရက်နေ့တွင်အတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်အကောက်ခွန်ဦးစီးဌာနနှင့် အနီးကပ်ပူးပေါင်းကာ နိုင်ငံအတွင်းမှတင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် ထိုင်းနိုင်ငံကိုတစ်ဆင့်ဖြတ်သန်းသယ်ဆောင်မည့် ကုန်အမှတ်တံဆိပ်ချိုးဖောက်သောထုတ်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကြိုးပမ်းဆောင်ရွက်ချက်သည် နယ်စပ်စစ်ဆေးရေးဂိတ်များတွင် IP ချိုးဖောက်မှုများကိုတားဆီးနှိမ်နင်းရာတွင် ထိရောက်မှုကိုတိုးတက်လာစေမည်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်အရနှင့် ယခုလအတွင်း အသက်ဝင်မည့်ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (RCEP) တို့အရ ကုန်သွယ်မှုမိတ်ဖက်များ၏ ယုံကြည်မှုကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

ဉာဏပစ္စည်းမူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Vuttikrai Leewiraphan က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ ဉာဏပစ္စည်းမူပိုင်ခွင့်ရရှိထားသူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တိုက်ရိုက်ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းနှင့်

အကောက်ခွန်တာဝန်ရှိသူများအနေဖြင့် သံသယရှိသည့်ကုန်အမှတ်တံဆိပ်နှင့် ထုတ်ကုန်များကို ချက်ခြင်းစစ်ဆေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်တလောအားဖြင့် မူပိုင်ခွင့်ပိုင်ရှင်များသည် ဉာဏပစ္စည်းမူပိုင်ခွင့်ဦးစီးဌာနသို့ ပထမဦးစွာအကြောင်းကြားရမည်ဖြစ်ကြောင်း၊ ၎င်းနောက် အကောက်ခွန်ဦးစီးဌာနသို့ သတင်းအချက်အလက်များဆက်လက်ပေးပို့ကာ စစ်ဆေးမှုများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အတုအပထုတ်လုပ်ထားသော ထုတ်ကုန်များသည်လည်း ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေကို ချိုးဖေါက်ကြောင်း သိရှိရပါသည်။

အဆိုပါအမိန့်ကြော်ငြာစာသည် အစိုးရပြန်တမ်းတွင် ထုတ်ပြန်သည့်ရက်မှစ၍ ရက်ပေါင်း(၉၀) အကြာတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်အက်ဥပဒေနှင့် ထပ်မံပြင်ဆင်ထားချက်တို့အရ အဆိုပါအက်ဥပဒေ၏ ပုဒ်မ(၂၀)အရ တားမြစ်ထားသော (သို့မဟုတ်) ပိတ်ပင်ထားသောကုန်ပစ္စည်းကို တင်ပို့တင်သွင်းသူအနေဖြင့် (၁၀)နှစ်ထက်မပိုသောထောင်ဒဏ်(သို့မဟုတ်) တင်ပို့တင်သွင်းသောပစ္စည်းတန်ဖိုး၏(၅) ဆအား ဒဏ်ကြေးပေးဆောင်ရန် (သို့မဟုတ်) ပြစ်ဒဏ်နှစ်ရပ်လုံးကျခံရန်နှင့် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သောကွန်တိန်နာနှင့် ယာဉ်တို့အားသိမ်းဆည်းရန်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဉာဏပစ္စည်းမူပိုင်ခွင့်ကို နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရန်နှင့် စီးပွားရေးကိုပြန်လည်မြှင့်တင်ရာတွင် ကရိယာတစ်ခုအဖြစ် အသုံးချသွားမည်ဖြစ်ကြောင်း ယခုနှစ်အစောပိုင်းတွင်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နောက်ထပ် ရည်မှန်းချက်တစ်ခုမှာ ဒေသခံပြည်သူများ၏ ဘဝအရည်အသွေးနှင့်သုခချမ်းသာများပြည့်စုံစေရန် ပထဝီဒေသဆိုင်ရာ အညွှန်းကိန်းGeographical Indications (GI)များကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရှိရပါသည်။ ပထဝီဒေသဆိုင်ရာအညွှန်းကိန်း Geographical Indications (GI) ဆိုသည်မှာ မူရင်းဒေသကို အထူးဖေါ်ညွှန်းသော ၎င်း၏ သီးခြားအရည်အသွေး၊ ဂုဏ်သတင်း(သို့မဟုတ်) အခြားထူးခြားသည့် ဝိသေသလက္ခဏာများရှိနေသည့်နိုင်ငံ၊ နယ်မြေ(သို့မဟုတ်) ပြည်တွင်းဒေသတစ်ခုမှ ထွက်ရှိသောထုတ်ကုန်ပစ္စည်းဖြစ်ကြောင်းညွှန်းဆိုပြသပြီး ထိုသို့ညွှန်းဆိုပြသရာတွင် အသုံးပြုသည့် ထူးခြားသောအထောက်အထားလက်မှတ်(certificate)တစ်ခုပင်ဖြစ်ပါသည်။ အဆိုပါထူးခြားသည့်

MSDP

လက္ခဏာများနှင့် ဝိသေသများအတွက် အထောက်အထားလက်မှတ်ကိုရရှိခြင်းဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ဈေးကွက်များတွင် ဈေးကွက်တန်ဖိုးကိုပိုမိုတိုးမြှင့်စေနိုင်ကြောင်း သိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

…………………………………………………………………………..

**Amata ကုမ္ပဏီအနေဖြင့်လာအိုနိုင်ငံတွင်အမေရိကန်ဒေါ်လာ(၁)ဘီလီယံတန်ဖိုးရှိ Smart and Eco City အားတည်ဆောက်မည် (ထိုင်းနိုင်ငံ)**

ထိုင်းစတော့အိတ်ချိန်းစာရင်းဝင် အမတကော်ပိုးရေးရှင်း(Amata Corporation Plc) အနေဖြင့် လာအိုနိုင်ငံတွင် အမေရိကန်ဒေါ်လာ(၁)ဘီလီယံတန်ဖိုးရှိ **Smart and Eco City** ကို တည်ဆောက်ခြင်းဖြင့် ၎င်း၏ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကို ဆက်လက်၍လုပ်ဆောင်နေကြောင်းသိရှိရပါသည်။

ကုမ္ပဏီအနေဖြင့်လာအိုနိုင်ငံမြောက်ပိုင်းရှိလွမ်နမ်သာခရိုင်Luang Namtha Province နာတူ(Natuey)တွင်အကျယ်အဝန်းမြေ(၂,၅၆၂.၅) ရိုင်(Rai)(သို့မဟုတ်)(၄၁၀) ဟက်တာအပေါ်တွင် စက်မှုမြို့တော်အသစ် တည်ဆောက်ရန်ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစက်မှုမြို့တော်သည် ထိရောက်သောစွမ်းအင်အသုံးပြု အခြေခံအဆောက်အဦနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုတို့နှင့်အတူ ခေတ်မီစက်မှုမြို့တော်များ အတွက်စံပြဖြစ်လာမည်ဖြစ်ကြောင်း Amata ၏ အမှုဆောင်အရာရှိချုပ် Vikrom Kromadit က ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

Amata **Smart and Eco City** စီမံကိန်းပရောဂျက်ကို ယခုနှစ်အစောပိုင်းတွင်စတင်၍ တည်ဆောက်မည်ဖြစ်ပြီးအဆင့်လိုက်အားဖြင့်(၂၀၀)စတုရန်းကီလိုမီတာ(ဟက်တာ၂၀,၀၀၀)အထိ တိုးချဲ့၍တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းကို Amata ၏ ရာနှုန်းပြည့် ပိုင်ဆိုင်သည့်Amata City Lao Sole Company က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Amata **Smart and Eco City** စီမံကိန်းကို ထောက်ပံ့ပို့ဆောင်ရေးနှင့်သိုလှောင်ရုံများ အပါအဝင် စက်ပစ္စည်းများ၊ ရာဘာနှင့်ပလပ်စတစ်ထုတ်ကုန်များ၊အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်းများ၊ အလားတူ ဓါတုဗေဒနှင့်ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများအပါအဝင် နယ်ပယ်အသီးသီးမှနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကိုဝန်ဆောင်မှုပေးနိုင်ရန် Design ပုံစံ ထုတ်လုပ် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ထို့အပြင်အဆိုပါစီမံကိန်းသည် လာအိုနိုင်ငံ၏ GDP ကို တွန်းအားပေးကူညီရန်နှင့် တိုင်း ပြည်အတွင်းသို့ စီးပွားရေးဆိုင်ရာကြွယ်ဝမှုများနှင့် ရေရှည်တည်တံ့အောင်မြင်ရေးတို့ကို ဆောင် ကြဉ်းပေးနိုင်ရန်ကိုလည်းရည်ရွယ်ထားကြောင်းသိရှိရပါသည်။

Amataကုမ္ပဏီအနေဖြင့် Amata **Smart and Eco City** စီမံကိန်းကို မြှင့်တင်ရာတွင် ကူညီနိုင်ရန် တရုတ်၊ ဂျပန်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံစုံကုမ္ပဏီကြီးများနှင့် အစိုးရများကို ဖိတ်ကြားရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ ၎င်းတွင် ယိုကိုဟားမား စက်မှုမြို့တော်နှင့် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့အစည်း(JETRO )တို့လည်းပါဝင်ကြောင်းသိရှိရပါသည်။

မိမိတို့အနေဖြင့် အထက်ဖော်ပြပါ လေးနိုင်ငံနှင့်လာအိုနိုင်ငံတို့ဖြင့် အဆိုပါစီမံကိန်းပရော ဂျက်ကို အလားအလာအပြည့်အဝနှင့် ဖွံ့ဖြိုးတိုးတက်စေရန်လက်တွဲ အကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းMr. Vikorm ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ကုမ္ပဏီအနေဖြင့် လာအိုနိုင်ငံအားပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ ခေတ်မီသော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုဆွဲဆောင်မှုရှိသည့်နေရာ ဖြစ်လာစေရေးကူညီပေးရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ်ပံ့ပိုးကူညီရန် ပူးပေါင်းဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်၍ပြောကြားခဲ့ပါသည်။

ယခုအချိန်အထိ Amata ကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စက်မှု မြို့တော်များကိုဖော်ဆောင်ထားပြီး စုစုပေါင်းအားဖြင့်စက်မှုဇုန်တွင် ဌားရမ်းသူများနှင့် နေထိုင်သူ ပေါင်း(၁,၄၀၀) ကျော်ရှိပြီဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါစက်မှုမြို့တော်များသည် အနီးအနား တွင်နေထိုင်သူ(၃၀၀,၀၀၀)ကျော်ရှိပြီးမြို့ပြအဖြစ် ထွန်းကားလာစေကြောင်းသိရှိရပါသည်။

MSDOP

ထိုင်းနိုင်ငံတွင် Amata ကုမ္ပဏီအနေဖြင့် အရှေ့ပိုင်းစီးပွားရေးစကြံနိရှိ Amata City (Rayong)နှင့်Amata City (Chon Buri)တို့တွင် စက်မှုမြေ(၁၀,၀၀၀)ရိုင်(Rai) ကိုဖော်ဆောင်လျှက်ရှိကြောင်းသိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

.............................................................

## ကူညီကယ်ဆယ်ရေးအစီအမံများအတွက် ဘတ်ငွေ(၁.၄၈) ဘီလီယံအား အစိုးရအဖွဲ့မှ အတည်ပြုခွင့်ပြုခြင်း (ထိုင်းနိုင်ငံ)

အစိုးရအဖွဲ့အနေဖြင့် သုံးလတာကာလအတွင်း လူနေမှုကုန်ကျစရိတ်များလျှော့ချစေရေးအစီအမံများအတွက် ထောက်ပံ့ပေးနိုင်ရန် ဗဟိုရန်ပုံငွေမှဘတ်ငွေ(၁.၄၈) ဘီလီယံအား ခွဲဝေချထားပေးခြင်းကို(၁၈-၁-၂၀၂၂) ရက်နေ့တွင်အတည်ပြုပေးခဲ့ကြောင်းသိရှိရပါသည်။

အစိုးရ၏ပြောရေးဆိုခွင့်ရှိသူThanakorn Wangboonkongchana ကအဆိုပါ အဆိုပြုချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်တစ်နိုင်ငံလုံးတွင်ဖြန့်ဖြူးရေးဆိုင်ခွဲပေါင်း(၃,၀၀၀)ဖြင့် လျှော့ဈေးဖြင့် ရောင်းချသည့်လှုပ်ရှားမှုများ၊ မရှိမဖြစ်ကုန်ပစ္စည်းများအား တစ်နိုင်ငံလုံးရှိလူမှုအဖွဲ့အစည်းများသို့ဈေးနှုန်းချိုသာသည့် အလံပြာ(Blue Flag)လှုပ်ရှားမှုအစီအစဉ်များဖြင့် ဖြန့်ဝေဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း ၊ဗန်ကောက်နှင့် အနီးတစ်ဝိုက်ပတ်ဝန်းကျင်ပြည်နယ်များတွင် မိုဘိုင်းယူနစ်အစီး (၅၀) ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အဆိုပါစီမံကိန်းမှာရက်ပေါင်း(၉၀)ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လျှော့ဈေးဖြင့်ရောင်းချမည့်ကုန်ပစ္စည်းများတွင် လယ်ယာထုတ်ကုန်များ၊ ကြက်သား၊ ကြက်ဥများနှင့်အခြားသော မရှိမဖြစ်ကုန်ပစ္စည်းများပါဝင်ကြောင်း၊ ၎င်းတို့ကို ရပ်ရွာများရှိ လူမှုအဖွဲ့အစည်းများ၏ စင်တာများ၊ ရပ်ကွက်ဈေးများ၊ ကုန်တိုက်များ၊ ဈေးကြီးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ မိုဘိုင်းကုန်စုံဆိုင်များတွင်ရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ ဝန်ကြီးချုပ်က

ကုန်ဈေးနှုန်း ကန့်သတ်ရေးအစီအမံများနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအားအပတ်စဉ်တင်ပြရန်အမိန့်ပေးခဲ့ကြောင်းသိရှိရပါသည်။ အစိုးရအနေဖြင့် ပြည်သူ

အများ၏ ဝန်ထုတ်ဝန်ပိုးကိုဖြေလျှော့နိုင်ရန်အတွက် လက်လီဈေးနှုန်းများကို တန့်ထားပေးရန် ထုတ်လုပ်သူများထံမှ ပူးပေါင်းဆောင်ရွက်မှုကိုလည်းတောင်းဆိုထားကြောင်း သိရှိရပါသည်။

ယခုစီမံကိန်းက ကိုဗစ်-၁၉ကြောင့် စီးပွားရေးအပေါ်ထိခိုက်မှုများနှင့် ကုန်ပစ္စည်း ဈေးနှုန်းမြင့်တက်မှုများကြောင့်ထိခိုက်ခံစားနေရသောပြည်သူများ၏အခက်အခဲများကိုလျှော့ပါး သက်သာစေမည်ဖြစ်ကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူကဆိုပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှု ပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက် (အမေရိကန်)

အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင် မှုပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိရာမှ ၁၈-၁-၂၀၂၁ ရက်နေ့၊ နံနက်ပိုင်း တွင် West Texas Intermediate ကြိုရောင်းဝယ်မှုတွင် အမေရိကန်ရေနံစိမ်းဈေးနှုန်းသည် တစ်စည် လျှင် ၁.၇ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၈၅.၂၀ထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် ၂၀၁၄ ခုနှစ်တွင် ရှေးကျောက် (Share)မှ ထုတ်လုပ်သည့် ရေနံပြဿနာဖြစ်ပြီးနောက်ပိုင်း အမြင့်ဆုံး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အမေရိကန်နိုင်ငံ၏ ရေနံထုတ်လုပ်သည့် နိုင်ငံကြီးအဖြစ် ပြန်လည်ရပ်တည်လာခြင်းကြောင့် နှစ်ပေါင်းများစွာဈေးကျဆင်းလျက်ရှိသည့် ရေနံစျးကွက်ပြန် လည်ရှင်သန်လာတော့မည်ဖြစ်ကြောင်း ၁၈-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများ၏ပြိုင်ဆိုင်မှုသည် စွမ်းအင်ဈေးကွက်ကို ထိခိုက်မှု ရှိလာနိုင်ကြောင်း၊ အထူးသဖြင့် ရေနံစိမ်းအဓိကထုတ်လုပ်သည့် ရုရှနှင့် ယူအေအီးနိုင်ငံတို့မှ ရောင်း ချမှုလျော့နည်းလာသည့်အတွက်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အိုမီခရွန် မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့မှုကို အသိအမှတ်ပြုခဲ့သော်လည်း စက်သုံးဆီသုံးစွဲမှု မကျဆင်းခဲ့ကြောင်း၊ ၁၈-၁-၂၀၂၂ ရက်နေ့ တွင် ကမ္ဘာ့ရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံများအသင်း - အိုပက် မှ ထုတ်ပြန်သည့်အစီရင်ခံစာတွင် ယခုနှစ်တွင် တစ်ရက်လျှင် ကမ္ဘာ့စက်သုံးဆီသုံးစွဲမှုသည် စည်ပေါင်း ၁၀၀.၈ သန်း ရှိနိုင်သည်ဟု ခန့်

မှန်းထားသည့်အတွင် ၂၀၂၂ ခုနှစ်ထက် စည်ပေါင်း ၄.၂ သန်း ပိုမိုသုံးစွဲလာနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် စွမ်းအင်ကုမ္ပဏီကြီးများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်း၊ ၂၀၂၂ ခုနှစ်တွင် S&P 500 အကောင်းဆုံးစွမ်းဆောင်သူအဖြစ် ရောက်ရှိလာမည်ဟု ခန့်မှန်းကြကြောင်း၊ Chevron Corp. သည် ၉.၉ ရာခိုင်နှုန်း နှင့် Exxon Mobil Corp. သည် ၁၇ ရာခိုင်နှုန်းအသီးသီး ရှယ်ယာတန်ဖိုးမြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်လာစေသည့် နောက်ထပ်အကြောင်းခြင်းရာတစ်ခုမှာ အမေရိကန်ပြင်ပတွင် သဘာဝဓာတ်ငွေ့ရှားလာမှုပင်ဖြစ်ကြောင်း၊ ဥရောပနှင့် အာရှတွင် သဘာဝဓာတ်ငွေ့မှ စက်သုံးဆီပြောင်းလဲသုံးစွဲလာခြင်းကြောင့် စက်သုံးဆီဝယ်လိုအားသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ရက်လျှင် စက်သုံးဆီ စည်ပေါင်း ၅ သိန်းခန့်မြင့်တက်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် နောက်ထပ် ၃သိန်းခန့် မြင့်တက်လာနိုင်သည်ဟု Goldman Sachs Group မှ သုတေသီများက ခန့်မှန်းကြကြောင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းသည် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာမည်ဖြစ်သည့်အတွက် ကြိုရောင်းဝယ်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/oil-prices-hit-seven-year-high-on-rising-geopolitical-tensions-11642507485?mod=hp_lead_pos5

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………………………………………………

MIS DOP

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄ / ၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၂၇) ရက်

| ၂၇-၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၉၁.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၁၅.၉ |
| စတာလင်ပေါင် | ၂၃၈၅.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၅၄၅.၆ |
| တရုတ်ယွမ် | ၂၇၉.၃၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၂၀ |
| အိန္ဒိယရူပီး | ၂၃.၆၆၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၇၅ |
| မလေးရှား ရင်းဂစ် | ၄၂၃.၂၈ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၇၄ |
| ထိုင်းဘတ် | ၅၃.၄၆၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၄၉၉ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ကြက်နှင့် ကြက်သားတို့အား ဈေးနှုန်းထိန်းချုပ်စာရင်းတွင် ထည့်သွင်းခြင်း (ထိုင်းနိုင်ငံ)

➢ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်တွင် ပြောင်းစေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

➢ ဒေါ်လာငွေတန်ဖိုးကျဆင်းနေချိန်တွင် ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံဈေးနှုန်းများမြင့်တက်ခဲ့ (ဘရာဇီးလ်နိုင်ငံ)

➢ ရင်းနှီးမြှုပ်နှံမှုပမာဏ ၃ ဆအထိမြင့်တက်နိုင် (ဘရာဇီးလ်နိုင်ငံ)

➢ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ ဆန်ကဏ္ဍတွင် အပေါင်းလက္ခဏာပြခဲ့

➢ ဇန်နဝါရီလ (၁၂)ရက်နေ့တွင် တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်လက်ကားဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့

➢ အိန္ဒိယ၏ လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံကျော်ရနိုင်ဖွယ်ရှိ

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

➢ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

➢ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- **RCEP** တွင် တရုတ်နိုင်ငံ၏ပါဝင်မှုထက် တောင်ကိုရီးယား၏ ပါဝင်လာမှုအပေါ် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များကပိုမိုလိုလားကြောင်း စစ်တမ်းသုံးသပ်ချက်အရ သိရ
- ၂၀၂၁ ခုနှစ်တွင်ပြည်ပပို့ကုန်တင်ပို့မှု(၁၇%) တိုးတက်ခဲ့ခြင်း (ထိုင်းနိုင်ငံ)
- **Bitcoin** တန်ဖိုး ထက်ဝက်ခန့်ကျဆင်း (အမေရိကန်နိုင်ငံ)
- အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် စားသောက်ကုန်ရောင်းချဖြန့်ဖြူးမှု အကြပ်အတည်းနှင့် ရင်ဆိုင်နေရ (အမေရိကန်နိုင်ငံ)

## ကြက်နှင့် ကြက်သားတို့အား ဈေးနှုန်းထိန်းချုပ်စာရင်းတွင် ထည့်သွင်းခြင်း (ထိုင်းနိုင်ငံ)

အစိုးရ၏ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ကြက်နှင့်ကြက်သားတို့အားထည့်သွင်းရန်နှင့် ကြက်မွေးမြူသူများ၊ သားသတ်ရုံများနှင့်အစာစက်ရုံများအတွက် ပိုမိုပြင်းထန်သောအရေးယူမှုများ ချမှတ် ဆောင်ရွက်သွားရန်အဆိုပြုချက်ကို အစိုးရအဖွဲ့က (၂၄-၁၂-၂၂)ရက်နေ့တွင် မီးစိမ်းပြခဲ့ ကြောင်း သိရှိရပါသည်။

အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirel က အစိုးရ၏ ဈေးနှုန်း ထိန်းချုပ်ရေးစာရင်းတွင်ကြက်နှင့် ကြက်သားတို့အားထည့်သွင်းရခြင်းမှာ အစားအသောက်ဈေးနှုန်း များမြင့်တက်လာခြင်းမှ ပြည်သူများ၏အခက်အခဲများကို သက်သာစေရန်ဖြစ်ကြောင်းပြောကြားခဲ့ ပါသည်။ ဈေးနှုန်းထိန်းချုပ်ရေးစာရင်းတွင် အဓိကအားဖြင့် အစားအစာများ၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်များ၊ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစာ၊ လယ်ထွန်စက်များ၊ စပါး၊ ရိတ်သိမ်းစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူ၊ ရေနံနှင့် ဆေးဝါးများ အကျုံးဝင် ကြပါသည်။

ဈေးနှုန်းထိန်းချုပ်ရေး စာရင်းသွင်းထားသော အစားအစာများတွင် ကြက်သွန်ဖြူ၊ စပါး၊ ကြိတ်ခွဲပြီးဆန်၊ ပြောင်း၊ ကြက်ဥ၊ ပီလောပီနံ၊ ဂျုံမှုန့်၊ သကြား၊ ဝက်သားတို့ပါဝင်ကြပြီး ဈေးနှုန်း ထိန်းချုပ်ရေး စာရင်းသွင်းထားသောဝန်ဆောင်မှုလုပ်ငန်းများတွင် အွန်လိုင်းပို့ဆောင်ရေး စီးပွားရေး လုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ၊ အခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသည့်နေရာများတွင် ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ကြပါသည်။

ကြက်နှင့် ကြက်သားအပါအဝင် လက်ရှိအားဖြင့်အစိုးရ၏ ဈေးနှုန်းထိန်းချုပ်ရေးစာရင်း တွင်(၅၂)ခု ရှိကြောင်း၊ ၎င်းတို့အနက်(၄၇) ခုမှာထုတ်ကုန်ပစ္စည်းများဖြစ်ကြပြီး(၅) ခုမှာဝန်ဆောင်မှု လုပ်ငန်းများဖြစ်ကြကြောင်း သိရှိရပါသည်။

လူနေမှုကုန်ကျစရိတ်များ မြင့်တက်လာမှုကိုကူညီရန်အတွက် အစိုးရအဖွဲ့အနေဖြင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အဆိုပြုလာသည့် စားသုံးသူများအတွက် သက်သာ ချောင်ချိရေးအစီအမံများဆောင်ရွက်နိုင်ရန် ဗဟိုရန်ပုံငွေမှနေ၍ ဘတ်ငွေ(၁.၄၈) ဘီလီယံအား (၁၈.၁.၂၀၂၂) ရက်နေ့တွင် ခွင့်ပြုချထားပေးခဲ့ပြီးဖြစ်ပါသည်။

MISDOP

Ms. Rachada ၏အဆိုအရအစိုးရအဖွဲ့သည်(၂၄.၁.၂၀၂၂)ရက်နေ့တွင်ကြက်ကောင်ရေ (၁၀၀,၀၀၀)ကျော်မွေးမြူသည့်လုပ်ငန်းရှင်များနှင့် တစ်ရက်လျှင်ကြက်ကောင်ရေ(၄,၀၀၀) ကျော် သတ်သည့်ကြက်သတ်ရုံများအား အရေအတွက်၊ စတော့စာရင်း၊ လစဉ်အရောင်းကုန်ကျငွေတို့အား အစီရင်ခံတင်ပြဆောင်ရွက်သွားရန် ကိစ္စအားအတည်ပြုပေးခဲ့ကြောင်းသိရှိရပါသည်။

ထို့အပြင် အစိုးရအဖွဲ့သည် ပြည်တွင်းအစာစက်ရုံ(၅၅)ရုံအား တင်းကြပ်သည့်အစီအမံ များဆောင်ရွက်သွားရန်အတည်ပြုပေးခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အရောင်းကုန်ကျငွေ၊ ထုတ်လုပ်မှု ပမာဏနှင့် စတော့လက်ကျန်စာရင်းများကို အစီရင်ခံတင်ပြသွားရန်နှင့် ၎င်းတို့၏ထုတ်ကုန်များကို ဈေးနှုန်းမြှင့်တင်ခြင်းမပြုမီ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ အတည်ပြုချက်အားရယူ၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်းသိရှိရပါသည်။

(၂၄.၁.၂၀၂၂) ရက်နေ့တွင်အစိုးရအဖွဲ့မှ ထုတ်ကုန်ပစ္စည်း(၄) ခုအတွက် ဈေးနှုန်းထိန်း ချုပ်မှုကို နောက်ထပ်တစ်နှစ်သက်တမ်းထပ်တိုးရန် ကိစ္စကိုလည်းအတည်ပြုပေးခဲ့ကြောင်း၊ ၎င်းတို့ မှာ နှာခေါင်းစည်းများ၊ နှာခေါင်းစည်းများပြုလုပ်ရန်လိုအပ်သော Synthetic fibres များ၊ တစ်ကိုယ် ရေသန့်ရှင်းရေးအတွက်ပါဝင်ပစ္စည်းအဖြစ်အရက်(alcohol)ကိုအသုံးပြုထားသော ထုတ်ကုန်များ၊ Waste paper နှင့် Recycle paper တို့ဖြစ်ကြောင်းသိရှိရပါသည်။

ကုန်ပစ္စည်းများစွာ၏ ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ အစိုးရအဖွဲ့အနေဖြင့် ဈေးနှုန်းများကိုထိန်းသိမ်းနိုင်ရန် အစီအမံများစွာကိုဆောင်ရွက်လျက်ရှိကြောင်း Ms. Rachada၏ အဆိုအရသိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်သူ များ၊စီးပွားရေးလုပ်ငန်းရှင်များ၊နှင့်စားသောက်ကုန်များနှင့်ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများ အား ကြက်သားသာမကဘဲ ဟင်းခတ်ဆော့စ်များ၊ ခေါက်ဆွဲခြောက်များ၊ အချိုရည်များပါမကျန် ကုန်ပစ္စည်းများစွာတို့၏ ဈေးနှုန်းများကို ထိန်းသိမ်းနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်သွားရန် တောင်းဆိုခဲ့ကြောင်းသိရှိရပါသည်။

Ms. Rachada ၏ အဆိုအရ ထိုင်းဝက်မွေးမြူသူများအသင်းအနေဖြင့် တရုတ်နှစ်သစ်ကူး ပွဲတော်ပြီးဆုံးသည်အထိ ဝက်သားတစ်ကီလိုဂရမ်လျှင် ဘတ်ငွေ(၁၁၀)နှုန်းဖြင့်မွေးမြူရေးခြံများ၏ ဈေးနှုန်းကိုထိန်းသိမ်းထားပေးရန်သဘောတူညီမှုရခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

MIS DOP

## ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်တွင် ပြောင်းစေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ၏သီးနှံဈေးကွက်၌ ပြောင်းစေ့ဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့ပြီး စတော့ဈေးကွက်စတင်ဖွင့်လှစ်ချိန်တွင် ၆၀ ကီလိုဂရမ် အလေးချိန်ရှိသည့် ပြောင်း ၁ အိတ်တန်ဖိုးသည် ဟဲရာ ၁၀၀.၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ သီးနှံကြိုပွိုင့်ရောင်းဝယ်မှုတွင် မတ်လအတွက် ပြောင်း ၁ အိတ်ဈေးနှုန်းသည် ဟဲရာ ၁၀၀.၀၉ ဖြင့်လည်းကောင်း၊ မေလအတွက် ပြောင်း ၁ အိတ်ဈေးနှုန်းသည် ၉၇.၈၁ ဟဲရာဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက် ပြောင်း ၁ အိတ်တန်ဖိုးသည် ၉၀.၆၀ ဟဲရာဖြင့်လည်းကောင်း၊ စက်တင်ဘာလအတွက် ပြောင်း ၁ အိတ်တန်ဖိုးသည် ၉၀.၀၂ ဟဲရာဖြင့်လည်းကောင်း ဈေးနှုန်းများအသီးသီးဖြစ်ပေါ်ခဲ့သည်။

ဈေးကွက်အတွင်းသို့ ပြောင်းစေ့များဝင်ရောက်မှုလျော့နည်းလျက်ရှိနေသဖြင့် အမြင့်ဈေးဖြစ်သည့် ပြောင်းစေ့ ၁ အိတ်လျင် ၁၀၆.၀၀ ဟဲရာဈေးနှုန်းဖြင့် ဆက်လက်တည်ရှိနေနိုင်ကြောင်း၊ ဘရာဇီးလ်နိုင်ငံတွင် ပြောင်းအများဆုံးစိုက်ပျိုးထွက်ရှိသည့် Rio Grande do Sul ပြည်နယ်တွင် အမြင့်ဈေးဖြစ်သည့် ပြောင့် ၁ အိတ်တန်ဖိုး ၁၀၆.၀၀ ဟဲရာဖြင့် ဈေးနှုန်းဖြစ်ပေါ်ခဲ့သော်လည်း ရောင်းချမည့်သူ မရှိခဲ့ကြောင်း၊ safrinha ဈေးကွက်တွင် B3 အမျိုးအစား ပြောင်း ၁ အိတ်တန်ဖိုးသည် ဟဲရာ ၉၀.၀၀ ဖြင့် ရောင်းဝယ်နေချိန်တွင် Rio Grande do Sul ဈေးကွက်တွင် ဟဲရာ ၁၀၀.၀၀ ဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်သုတေသနပညာရှင် Vlamir Brandalizze က ပြောကြားခဲ့သည်။

MIS DOP

အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်(Chicago Stock Exchange – CBOT) တွင်မူ ယခင်အပတ်က ပြောင်းစေ့ဈေးနှုန်းများဆက်တိုက်မြင့်တက်ခဲ့သော်လည်း ဇန်နဝါရီလ ၂၄ ရက်နေ့ သီးနှံဈေးကွက်စတင်ဖွင့်လှစ်ချိန်၌ ပြောင်းဈေးနှုန်းများ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။ စတော့ဈေးကွက်အတွင်း ကြိုပွိုင့်ရောင်းဝယ်မှုတွင် မတ်လအတွက် ပြောင်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆.၁၃ ဒေါ်လာဖြင့်လည်းကောင်း၊ မေလအတွက် ပြောင်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆.၁၁ ဒေါ်လာဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက် ပြောင်း ၁ စည် တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆.၀၅ ဒေါ်လာဖြင့်လည်းကောင်း၊ စက်တင်ဘာလအတွက် ပြောင်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅.၇၆ ဒေါ်လာတို့ဖြင့် အသီးသီး ဈေးနှုန်းများဖြစ်ပေါ်ခဲ့သည်။

သတင်းရင်းမြစ် –noticiasagricolas.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## ဒေါ်လာငွေတန်ဖိုးကျဆင်းနေချိန်တွင် ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံဈေးနှုန်းများမြင့်တက်ခဲ့ (ဘရာဇီးလ်နိုင်ငံ)

ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အမေရိကန်ဒေါ်လာငွေတန်ဖိုး အနည်းငယ်ကျဆင်းခဲ့သော်လည်း ချီကာဂိုဈေးကွက်၌ ပဲပုတ်စေ့ဈေးနှုန်းများမြင့်တက်နေသဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်အချို့တွင် ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့သည်။ ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် Passo Fundo (RS)ဈေးကွက်တွင် ၁၈၇.၅၀ ဟဲရာဖြင့်လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၈၆.၅၀ ဟဲရာဖြင့်လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၈၈.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၆၄.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Dourados (MS)ဈေးကွက်တွင် ၁၆၇.၀၀ ဟဲရာဖြင့်လည်း အသီးသီးဈေးနှုန်းများ တည်ငြိမ်ခဲ့ပြီးကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၇၄.၅၀ ဟဲရာမှ ၁၇၇.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၁၈၀.၀၀ ဟဲရာမှ ၁၈၂.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၆၅.၀၀ ဟဲရာမှ ၁၆၆.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့သည်။

ဈေးကွက်ဝယ်လိုအားရှိခဲ့သဖြင့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT)၌ ပဲပုတ်စေ့ကြိုပွိုင့်ဈေးနှုန်းများမြင့်တက်ခဲ့သည်။ ပဲပုတ်စေ့ကြိုပွိုင့်ဈေးကွက်တွင် မတ်လအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၄.၀၇ ဒေါ်လာဖြင့်လည်းကောင်း၊ မေလအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၄.၁၆ ဒေါ်လာဖြင့်လည်းကောင်း ရောင်းဝယ်ခဲ့ကြသည်။ ပဲပုတ်စေ့ထွက်ကုန်ဈေးကွက်တွင် မတ်လအတွက်ပဲပုတ်စေ့အခွံ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂.၀၀ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက်ပဲပုတ်ဆီ ၁ ပေါင်လျှင် ၆၂.၅၁ ဆင့်ဖြင့်လည်းကောင်း အရောင်းအဝယ်များ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံခြားငွေရောင်းဝယ်မှုဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာတန်ဖိုးသည် ၅.၄၃၄၀ ဟဲရာဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –noticiasagricolas.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

MIS DOP

## ရင်းနှီးမြှုပ်နှံမှုပမာဏ ၃ ဆအထိမြင့်တက်နိုင် (ဘရာဇီးလ်နိုင်ငံ)

ထောင်လိုက်နည်းစနစ်ကိုအသုံးပြုသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၂ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံ ရှိနေရာမှ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉.၇ ဘီလီယံတန်ဖိုးအထိ တိုးတက်လာနိုင်ကြောင်း စီးပွားရေးအကြံပေးကုမ္ပဏီဖြစ်သည့် MarketandMarkets ၏ သုတေသနတွေ့ရှိချက်များအား ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမြင့်မား ခဲ့ခြင်းကြောင့် စတင်လုပ်ကိုင်မည့်လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်မှုများ ကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ် ကုန်ဆုံးချိန်တွင် လုပ်ငန်းများပြန်လည်ဦးမော့လာခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ စားသောက်နိုင်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများတိုးတက်လာသည်နှင့်အမျှ ထောင်လိုက်နည်းစနစ်များဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ထားသောအစားအသောက်များကို စျေးကွက်များမှရွေးခြယ်ဝယ်ယူမှုများ သိသိသာသာတိုးမြင့်လာခဲ့ကြောင်း သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

ထောင်လိုက် စိုက်ပျိုးမွေးမြူရေးနည်းစနစ်များဖြစ်သည့် ကြားခံပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ရေပေါ်တွင်စိုက်ပျိုးခြင်း(Hydroponics)နှင့် စင်ပေါ်တင်၍စိုက်ပျိုးခြင်း(Aeroponics) နည်းစနစ်တို့ဖြင့် စိုက်ပျိုးမွေးမြူရာတွင် ကွန်တိန်နာများနှင့်အဆောက်အဦများကို အသုံးပြုလာကြကြောင်း ဖော်ပြထားသည်။ လတ်တလောကာလတွင် တွင်ကျယ်စွာအသုံးပြုမှုမရှိသေးသော်လည်း ထောင်လိုက်နည်းစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများကို စတင်လုပ်ကိုင်လာကြကြောင်း၊ ကမ္ဘာ့အမြင့်ဆုံး ထောင်လိုက်မွေးမြူရေးလုပ်ငန်းကို တရုတ်နိုင်ငံ၊ ဟူဘေးပြည်နယ်တွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလကစတင်ဖွင့်လှစ်ခဲ့ပြီး ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ မွေးမြူရေးအဆောက်အဦသည် ၂၆ ထပ်မြင့်မားကြောင်း သတင်းတွင်ဖော်ပြထားသည်။

### ကြားခံပစ္စည်းအသုံးပြု၍ ရေပေါ်တွင်စိုက်ပျိုးခြင်းနှင့် စင်များဖြင့်စိုက်ပျိုးခြင်း

ကြားခံပစ္စည်းအသုံးပြု၍ ရေပေါ်တွင်စိုက်ပျိုးသည့်နည်းစနစ်ကို နိုင်ငံများတွင် စီးပွားဖြစ်စတင်လုပ်ကိုင်လာကြကြောင်း၊ ၎င်းနည်းစနစ်ကိုအသုံးပြု၍စိုက်ပျိုးခြင်းသည် အခြားနည်းစနစ်များကိုအသုံးပြုခြင်းထက် လုပ်ငန်းစတင်ရန်လွယ်ကူခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် စီးပွားရေးအကျိုးအမြတ်ရရှိမှုပိုမိုမြင့်မားခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း၊

MSDOP

တူညီသည့်အဆောက်အဦတစ်ခုအတွင်းတွင် ရေပေါ်စိုက်ပျိုးသည့် နည်းစနစ်(hydroponic)နှင့် စင်အသုံးပြု၍စိုက်ပျိုးသည့်နည်းစနစ်(aeroponic) တို့ကို နှိုင်းယှဉ်လေ့လာခဲ့ရာတွင် စင်အသုံးပြုသည့်နည်းစနစ်က ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုမြင့်မားကြောင်း သုတေသနတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ထို့အပြင် စိုက်ပျိုးရေးတွင်ရေပေါ်နည်းစနစ်ကိုအသုံးပြုခြင်းသည် ရေအရင်းအမြစ်သုံးစွဲမှုနှင့် ရေအလေအလွင့်ဖြစ်မှုတို့တွင် သိသိသာသာလျှော့ကျကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ ရေပေါ်စိုက်ပျိုးနည်းစနစ်အား သုတေသနပြုလုပ်ရာတွင် ပျိုးပင်များသို့အဟာရဓာတ်ထောက်ပံ့ပို့ဆောင်ပေးရာတွင် ထိရောက်စွာထိန်းချုပ်လုပ်ဆောင်နိုင်သည့်အပြင် အပင်ကြီးထွားမှုနှင့် အပင်အရွယ်အစားဖြစ်ပေါ်မှုတို့အပေါ်တွင်လည်း ကောင်းစွာထိန်းချုပ်နိုင်ကြောင်း၊ ထို့အပြင် ပျိုးပင်အားရေနှင့်အဟာရဖြတ်တောက်ထားချိန်တွင် ရေပေါ်နည်းစနစ်သည် စင်ဖြင့်စိုက်ပျိုးသည့် နည်းစနစ်ထက် ကြားခံပစ္စည်းများက ရေနှင့်အဟာရများကိုဆက်လက်ထောက်ပံ့ ပေးထားနိုင်သဖြင့် အပင်ကိုရက်ပိုမိုကြာရှည်စွာရှင်သန်နိုင်ကြောင်း သုတေသနတွေ့ရှိချက်စာစောင်တွင် ဖော်ပြထားသည်။

အဆောက်အဦများအသုံးပြု၍ ထောင်လိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှုသည် ကွန်တိန်နာအသုံးပြုခြင်းထက် ၁ စတုရန်းမီတာအပေါ်တွင် ရရှိသည့်စီးပွားရေးအကျိုးအမြတ်ပိုမိုမြင့်မားကြောင်း၊ မြေနေရာကန့်သတ်ချက်ရှိသည့်နိုင်ငံအချို့တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးအတွက်သာ ကွန်တိန်နာများကိုအသုံးပြုကြကြောင်း၊ ကွန်တိန်နာအသုံးပြုခြင်းသည် စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်တို့တွင် ကန့်သတ်ချက်များရှိကြောင်း၊ သို့ရာတွင် အသုံးပြုရလွယ်ကူခြင်းနှင့် နေရာရွှေ့ပြောင်းရလွယ်ကူမှုတို့ကြောင့် ကွန်တိန်နာအသုံးပြု၍ စိုက်ပျိုးမွေးမြူမှုများပိုမိုတွင်ကျယ်လာကြောင်း MarketsandMarkets ၏ သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

အာရှပစိဖိတ်ဒေသ၌ ထောင်လိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ ပိုမိုတိုးတက်များပြားလာလျက်ရှိနေကြောင်း၊ လူဦးရေထူထပ်သည့်ဟောင်ကောင်တွင် ပြည်တွင်းထုတ်လုပ်မှုနှင့် မလုံလောက်သဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပမှအဓိကတင်သွင်းနေရကြောင်း၊ ထို့ကြောင့် စက်ဘုပူစိုက်ပျိုးရေးနည်းပညာကုမ္ပဏီဖြစ်သည့် Sustenir Agriculture သည် ဟောင်ကောင်ရှိ Tuen Mun တွင် စတုရန်းပေ ၃၀,၀၀၀ ကျယ်ဝန်းသည့် ထောင်လိုက်စိုက်ပျိုး

MIS DOP

ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားသည်။ ထို့အပြင် စက်ဘ်ပူနိုင်ငံသည်လည်း ပြည်ပမှတင်သွင်းသည့် လယ်ယာထွက်ကုန်များအပေါ် မှီခိုရမှုလျှော့ချနိုင်ရန်နှင့် သယ်ယူပို့ဆောင်မှုကြောင့်ဖြစ်ပေါ်သည့် လေလွင့်ပျက်ဆီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ထောင်လိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.............................................................................................................................................

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ ဆန်ကဏ္ဍတွင် အပေါင်းလက္ခဏာပြခဲ့

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှု၌ ဆန်ကဏ္ဍတွင် ကုန်သွယ်မှုပိုငွေများရရှိခဲ့ကြောင်း ဇန်နဝါရီလ ၂၀ ရက်နေ့တွင်ထုတ်ပြန်သည့် ဘရာဇီးလ်ဆန်လုပ်ငန်းရှင်များအသင်း (Brazilian Association of the Rice Industry – Abiarroz) ၏သတင်းတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ဆန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၃.၂ သန်း ရှိခဲ့ပြီး ဆန်သွင်းကုန် အမေရိကန်ဒေါ်လာ ၃၁၆.၈ သန်းအားတင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄၆.၄ သန်းရရှိခဲ့ကြောင်း၊ ဆန်တင်ပို့မှုပမာဏစုစုပေါင်း တန်ချိန် ၁.၁၅၃ သန်းရှိခဲ့ပြီး ဆန်တန်ချိန် ၁ သန်းအား ပြည်ပနိုင်ငံများမှတင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုတွင် ဆန်တန်ချိန် ၁၄၉,၀၀၀ တန် အား အသာစီးရခဲ့ကြောင်း အသင်းကပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါပမာဏသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်မှုမြင့်မားနေချိန်တွင် ကမ္ဘာ့ဆန်ဝယ်လိုအားများမြင့်တက်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်ကာလကတင်ပို့ခဲ့သော ဆန်တန်ချိန် ၁.၈၁၃ သန်း အောက်သို့ လျော့ကျခဲ့ကြောင်း ဆန်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် ၂၀၂၁ ခုနှစ်၌ ဆန်ပို့ကုန်ဝင်ငွေတွင် တိုးတက်ရရှိခဲ့သော်လည်း တင်ပို့မှုပမာဏသည် ၂၀၁၉ ခုနှစ်က တင်ပို့ခဲ့သည့်ပမာဏအောက် ၂၀ ရာခိုင်နှုန်း

MISDP

နှင့် ၂၀၂၀ ပြည့်နှစ်ကတင်ပို့ခဲ့သည့်ပမာဏအောက် ၃၆ ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့ကြောင်း ဆန်လုပ်ငန်းရှင်များအသင်းမှ ပို့ကုန်မန်နေဂျာ Carolina Telles Matos က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဆန်တင်ပို့မှုတွင် ကွန်တိန်နာရရှိမှုအခက်အခဲများ အဓိကကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ဆန်တင်ပို့မှုအဆင်ပြေစေရေးအတွက် ဆန်အလေးချိန် ၂,၀၀၀ ကီလိုဂရမ် ဝင်ဆန့်သည့် ပလပ်စတစ်အိတ်ကြီးများကို တီထွင်ဆန်းသစ်အသုံးပြု၍ ပြည်ပသို့ဆန်တင်ပို့နိုင်ခဲ့သဖြင့် ကွန်တိန်နာ အခက်အခဲဖြစ်ပေါ်မှုကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ကွန်တိန်နာအခက်အခဲ ဖြစ်ပေါ်မှုသည် ၂၀၂၂ ခုနှစ်၊ ဇွန်လအထိ ဆက်လက်ဖြစ်ပေါ်နေနိုင်ကြောင်း Carolina က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် အမေရိကန်ငွေကြေးတန်ဖိုးခိုင်မာမှုရှိနေနိုင်ပြီး ကမ္ဘာ့ဆန်ဈေးကွက်လည်း ဆက်လက်ကောင်းမွန်နိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှပီရူးနိုင်ငံသို့ ဆန်အများဆုံး တင်ပို့ခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့ကြောင်း၊ ထို့အပြင် ဘရာဇီးလ်နိုင်ငံ၏ ဆန်ပို့ကုန်ဈေးကွက်များဖြစ်သည့် ပေါ်လန်၊ ဆီနီဂေါ၊ ဂမ်ဘီယာ၊ ကျူးဘား၊ ကော်စတာရီကာ၊ အမေရိကန်၊ ဆီယာလီယွန်၊ နီကာရာဂွေးနှင့် မက္ကဆီကိုနိုင်ငံတို့သို့လည်း ဆန်များတင်ပို့ခဲ့ကြောင်း ဆန်လုပ်ငန်းရှင်များအသင်း(Abiarroz)က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

MIS DOP

---

## ဇန်နဝါရီလ (၁၂)ရက်နေ့တွင် တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန် လက်ကားဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့

ဇန်နဝါရီလ (၁၂) ရက်နေ့တွင် တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ လက်ကား ရောင်းချသည့် ဈေးနှုန်းအညွှန်းကိန်းမှာ (၁၂၇.၇၃)သို့ ကျဆင်းသွားကာ ယခင်နေ့ကထက် (၀.၁၉) ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တရုတ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ထုတ် ပြန်ချက်အရ သိရပါသည်။

အထူးသဖြင့် ဝက်သားလက်ကားဈေးနှုန်းမှာ တစ်ကီလိုလျှင် ယွမ်ငွေ (၂၂.၁၃)သို့ (၀.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းနှင့် ကြက်ဥဈေးနှုန်းမှာ တစ်ကီလိုလျှင် ယွမ်ငွေ (၉.၈၄) သို့ ကျဆင်းခဲ့ခြင်းတို့ကြောင့် ၎င်းအညွှန်းကိန်းကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် အဓိကဟင်းသီးဟင်းရွက် (၂၈)မျိုး၏ ပျမ်းမျှလက်ကားဈေးအညွှန်းကိန်း မှာ (၀.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အဓိကသစ်သီးဝလံ (၆)မျိုး၏ ပျမ်းမျှလက်ကားဈေး အညွှန်းကိန်းမှာ (၁.၁) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

အဆိုပါလက်ကားဈေးနှုန်းအညွှန်းကိန်းမှာ တရုတ်နိုင်ငံတစ်ဝှမ်းရှိ လယ်ယာစိုက်ပျိုးရေး လက်ကားဈေးကြီး (၂၀၀)ခန့်မှ ရရှိသည့် အချက်အလက်များအပေါ်အခြေခံ၍ စုပေါင်းတွက်ချက် ထားခြင်းဖြစ်ကာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ရေထွက်ကုန်၊ အသား၊ ကောက်ပဲသီးနှံနှင့် စား သုံးဆီများအပါအဝင်ကုန်စည်များ၏ ပျမ်းမျှဈေးနှုန်းများကို ထင်ဟပ်စေသည့် အညွှန်းကိန်းဖြစ် ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## အိန္ဒိယ၏ လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံကျော် ရနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ၌ လက်ရှိ ၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ နိုဝင်ဘာလအထိ စိုက်ပျိုး မွေးမြူရေး ထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် ၂၃.၂၁% တိုးတက် လျက် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁.၀၅ ဘီလီယံ ရရှိထားပြီးဖြစ်ရာ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ဒေါ်လာ ၅၀ ဘီလီယံအထိ ရရှိနိုင်ဖွယ်ရှိကြောင်း အိန္ဒိယအစိုးရက ၂၀-၁-၂၀၂၂ နေ့တွင် ခန့်မှန်း ချက် ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အနေဖြင့် COVID-19 ကပ်ရောဂါ ကာလအတွင်း အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုမှုနှင့် သက်သေခံလက်မှတ်ထုတ်ပေးမှု ဆောင် ရွက်သည့်လုပ်ငန်းများ၏ သက်တမ်းကာလကို တိုးမြှင့်ပေးခြင်း၊ ပြဿနာအခက်အခဲများအား ဖြေ ရှင်းရန် ထိန်းချုပ်ရေးဌာနများ တည်ထောင်ဆောင်ရွက်ခြင်း၊ ပို့ကုန်များအတွက် အင်တာနက် အွန်လိုင်းစနစ်ဖြင့် ထောက်ခံချက်များထုတ်ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ခာတ်ခွဲ

စမ်းသပ်ခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း စသည်တို့အပါအဝင် လုပ်ငန်းအဆင့်များစွာကို လုပ်ဆောင်ခဲ့ခြင်းက လယ်ယာကဏ္ဍပို့ကုန် အရှိန်အဟုန်မြင့်တင်မှုကို အထောက်အကူပြုလျက် ကမ္ဘာ့စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ လက်ရှိတိုးတက်မှုနှုန်းထားအရ ယခင်ဘဏ္ဍာနှစ်၌ ရရှိခဲ့သော လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး ဒေါ်လာ ၄၁.၂၅ ဘီလီယံထက် ပိုမိုလျက် ပထမဦးဆုံးအကြိမ်အဖြစ် ၅၀ ဘီလီယံကျော် ရရှိနိုင်မည်ဟု ခန့်မှန်းရကြောင်း၊ ယခုနှစ်တွင် ဆန်တင်ပို့မှုကို တန်ချိန် ၂၁ သန်းမှ ၂၂ သန်းအထိ ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း၊ ဘာစမာတီမဟုတ်သောဆန် (တိုးတက်မှု ၄၆%)၊ ဂျုံ (၄၂၁%)၊ သကြား (၆၂%) နှင့် အခြားနှံစားသီးနှံ (၇၉%) တို့ကို စံချိန်တင် တင်ပို့ထားပြီးဖြစ်ကြောင်း၊ ရေထွက်ပို့ကုန်သည်လည်း ဒေါ်လာ ၈ ဘီလီယံအထိ ပထမဆုံးအကြိမ် တင်ပို့နိုင်ဖွယ်ရှိကြောင်း၊ အလားတူ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုမှာလည်း ဒေါ်လာ ၄.၈ ဘီလီယံ တန်ဖိုးဝန်းကျင်ဖြင့် စံချိန်တင်ရရှိနိုင်ရန် ခန့်မှန်းထားကြောင်း၊ ကုန်ထုတ်သွင်းအားစုအပိုင်း၌ အခက်အခဲများ ကြီးမားစွာရှိနေသော်လည်း အိန္ဒိယ၏ ကော်ဖီပို့ကုန်လုပ်ငန်းမှာ တိုးတက်မှု ၃၅% ခန့်ဖြင့် အခြေအနေကောင်းမွန်လျက်ရှိကြောင်း ဖော်ပြပါသည်။

Source: India’s agri exports to touch highest level of $50 billion in FY22, says govt, 20–1–2022, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………………

## သြစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

**ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်တင်သင်္ဘောသည် ဂျပန်နိုင်ငံသို့ လောင်စာဆီရင်းမြစ် တင်ပို့နိုင်မှုအလားအလာကို စမ်းသပ်ရန် သြစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယားပြည်နယ်သို့ ရောက်ရှိခဲ့ခြင်း**

သြစတြေးလျနှင့်ဂျပန်ကြားဟိုက်ဒရိုဂျင် တင်ပို့ရောင်းချမှုစျေးကွက်၏ ရှင်သန်နိုင်စွမ်းကို စမ်းသပ်ရန် ပရောဂျက်တစ်ခုအဖြစ် ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်အရည် သယ်ဆောင်သည့်သင်္ဘောသည် သြစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယားပြည်နယ်သို့ ရောက်ရှိလာပြီဖြစ်သည်။ Suiso Frontier သင်္ဘောသည် မဲလ်ဘုန်းမြို့အရှေ့ဘက်ရှိ Hastings ဆိပ်ကမ်းတွင် ၂၀-၁-၂၀၂၂ ရက်နေ့က ဆိုက်ကပ်ခဲ့ပြီး၊ Hydrogen Energy Supply Chain (HESC) ပရောဂျက်၏ တစ်စိတ်တစ်ပိုင်းအရ ထုတ်လုပ်သောဟိုက်ဒရိုဂျင်ကို ဂျပန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။

MIS DOP

HESC ရှေ့ပြေးပရောဂျက်သည် Latrobe တောင်ကြားရှိ Loy Yang အညိုရောင် ကျောက်မီးသွေးတွင်းတွင် တူးဖော်ရရှိသည့် ကျောက်မီးသွေးကိုအသုံးပြု၍ ဟိုက်ဒရိုဂျင်ဖန်တီးနိုင်မှု ရှိ- မရှိကို စမ်းသပ်လျက်ရှိပြီး၊ သုံးစွဲရန်အတွက် ဂျပန်နိုင်ငံသို့ တင်ပို့မည်ဖြစ်သည်။ အဆိုပါ သတ္တုတွင်းသည် ယမန်နှစ်က ယင်း၏ပထမဆုံးသော ဟိုက်ဒရိုဂျင်ကို စတင်ထုတ်လုပ်ခဲ့သည်။ အဆိုပါ စီမံကိန်းကို သြစတြေးလျနှင့်ဂျပန် ကုမ္ပဏီများဖြစ်သည့် Kawasaki အကြီးစားထုတ်လုပ်မှု၊ ဂျပန်စွမ်းအင် ကုမ္ပဏီကြီးဖြစ်သည့် J–Power နှင့် AGL တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ ဟိုက်ဒရိုဂျင်ကိုမတင်ပို့မီအရည်မှဓာတ်ငွေ့ပုံစံအဖြစ် ပို့ဆောင်မည်ဖြစ် ကြောင်းသိရှိရသည်။ အဆိုပါစီမံကိန်းသည် ဗစ်တိုးရီးယားနှင့် ဗဟိုအစိုးရများထံမှ ဒေါ်လာ သန်း ၁၀၀ လက်ခံရရှိခဲ့သည်။

စုစုပေါင်း အကြမ်းဖျဉ်း တန်ချိန် ၈၀၀၀ ရှိသော Suiso Frontier သည် ဂျပန်နိုင်ငံ၊ ကိုဘေးမြို့သို့ ဟိုက်ဒရိုဂျင်အရည်များပို့ဆောင်ရန် နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ ယင်း၏ အဓိကအင်္ဂါရပ်မှာ ၁,၂၅၀ ကုဗမီတာဝင်ဆံ့သည့် သိုလှောင်ကန်ပါရှိပြီး၊ ဓာတ်ငွေ့အခြေအနေတွင် ယင်းမူလထုထည်၏ ၀.၁၂၅ % ရှိ ဟိုက်ဒရိုဂျင်အရည်ကို သယ်ဆောင်နိုင်စွမ်းရှိသည်။

ဟိုက်ဒရိုဂျင်သည် အသုံးပြုသောအခါတွင် လောင်ကျွမ်းရာတွင် သန့်ရှင်းမှုရှိသောကြောင့် အနာဂတ်၏ စွမ်းအင်ရင်းမြစ်တစ်ခုအဖြစ် ရှုမြင်နေကြပြီဖြစ်သည်။ အစိမ်းရောင်ဟိုက်ဒရိုဂျင် (ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်လုပ်သည်) နှင့် အညိုရောင်ဟိုက်ဒရိုဂျင် (အညိုရောင်ကျောက်မီးသွေးမှ ထုတ်လုပ်သည်) အပါအဝင် ၎င်းကို ထုတ်လုပ်ပုံပေါ်မူတည်၍ အရောင်ကုဒ်စနစ်ဖြင့်ခွဲခြားထားသည်။ ကျောက်မီးသွေးမှ ဟိုက်ဒရိုဂျင်ထုတ်လုပ်ခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့များက HESC စီမံကိန်းကို ဝေဖန်ခဲ့ကြသည်။ သို့သော် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖမ်းယူသိမ်းဆည်းထားနိုင်ခြင်းမရှိပါက ပရောဂျက်ကို စီးပွားဖြစ်ထုတ်လုပ်မည်မဟုတ်ကြောင်း လုပ်ငန်းစုမှပြောကြားခဲ့သည်။ ဗစ်တိုးရီးယားပြည်နယ်အစိုးရသည် ဒေသတွင်းစက်မှုလုပ်ငန်းမှထုတ်လွှတ်မှုများကို ဖမ်းယူကာ Bass ရေလက်ကြားရှိ အသုံးမပြုတော့သည့် ဓာတ်ငွေ့နှင့် ရေနံတွင်းများတွင် သိမ်းဆည်းခြင်း ရှိ–မရှိ ဖြစ်နိုင်ချေကို စုံစမ်းစစ်ဆေးရန် Carbon Net ပရောဂျက်ကို ဖော်ဆောင်လျက်ရှိကြောင်း သိရှိ ရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………

## သန်းပေါင်းများစွာသော Rapid Antigen Tests များ ဩစတြေးလျနိုင်ငံသို့ရောက်ရှိလာခြင်း

အစိုးရ၏ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး အထောက်အကူပြုယန္တရား (International Freight Assistance Mechanism IFAM) သည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် အနှောင့်အယှက်များကို ကျော်လွှား၍ သန်းပေါင်းများစွာသော Rapid Antigen Tests (RATs) ကို ဩစတြေးလျနိုင်ငံသို့ ယူဆောင်လာပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက် ရေးဝန်ကြီးဌာနတို့၏ ၁၉-၁-၂၀၂၂ ရက်နေ့ ပူးတွဲသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ IFAM ပံ့ပိုးပေးထားသည့် စီးပွားရေးဆိုင်ရာ လေကြောင်းခရီးစဉ်များဖြင့် အာရှနှင့် အမေရိကန်နိုင်ငံတို့မှ RATs (၅၂) သန်းသည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီး Tehan က "IFAM မော်ဒယ်သည် အရေးကြီးသော ကျန်းမာရေးဆိုင်ရာတင်သွင်းမှုများနှင့် အကန့်အသတ်ရှိသော လေကြောင်းကုန်စည်ပို့ဆောင်မှုစွမ်းရည်ကို လိုက်လျောညီထွေဖြစ်စေပြီး၊ နိုင်ငံ၏ကူးစက်ရောဂါတုံ့ပြန်မှုတွင် သိသာထင်ရှားသောပံ့ပိုး ကူညီမှုပေးခဲ့ကြောင်း၊ IFAM သည် ဩစတြေးလျနိုင်ငံသားများအတွက် အရေးကြီးသော RATs များတင်သွင်းခြင်းကိုပံ့ပိုးကူညီရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်နေသည့် စံနမူနာကောင်းတစ်ခုဖြစ်ကြောင်း" ပြောကြားခဲ့သည်။

အရေးကြီးသောကျန်းမာရေးဆိုင်ရာသွင်းအားစုများနှင့် တည်ထောင်ထားသော ပြည်ပဈေးကွက်များသို့ တင်ပို့မှုများအတွက် လေယာဉ်များပေါ်တွင် နေရာလွတ်ရရှိရန် ဩစတြေးလျကုန်စည်ပို့ဆောင်သူများ၊ လေကြောင်းလိုင်းများနှင့်ပုဂ္ဂလိကကဏ္ဍ၊ စစ်ဘက်နှင့် အစိုးရထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကျွမ်းကျင်သူများ လက်တွဲလုပ်ဆောင်ခြင်းဖြင့် IFAM သည်များစွာအရေးပါလျက်ရှိသည်။ COVID-19 သည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များအတွက် ကြီးမားသောစိန်ခေါ်မှုများကိုဖြစ်ပေါ်စေခဲ့ပြီး၊ IFAM ၏ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်မှုများက ပိုမိုတန်ဖိုးရှိစေကြောင်း သိရှိရသည်။

ကျန်းမာရေးဝန်ကြီး Hunt က RAT များ ထောက်ပံ့မှုသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုဖြစ်ပြီး၊ ဝယ်လိုအား တိုးမြင့်လာခြင်းကြောင့် တစ်ကမ္ဘာလုံးရှိ ထောက်ပံ့ရေးကွင်းဆက်များကို စိန်ခေါ်မှုရှိနေကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ စူပါမားကတ်များ၊ ဆေးဆိုင်များနှင့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် Test Kit များသည် ဩစတြေးလျနိုင်ငံသားများအား လျင်မြန်သောစမ်းသပ်မှုခံယူရန်နှင့် အလုပ်အကိုင်နှင့် မိသားစုများမှသီးခြားခွဲထုတ်ရန် လိုအပ်ချက်များရှိသည့် တောင်းဆိုချက်များကို အဖြေ

MIS DOP

ရှာရာတွင် ကူညီပေးနိုင်မည်ဖြစ်ကြောင်းနှင့် RAT များသည် မရှိမဖြစ်လိုအပ်သော အလုပ်သမားများ ၎င်းတို့၏အလုပ်များကို ဆက်လက်လုပ်ဆောင်နိုင်စေရန် သေချာမှုရှိစေပြီး၊ အသိုက်အဝန်းကိုဘေး ကင်းလုံခြုံအောင် ထိန်းထားနိုင်သည့်အရေးကြီးသော နည်းလမ်းတစ်ခုဖြစ်ကြောင်း” ပြောကြားခဲ့ သည်။

COVID–19 ကို တုံ့ပြန်ရန် အစိုးရက သတ်မှတ်ထားသော ယာယီအရေးပေါ် အစီအမံတစ်ခု ဖြစ်သည့် IFAM သည် နိုင်ငံတော်၏အရေးပါသော ကုန်ပစ္စည်းများ တင်သွင်းခြင်းအပြင် လတ်ဆတ် သော ပင်လယ်စာ၊ ချယ်ရီသီး၊ သရက်သီး၊ ထောပတ်သီးနှင့် အေးခဲအမဲသားကဲ့သို့သော တန်ဖိုးမြင့် ပုပ်သိုးပျက်စီးလွယ်သော ကုန်ပစ္စည်းများကို လက်ရှိပြည်ပဈေးကွက်များသို့ တင်ပို့မှုကိုလည်းပံ့ပိုး ကူညီခဲ့ပါသည်။ IFAM သည် ကုန်စည်တင်ဆောင်မှုများကို စုစည်းခြင်း၊ လေကြောင်းလိုင်းများနှင့် ညှိနှိုင်းခြင်းနှင့် ကပ်ရောဂါကာလအတွင်း ကုန်စည်ပို့ဆောင်မှုကုန်ကျစရိတ်များကို ပွင့်လင်းမြင်သာ မှုပိုမိုရှိစေခြင်းနှင့် ကုန်စည်ရှင်းလင်းမှု လွယ်ကူချောမွေ့စေခြင်းတို့အတွက် IFAM သည် သယ်ယူပို့ ဆောင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပံ့ပိုးကူညီမှုများပေးလျက်ရှိသည်။

Austrade ၏ IFAM ကုန်စည်ပို့ဆောင်ရေးထိန်းချုပ်သူ၊ လေကြောင်း ဒု–ဗိုလ်ချုပ်ကြီး Margaret Staib က “IFAM လေကြောင်းလိုင်းများသည် နိုင်ငံ၏ခက်ခဲသောအချိန်များတွင် တိုင်းပြည်ကို အထောက်အပံ့ပေးရာတွင် အဓိကကျကြောင်း၊ IFAM သည် နိုင်ငံတော်၏ အကျိုး စီးပွားအတွက်ဟု ယူဆသည့် ပစ္စည်းများနှင့် ဩစတြေးလျ၏ကျန်းမာရေးတုံ့ပြန်မှုကို ပံ့ပိုးပေးရန် အတွက်ဆေးဝါးနှင့် စက်ပစ္စည်းများထောက်ပံ့နိုင်ရေးကို ဦးစားပေးခဲ့ကြောင်း၊ အဆိုပါ အစီအစဉ် သည် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များ ပြန်လည်ချိတ်ဆက်ရန်နှင့် နိုင်ငံတော်၏ အရေးကြီးသော ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားအရေးကြီးသော ကုန် ပစ္စည်းများ တင်သွင်းရာတွင် ပံ့ပိုးကူညီနိုင်ကြောင်း” ပြောကြားခဲ့သည်။

www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

...........................................................................

MSDOP

## တက်စမေးနီးယားဝိုင်ပြတ်လပ်မှု ဖြစ်ပေါ်နေခြင်း

တက်စမေးနီးယားတစ်ဝှမ်းတွင် ဝိုင်ဝယ်လိုအားဆက်လက်ကြီးထွားလာသည်နှင့်အမျှ စပျစ်ခြံများနှင့် မြေအောက်ခန်းများတွင် စပျစ်ဝိုင်သိုလှောင်မှု နည်းပါးလာကြောင်းနှင့် ထောက်ပံ့မှုပြတ်လပ်ခြင်းသည် ၂၀၂၀ ပြည့်နှစ်ကာလတွင် ပျမ်းမျှစပျစ်ခူးဆွတ်ရရှိမှုအောက်သာ ရရှိခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

Wine Tasmania ၏ အမှုဆောင်အရာရှိချုပ် Sheralee Davies က "ဝယ်လိုအားတိုးလာခြင်းကြောင့် အချို့သောအမျိုးအစားများကို စတင်ရောင်းချနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် Sparkling Wine များက အထူးဝယ်လိုအားရှိကြောင်း၊ ဝိုင်ထုတ်လုပ်သူများသည် ရှန်းကန်နေကြရကြောင်း၊ ထို့အပြင် pinot gris နှင့် pinot noir ကဲ့သို့သော Sparkling Wine အမျိုးအစားများက ရေပန်းစားလာကြောင်း" ပြောဆိုခဲ့သည်။

Tamar တောင်ကြားရှိ Moore's Hill ဝိုင်လုပ်ငန်းပိုင်ဆိုင်သူ Fiona Weller က "ဝိုင်ပြတ်လပ်မှုစတင်နေပြီဖြစ်ကြောင်း၊ အကြောင်းရင်းမှာ ၂၀၂၀ ပြည့်နှစ်၏ စပျစ်ခူးဆွတ်ရရှိမှု ကျဆင်းမှုကြောင့်ဖြစ်ပြီး၊ အချို့မျိုးကွဲများတွင် ၅၀ % အထိ ကျဆင်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ပိုမိုကောင်းမွန်သောစပျစ်သီးအထွက်နှုန်းရှိပြီး၊ ၂၀၂၂ ခုနှစ်တွင်လည်း အထွက်နှုန်း ပိုမိုမြင့်မားမည့်လက္ခဏာများ ရှိနေပါကြောင်း၊ သို့သော်လည်း လက်ကားရောင်းချသူများကို ဝိုင်အနည်းငယ်ကို ခွဲဝေပေးနေရကြောင်း၊ chardonnay ဝိုင်အမျိုးအစားမှာ ပြတ်လပ်နေပြီး၊ sparkling ဝိုင်သည် ပြတ်လပ်ခါနီးဖြစ်ကြောင်း၊ သာမန်အားဖြင့် ဝိုင် (၁၀) မျိုးခန့် ပြသနိုင်သော်လည်း ယခုအခါ (၅) မျိုး (၆) မျိုးခန့်သာ ပြသနိုင်ကြောင်း" ပြောကြားခဲ့သည်။

Coal River Valley ရှိ Stargazer Wines တွင်လည်း အလားတူဖြစ်ရပ်များ ဖြစ်ပွားလျက်ရှိသည်။ ထုတ်လုပ်မှု ပမာဏနည်းပါးသည့် pinot noir နှင့် riesling အမျိုးအစားများမှာ ရောင်းကုန်သွားခဲ့ပြီး၊ အခြားဝိုင်များ၏ လက်ကျန်များနည်းပါးနေပြီး၊ လာမည့် စပျစ်သီးခူးဆွတ်ရရှိမည့် ကာလမတိုင်မီ ၎င်းတို့အားလုံး ရောင်းကုန်မည်ဖြစ်ကြောင်း၊ တက်စမေးနီးယား ဝိုင်ဝယ်လိုအားမြင့်မားလျက်ရှိပြီး၊ ၂၀၂၂ ခုနှစ်တွင် အထွက်နှုန်းမြင့်မားရန် မျှော်လင့်လျက်ရှိကြောင်း၊ ကုန်ကြမ်းအကြပ်အတည်းဖြစ်နေချိန် ဝယ်လိုအားမြင့်တက်လာခြင်းမှာ ပြဿနာတစ်ရပ်ဖြစ်သော်လည်း တက်စမေးနီးယားတစ်ဝှမ်းတွင် ဝိုင်ဝယ်လိုအားဆက်လက်ကြီးထွားခြင်းက ကောင်းမွန်သော ပြဿနာဖြစ်ကြောင်း" ပြောကြားခဲ့သည်။

Wine Tasmania ၏ အမှုဆောင်အရာရှိချုပ်က “ဝယ်လိုအား အမျိုးအစားပြောင်းလဲမှုသည် အံ့သြစရာအကောင်းဆုံးအသွင်အပြင်ဖြစ်ပါကြောင်း၊ ကပ်ရောဂါသည် နှစ်ပေါင်းများစွာမှီခိုအားထားရသော စက်မှုလုပ်ငန်းပုံစံကို လျင်မြန်စွာပြောင်းလဲစေခဲ့ကြောင်း၊ တက်စမေးနီးယားဝိုင်အတွက် သမားရိုးကျ လမ်းကြောင်းများသည် စားသောက်ဆိုင်များနှင့် မြေအောက်ခန်းများကို ဖြတ်သန်းခဲ့ရပြီး၊ ကိုဗစ်ဆိုင်ရာ ကန့်သတ်ချက်များသည် သက်ရောက်မှုများရှိခဲ့ကြောင်း၊ ထုတ်လုပ်သူများအတွက် သတင်းကောင်းမှာ လူအများကတက်စမေးနီးယား ဝိုင်များကိုဝယ်ယူပြီး၊ နိုင်ငံတဝှမ်းကို ရောင်းချဖို့ ရွေးချယ်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့ရောင်းလိုအားထက် ဝယ်လိုအားက တိုးတက်နေမည်ဖြစ်ရာ ကွာဟချက်မှာ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..........................................................................................

## သြစတြေးလျ အလုပ်လက်မဲ့နှုန်း ၂၀၀၈ နောက်ပိုင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခြင်း

ယခုနှစ်နှောင်းပိုင်းတွင် တရားဝင်ငွေတန်ဖိုး မြင့်တက်လာမည်ဟု ထင်ကြေးပေးမှုများနှင့် အတူ သြစတြေးလျ အလုပ်လက်မဲ့နှုန်းမှာ ၄.၂ % သို့ကျဆင်းသွားပြီး၊ ၂၀၀၈ ခုနှစ်၊ သြဂုတ်လမှ စတင်၍ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားကြောင်း သိရှိရသည်။ စီးပွားရေးပညာရှင်များက အလုပ်လက်မဲ့နှုန်းထားကို နို၀င်ဘာလအတွင်း ၄.၆ % မှ ၄.၅ % သို့ ခန့်မှန်းထားခဲ့ခြင်းဖြစ်သည်။ ကျဆင်းမှုသည် လွန်ခဲ့သည့်လအနည်းငယ်က Reserve Bank of Australia က မျှော်လင့်ထားသည်ထက်ပင် ပိုမိုမြန်ဆန်ခဲ့ပြီး၊ ၂၀၂၂ နှစ်ကုန်အထိ အလုပ်လက်မဲ့နှုန်းထားကို ၄.၂၅% ထိ ကျဆင်းသွားမည်ဟု မျှော်လင့်ထားခဲ့ခြင်းမရှိပါ။

သြစတြေးလျစာရင်းအင်းဗျူရို၏ အချက်အလက်များအရ နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယားပြည်နယ်နှင့် မြို့တော်နယ်မြေတို့တွင် ယခင်နှစ်ကိုဗစ်ဆိုင်ရာပိတ်ဆို့ကန့်သတ်မှုများမှ ပြန်လည်ကောင်းမွန်လာချိန် ဒီဇင်ဘာလတွင် လူဦးရေ ၆၄,၈၀၀ သည် လုပ်သားအင်အားတွင်ပါဝင်ခဲ့ရာ သြစတြေးလျအလုပ်အကိုင်များသည် ဒီဇင်ဘာလတွင် အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ဖြစ်သည်။ သို့သော် ယခုစာရင်းဇယားများတွင် ဒီဇင်ဘာလနှောင်းပိုင်းနှင့် ဇန်နဝါရီလအတွင်း အိုမီခရွန်ပျံ့နှံ့ကူးစက်မှု၏ သက်ရောက်မှုမပါဝင်ကြောင်း သိရှိရသည်။

Treasurer Josh Frydenberg က “ဩစတြေးလျစာရင်းအင်းဗျူရိုသည် လစဉ်ကိန်းဂဏန်းများကို ၁၉၇၈ ခုနှစ်ကတည်းက အလုပ်လက်မဲ့နှုန်းသည် ယခုစတုတ္ထမြောက် အနိမ့်ဆုံးနှင့်ညီမျှကြောင်း၊ လောလောဆယ်တွင် စိန်ခေါ်မှုများစွာရှိသည်ကိုသိပါကြောင်း၊ သို့သော် စီးပွားရေးမှာ လွန်စွာခိုင်မာလျက်ရှိပြီး၊ အခိကမှာ အလုပ်အကိုင်များ ဖန်တီးလျက်ရှိသည့် လုပ်သားဈေးကွက်ဖြစ်ပါကြောင်း” ပြောကြားခဲ့သည်။

ဩစတြေးလျကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအမှုဆောင်အရာရှိချုပ်က “နိုင်ငံတစ်ဝှမ်းရှိကဏ္ဍများစွာတွင် လုပ်သားနှင့် ကျွမ်းကျင်မှု ပြတ်တောက်မှုများရှိခဲ့ကြောင်း၊ ယင်းမှာ ရွှေ့ပြောင်းကျွမ်းကျင်လုပ်သားအစီအစဉ်များကို ထူထောင်ခြင်းဖြင့် အစိုးရသည် လုပ်သားအင်အားပါဝင်မှုကိုမြှင့်တင်ရန် အစိုးရ၏ လိုအပ်ချက်ကို အလေးထားခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ နှစ်ဦးပိုင်းတွင် အားကောင်းခိုင်မာသော အလုပ်အကိုင်ရရှိမှုများကို အိုမီခရွန်က အဟန့်အတား အနှောင့်အယှက်ဖြစ်စေနိုင်မည်ဟု မျှော်လင့်ထားသော်လည်း၊ ဖြစ်ပွားမှု အရေအတွက် ကျဆင်းလာသည်နှင့်အမျှ ရွှေ့ပြောင်းကျွမ်းကျင်လုပ်သား အစီအစဉ်များနှင့်စပ်လျဉ်းပြီး၊ အစိုးရအပေါ်ဖိအားများသည် ပြန်လည်ပေါ်ပေါက်လာနိုင်ဖွယ်ရှိကြောင်း” ပြောကြားခဲ့သည်။

BIS Oxford Economics က အခြားပြည်ပနိုင်ငံများ၏ အတွေ့အကြုံအရ အိုမီခရွန်၏ရိုက်ခတ်မှုသည် သိသာထင်ရှားသော်လည်း တိုတောင်းပြီး၊ ယခင်လှိုင်းများထက် စီးပွားရေးအရထိခိုက်မှုနည်းပါးမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အလုပ်လက်မဲ့နှုန်းမှာ ၄.၅ % အောက်သာရှိနေမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများက ဝန်ထမ်းများ ထပ်မံဖြည့်တင်းရန် ရှာဖွေလျက်ရှိရာ ယင်းအချက်ကလုပ်ခလစာနှင့် ပြည်တွင်းငွေကြေးဖောင်းပွမှု ပိုမိုမြင့်တက်လာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စာရင်းဇယားအသစ်များအရ ဩစတြေးလျသည် ၂၀၂၂ ခုနှစ်တွင် ကြီးမားသောအသုံးစရိတ်သုံးစွဲရန် ရည်ရွယ်ထားခဲ့သော်လည်း အိုမီခရွန်၏ ရိုက်ခတ်မှုကြောင့် အဆိုပါမျှော်မှန်းချက်မှာ မပြည့်မီနိုင်တော့ကြောင်း သိရှိရသည်။

The Commonwealth Bank of Australia ၏ အိမ်ထောင်စုများသုံးစွဲမှုညွှန်းကိန်းမှာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ၂.၅ % မြင့်တက်သွားခဲ့သည့်အတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့ခြင်းဖြစ်ပြီး၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် လက်လီရောင်းချမှုကဏ္ဍတို့တွင် အများဆုံးဖြစ်ကြောင်း သိရှိရသည်။

Source: The Canberra Times

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

MIS DOP

## ကမ္ဘာတစ်ဝှမ်းရှိ ဆိုလာပြား ဝယ်လိုအားသည် အလူမီနီယမ် ထုတ်လုပ်မှုမှတစ်ဆင့် 'ကမ္ဘာကြီး ပူနွေးလာမည့် အန္တရာယ်' ကို ဖော်ညွှန်းလျက်ရှိခြင်း

ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု Net Zero Emission ပန်းတိုင်ဆီသို့ တွန်းပို့ခံနေရချိန်တွင် သုတေသနအသစ်သည် ဆိုလာပြားများထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်စရာနယ်ပယ်တစ်ခုကို မီးမောင်းထိုးပြခဲ့သည်။ ဩစတြေးလျ လေ့လာမှုတစ်ခုအရ $CO_2$ ထုတ်လွှတ်မှုအသားတင် သုညမှတ်တိုင်သို့ အရောက်လှမ်းနိုင်ရန် ကမ္ဘာကြီးသည် နေရောင်ခြည်စွမ်းအင်အဆ ၆၀ နီးပါး လိုအပ်မည်ဖြစ်ကာ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်အဆင့်များကို မလုပ်ဆောင်ပါက ကမ္ဘာကြီးပူနွေးလာမှုအဆင့်ကို ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။

Photovoltaic အင်ဂျင်နီယာ သုတေသီ Alison Lennon က ပြဿနာ၏ တစ်စိတ်တစ်ပိုင်းမှာ အလူမီနီယံထုတ်လုပ်မှုသည် CO2ထုတ်လွှတ်မှုအလွန်များပြားပြီး၊ ထုတ်လုပ်သည့် ဆိုလာပြားအစိတ်အပိုင်းများတွင် အလူမီနီယံဘောင်များ၊ အင်ဗာတာပိုက်များ၊ Rooftop Cells နှင့် Mounts များပါဝင်နေသည်ဟု ထောက်ပြပြောဆိုထားပါသည်။ သို့သော်လည်း ပါမောက္ခ Lennon က"ဆိုလာပြားထုတ်လုပ်သည့် လုပ်ငန်းစဉ်သည် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင်ရင်းမြစ်များကို ဆက်လက်အသုံးပြုနေသော်လည်း နေရောင်ခြည်စွမ်းအင်ဆီသို့ ရွေ့လျားခြင်းသည် ရာသီဥတုအတွက် အကျိုးရှိနေဆဲဖြစ်ကြောင်း၊ ဩစတြေးလျသည် အမှန်တကယ်တွင် bauxite သတ္တုထုတ်လုပ်မှုအများဆုံးနိုင်ငံထဲတွင် ပါဝင်ပြီး၊ အလူမီနာ ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကြီးထွားမှုတွင် ဩစတြေးလျအတွက်ကြီးမားသော အခန်းကဏ္ဍမှပါဝင်ရန် အမှန်တကယ် အခွင့်အရေးရှိကြောင်း" ပြောကြားခဲ့သည်။

လေ့လာမှုအရ ကမ္ဘာ့အသိုက်အဝန်းသည် ၂၀၅၀ ခုနှစ်တွင် CO2 အသားတင် သုညသို့ရောက်ရှိရန် အလူမီနီယံ ၄၈၀ megatons နှင့်အတူ ဆိုလာပါဝါ ၆၀ terawatts ခန့် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် တစ်ကမ္ဘာလုံးတွင် ၀.၈ terawatts (သို့) ၈၀၀ ဂစ်ဂါဝပ်ဆိုလာ ရရှိနေပြီဖြစ်သည်။ ပါမောက္ခ Lennon က လာမည့်နှစ်များတွင် နိုင်ငံများသည် ကာဗွန်တင်သွင်းမှုဆိုင်ရာ အခွန်များကောက်ခံနိုင်ဖွယ်ရှိသောကြောင့် ဩစတြေးလျ၏ CO2 ထုတ်လွှတ်မှုမြင့်မားသော အလူမီနီယမ်သည် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည် မဟုတ်ကြောင်း၊ သို့သော် ဩစတြေးလျသည် CO2 ထုတ်လွှတ်မှုနည်းသော အလူမီနီယံကို ထုတ်လုပ်နိုင်လျှင် ၎င်းသည် အဖိုးတန်သောပို့ကုန်နှင့် ထုတ်လုပ်မှုပိုင်းတွင် အခွင့်အလမ်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြန်လည်သန့်စင်စက်ရုံများ၏

တည်နေရာကြောင့် အစိမ်းရောင် အလူမီနီယံထုတ်လုပ်မှုတွင် သြစတြေးလျသည် တရုတ်နှင့် အခြား ထုတ်လုပ်သည့် နိုင်ငံများအပေါ် အသာစီးရခဲ့ကြောင်း ပြောကြားခဲ့သည်။

အလူမီနာကို အလူမီနီယံအဖြစ် သန့်စင်ရန်အတွက် လျှပ်စစ်ဓာတ်အားများစွာ လိုအပ်ရာ သန့်စင်ပြီး၊ အလူမီနီယံထုတ်လုပ်ရန် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ရှိနေမည်ဖြစ်သည်။ သြစတြေးလျ တစ်နိုင်ငံလုံးတွင် အရည်ကျိုသည့်စက်ရုံလေးခုရှိပြီး၊ တက်စ်မေးနီးယား ပြည်နယ်တွင် တစ်ခုအပါ အဝင်ဖြစ်ကာ ရေအားလျှပ်စစ်အသုံးပြု၍ အလူမီနီယံတစ်တန်လျှင် ဓာတ်ငွေ့ထုတ်လွှတ်မှု ငါးတန် အောက်သာ ထုတ်လုပ်ခဲ့သည်။ သြစတြေးလျ mainland ရှိ အရည်ကျိုလုပ်ငန်းအားလုံးသည် အလူ မီနီယံတစ်တန်လျှင် ကာဗွန်ထုတ်လွှတ်မှု ၁၀ တန်ကျော်ကို ကျောက်မီးသွေးဖြင့် ထုတ်ပေးလျက်ရှိ သည်။

သတ္တုတူးဖော်ရေးကုမ္ပဏီ Rio Tinto သည် ၎င်း၏ အလူမီနီယံပိုင်ဆိုင်မှုများကို ၂၀၃၀ ပြည့် နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် စွမ်းအင်ထုတ်ရန် ကတိကဝတ်ပြုထားပြီး ထိုနှစ်တွင် ကာဗွန်ထုတ်လွှတ်မှု ၅၀ % လျှော့ချပေးမည်ဖြစ်သည်။ ကုမ္ပဏီသည် ကွင်းစလန်ပြည်နယ် အလယ် ပိုင်းရှိအလူမီနာသန့်စင်ရေးလုပ်ငန်းစဉ်တွင် သဘာဝဓာတ်ငွေ့ကို အစားထိုးရန်အတွက် ဟိုက်ဒရိုဂျင် အသုံးပြုမှုကို လေ့လာနေပြီး၊ ကနေဒါနိုင်ငံတွင် Rio Tinto ၏ အရည်ကျိုစက်ရုံများမှ အလူမီနီယံ အရည်ကျိုသည့်လုပ်ငန်းစဉ်မှ ကာဗွန်ထုတ်လွှတ်မှု ဖယ်ရှားရေးလုပ်ငန်းစဉ်ကို စီးပွားဖြစ်လုပ် ဆောင်လျက်ရှိသည်။

သန့်ရှင်းသောစွမ်းအင်ကောင်စီ(The Clean Energy Council) က"ပြန်လည်ပြည့်ဖြိုးမြဲစွမ်း အင်ရင်းမြစ်များဆီသို့ ကူးပြောင်းရာတွင် သမားရိုးကျ အရည်ကျိုခြင်း၏တန်ဖိုးကို လေ့လာမှုကပြ သခဲ့ပြီး၊ နည်းပညာတိုးတက်မှုများက ဆိုလာပြားများတွင် အလူမီနီယံလိုအပ်မှုကို အနာဂတ်တွင် လျှော့ချပေးနိုင်ကြောင်း၊ ဤသုတေသနတွင် တွေ့ရှိရသည့် စိန်ခေါ်မှုများကို ရှောင်ရှားနိုင်စေမည့် ပါးလွှာသော ဖလင်နှင့် ပုံနှိပ်နိုင်သော ဆိုလာဆဲလ်နည်းပညာ ပေါ်ထွန်းလာနေပြီဖြစ်ကြောင်း" ပြော ကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် Smart Energy Council က "အထူးသဖြင့် နေရောင်ခြည်စွမ်းအင်သုံး အလူမီနီယံ ထုတ်လုပ်မှုတွင် စိုးရိမ်စရာအကြောင်းမရှိပါကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးနည်း ပညာအတွက် လိုအပ်ချက်တိုးလာမည်ဖြစ်သော်လည်း ဆိုလာပြားများသည် အလူမီနီယံ၏

ထိပ်တန်းအသုံးပြုမှု အများဆုံး (၁၀) ခုတွင် မပါဝင်သည့်အပြင် ယခင်က ခန့်မှန်းထားခဲ့ခြင်းမရှိကြောင်း” ပြောကြားခဲ့ပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## ပါပူဝါနယူးဂီနီရှိ အဓိကဆိပ်ကမ်းများပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့အတွက် ဩစတြေးလျက အကူအညီပေးမည်

ပါပူဝါနယူးဂီနီရှိ ဝန်ဆောင်မှုပေးရန် သက်တမ်းကုန်ဆုံးခါနီးလျက်ရှိသည့် အဓိကဆိပ်ကမ်းအများအပြားပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းအတွက်ဩစတြေးလျက ဩစတြေးလျဒေါ်လာရန်ပုံငွေဒေါ်လာ သန်း ၅၈၀ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ဝန်ကြီးဌာနတို့က ၂၁-၁-၂၀၂၂ ရက်နေ့ကပူးတွဲသတင်း ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျ၏ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီမှုသည် ပါပူဝါနယူးဂီနီ၏ ဆိပ်ကမ်းကော်ပိုရေးရှင်းအတွက်ကြီးမားသော သင်္ဘောများထားရှိရန် အရေးကြီးသော ရေကြောင်းအခြေခံအဆောက်အအုံစွမ်းရည်ကိုတိုးမြင့်စေပြီး၊ ကုန်သွယ်မှုနှင့် ချိတ်ဆက်မှုကို ပိုမိုကောင်း မွန်စေမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက“ယခုကြေငြာချက်သည် အရည်အသွေးကောင်းမွန်သော ဆိပ်ကမ်းအခြေခံအဆောက်အအုံအတွက် ဘဏ္ဍာရေးအရ ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပါပူဝါနယူးဂီနီနှင့် ဩစတြေးလျ၏ တည်မြဲသောချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေပါကြောင်း၊ စီးပွားရေးနှင့် လူမှုအသိုက်အဝန်းများအတွက် ကျယ်ပြန့်သောအခြေခံစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးက “ဤလုပ်ငန်းသည်ပါပူဝါနယူးဂီနီနှင့်အခြားသော ပစိဖိတ်နိုင်ငံများအတွက် ကမ္ဘာ့စျေးကွက်များတွင် ကုန်သွယ်မှုပြုလုပ်ရန် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ ဤအဆင့်မြှင့်တင်မှုများသည် အင်ဒို-ပစိဖိတ်ဒေသရှိ အဓိကကုန်သွယ်မှုလမ်းကြောင်းများတွင်

သွားလာနေကြသည့် ကွန်တိန်နာသင်္ဘောများကို ပါပူဝါနယူးဂီနီသို့ တိုက်ရိုက်ခေါ်ဆိုနိုင်သည့်အတွက် ပါပူဝါနယူးဂီနီ၏ဆိပ်ကမ်းများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ယင်းက ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုတွင် ဝင်ရောက်ချိတ်ဆက်ရန် ပါပူဝါနယူးဂီနီနှင့် ပစိဖိတ်ဒေသအတွက် နောက်ထပ်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ဝန်ကြီးဌာန၊ ဝန်ကြီးက “ ယခု လုပ်ငန်းတွင်သက်တမ်း နှစ် ၇၀ အထိ ယိုယွင်းနေသော ကမ်းရိုးတန်း ဆိပ်ခံတံတားများအတွက် အရေးပေါ်ပြုပြင်မှုများနှင့် အဆင့်မြှင့်တင်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာ လူမှုအသိုက်အဝန်းများ လက်လှမ်းမီမှု တိုးတက်စေခြင်းဖြင့် ဤပူးပေါင်းဆောင်ရွက်မှုသည် လူတို့၏ဘဝများကို အမှန်တကယ်ခြားနားစေမည်ဖြစ်ကြောင်း၊ ဒေသအတွင်းတွင် မကြုံစဖူးစီးပွားရေးနှင့် ဗျူဟာမြောက်စိန်ခေါ်မှုများ ကြုံတွေ့နေရချိန်တွင် ပစိဖိတ်နိုင်ငံများအတွက် လက်တွေ့ကျပြီး အဓိပ္ပာယ်ပြည့်ဝသော ဖြေရှင်းချက်များကိုပေးအပ်ရန် ဩစတြေးလျ၏ ကတိကဝတ်များနှင့် ကိုက်ညီသည့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုထက် ပိုသည့်မိတ်ဖက်ဆောင်ရွက်မှုဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

ပါပူဝါနယူးဂီနီ၏ အရေးပါသောဆိပ်ကမ်းများ သက်တမ်းတိုးခြင်းကိုပံ့ပိုးပေးရန် ပါပူဝါနယူးဂီနီ၏ တောင်းဆိုချက်အရ ဩစတြေးလျအစိုးရက ပစိဖိတ်ဒေသဆိုင်ရာ ဩစတြေးလျအခြေခံအဆောက်အအုံ ဘဏ္ဍာရေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ငွေကြေးထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................................

## ငွေကြေးဖောင်းပွမှုက ထိန်းမနိုင်သိမ်းမရမဖြစ်သော်လည်း ယခုနှစ်အတွင်း အတိုးနှုန်းက မြင့်တက်လာဖွယ်ရှိခြင်း (ဩစတြေးလျ)

ဩစတြေးလျစားသုံးသူများသည် ယမန်နှစ်ကဈေးနှုန်း ၃.၅ % မြင့်တက်ခဲ့ရာ ယင်းသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာသုံးလပတ်မှစတင်၍ နှစ်စဉ်အလျင်မြန်ဆုံး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း

MIS DOP

သိရှိရသည်။ ဩစတြေးလျသည် ငွေကြေးဖောင်းပွမှု တိုးလာမှုကိုရှောင်လွှဲ၍ မရသည့်အတွက် အာဏာပိုင်များသည် ၎င်းတို့စီစဉ်ထားသည်ထက်စော၍ အတိုးနှုန်းကို ယခုနှစ်တွင် တိုးမြှင့်နိုင်မည် ဖြစ်ကြောင်း ABC သတင်းဌာနက ရေးသားဖော်ပြထားသည်။ ယခုနှစ်တွင် လုပ်ခလစာတိုးတက်မှု နှင့် အိမ်ခြံမြေဈေးနှုန်းများကလည်း ငွေကြေးဖောင်းပွမှုအပေါ် သက်ရောက်မှုရှိနေသည်။

ဩစတြေးလျတွင် ယမန်နှစ်က စားသုံးသူများရင်ဆိုင်ခဲ့ရသော ဈေးနှုန်းမြင့်တက်မှုအများစု သည် ကူးစက်ရောဂါနှင့် ဆက်နွှယ်သောစီးပွားရေး အနှောင့်အယှက်များကြောင့်ဖြစ်သည်။ မော်တော် ယာဉ်လောင်စာဆီ စံချိန်တင်ဈေးနှုန်းများသည် သယ်ယူပို့ဆောင်ရေးစရိတ်များ ပိုမိုမြင့်မားလာ စေပြီး၊ ကုန်ပစ္စည်းအမျိုးမျိုးအတွက် သယ်ယူစရိတ်များ ပိုမိုမြင့်တက်လာစေသည်။ အဆောက်အဦ ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ လွန်စွာမြင့်တက်ခဲ့ပြီး၊ အိမ်အသစ်များ၊ အကြီးစားပြုပြင်မွမ်းမံ မှုများနှင့် ပြုပြင်ထိန်းသိမ်းမှုများအတွက် ဈေးနှုန်းများမြင့်မားလာခဲ့သည်။

စာရင်းအင်းဗျူရိုအရ အဆင့်မြင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကုန်ပစ္စည်းများနှင့် လုပ် သားရှားပါးမှုတို့ ပေါင်းစပ်လိုက်ခြင်းကြောင့် ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလမှစတင်၍ အိမ်အသစ် ဈေးနှုန်းများ အမြင့်ဆုံးမြင့်တက်လာခြင်းမှာ ခြောက်လဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ဗဟိုအစိုးရ၏ Home Builder ထောက်ပံ့ငွေသည် အိမ်အသစ်ဝယ်ယူခြင်းအတွက် နောင်တွင် ပြန်အမ်းငွေရရှိမည့် တိုက်ရိုက်ပေးချေမှုကို လျှော့ချပေးနိုင်ရာ ထောက်ပံ့ငွေစတင်လျှော့ကျ လာပြီးနောက်တွင် စားသုံးသူ များအတွက် အိမ်အသစ်ဈေးနှုန်းများ တိုးမြင့်လာခြင်းဖြစ်သည်။ ဈေးနှုန်းမြင့်တက်သွားသည့် ကုန် ပစ္စည်းနှင့် ဝန်ဆောင်မှုများမှာ စားသုံးသူအများစုအနေဖြင့် ရှောင်လွှဲမရနိုင်သည့် အစားအသောက်၊ လောင်စာဆီ၊ အိမ်ရာနှင့် ကျန်းမာရေးစရိတ်ကဲ့သို့ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများဖြစ်သည်။

ဩစတြေးလျ၏ ယမန်နှစ် ငွေကြေးဖောင်းပွမှုသည် ဩစတြေးလျအတွက် မကြာသေးမီ သမိုင်းဝင်စံနှုန်းထားများအနေဖြင့် မြင့်မားခဲ့သော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါကနည်းပါး နေသေးကြောင်း သိရှိရသည်။ ကူးစက်ရောဂါနှင့် ဆက်နွှယ်သော စီးပွားရေးအနှောင့် အယှက်များ ကြောင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ငွေကြေးဖောင်းပွမှုအဆင့် မှာ နည်းပါးနေသေးသည်။ အခြေခံငွေကြေးဖောင်းပွမှုနှုန်း (၂.၆ %) သည် လက်ရှိတွင် အမေရိကန် (၅.၅ %)၊ ဗြိတိန် (၄.၂ % )နှင့် ကနေဒါ (၃.၄ %) တို့ထက်များစွာ နိမ့်ကျနေသည်။

`The Reserve Bank of Australia (RBA) သည် လွန်ခဲ့သည့်ခြောက်လအတွင်း ငွေကြေး ဖောင်းပွမှု အရှိန်အဟုန်ကို အံ့အားသင့်သွားခဲ့ပြီး၊ စီးပွားရေးပညာရှင်အချို့က ငွေကြေးဖောင်းပွမှု

တရိုန်ထိုးတက်မလာမှုကို သေချာစေရန် ယခုနှစ်အတွင်း အတိုးနှုန်းကို တိုးမြှင့်ရမည်ဟု ပြောကြားခဲ့သည်။ စီးပွားရေးပညာရှင် Saul Eslake က RBA သည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခြင်း မရှိသောကြောင့် ထိတ်လန့်နေရန်မလိုသော်လည်း၊ လက်ရှိအခြေအနေနှင့် စီးပွားရေးကိုမျှော်မှန်းရာတွင် အမှန်တကယ် အတိုးနှုန်းများသည် ၎င်းတို့ "ဖြစ်သင့်သည်" ထက် နိမ့်နေသောကြောင့်ဟု ပြောကြားခဲ့သည်။ အလုပ်အကိုင်တိုးတက်မှုအရှိန်အဟုန်မှာ အားကောင်းနေဆဲဖြစ်ပြီး၊ စီးပွားရေးတွင် လှုံ့ဆော်မှုများစွာ ရှိနေသောကြောင့် RBA သည် ၎င်း၏ အရေအတွက်ဖြေလျှော့မှုအစီအစဉ်ကို မကြာမီဖျက်သိမ်းရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

The Commonwealth Bank of Australia မှ စီးပွားရေးပညာရှင်တစ်ဦးက ဩစတြေးလျ၏ လုပ်သားဈေးကွက်သည် ယခုနှစ်တွင် ဆက်လက် တင်းကျပ်နေဦးမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ လူများအလုပ်အကိုင်များ ပိုမိုရှာဖွေလာကြပြီး အလုပ်လက်မဲ့နှုန်းသည် ၎င်း၏ ယခင် ၄.၂ % အောက်သို့ ကျဆင်းသွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လုပ်သားဈေးကွက်သည် မယုံနိုင်လောက်အောင်တင်းကျပ်နေပြီး၊ ငွေကြေးဖောင်းပွမှုဖိအားများသည် လုပ်ခလစာတိုးတက်လာမှု အပေါ် ဂယက်ရိုက်ခတ်မှုများနှင့်အတူ ၂၀၂၂ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းနှင့် ခန့်မှန်းထားသည်။ ပိုမိုမြင့်မားသော ငွေကြေးဖောင်းပွမှုရလဒ်များသည် ပိုမိုမြင့်မားသော လုပ်ခလစာရလဒ်များအဖြစ်သို့ သက်ရောက်စေမည်ဖြစ်ရာ ငွေကြေးဖောင်းပွမှုနှင့် လုပ်အားခရလဒ်များကြားတွင် ကြက်နှင့်ကြက်ဥကဲ့သို့ ဆက်စပ်မှုရှိနေသည်။

အိမ်ခြံမြေဈေးနှုန်းများနှင့်ပတ်သက်၍ ယခုနှစ်အတွင်း အတိုးနှုန်းမြင့်လာနိုင်ခြေသည် အိမ်ခြံမြေဈေးနှုန်းများအပေါ် ဖိအားများကျဆင်းစေကာ ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားနေသူများအတွက် သတင်းကောင်းတစ်ခုဖြစ်လိမ့်မည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။ AMP Capital ၏ စီးပွားရေးပညာရှင်အကြီးအကဲ Shane Oliver က ပုံသေချေးငွေနှုန်းထားများ မြင့်တက်လာခြင်းသည် ယခုနှစ်တွင် အိမ်ဈေးနှုန်းများ ၅ % အထိ နှေးကွေးသွားစေရန် မျှော်လင့်နိုင်ပြီး၊ မြင့်မားသောနှုန်းထားများဖြင့် ဝယ်ယူသူအသစ်များ ချေးယူနိုင်သည့်ပမာဏကို ကန့်သတ်ထားသောကြောင့် လာမည့်နှစ်တွင်ဈေးနှုန်းများ ကျဆင်းသွားနိုင် ကြောင်းခန့်မှန်းပြောဆိုခဲ့သည်။

အမိကဘဏ်များက ယခုနှစ်တွင်အနည်းငယ်မျှသာ တိုးလာနိုင်မည့် အလားတူအိမ်ခြံမြေဈေးနှုန်းခန့်မှန်းချက်များရှိပြီးနောက် ၂၀၂၃ ခုနှစ်တွင် အသေးစားမှ အလယ်အလတ်ကျဆင်းမှုများ ရှိနိုင်ကြောင်းကို ခန့်မှန်းထားကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## Moderna က သြစတြေးလျတွင် mRNA ကာကွယ်ဆေးထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်မည်

အမေရိကန် ဇီဝနည်းပညာကုမ္ပဏီ Moderna သည် သြစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယား ပြည်နယ်တွင် mRNA ကာကွယ်ဆေးထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရန် အခြေခံကျသော သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်း Austrade သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ ၎င်း သည် Southern Hemisphere တွင် ပထမဆုံး mRNA ထုတ်လုပ်ရေးစက်ရုံ ဖြစ်လာမည်ဖြစ်ပြီး၊ Moderna သည် သြစတြေးလျတွင် နှစ်စဉ်ကာကွယ်ဆေး သန်း ၁၀၀ အထိထုတ်လုပ်ရန် မျှော်မှန်း ထားသည်။

Moderna ကုမ္ပဏီ၊ သြစတေးလျအစိုးရနှင့် ဗစ်တိုးရီးယားပြည်နယ်အစိုးရတို့သည် စက်ရုံ တည်ဆောက်ရန် အခြေခံကျသော သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ပြီး၊ ယင်းသည် သြစတြေး လျ၏ ဆေးဘက်ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လက်တွေ့စမ်းသပ်မှုများနှင့် ကမ္ဘာလုံး ဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များသို့ ဝင်ရောက်နိုင်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။ အဆိုပါ စက်ရုံသည် ၂၀၂၄ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရပြီး၊ လုပ်ထုံးလုပ်နည်းနှင့် စီမံကိန်းအတည်ပြုချက်တို့ကို စောင့်ဆိုင်းဆဲဖြစ်ကြောင်း သိရှိရသည်။

Moderna ၏ အမှုဆောင်အရာရှိချုပ်က “Moderna သည် နိုင်ငံတကာတွင် ချဲ့ထွင်လာသည် နှင့်အမျှ ဒေသတွင်း mRNA ထုတ်လုပ်မှုကို သြစတြေးလျသို့ ယူဆောင်လာခြင်းကို ကျေနပ်ဝမ်း မြောက်မိပါကြောင်း၊ ဤရေရှည်တည်တံ့သော အမျိုးသားစီးပွားရေးပုံစံသည် ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် ဂယက်ရိုက်ခတ်မှုများ ရှိလာမည်ဖြစ်ကြောင်း” ပြောကြားခဲ့ သည်။

မူအားဖြင့် သဘောတူထားသည့်စာချုပ်အရ mRNA ကာကွယ်ဆေးများကို သြစတြေးလျ သည် ဦးစားပေးအသုံးပြုခွင့် ရရှိမည်ဖြစ်ပြီး၊ ယင်းက အနာဂတ်တွင်ကပ်ရောဂါများနှင့် အခြားသော ပြင်းထန်သော ရောဂါဖြစ်ပွားမှုများကို လျင်မြန်စွာတုံ့ပြန်နိုင်မှုကို သေချာစေမည်ဖြစ်သည်။ Moderna သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်များကို တိုက်ဖျက်သည့် mRNA ကာကွယ် ဆေးအမြောက်အမြား ထုတ်လုပ်မည်ဖြစ်ပြီး၊ ယင်းတို့တွင် ကိုဗစ်-၁၉၊ ရာသီပေါ်တုပ်ကွေး၊ အသက် ရှူလမ်းကြောင်းဆိုင်ရာ syncytial ဗိုင်းရပ်စ် (RSV) နှင့် အခြားအလားအလာရှိသော ကာကွယ်ဆေး များကို ထုတ်လုပ်မည်ဖြစ်သည်။

ဩစတြေးလျအစိုးရသည် ၂၀၂၂-၂၀၂၃ ခုနှစ်မှစတင်၍ အခြေခံအဆောက်အအုံဆိုင်ရာ ထောက်ပံ့မှုအခွင့်အလမ်းကို ဖြစ်ပေါ်စေသည့် ၂၀၂၁ ခုနှစ်mRNA လက်တွေ့စမ်းသပ်မှုများတွင် ဩစတြေးလျဒေါ်လာ ၂၅ သန်းအထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဤရန်ပုံငွေသည် mRNAအခြေပြု ကာကွယ်ဆေးနှင့် ကုထုံးများကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန်ပေါ်ထွက်လာသော နည်းပညာများ၊ ပလက်ဖောင်းများ၊ စက်ကိရိယာများနှင့် အခြေခံအဆောက်အဦများကို အသုံးပြုသည့် ဩစတြေးလျ ဆေးဘက်ဆိုင်ရာသုတေသနနှင့် ဆန်းသစ်တီထွင်မှုစီမံကိန်းများကို ပံ့ပိုးကူညီမည် ဖြစ်သည်။

အရည်အချင်းပြည့်မီသောအဖွဲ့အစည်းများသည် ၂၀၂၂-၂၀၂၃ ခုနှစ်မှစတင်၍ ၃ နှစ်အထိ သတ်မှတ်ထားသော ထောက်ပံ့ငွေပမာဏ ဩစတြေးလျ ဒေါ်လာ ၅ သန်းကို လက်ခံရရှိမည်ဖြစ်ပြီး၊ အထောက်အပံ့အတွက် လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ မတ်လတွင် စတင်လက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..................................................................................................................

**ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ**

## ဘယ်လ်ဂျီယံနိုင်ငံ၏ စူပါမတ်ကတ်များ၌ ကုန်ဈေးနှုန်းများ (၃) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားခဲ့သည့် ကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်၏ ပထမ သီတင်းပတ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမတ်ကတ်များ၌ ကုန်ဈေးနှုန်းများသည် (၃) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများမြင့်တက်ခြင်း၊ ကမ္ဘာ့စွမ်းအင်ဈေးမြင့်တက်မှုကြောင့် စားသောက်ကုန်လုပ်ငန်းများ၏ ကုန်ကျစရိတ်ပိုများလာရာမှ အမြတ်အစွန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံ၌ ကုန်ဈေးနှုန်းများ မြင့်တက်လာမည်ဟု ယခင်နှစ် စက်တင်ဘာလကပင် ကျွမ်းကျင်သူများက ကြိုတင်ခန့်မှန်းခဲ့ကြခြင်း ဖြစ်ပါသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ Carrefour စူပါမတ်ကတ်၌ ကုန်ဈေးနှုန်း အများဆုံးမြင့်တက်ခဲ့ပြီး၊ ကပ်ရောဂါစတင်ချိန်ကာလနှင့်နှိုင်းယှဉ်လျှင် ပျမ်းမျှအားဖြင့် (၄.၄) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ Delhaize စူပါမတ်ကတ်၌ (၃.၁) ရာခိုင်နှုန်း၊ Aldi စူပါမတ်ကတ်၌ (၂.၃) ရာခိုင်နှုန်းတို့ဖြင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် ဘယ်လ်ဂျီယံရှိ Albert Heijn နှင့် Colruyt စသည့် စူပါမတ်ကတ်များက ၎င်းတို့၏ ဈေးနှုန်းများကို တိုးမြှင့်ခြင်းမရှိသေးသော်လည်း စားသောက်ကုန်ထုတ်လုပ်သူများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ယခုနှစ်သည် ၎င်းတို့အတွက် အခက်ခဲဆုံးနှစ် တစ်နှစ်ဖြစ်သည်ဟု ပြောကြားကြောင်း သိရပါသည်။

Carrefour နှင့် Delhaize စူပါမတ်ကတ်များသည် ကုန်ဈေးနှုန်းအပြောင်းအလဲများကို ဦးစွာလုပ်ဆောင်လေ့ရှိကြကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင် ၎င်းတို့ရောင်းချသည့် ထုတ်ကုန်များ၏ (၄) ရာခိုင်နှုန်းမှ (၈) ရာခိုင်နှုန်းခန့်အထိအား ဈေးနှုန်းပြင်ဆင်ပြောင်းလဲခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းစူပါမတ်ကတ်များအနေဖြင့် ဈေးနှုန်းအပြောင်းအလဲများကို ဆက်လက်ဆောင်ရွက်ဖွယ်ရှိကြောင်း သိရပါသည်။

Colruyt စူပါမတ်ကတ်တွင်မူ ဈေးနှုန်းမြင့်တက်မှုသည် (၁.၄) ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ ၎င်းစူပါမတ်ကတ်အနေဖြင့် အခြားစူပါမတ်ကတ်များ၏ ဈေးနှုန်းအပြောင်းအလဲများကို စောင့်ကြည့်ပြီး နောက်မှလိုက်၍ပြောင်းလဲသည့်ပုံစံ (price follower) ကို ဆောင်ရွက်လေ့ရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ Albert Heijn စူပါမတ်ကတ်အနေဖြင့် ဈေးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ထားခြင်းမရှိသေးသော်လည်း ဈေးနှုန်းအပြောင်းအလဲပြုလုပ်ခြင်းကိုမူ ရှောင်းလွှဲ၍ရနိုင်မည်မဟုတ်ကြောင်း သိရပါသည်။

MIS DOP

စားသောက်ကုန်လုပ်ငန်းကဏ္ဍအနေဖြင့် စွမ်းအင်ဈေးမြင့်တက်မှု၊ သယ်ယူပို့ဆောင်စရိတ်နှင့် ကုန်ကြမ်းပစ္စည်းများအတွက် ကုန်ကျစရိတ်ကြီးမြင့်မှုတို့ကြောင့် အမြတ်အစွန်းလျော့ကျလျက် ရှိပါသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုသည် လက်လီဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချမှုများ မြင့်တက်လာခြင်းမှတစ်ဆင့် ၂၀၂၂ ခုနှစ်၊ ဥရောပ၏ ဆောင်းဦးရာသီကာလခန့်တွင် ပြန်လည်တည်ငြိမ်သွားမည်ဟု စူပါမတ်ကတ်များ၏ ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် နေ့စဉ်ဈေးနှုန်းများကို စောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်း Daltrix ကပြောကြားကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/belgium-all-news/202208/prices-in-supermarkets-already-up-3-to-5

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## Brexit ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသ၌ ဗြိတိန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်လာခြင်း

အီးယူမှ ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit) ၏ အကျိုးဆက်အဖြစ် ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာခဲ့ကြောင်း၊ ဖလန်းဒါးဒေသအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်းအသစ် (၂၉၅) ခုအား ဆွဲဆောင်နိုင်ခဲ့ပြီး၊ အလုပ်အကိုင်နေရာသစ် (၆,၂၃၃) ကို ဖန်တီးပေးနိုင်ခဲ့ပြီး၊ ယင်းမှာ မှတ်တမ်းသစ် တစ်ရပ်ဖြစ်ခဲ့ကြောင်း ဖလန်းဒါးကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Flanders Investment & Trade – FIT) ၏ အချက်အလက်များကို ကိုးကား၍ ဖလန်းဒါးဒေသဝန်ကြီးချုပ် (Flemish Minister–President) ဖြစ်သူ Jan Jambon က ပြောကြားကြောင်း သိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအကျပ်အတည်းဖြစ်ပွားနေစေကာမူ ၂၀၂၁ ခုနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများက ဖလန်းဒါးဒေသ၌ အလုပ်အကိုင်များကို ဖန်တီးပေးခဲ့သည်ဟု ၎င်း၏ တွစ်တာစာမျက်နှာ၌ရေးသားဖော်ပြကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဖလန်းဒါးသို့ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်စီးဆင်းမှုပမာဏသည် ယူရို (၂.၈၆) ဘီလျံရှိခဲ့ပြီး၊ ယခင်နှစ်ကထက် ယူရို (၅၀၀) သန်း ပိုမိုရရှိခဲ့ကြောင်း၊ အထူးသဖြင့် Brexit ကြောင့် ဗြိတိန်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖလန်းဒါးဒေသသို့ ဝင်ရောက်မှုသည်တိုးတက်ခဲ့ကြောင်း၊ Brexit ၏ သက်ရောက်မှုမှ ကာကွယ်လိုသည့် စီးပွားရေးလုပ်ငန်းများအတွက် ဖလန်းဒါးဒေသက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရင်းအမြစ်များကို ကမ်းလှမ်းပေးထားသည်ဟု Jambon က ပြောကြားကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံမြောက်ပိုင်း ဖလန်းဒါးဒေသရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနက် (၄၉) ခုမှာ ဗြိတိန်နိုင်ငံမှ ဖြစ်ကြောင်း၊ ယင်းတွင် Brexit ကြောင့် ဖလန်းဒါးဒေသ၌ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်လိုသည့် စီမံကိန်းအရေအတွက်မှာ (၃၀) ခုအထိရှိကြောင်း၊ Brexit referendum ကို ဆောင်ရွက်ခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်၍ ပြည်ပကုမ္ပဏီ (၉၅) ခုသည် ၎င်းတို့၏လုပ်ငန်းများအပေါ် Brexit ၏ သက်ရောက်မှုမှကာကွယ်လိုသည့်အတွက် ဖလန်းဒါးဒေသ၌ ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း၊ ယင်းလုပ်ငန်းများမှ အလုပ်အကိုင်နေရာသစ် (၃,၀၇၉) ခုအား ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

အလားတူ ဝေါလိုနီးယား ပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Wallonia Export and Foreign Investment Agency–Awex) ၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ အီးယူမှ ဗြိတိန်ခွဲထွက်ခဲ့သည့်နောက်ပိုင်းတွင် Brexit ကြောင့် ဝေါလိုနီးယားဒေသသို့ ပြည်ပ

MIS DOP

ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုသည် ယူရို (၃၅၉)သန်းရှိခဲ့ပြီး၊ အလုပ်အကိုင်ပေါင်း (၅၃၉) ခုအား ဖန်တီးပေးခဲ့သည်ဟု ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုသည် ၂၀၂၀ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀၂၁ ခုနှစ်၌ (၃၂.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ အလုပ်အကိုင်နေရာသစ် (၄,၇၁၇) ခုအား ဖန်တီးပေးခဲ့ပါသည်။ ယင်းအလုပ်အကိုင်များ၏ သုံးပုံတစ်ပုံကျော်မှာ သုတေသနှင့် ဖွံ့ဖြိုးမှုဆက်စပ်လုပ်ငန်းများတွင် ဖြစ်ပါသည်။ ဖလန်းဒါးဒေသသို့ ပြည်ပရင်းနှီးမြှုပ်နှံမှု စီးဝင်မှုတွင် အမေရိကန်နိုင်ငံမှ စီမံကိန်းလုပ်ငန်း (၆၄) ခုဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားပါသည်။ ဗြိတိန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့က ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံထားကြပြီး၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က တတိယနှင့် စတုတ္ထအများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအဖြစ် အသီးသီး ရပ်တည်နေကြကြောင်း သိရပါသည်။

ရင်းမြစ် - [https://www.brusselstimes.com/business/201990/brexit-drives-increase-in-uk-investment-projects-in-flanders](https://www.brusselstimes.com/business/201990/brexit-drives-increase-in-uk-investment-projects-in-flanders)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.........................................................................................

## ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် လေကြောင်းကုန်စည်များ ပို့ဆောင်မှု စံချိန်တင်ခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်ကပ်ရောဂါအကျပ်အတည်းဖြစ်ပွားနေသော်လည်း ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် လေကြောင်းကုန်စည်များပို့ဆောင်မှုသည် စံချိန်တင်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ထိုသို့ စံချိန်တင်လေကြောင်းကုန်စည်ပို့ဆောင်ခဲ့မှုသည် လူအများစုက အွန်လိုင်းမှဝယ်ယူမှုများ ပြုလုပ်လာကြခြင်းနှင့် ဘရပ်ဆဲလ်လေဆိပ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ယူပို့ဆောင်ရာတွင် ဥရောပ၏ဗဟိုချက်အဖြစ် ဆောင်ရွက်ရခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်တွင် ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ကုန်စည်တန်ချိန် (၈၄၃,၁၄၀) ကို သယ်ယူပို့ဆောင်ခဲ့ပြီး ၂၀၂၀ ခုနှစ်ကထက် (၃၀) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု လေဆိပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ အဆိုပါ တိုးတက်မှုနှုန်းသည် ဘရပ်ဆဲလ်လေဆိပ်အတွက် အများဆုံး

MIS DOP

အဖြစ် စံချိန်တင် တင်ပို့ခဲ့သည့် ပမာဏဖြစ်ကြောင်း လေဆိပ်၏ အမှုဆောင်ဖြစ်သူ Arnaud Feist က ပြောကြားထားပါသည်။

ဘရပ်ဆဲလ်လေဆိပ်၏ Cargo Division အနေဖြင့် မကြုံစဖူးသည့် တိုးတက်မှုနှုန်းကိုရရှိခဲ့ကြောင်း၊ လေကြောင်းကုန်စည်များသယ်ယူပို့ဆောင်မှုအတွက် demand သည် သိသာစွာမြင့်တက်ခဲ့သော်လည်း ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ထားခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် Cargo များကိုဆောင်ရွက်ခြင်းနှင့် အားကောင်းသော ကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်းအသိုက်အဝန်း ပိုင်ဆိုင်ခြင်းတို့ကြောင့် demand တိုးတက်လာသည့်အခြေအနေကို လွယ်ကူစွာ ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။

ဘရပ်ဆဲလ်လေဆိပ်မှ ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် ဆေးဝါးပစ္စည်းများပို့ဆောင်မှုသည် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်နေကြောင်း၊ ဥရောပတစ်ဝန်းသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တင်ပို့ရာတွင် ဘရပ်ဆဲလ်လေဆိပ်သည် အဓိကဗဟိုချက်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ကာကွယ်ဆေး (၈၀၀) သန်းကျော်ကို ဘရပ်ဆဲလ်လေဆိပ်မှတစ်ဆင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – [https://www.brusselstimes.com/belgium/201570/record-levels-of-cargo-pass-through-brussels-airport-in-2021](https://www.brusselstimes.com/belgium/201570/record-levels-of-cargo-pass-through-brussels-airport-in-2021)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

MIS DOP

……………………………………………………………………………

## ကပ်ရောဂါကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံရှိ စားသုံးသူများက ပြည်တွင်းထုတ်ကုန်များကို ပိုမိုဝယ်ယူလာကြခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ နေထိုင်သူများသည် ပြည်တွင်းထုတ်ကုန်များနှင့် ရာသီစာလတ်ဆတ်ကုန်များကို ပိုမိုဝယ်ယူစားသုံးလာကြကြောင်းနှင့် စားသောက်ကုန်များ၏ ပင်ရင်းထုတ်လုပ်ရာဒေသ (Origins) နှင့်ပတ်သက်၍ ပိုမိုသတိပြုမိလာကြကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း ဘေးကင်းလုံခြုံမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ (Federal Agency for the Safety of the Food Chain – FASFC) က ကောက်ယူခဲ့သည့်စစ်တမ်းအရ ဘယ်လ်ဂျီယံရှိ စားသုံးသူများ၏ လေးပုံတစ်ပုံနီးပါးပမာဏ ဖြစ်သည့်

(၂၃.၆) ရာခိုင်နှုန်းမှာ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလအတွင်း ပြည်တွင်းထုတ်ကုန်များကို ပိုမိုဝယ်ယူစားသုံးခဲ့ကြခြင်းဖြစ်ပါသည်။

စစ်တမ်းဖြေဆိုသူများ၏ ငါးပုံတစ်ပုံက ၎င်းတို့သည် ပြည်တွင်းထုတ်ကုန်များရောင်းချသည့် စတိုးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မုန့်ဆိုင်များနှင့် သားသတ်ရုံများကို ရွေးချယ်ဝယ်ယူခဲ့ကြသည်ဟု ဖော်ပြခဲ့ကြပြီး၊ ဖြေဆိုသူများ၏ (၁၄.၂) ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် စူပါမတ်ကတ်များနှင့် ဟိုက်ပါမတ်ကတ်များ၌ စားသောက်ကုန်များဝယ်ယူမှုကို ယခင်ကထက် လျှော့ချခဲ့ကြသည်ဟု ဖြေကြားခဲ့ပါသည်။

ထို့ပြင် ဘယ်လ်ဂျီယံရှိ စားသုံးသူများသည် စားသောက်ကုန်အရည်အသွေးနှင့် ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံတို့အပေါ် ပိုမိုအာရုံထားလာကြသည်ဟု စစ်တမ်းက ဖော်ပြပါသည်။ စစ်တမ်းဖြေဆိုသူ (၂၀) ရာခိုင်နှုန်းက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ ၎င်းတို့သည် စားသောက်ကုန်များတွင် ပါဝင်သည့်ပစ္စည်းများနှင့် ထုတ်လုပ်သည့် ပင်ရင်းဒေသတို့အပေါ် ပို၍အလေးထားကြည့်ရှုလာကြသည်ဟုဆိုသည်။ အလားတူ ဘယ်လ်ဂျီယံ၏ စားသုံးသူများအနက် (၂၀) ရာခိုင်နှုန်းကျော်က ကျန်းမာရေးနှင့်ညီညွတ်မှုရှိသော လတ်ဆတ်ထုတ်ကုန်များနှင့် အော်ဂဲနစ်ထုတ်ကုန်များကို ပိုမိုရွေးချယ်ဝယ်ယူလာကြကြောင်း သိရပါသည်။

အဆိုပါအချက်အလက်များအရ စားသောက်ကုန်များတွင် တံဆိပ်ကပ်ဖော်ပြခြင်း (food labelling) နှင့် စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် နောက်ကြောင်းခြေရာခံခြင်း (traceability) တို့မှာ စားသောက်ကုန်များဘေးကင်းလုံခြုံမှုနှင့် စာသုံးသူများ၏ ကျန်းမာရေးတို့ကို ကာကွယ်ပေးရန်အတွက် မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းများဖြစ်လာသည်ဟု FASFC က ဖော်ပြပါသည်။

စားသောက်ကုန်ဘေးအန္တရာယ်ကင်းစင်မှုနှင့် စားသုံးသူများ၏ ကျန်းမာရေးကို အကာအကွယ်ပေးနိုင်မှုသေချာစေရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း ဘေးကင်းလုံခြုံမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ၏ စစ်ဆေးသူများက နေ့စဉ် ကုမ္ပဏီများနှင့် စားသောက်ကုန်များစွာကို စစ်ဆေးကြောင်း၊ တစ်နှစ်လျှင် စားသောက်ကုန်နမူနာ (၇၀,၀၀၀) ခန့်ကို ထုတ်ယူစစ်ဆေးပြီး၊ စားသောက်ကုန်များ၏ (၉၆) ရာခိုင်နှုန်းမှ (၉၈) ရာခိုင်နှုန်းသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့ပြင် ၎င်းအေဂျင်စီအနေဖြင့်

MISDOP

စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းငယ်များအား စားသောက်ကုန် ဘေးကင်းမှုစည်းမျဉ်းများကိုနားလည်စေရန် အခမဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/health/202221/people-in-belgium-turn-to-local-products-during-pandemic

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.........................................................................

## Colruyt စူပါမတ်ကတ်က ဘယ်လ်ဂျီယံကမ်းရိုးတန်း၌ ယောက်သွားမွေးမြူသည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ Colruyt စူပါမတ်ကတ်သည် ဘယ်လ်ဂျီယံကမ်းရိုးတန်း၌ လေအားလျှပ်စစ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပြီး၊ ယခုအခါ ယောက်သွား (mussel) မွေးမြူသည့်လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ၎င်းစူပါမတ်ကတ်အနေဖြင့် (၁) စတုရန်းမီတာဧရိယာ၌ ယောက်သွားလိုင်း (mussel lines) (၅၀) ခန့်ကို တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ယောက်သွားမွေးမြူရေးလုပ်ငန်းမှ ၂၀၂၃ ခုနှစ်တွင် ယောက်သွားတန်ချိန် (၂၀၀) ခန့်ကို ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး၊ Colruyt အနေဖြင့် စုစုပေါင်း ဧရိယာ (၄.၅) စတုရန်းမီတာကို ဝယ်ယူထားခြင်းဖြစ်သဖြင့် ထပ်မံတိုးချဲ့သွားနိုင်မည့်အလားအလာရှိကြောင်း သိရပါသည်။

Colruyt ၏ အဆိုပါ ယောက်သွားမွေးမြူရေးလုပ်ငန်းသည် ဘယ်လ်ဂျီယံကမ်းရိုးတန်းမှ (၅) ကီလိုမီတာခန့်အကွာအဝေးရှိ ပင်လယ်ပြင်၌ တည်ရှိပါသည်။ Colruyt အနေဖြင့် ဘယ်လ်ဂျီယံပင်လယ်ကမ်းရိုးတန်း၌ ထိုသို့ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မည့် အလားအလာများကိုလေ့လာခြင်း၊ ခွင့်ပြုချက်လျှောက်ထားခြင်းများကို အချိန်အတော်ကြာကပင် ဆောင်ရွက်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

Colruyt စူပါမတ်ကတ်သည် ဘယ်လ်ဂျီယံကမ်းရိုးတန်း၌ ယောက်သွားမွေးမြူထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်လိုခြင်းဖြစ်ကြောင်း၊ ၎င်းစူပါမတ်ကတ်သည် ဘယ်လ်ဂျီယံ၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးမြေများကိုလည်း ဝယ်ယူထားပြီးဖြစ်ကြောင်းသိရပါသည်။ ယောက်သွားသည် ဘယ်လ်ဂျီယံနိုင်ငံတွင် လူကြိုက်များရေပန်းစားသည့် စားသောက်ကုန်တစ်မျိုးဖြစ်ပြီး၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် နှစ်စဉ်

ယောက်သွားတန်ချိန် (၂,၅၀၀၀) ကျော်ကို တင်သွင်းလျက်ရှိရာ အများစုကို နယ်သာလန်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/belgium-all-news/202985/colruyt-starts-mussel-farm-off-belgian-coast

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

……………………………………………………………………

## ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် တင်ပို့မှု ယူရို (၁၀၀) ဘီလျံကျော်သို့ ရောက်ရှိခဲ့ခြင်း

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုသည် ခန့်မှန်း ယူရို (၁၀၄.၇) ဘီလျံသို့ ရောက်ရှိခဲ့ရာ မှတ်တမ်းသစ်တစ်ရပ်ဖြစ်ခဲ့ကြောင်း နယ်သာလန်နိုင်ငံ၊ Ministry of Agriculture, Nature and Food Quality မှ ကြီးမှူး၍ နယ်သာလန်စာရင်းအင်းအဖွဲ့အစည်း ဖြစ်သည့် Statistics Netherlands (CBS) နှင့် Wageningen Economic Research (WUR) တို့က ပူးတွဲဆောင်ရွက်သည့် သုတေသနထုတ်ပြန်ချက်များအရ သိရပါသည်။

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် စုစုပေါင်းတင်ပို့မှုသည် ယခင်နှစ်ကထက် ယူရို (၉) ဘီလျံ ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ (၉.၄) ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ စိုက်ပျိုးရေးပို့ကုန် ယူရို (၁၀၄.၇) ဘီလျံတွင် ပြည်တွင်းထုတ် စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုသည် (၇၅.၇) ဘီလျံ၊ အခြားနိုင်ငံများမှတင်သွင်းပြီးနောက် Re-export အဖြစ် တင်ပို့မှု ယူရို (၂၉) ဘီလျံတို့ ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထုတ် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုသည် နှစ်အလိုက်နှိုင်းယှဉ်လျှင် (၁၀.၇) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ Re-export မှာ (၆.၁) ရာခိုင်နှုန်းတိုး တက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုမှ ပို့ကုန်ရငွေ (Export earnings) ရရှိမှုမှာ ခန့်မှန်းအားဖြင့် ယူရို (၄၆.၁) ဘီလျံ ရှိခဲ့ကြောင်း၊ ယင်းတွင် ပြည်တွင်းထုတ်ကုန်တင်ပို့မှုမှ ယူရို (၄၂.၁) ဘီလျံ၊ Re-export တင်ပို့မှုမှ ယူရို (၄) ဘီလျံ ရရှိခဲ့ခြင်းဖြစ်ပါသည်။ နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုတွင် အများအားဖြင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် စုစုပေါင်း တင်ပို့မှုတန်ဖိုး

ယူရို (၂၆.၃) ဘီလျံရှိခဲ့ပြီး၊ စုစုပေါင်းတင်ပို့မှု၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ နယ်သာလန်မှ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့သည့် နိုင်ငံများတွင် ဘယ်လ်ဂျီယံနိုင်ငံ (၁၂) ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ (၈) ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံ (၈) ရာခိုင်နှုန်းတို့ဖြင့် အသီးသီးရပ်တည်ခဲ့ကြပါသည်။

Brexit ကြောင့် နယ်သာလန်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် Re-export တင်ပို့မှုသည် (၃၅) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အကြောင်းရင်းမှာ ၁-၁-၂၀၂၁ ရက်နေ့နောက်ပိုင်းမှစ၍ အီးယူပြင်ပနိုင်ငံများမှ ဗြိတိန်နိုင်ငံသို့ ကုန်စည်များကို သင်္ဘောတင်ပို့ရာတွင် နယ်သာလန်နိုင်ငံမှ တစ်ဆင့်တင်ပို့ခြင်းထက် တိုက်ရိုက်တင်ပို့ခြင်းက သွင်းကုန်ခွန်ပေးဆောင်ရမှုတွင် ပိုမိုသက်သာစေနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ သို့ရာတွင် နယ်သာလန်နိုင်ငံ၏ ပြည်တွင်းထုတ် စိုက်ပျိုးရေးထွက်ကုန်များ ဗြိတိန်နိုင်ငံသို့ တင်ပို့မှုမှာမူ ၂၀၂၁ ခုနှစ်တွင် (၁၄) ရာခိုင်နှုန်းဖြင့် သိသာစွာတိုးတက်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် အီးယူနှင့်ကုန်သွယ်ရာတွင် တိရစ္ဆာန်နှင့် အပင်ထုတ်ကုန်များအတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် နယ်စပ်ဖြတ်ကျော်စစ်ဆေးမှုများကို ၂၀၂၂ ခုနှစ်အထိ ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထိုသို့စစ်ဆေးဆောင်ရွက်မှုများကြောင့် နယ်သာလန်မှ ဗြိတိန်သို့ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့မှုတွင် ဥယျာဉ်ခြံထွက်ကုန်များတင်ပို့မှု တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ပန်းများ၊ အပင်များစသော အလှဆင်ဥယျာဉ်ခြံထွက်ကုန်များတင်ပို့မှုသည် အဓိကတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဥယျာဉ်ခြံထွက်ကုန်များ တင်ပို့မှုသည် ယူရို (၁၂) ဘီလျံရှိခဲ့ရာ ယခင်နှစ်ကထက် တိုးတက်ခဲ့ပြီး၊ အဓိကအားဖြင့် အပင်နှင့် ပန်းများ၏ ဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံ၏ ဥယျာဉ်ခြံထွက်ကုန်တင်ပို့မှုမှာ ၂၀၂၀ ခုနှစ်တွင် ယူရို (၉.၆) ဘီလျံ၊ ၂၀၁၉ ခုနှစ်တွင် ယူရို (၉.၅) ဘီလျံ အသီးသီးရှိခဲ့ကြောင်း သိရပါသည်။

အလားတူ နယ်သာလန်နိုင်ငံမှ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့သည့် လယ်ယာထွက်ကုန်မှာ အသားများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အသားတင်ပို့မှု တန်ဖိုး ယူရို (၉.၁) ဘီလျံရှိခဲ့ရာ ၂၀၂၀ ခုနှစ် တင်ပို့မှုတန်ဖိုး ယူရို (၈.၅) ဘီလျံထက် (၇) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံ၏ အခြားသော အဓိကစိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုသည်လည်း ၂၀၂၁ ခုနှစ်တွင် တိုးတက်ခဲ့ကြောင်း၊ နို့စားသီးနှံထုတ်ကုန်များ၊ ဂျုံမှုန့်နှင့် နို့ထွက်ပစ္စည်းတင်ပို့မှုများတွင်သာ ကျဆင်းခဲ့ကြောင်း၊

MS DOP

ထိုသို့ ကျဆင်းခဲ့ရခြင်းအကြောင်းရင်းများအနက် တစ်ခုမှာ တရုတ်နိုင်ငံသို့ ကလေးနို့မှုန့် တင်ပို့မှု သိသာစွာကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ကုန်သွယ်မှုပိုင်းတွင် အော်ဂဲနစ်ထုတ်ကုန်များနှင့်ပတ်သက်၍ အလေးထားမှုများ ပိုရှိလာကြောင်း၊ လက်ရှိ ကုန်သွယ်မှုစာရင်းဇယားများအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အီးယူသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ (၁.၅) ရာခိုင်နှုန်းမှာ အော်ဂဲနစ် ထုတ်ကုန်များဖြစ်ကြောင်း၊ အီးယူသို့ အများဆုံးတင်သွင်းသည့် အော်ဂဲနစ်ထုတ်ကုန်များမှာ ငှက်ပျောသီးနှင့် တိရစ္ဆာန်အစာတို့ ဖြစ်ပြီး၊ အီကွေဒေါနိုင်ငံက အများဆုံးတင်ပို့သူဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံသည် အီးယူ၌ တတိယနိုင်ငံများမှ အော်ဂဲနစ်ထုတ်ကုန်များကို အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.cbs.nl/en-gb/news/2022/03/agricultural-exports-exceeded-100-billion-euros-in-2021

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

…………………………………………………………………………

## Brexit ကြောင့် အီးယူမှ ဗြိတိန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု ကျဆင်းခဲ့ခြင်း

အီးယူမှဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit) ကြောင့် အီးယူနှင့်ဗြိတိန်နိုင်ငံတို့အကြား ကုန်သွယ်မှုအပေါ် များစွာအဟန့်အတားဖြစ်ပေါ်စေခဲ့ကြောင်းနှင့် ဗြိတိန်နိုင်ငံသို့ အီးယူမှသွင်းကုန်တင်သွင်းမှုတွင် (၂၄.၈) ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကြောင်း၊ ဗြိတိန်မှ အီးယူသို့ ပို့ကုန်တင်ပို့မှုတွင်လည်း (၁၃.၁) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဥရောပပါလီမန်၊ စိုက်ပျိုးရေးကော်မတီ၏ အစီရင်ခံစာကိုကိုးကားလျက် ဘရပ်ဆဲလ်တိုင်းမ်က ရေးသားဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်အား ကူးပြောင်းချိန်ကာလအဖြစ် သတ်မှတ်ထားသဖြင့် အီးယူနှင့်ဗြိတိန်နိုင်ငံအကြား ကုန်သွယ်မှုတွင် အကောက်ခွန်စစ်ဆေးခြင်းလုပ်ငန်းများ အထူးသဖြင့် စိုက်ပျိုးရေးထွက်ကုန်များအတွက် နယ်စပ်ဖြတ်ကျော်စစ်ဆေးမှုများကို ယခုနှစ်တွင်မှ စတင်ဆောင်ရွက်မည်ဖြစ်သော်လည်း ဥရောပရှိ ကုမ္ပဏီလုပ်ငန်းများအနေဖြင့် အီးယူမှ ဗြိတိန်နှုတ်ထွက်ခဲ့မှုကြောင့် ပို့ကုန်ကျဆင်းမှုကို ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ဗြိတိန်နိုင်ငံအစိုးရက စိုက်ပျိုးရေးထုတ်ကုန်အမျိုးအစားအတွက် အသိအမှတ်ပြုမှုဆိုင်ရာ လိုအပ်ချက်များ (certification requirements) ကိုတင်းကျပ်ခဲ့ပါသည်။ ထို့ကြောင့် အီးယူမှ ဗြိတိန်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် တင်ပို့သည့်ကုမ္ပဏီများအတွက် အသိအမှတ်ပြုထောက်ခံချက်ဆိုင်ရာ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဗြိတိန်နိုင်ငံ၌ ၎င်းတို့၏ ကုမ္ပဏီရုံးခွဲများထားရှိ၍ဖြစ်စေ၊ တာဝန်ယူဆောင်ရွက်ပေးမည့် ဗြိတိန်နိုင်ငံမှ Importer ကိုဖြစ်စေ လိုအပ်လာမည်ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံမှ စစ်တမ်းတစ်ခု၏ အဆိုအရ ဗြိတိန်ရှိ အသေးစားသွင်းကုန်လုပ်ငန်းရှင် (၄) ဦး အနက် (၁) ဦးကသာ အဆိုပါ လုပ်ထုံးလုပ်နည်းအပြောင်းအလဲအတွက် အဆင်သင့်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင် (၈) ဦးလျှင် (၁)ဦးသည် ထိုသို့ နယ်စပ်ဖြတ်ကျော်စစ်ဆေးမှုဆိုင်ရာ လိုအပ်ချက်များအတွက် ပြင်ဆင်းထားနိုင်ခြင်းမရှိကြောင်း သိရပါသည်။ ထို့ပြင် ဗြိတိန်နိုင်ငံ၏ ကွန်ပျူတာဆော့ဖ်ဝဲစနစ်များသည် အီးယူ၏ စနစ်များနှင့် ကိုက်ညီမှုမရှိသဖြင့် ဗြိတိန်၏ အကောက်ခွန်ဝန်ထမ်းများအား သင်တန်းပေးရန်လိုအပ်ချက်များလည်း ရှိလာသည်ဟု သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/business/202988/brexit-cost-the-eu-a-quarter-of-exports-to-uk
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

MIS DOP

……………………………………………………………………

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်နေသဖြင့် ဘယ်လ်ဂျီယံနိုင်ငံရှိ စားသောက်ကုန်ကုမ္ပဏီများ၏ ထုတ်လုပ်မှုပိုင်းတွင် ဝန်ထမ်းအခက်အခဲ ဖြစ်ပေါ်လျက်ရှိခြင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ပဉ္စမလှိုင်းကျရောက်မှုနှင့်အတူ ဝန်ထမ်းအများအပြား နာမကျန်းဖြစ်နေသဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၊ စားသောက်ကုန်လုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများသည်ထုတ်လုပ်မှု လုပ်ငန်းစဉ်အတွက် ဝန်ထမ်းအခက်အခဲကို ရင်ဆိုင်ရန်းကန်နေရကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ စားသောက်ကုန်လုပ်ငန်းဘေးကင်းလုံခြုံမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ (Federal Agency for the Safety of the Food Chain-FASFC) က ကောက်ယူခဲ့သည့် စစ်တမ်းတစ်ရပ်အရ စားသောက်ကုန်လုပ်ငန်းကဏ္ဍ ဝန်ထမ်းများ၏ (၈.၅) ရာခိုင်နှုန်းမှာ နာမကျန်းဖြစ်နေကြောင်း၊ အချို့

သောကဏ္ဍများ၌ ထိုသို့လုပ်သားရှားပါးမှုပြဿနာကြောင့် ထုတ်လုပ်မှုနှေးကွေးလျက် ရှိကြောင်း ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ အိုမီခရွန်မျိုးကွဲ ကူးစက်ပြန့်ပွားမှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက်များ မြင့်တက်လျက်ရှိရာ ပညာရေးကဏ္ဍအပါအဝင် လုပ်ငန်းကဏ္ဍများစွာ၌ ဝန်ထမ်းအင်အားမလုံလောက်သည့် ပြဿနာ၏ သက်ရောက်မှုကို ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ ယခုအခါ FASFC ၏ စစ်တမ်းအရ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း ဝန်ထမ်း အခက်အခဲဖိအားကို ရင်ဆိုင်လာရခြင်းဖြစ်ကြောင်း သိရပါသည်။

ဝန်ထမ်းမလုံလောက်မှုပြဿနာသည် စိုးရိမ်စရာအခြေအနေဖြစ်လာကြောင်း၊ လက်ရှိတွင် ယင်းအခြေအနေကို ထိန်းထားနိုင်ရေး စီမံဆောင်ရွက်နေသော်လည်း ဝန်ထမ်းများအား အချိန်ပို ဆင်းခိုင်းခြင်းကဲ့သို့သော ဆောင်ရွက်မှုမျိုးကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းကို ယာယီအနေဖြင့်သာဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ကာလရှည်အတွက် ဖြေရှင်းနည်းတစ်ရပ် မဟုတ် ကြောင်း FASFC ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Michael Gore က ပြောကြားပါသည်။

ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ဝန်ထမ်းများနာမကျန်းဖြစ်၍ အလုပ်ဆင်းရန်ပျက်ကွက် မှုမှာ လာမည့်သီတင်းပတ်များအတွင်း ပိုများလာနိုင်သည်ဟု မျှော်မှန်းထားပါသည်။ စားသောက်ကုန် ကုမ္ပဏီ (၃) ခုလျှင် (၂) ခုမှာ ဝန်ထမ်းအရေအတွက် အနည်းဆုံး (၅) ရာခိုင်နှုန်း ပျက်ကွက်မှုကိုကြုံ တွေ့ရနိုင်ကြောင်း၊ ပျမ်းမျှအားဖြင့် ဝန်ထမ်းများ၏ (၈.၄) ရာခိုင်နှုန်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် နာမကျန်းဖြစ်ကြရကြောင်း၊ ၎င်းအရေအတွက်မှာ များပြားသည်ဟုမဆိုနိုင်သော်လည်း ထုတ်လုပ်မှု လုပ်ငန်းစဉ်ကိုမူ ခြိမ်းခြောက်လျက်ရှိကြောင်း၊ အခြားဝန်ထမ်းဖြင့် အလွယ်တကူအစားထိုးဆောင် ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများတွင် ခက်ခဲမှုရှိကြောင်း သိရပါသည်။

စားသောက်ကုန်လုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင်အများစုသည် လူကိုယ်တိုင် (In person) ဆောင်ရွက်ရခြင်းဖြစ်၍ Teleworking ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ အထူးသဖြင့် လတ်ဆတ် စားသောက်ကုန်များ (fresh products) ထုတ်လုပ်ရာတွင် ဝန်ထမ်းများအနေဖြင့် လက်ဖြင့် ရွေးချယ် ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သဖြင့် Teleworking ဖြင့် ဆောင်ရွက်၍ မရနိုင် ကြောင်း စားသောက်ကုန်လုပ်ငန်းရှင်များက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်စပ်၍ အလုပ်ဆင်းရန်ပျက်ကွက်မှုများသည် ထုတ်လုပ်မှုကျဆင်း ခြင်းကို ဖြစ်ပေါ်စေလျက်ရှိသည်ဟု ဘယ်လ်ဂျီယံ စားသောက်ကုန်လုပ်ငန်း ဘေးကင်းလုံခြုံမှုဆိုင်ရာ

MIS DOP

ဖက်ဒရယ်အေဂျင်စီ၏ စစ်တမ်းကဆိုထားပါသည်။ စားသောက်ကုန်ကုမ္ပဏီ (၄) ခုလျှင် (၃) ခုတွင် ပျမ်းမျှ (၈) ရာခိုင်နှုန်းခန့်ဖြင့် ထုတ်လုပ်မှုထိခိုက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါအခြေအနေများကြောင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များတွင် ပို၍ပြောင်းလွယ်ပြင်လွယ်ရှိသည့်ပုံစံ (flexibility) ဖြင့် ခွင့်ပြုပေးရန် ဘယ်လ်ဂျီယံနိုင်ငံအစိုးရနှင့် ကုန်သွယ်ရေးသမဂ္ဂများအား စီးပွားရေးလုပ်ငန်းကဏ္ဍအဖွဲ့အစည်းများက တိုက်တွန်းထားကြောင်း၊ ဥပမာအားဖြင့် အချိန်ပိုဆင်းခြင်းအတွက် လုပ်ခပေးဆောင်ရမှု စသည့်ကိစ္စရပ်များကို flexibility ဖြင့် စဉ်းစားပေးစေလိုခြင်းဖြစ်ကြောင်း၊ လုပ်သားရှားပါးမှုပြဿနာကို အလုပ်အကိုင် ခန့်ထားမှုပိုင်းတွင်ပြောင်းလွယ်ပြင်လွယ် ပုံစံခွင့်ပြုပေးခြင်းဖြင့် ဖြေရှင်းနိုင်ကြောင်း၊ ဥပမာအားဖြင့် အချိန်ပိုင်းအလုပ်လုပ်လိုသည့် ကျောင်းသား/သူများ၊ အလုပ်မှအနားယူပြီးစဖြစ်သော်လည်း ယာယီအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုသည့် Flexi-workers များအား ပြန်လည်ခန့်ထားခြင်း စသည်တို့ကို စဉ်းစားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium-all-news/203070/food-companies-struggle-to-staff-production-lines-amid-rising-coronavirus-cases

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.............................................................................................................

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### တရုတ်နိုင်၊ ယူနန်ပြည်နယ်၏ ပထမဆုံး RCEPဆိုင်ရာ မူရင်းလက်မှတ်ထုတ်ပေးခဲ့ခြင်း

ယူနန်ပြည်နယ်၏ ပထမဆုံးသောဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) မူရင်းလက်မှတ်လက်မှတ်ကို တရုတ်ငွေယွမ် ၃၈၁,၀၀၀ တန် လတ်ဆတ်သောပန်းများအတွက် ကူမင်းအကောက်ခွန်တွင် (၁၁-၂၂)ရက်နေ့က ထုတ်ပေးခဲ့ပါသည်။ "ယူနန်ပြည်နယ်ရဲ့ ပထမဆုံး RCEP မူရင်းလက်မှတ်ကို ရရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ပန်းတွေကို ဘန်ကောက်မြို့ အကောက်ခွန်မဲ့တင်ပို့ပြီး ထိုင်းဈေးကွက်ကို ဝင်ရောက်သွားမှာပါ" ဟု ယူနန်အလယ်ပိုင်းယွီရှီး Yuxi မြို့အခြေစိုက် Hengfengwanli ပန်းကုမ္ပဏီ အထွေထွေမန်နေဂျာ Liang Qiuqun က ပြောကြားခဲ့ပါသည်။

"RCEP အသက်ဝင်တာနဲ့အမျှ ကျွန်တော်တို့အကောက်ခွန်က အတည်ပြုထားတဲ့ တင်ပို့သူတွေရဲ့ ပို့ကုန်တွေအတွက် မူရင်းကြေညာစာတမ်းကို လွတ်လပ်စွာထုတ်ပေးနိုင်မှာပါ" ဟု ကူမင်းအကောက်ခွန်မှ ဝန်ထမ်းတစ်ဦးဖြစ်သူကပြောပါသည်။ ဦးစားပေး RCEP မူဝါဒများကြောင့်ပိုမိုအကျိုးရရှိစေမည့် နိုင်ငံတကာကုန်သွယ်မှုတွင် စီးပွားရေးလုပ်ငန်းများကို ပိုမိုပါဝင်လာစေရန် အကောက်ခွန်က အားပေးမည်ဖြစ်ပါသည်။

ယူနန်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ပြည်နယ်၏နိုင်ငံခြားကုန်သွယ်မှုကို တွန်းအားပေးရန် ကူမင်းအကောက်ခွန်တွင် မူရင်းသက်သေခံလက်မှတ်များအား ဉာဏ်ရည်တုဖြင့် ပြန်လည်သုံးသပ်ခြင်း intelligent review နှင့် internet plus ပုံစံကို စီစဉ်ပေးထားသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ RCEP သည် အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် တို့အပြင် တရုတ်၊ ဂျပန်၊ နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့၌ အသက်ဝင်ခဲ့သည်။ လွတ်လပ်သော ကုန်သွယ်မှုမိတ်ဖက်အဖွဲ့တွင် လက်ရှိတွင်အဖွဲ့ဝင် ၁၅ နိုင်ငံရှိပြီး အချို့မှာ ယူနန်ပြည်နယ်၏ အဓိကကုန်သွယ်ဖက်များဖြစ်သည်။ ဗီယက်နမ်နှင့် လာအိုတို့သည် ယူနန်နယ်ကို ကုန်းကြောင်းဖြင့် ဆက်သွယ်ထားသည်။

ရင်းမြစ် http://english.yunnan.cn/html/2022/consulgeneral_0104/27509.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………………………

## တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်သည် ၎င်း၏ ပထမဆုံး RCEP လွတ်လပ်သော ပင်ရင်းဒေသကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း

ခွင့်ပြုထားသော တင်ပို့ရောင်းချသူ တစ်ဦးဖြစ်သော ယူနန်တင်းစက်မှုလုပ်ငန်းကုမ္ပဏီမှပြည်နယ်၏ပထမဆုံးသော ဒေသဆိုင်ရာဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာလွတ်လပ်သော ပင်ရင်းဒေသကြေငြာချက်ကို (၅-၁-၂၂) တွင် ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံသို့ တင်ပို့သည့် ဒေါ်လာ ၇၆၈,၀၀၀ တန်ကြေးရှိ သံဖြူချောင်းများကို ကုမ္ပဏီက ကြေညာခြင်းဖြင့် ကုမ္ပဏီသည် RCEP လွတ်လပ်သော ကြေငြာချက်စနစ်ကို ယူနန်တွင် အသက်ဝင်စေခဲ့ပါသည်။ ခွင့်ပြုထားသော ပို့ကုန်လုပ်ငန်းရှင်များသည် အကောက်ခွန်မှ အသိအမှတ်ပြုခံထား

ရသည့် လုပ်ငန်းများကိုရည်ညွှန်းပြီး တင်ပို့သည့် သို့မဟုတ် ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် မူရင်းကြေငြာချက်နှင့် သက်ဆိုင်ရာ ဦးစားပေးကုန်သွယ်မှု သဘောတူညီချက်အရ ပင်ရင်းဒေသ အရည်အချင်းများရှိသည့် လုပ်ငန်းများကို ရည်ညွှန်းပါသည်။

ယူနန် တင်းစက်မှုလုပ်ငန်းကုမ္ပဏီသည် ယူနန်ပြည်နယ်တွင် ပထမဆုံးတင်ပို့ရောင်းချသည့် တင်ပို့သူဖြစ်ပြီး RCEP အကောင်အထည်ဖော်ပြီးနောက် တရုတ်နိုင်ငံတွင် ၁၃ ခုမြောက် အတည်ပြု တင်ပို့သည့် ပို့ကုန်ဖြစ်သည်။ ကုမ္ပဏီ၏ ကြေငြာချက်ကြောင့် ဂျပန်သွင်းကုန်လုပ်ငန်းရှင်များသည် ဦးစားပေး အခွန်နှုန်း ထားများကို ပိုမိုခံစားနိုင်စေပြီး အကောက်ခွန်ရှင်းလင်းမှုကို မြန်ဆန်စေမည် ဖြစ်ပါသည်။

ရင်းမြစ် http://english.yunnan. cn/html/2022/consulgeneral_0106/27563.html Yunnan issues its first RCEP independent declaration

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

………………………………………………………………

## RCEP အဖွဲ့ဝင်နိုင်ငံများကို အဆင်ပြေစေ၍ ဒေသတွင်းဈေးကွက်ဖေါ်ဆောင်နိုင်စွမ်းရှိစေရန် တရုတ်နိုင်ငံ၊ယူနန်ပြည်နယ် စွမ်းဆောင်ရွက်လျက်ရှိခြင်း

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုဖြစ်သည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP သည် ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနေ့တွင် စတင်အသက်ဝင် ခဲ့ပြီဖြစ်ပါသည်။ RCEP စတင်ဖွဲ့စည်းမှုနှင့်အတူ မကြာသေးမီက တရုတ်-အာဆီယံ ဘက်စုံမဟာဗျူ ဟာမိတ်ဖက်ဆက်ဆံရေးနှင့် အသစ်ဖွင့်လှစ်လိုက်သော တရုတ်-လာအို မီးရထားလမ်းတို့နှင့် ယူနန် ပြည်နယ်သည် RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ချိတ်ဆက်ရာတွင် အဆင်ပြေစေရန်အတွက် အဆင်သင့် အနေအထားဖြင့် ဈေးကွက်ဖေါ်ဆောင်နိုင်ရန် နယ်စပ်ဒေသများတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကို ထိန်း ချုပ်နိုင်ခဲ့ပြီးနောက် ပြည်နယ်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် ငြိမ်းချမ်းသောဈေးကွက် နှင့် စီးပွားရေးပတ်ဝန်းကျင်ကို ရက်ရက်ရောရော ဖွင့်လှစ်ပေးလျက်ရှိပါသည်။

ယူနန်၏စီးပွားရေးတိုးတက်မှုအတွက် အလားအလာသည် တရုတ်နိုင်ငံအနောက်တောင် ဘက်၊ တောင်အာရှနှင့် အရှေ့တောင်အာရှ၏ သုံးပွင့်ဆိုင်လမ်းဆုံဖြစ်သော ၎င်း၏အထူးတည်နေရာ

တွင် တည်ရှိပြီးရင်းနှီးမြုပ်နှံသူများကို ဈေးကွက်ဖွင့်ခြင်းသည် အလားအလာ အသုံးချရန်နည်းလမ်း ဖြစ်ပါသည်။

လွန်ခဲ့သည့်ငါးနှစ်အတွင်းတွင် တရုတ်နိုင်ငံနှင့် အိမ်နီးချင်း ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံ တို့ကြားရှိ ယူနန်ပြည်နယ်ရှိ အဝေးပြေးလမ်းပိုင်းများအားလုံးကို ခေတ်မီစီးပွားရေးပတ်ဝန်းကျင် အတွက် လမ်းကြောင်းဖွင့်ပေးခဲ့ပါသည်။ ၎င်းသည် Belt and Road Initiatives BRI ပူးပေါင်းဆောင် ရွက်မှုနှင့် ယန်ဇီမြစ်စီးပွားရေးခါးပတ်၊ RCEP စတင်ဖွဲ့စည်းမှုနှင့်အတူ တရုတ်နှင့် အာဆီယံဈေး ကွက်များကို ပေါင်းကူးကာ စီးပွားရေးနှစ်ဆလည်ပတ်မှု dual circulation ကို ဆုပ်ကိုင်ထားသည်။

ပြည်တွင်းတွင် ယူနန်ပြည်နယ်သည် ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသ၊ ပေကျင်း-တီယန်ကျင်း- ဟီးပေဒေသ၊ ဂွမ်ဒေါင်း-ဟောင်ကောင်-မကာအိုပင်လယ်အော်ဧရိယာ၊ ချန်ဒူး-ချုံကင်းဒေသတို့နှင့် ညှိနှိုင်းဖွင့်လှစ်သည့်ယန္တရားများနှင့် ဒေသဖြတ်ကျော်စက်မှုဇုန်များအတွက် ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

နိုင်ငံတကာတွင် ယူနန်ပြည်နယ်သည် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုနယ် မြေ၊ တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံ၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွား ရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် တရုတ်-လာအို စီးပွားရေးစင်္ကြံတို့၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးချိတ်ဆက်မှုများ ပိုမိုလုပ်ဆောင်လျှက်ရှိပါသည်။

လူမှုရေး-စီးပွားရေးတိုးတက်မှုအတွက် "သွေးကြော" ကဲ့သို့ပင်၊ ထောက်ပံ့ပို့ဆောင်ရေးကွင်း ဆက်သည် စက်မှုကွင်းဆက် သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်နှင့် သက်ဆိုင်လျှက်ရှိရာ တရုတ်- လာအို မီးရထားလမ်း၏ အခွင့်အလမ်းများကို ရယူခြင်းဖြင့် ယူနန်ပြည်နယ်သည် ကုန်သည်များနှင့် စက်မှုလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကို ပေးစွမ်းနိုင် မည်ဖြစ်ပါသည်။

နိုင်ငံတကာ ကုန်သွယ်မှုသည် ယူနန်ပြည်နယ် ပွင့်လင်းလာမှုအတွက် အင်ဂျင်ဖြစ်ရာ အာဆီ ယံနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသောယူနန်သည် ၎င်း၏စီးပွားရေး လုပ်ငန်းပုံစံများ၊ ကုန် သွယ်မှုအဖွဲ့အစည်းများ၊ ကုန်စည်ဖွဲ့စည်းပုံနှင့် ကုန်သွယ်မှုပုံစံများကို ဦးစားပေးဆောင်ရွက်လျက်ရှိ ပါသည်။

နိုင်ငံခြားကုန်သွယ်မှု အဆင့်မြှင့်တင်မှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နိုင်ငံတကာဈေးကွက်ရှာ ဖွေရေးကွန်ရက်များမှတစ်ဆင့် ယူနန်သည် ၎င်း၏လုပ်ငန်းအဖွဲ့အစည်းနှင့် လုပ်ငန်းဆောင်

MIS DOP

တာများအပြင် နိုင်ငံခြားကုန်သွယ်မှုတွင် တိုးတက်မှုပုံစံများကို ပိုမိုဆန်းသစ်တီထွင်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ရာတွင် ယူနန်သည်အိမ်နီးချင်းနိုင်ငံများနှင့်အတူ လွတ်လပ်စွာ ကုန်သွယ်မှုပုံစံသစ်များကို ရှာဖွေခြင်း၊ အကောက်ခွန်ရှင်းလင်းရေး၊ ကုန်သွယ်မှုစာရင်းအင်းများ၊ ပင်ရင်းနိုင်ငံစစ်ဆေးခြင်း၊ စစ်ဆေးခြင်းဆိုင်ရာစံနှုန်းများနှင့် ထုတ်ကုန်အတုများကို နှိမ်နင်းခြင်းများတွင် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် http://english.yunnan. cn/html/2022/ consulgeneral_ 0112/27670.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………

## နိုင်ငံတကာ ကုန်သည်များ RCEP ၏ အသက်ဝင်မှုကို ဆွေးနွေးကြခြင်း

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သည် ၂၀၂၂ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ခြောက်နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့နှင့် တရုတ်၊ ဂျပန်၊ နယူးဇီလန်နှင့် သြစတြေးလျတို့ ပါဝင်ခဲ့သည်။

ယူနန်ပြည်နယ်နှင့် ပြင်ပရှိ နိုင်ငံတကာကုန်သည်များက RCEP သည် ဒေသတွင်းတိုးတက်မှုနှင့် ကမ္ဘာ့တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို အားဖြည့်ပေးနေစဉ်တွင် စီးပွားရေးပြန်လည်ဦးမော့လာမှုတွင် ကမ္ဘာလုံးဆိုင်ရာ ယုံကြည်မှုကို ပိုမိုတိုးမြင့်လာစေမည်ဟု ယုံကြည်ထားသည်။

RCEP ၏ အသက်ဝင်မှုသည် ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောအချက်ပြမှုတစ်ခုဖြစ်ပါကြောင်း ကုန်သွယ်မှုလွယ်ကူလာမည်ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာ၍ ကမ္ဘာ့စီးပွားရေး ပြန်ကောင်းလာမည်ဖြစ်ပါကြောင်း၊ ယူနန်နှင့် နယူးဇီလန်နိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ယဉ်ကျေးမှုတွင် များစွာပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နယူးဇီလန်နိုင်ငံတွင်ထုတ်လုပ်သည့် နို့နှင့် နို့ထွက် ပစ္စည်းများ၊ဝိုင်၊ အဖျော်ယမကာများ၊ ပင်လယ်စာနှင့် အသားများကို ယူနန်ပြည်နယ်မှ နှစ်သက်ကြသည်ဟု New Zealand China အပြည်ပြည်ဆိုင်ရာ

ကုန်သွယ်မှုအသင်း၊ ယူနန်ရုံးမှ ဒါရိုက်တာ Zhao Ziheng ကပြောပါသည်။RCEP အသက်ဝင်သည်နှင့်အမျှ နယူးဇီလန်-ယူနန် ကုန်သွယ်မှုသည် ကြီးမားသောအလားအလာကို ရယူနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးထွက်ကုန်များအတွက် အကောက်ခွန်လျင်မြန်စွာရှင်းလင်းပြီး စားသုံးသူများထံ ပိုမိုသင့်လျော်သောဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ပါသည်။

RCEP ၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာနေသူ Crowne Plaza Kunming Center Hotel ၏ မလေးရှားနိုင်ငံသား Li Yinning က ဒါကတကယ့်ကို ကြည်နူးစရာဖြစ်ပါကြောင်း အကောက်ခွန်ဖြတ်တောက်ခြင်းက ကုန်ပစ္စည်းများကို ဈေးသက်သာစေပြီး စားသုံးမှုကိုအားပေးကာ ဟိုတယ်တစ်ခုလည်ပတ်မှုကုန်ကျစရိတ်ကို လျှော့ချပေးမည်ဖြစ်ကြောင်း Li က ပြောကြားခဲ့သည်။

ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုတွင် အရှိန်အဟုန်တိုးမြင့်စေခြင်းနှင့် ပတ်သက်၍ လွတ်လပ်သောကုန်သွယ်မှုအတွက် ဘက်စုံခေတ်မီပြီး အပြန်အလှန်အကျိုးရှိသော သဘောတူညီချက်တစ်ရပ်အနေဖြင့် RCEP သည် ဒေသတွင်းစက်မှုလုပ်ငန်းကွင်းဆက်ကို နက်နက်ရှိုင်းရှိုင်းပေါင်းစပ်ကာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအတွက် အရှိန်အဟုန်တိုးစေမည့် အရာတစ်ခုအဖြစ် ခံယူထားသည်။

တရုတ်-လာအို မီးရထားလမ်းအား အာဆီယံဈေးကွက်ကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးဆောင်ရွက်နိုင်စေရန် RCEPက ခွင့်ပြုပေးမည်ဖြစ်ပြီး RCEP အဖွဲ့ဝင်များကြား ထောက်ပံ့ပို့ဆောင်ရေး စွမ်းဆောင်ရည်များ တိုးတက်မှုမြင်တွေ့လာမည်ဖြစ်ကြောင်း လာအိုသည် နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးအချက်အချာတစ်ခုအဖြစ် ကြီးထွားလာသည်နှင့်အမျှ လာအိုအထူးထွက်ကုန်များသည် တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ RCEP ၏ ဦးစားပေးမူဝါဒများကို ခံစားရရှိကာလာအိုစီးပွားရေးကို တွန်းအားပေးမည်ဖြစ်ကြောင်း လာအို တရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Yao Bin က ပြောကြားခဲ့သည်။

“RCEP အကျိုးသက်ရောက်မှုက သတင်းကောင်းဖြစ်ပြီး အဖွဲ့ဝင်များအား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတွေ ယူဆောင်လာမည်ဖြစ်ကြောင်း၊ များပြားလှသော ကုန်သွယ်မှုဖြေလျှော့မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကဏ္ဍများကို လွှမ်းခြုံထား၍ အဆိုပါ သဘောတူညီချက်သည် Covid အရှိန်အဟုန်များကြားတွင် အုံ့မှိုင်းနေသော ကမ္ဘာ့စီးပွားရေးကို အားဖြည့်ပေးမည်ဖြစ်ကြောင်း ကူမင်းမြို့ရှိ ထိုင်းနိုင်ငံ၊ စီးပွားရေးကောင်စစ်ဝန် Nat Vimonchandra က ပြောကြားခဲ့ပါသည်။

MIS DOP

တရုတ်နိုင်ငံတွင် ထိုင်းဆန်နှင့် သစ်သီးဝလံများ ရောင်းကောင်းနေချိန်တွင် ယူနန်ပန်းများကို ထိုင်းလူမျိုးများက နှစ်သက်ကြသည်ဟု မှတ်ချက်ပြုပြီး RCEP သည် အခြားကုန်သွယ်မှုဆိုင်ရာ အတားအဆီးများနှင့် အခွန်ဖြတ်တောက်ခြင်းသည် ထိုင်း-တရုတ် စီးပွားရေးဆက်ဆံမှုကို လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ RCEP စာချုပ်သည် အရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့် အခြားသော ထိုင်းပရောဂျက်များသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ခွင့်ပြုမည်ဖြစ်ကြောင်း ယင်းမှဒေသတွင်းဖွံ့ဖြိုးမှုအတွက် တရုတ်နိုင်ငံမှ အဆိုပြုသည့် Belt and Road Initiative ဆီသို့ ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း ထိုင်းစီးပွားရေး ကောင်စစ်ဝန်က ပြောကြားခဲ့သည်။

RCEP သဘောတူညီချက်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် မကြုံစဖူးပွင့်လင်းမြင်သာမှုအဆင့်ရှိရာ ယူနန်စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြင့်လာစေရန်အတွက် အခွင့်အလမ်းများအဖြစ် ယူဆောင်လာကြောင်း၊ RCEP ၏အသက်ဝင်မှုသည် ကော်ပိုရိတ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုထိရောက်မှုအတွက် နိုင်ငံ၏ မူလစည်းမျဉ်းများကို ပိုမိုကောင်းမွန်စေလိမ့်မည်" ဟု Yunnan Tin Industrial Company ၏ လက်ထောက်အထွေထွေမန်နေဂျာ Wu Jianxun က RCEP လက်အောက်ရှိတင်ပို့သူများ၏ လွတ်လပ်သော မူရင်းနိုင်ငံကြေငြာချက်ကို ကိုးကား၍ ပြောကြားခဲ့ပါသည်။ ယူနန်ကျောက်ဖြူလုပ်ငန်းသည် RCEP အဖွဲ့ဝင် ၁၃ နိုင်ငံဖြင့် ကုန်သွယ်မှုပြုကာ ၎င်း၏ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်ကို အဆင့်မြှင့်တင်ကာ RCEP အခွင့်အလမ်းများကို ရယူခြင်းဖြင့် ယူနန်စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပို့ဆောင်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ရည်ရွယ်သည်။

"အတိုင်းအတာတစ်ခုအထိ၊ RCEP သည် ကုန်သွယ်မှုကုန်ကျစရိတ်ကိုလျှော့ချပြီး ယူနန်မှ လယ်သမားများနှင့် လုပ်ငန်းများအတွက် အကျိုးရှိလိမ့်မည်" ဟု Yunnan Shoumeng Agro-technology ၏ အထွေထွေမန်နေဂျာ Fu Zhaotian မှ ပြောကြားခဲ့ပါသည်။ ယင်း၏ ဖေါက်သည်အများစုမှာ မြန်မာ၊ ကန်ဖောဒီးယားနှင့် ဗီယက်နမ်တို့မှ ဖြစ်ပါသည်။ RCEP သည် ပန်းများနှင့် အခြားလတ်ဆတ်သောထွက်ကုန်များအတွက် အကောက်ခွန်ရှင်းလင်းရေးကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း Fu မှ မှတ်ချက်ပြုခဲ့ပြီး ၎င်း၏ကုမ္ပဏီသည် တရုတ်-လာအို မီးရထားတွင် အအေးပေးကုန်တင်ရထားသုံး ကွန်တိန်နာနှစ်လုံးကို ပန်းတင်ပို့ရန်အတွက် မှာယူထားကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ယူနန်အခြေစိုက် Wuzhou e-commerce ကုမ္ပဏီမှ ဝန်ထမ်း Yuan Yumei က RCEP သည် လူများ၊ ကုန်စည်များ၊ ရန်ပုံငွေများနှင့် သတင်းအချက်အလက်စီးဆင်းမှုများကို လွယ်ကူချောမွေ့စေကာ ယူနန်ပြည်နယ်နှင့် အိမ်နီးချင်းထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နှင့် အခြားနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် e-commerce အတွက် တွန်းအားဖြစ်စေမည်ဟု ပြောကြားခဲ့ပါသည်။

Source: Yunnangateway/2022/consulate general 0107 /27591.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………………………………

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

**ကုန်းလမ်း-ပင်လယ်ရေကြောင်းလမ်း ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများဖြင့် တရုတ်နှစ်သစ်ကူးဈေးကွက်အတွင်း ကုန်ပစ္စည်းများ ပိုမိုဝင်ရောက်လာ**

ယခုနှစ် ဇန်နဝါရီလအကုန်ပိုင်းတွင် ကျင်းပမည့် တရုတ်နှစ်သစ်ကူးပွဲတော် မတိုင်မီရက်များအတွင်း တရုတ်နိုင်ငံတောင်ပိုင်း ချင်းကျိုးဆိပ်ကမ်းမှ ကုန်တင်ရထားများ ပိုမိုထွက်ခွာ၍ တရုတ်နိုင်ငံတစ်ဝှမ်းသို့ ကုန်စည်များပို့ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ပို့ဆောင်ခြင်းမှာ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်မှုနည်းလမ်း (၂)ခုကို ပေါင်းစပ်၍ ပို့ဆောင်ပေးခြင်းဖြစ်ပါသည်။ ဥပမာ ပါကစ္စတန်နိုင်ငံမှ သကြားနှင့် ဟိုင်နန်ပြည်နယ်မှ အုန်းနို့များကို ချင်းကျိုးဆိပ်ကမ်းမှ ယူနန်ပြည်နယ်သို့ သယ်ဆောင်ခြင်းမျိုး ဖြစ်ပါသည်။

၎င်းသယ်ယူပို့ဆောင်မှုလမ်းကြောင်းကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံပေါင်း (၁၀၆)နိုင်ငံမှ ဆိပ်ကမ်း (၃၁၁)ခုကို ယူနန်ပြည်နယ်နှင့် ချင်းကျိုးဆိပ်ကမ်းတို့နှင့် ချိတ်ဆက်ထားပါသည်။

ယခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ ကုန်းလမ်း-ပင်လယ်ရေကြောင်းလမ်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းပေါ်တွင် ချင်းကျိုးဆိပ်ကမ်းကို ဖြတ်သန်းသွားသည့် ကုန်တင်ရထားစင်းရေ (၁၁၀) ကျော်ရှိသွားပြီ ဖြစ်ပါသည်။

ယခုအခါ နွေဦးရာသီပွဲတော် နီးကပ်လာပြီဖြစ်သဖြင့် တရုတ်စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အာဆီယံနှင့် ဥရောပနိုင်ငံများမှ တင်ပို့လာသည့်ကုန်စည်များကို သယ်ယူ

ပို့ဆောင်ရေးဝန်ဆောင်မှုများ အပြည့်အဝပေး၍ ဆောင်ရွက်ပေးသွားရန် ကွမ်ရှီးမီးရထားအာဏာပိုင်များက ကြိုးပမ်းနေကြကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................

## ရပ်ဝန်းနှင့် ပိုးလမ်းမ ရင်းနှီးမြှုပ်နှံမှု အပတ်စဉ်သတင်း

ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၌ ထပ်မံပါဝင်လာသည့်နိုင်ငံ (၂) နိုင်ငံရှိလာသည့်အတွက် စီမံကိန်းဝင်နိုင်ငံစုစုပေါင်းမှာ (၁၄၄) နိုင်ငံ ရှိသွားပြီဖြစ်ပါသည်။ ထပ်မံပါဝင်လာသည့်နိုင်ငံများမှာ ဆီးရီးယားနှင့် နီကရာဂွာတို့ ဖြစ်ပါသည်။

ဆီးရီးယားနိုင်ငံတွင် စစ်မက်ဖြစ်ပွားခဲ့မှုကြောင့် စွမ်းအင်ဖြန့်ဖြူးရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုလမ်းများတည်ဆောက်ရေးစသည့် အခြေခံအဆောက်အအုံ အမြောက်အမြားကို ပြန်လည်တည်ဆောက်ရန်လိုအပ်နေရာ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားဖွယ်ရှိပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို ပေါင်းစပ်လိုက်သည့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်းကလည်း နိုင်ငံတကာတွင် အမည်ပေါက်သည့် အစုရှယ်ယာများကို ဒေါ်လာဘီလီယံနှင့်ချီ၍ ထုတ်ရောင်းနိုင်ဖွယ် ရှိနေပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသို့ အသစ်ပါဝင်လာသည့် နီကရာဂွာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်နေသော်လည်း တရုတ်နိုင်ငံက အဓိကကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်လာမည်ဟု ခန့်မှန်းနေကြပါသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ၎င်း၏ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဆောင်ရွက်ခြင်းကိုရှောင်ရှားလာပြီး အာရှနိုင်ငံများနှင့် ပိုမိုနီးကပ်စွာဆောင်ရွက်လာပါသည်။ လက်ရှိတွင် Barents ပင်လယ်နှင့် ဆက်သွယ်ထားသည့် အာတိတ်ရထားလမ်းချိတ်ဆက်မှုကို ရုရှားနိုင်ငံကလေ့လာနေပြီး၊ အဆိုပြုလွှာများတွင် ၂၀၂၅ ခုနှစ်၌ တန်ချိန် သန်း (၂၀၀)လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိသည့် အာတိတ်သမုဒ္ဒရာ ဆိပ်ကမ်းအသစ်ဖြစ်သည့် Indiga သို့ ရထားလမ်းချိတ်ဆက်မှုများကိုလည်း ထည့်သွင်းထားဖွယ်ရှိပါသည်။

MIS DOP

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတစ်လျှောက် ဒစ်ဂျစ်တယ်အတတ်ပညာများက အနာဂတ်ကမ္ဘာလုံးဆိုင်ရာနည်းပညာစံချိန်စံညွှန်းများကို သတ်မှတ်နိုင်လာမည် ဖြစ်ပါသည်။

ရင်းမြစ်၊ China Briefing
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.......................................................................................

## ဝုလင် အသေးစားလျှပ်စစ်ယာဉ်များကို စံချိန်တင်ရောင်းချနိုင်လာ

၂၀၂၁ ခုနှစ်အတွင်း SAIC-GM-Wuling က အသေးစားလျှပ်စစ်ယာဉ်အစီးရေ (၄၅၂,၀၀၀)စီးကို ရောင်းချခဲ့ရရာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၆၀) ရာခိုင်နှုန်း ပိုမိုလာခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၌ ရောင်းချနေရသည့် အသေးစားလျှပ်စစ်ယာဉ် (၂)စီးလျှင် (၁)စီး မှာ ဝုလင်မှဖြစ်ကြောင်း သိရပါသည်။

ဝုလင်အသေးစားလျှပ်စစ်ယာဉ်များအနက် လူကြိုက်အများဆုံးမှာ Hongguang MINI EV ဖြစ်ပြီး၊ (၁၆)လဆက်တိုက် လူကြိုက်အများဆုံးမော်ဒယ်လ်အဖြစ် ရပ်တည်နေပါသည်။ ၂၀၂၁ ခုနှစ်ကုန်တွင် အစီးရေစုစုပေါင်း (၅၅၀,၀၀၀)ကို ရောင်းချထားပြီး ဖြစ်ပါသည်။

စွမ်းအင်အသစ်သုံးယာဉ်များအတွက် တရုတ်နိုင်ငံမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးဈေးကွက်ကြီးဖြစ်ပြီး၊ လျှပ်စစ်ကားများနှင့် plug-in hybrids ယာဉ်များလည်း ပါဝင်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံတစ်ဝှမ်း၌ စွမ်းအင်အသစ်သုံးယာဉ်အစီးရေ (၃.၅၂) သန်းကို ရောင်းချခဲ့ရပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၁၆၀) ရာခိုင်နှုန်း ပိုမိုခဲ့ကာ၊ (၇)နှစ် ဆက်တိုက်ကမ္ဘာပေါ်တွင်ထိပ်တန်းနိုင်ငံအဖြစ်ရပ်တည်နေကြောင်း တရုတ်စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားပါသည်။

ရင်းမြစ်၊ chinadaily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.......................................................................

## ၂၀၂၂ ခုနှစ်အတွင်း စွမ်းအင်အသစ်သုံးယာဉ်အစီးရေ (၆)သိန်းကို ထုတ်လုပ်ရောင်းချသွားရန် ရည်ရွယ်ထားသည့် လျိုကျိုးမြို့

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မော်တော်ယာဉ်ထုတ်လုပ်ရာမြို့အဖြစ် ဖွံ့ဖြိုးလာသည့်လျိုကျိုးမြို့သည် ၂၀၂၁ ခုနှစ်အတွင်း စွမ်းအင်အသစ်သုံးယာဉ်စီးရေ (၄၈၂,၀၀၀) စီးကို ထုတ်လုပ်ခဲ့ပြီး၊ တရုတ်တစ်နိုင်ငံလုံးထုတ်လုပ်မှု၌ (၁၄) ရာခိုင်နှုန်းခန့် ပါဝင်ဖြည့်ဆည်းခဲ့ပါသည်။

လျိုကျိုးမြို့မှာ တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်သည့်မြို့ (၅) မြို့အနက် တစ်မြို့ဖြစ်ပြီး၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ အရေးပါသောစက်မှုမြို့ဖြစ်ပါသည်။ SAIC Motor ၊ Dongfeng Motor ၊ FAW နှင့် Sinotruk ဟူသည့် မော်တော်ယာဉ်ကုမ္ပဏီကြီး (၄)ခုနှင့် အင်ဂျင်နှင့် အစိတ်အပိုင်းများထုတ်လုပ်သည့်လုပ်ငန်းရာပေါင်းများစွာတို့ အခြေ စိုက်သည့်မြို့လည်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း လျိုကျိုးမြို့တွင် မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှုများ၌ (၈.၂) ရာခိုင်နှုန်းနှင့် (၄.၇) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ရာ တရုတ်နိုင်ငံ၏ ပျမ်းမျှအဆင့်ထက် ပိုမိုမြင့်မားခဲ့ပါသည်။

လျိုကျိုးမြို့ရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများအနက် SAIC-GM-Wuling မှာ ဦးဆောင်နေသည့်ကုမ္ပဏီဖြစ်ပြီး၊ စွမ်းအင်အသစ်သုံးယာဉ်လုပ်ငန်း၌လည်း ၎င်း၏ အသိအမြင်များဖြင့် Hongguang MINI EV ၊ Baojun KiWi EV နှင့် Wuling Nano EV ကဲ့သို့ မော်ဒယ်လ်အချို့ကို စတင်ထုတ်လုပ်နေပြီ ဖြစ်ပါသည်။

ယနေ့အချိန်အထိ Hongguang MINI EV အစီးရေ (၅)သိန်းကျော်ကို ရောင်းချထားပြီးဖြစ်ကာ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာတစ်လတည်းမှာပင် အစီးရေ (၄၅,၅၇၆)စီးကို ရောင်းချခဲ့ရပါသည်။ ၎င်းမော်ဒယ်လ်မှာ နိုင်ငံခြားဈေးကွက်များ၌လည်း လူကြိုက်များနေပြီး၊ နိုင်ငံပေါင်း (၇၀)ကျော်မှ အဖွဲ့အစည်း(၂၀၀)ကျော်က ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်လျက်ရှိပါသည်။

လျိုကျိုးမြို့၏ စွမ်းအင်အသစ်သုံးယာဉ်သုံးစွဲမှု များပြားလာရေးစီမံကိန်းကို အစိုးရနှင့် ကုမ္ပဏီတို့ကပူးတွဲ၍ မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လျိုကျိုးမြို့တွင် အားသွင်းနိုင်သည့်နေရာပေါင်း (၄,၃၀၀)ကို တည်ဆောက်ပေးထားပြီး ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလရှိ စာရင်းများအရ လျိုကျိုးမြို့၏ လမ်းများပေါ်တွင် မောင်းနှင်နေသည့် ယာဉ်အစီးရေ (၁၀၀)အနက် (၂၃)စီးမှာ စွမ်းအင်အသစ်သုံးယာဉ်များဖြစ်ရာ တရုတ်နိုင်ငံတွင် အမြင့်မားဆုံးအချိုးအစားဖြစ်ကြောင်း သိရပါသည်။

MIS DOP

တရုတ်နိုင်ငံ၏ စွမ်းအင်အသစ်သုံး မော်တော်ယာဉ်ထုတ်လုပ်သည့် အစုအဖွဲ့များတည် ဆောက်နိုင်ရေးအတွက် လျိုကျိုးမြို့ရှိ စွမ်းအင်အသစ်သုံးယာဉ်များထုတ်လုပ်သည့် လုပ်ငန်းကွင်း ဆက်အခင်းအကျင်းကို အရှိန်မြှင့်တင်၍ ဆောင်ရွက်သွားရန် လျိုကျိုးမြို့မှ တာဝန်ရှိသူများကအဆို ပြုထားကြပါသည်။ ၂၀၂၂ ခုနှစ်တွင် လျိုကျိုးမြို့မှ စွမ်းအင်အသစ်သုံးယာဉ်များ ထုတ်လုပ်ရောင်း ချမှုမှာ အစီးရေ (၆)သိန်းကျော်ရှိလာမည်ဟု မျှော်မှန်းထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..................................................................

## ၂၀၂၁ ခုနှစ်အတွင်း အထင်ရှားဆုံးထိပ်တန်းလယ်ယာစိုက်ပျိုးရေးသိပ္ပံတီထွင်မှု (၁၀)ခုစာရင်းကို ထုတ်ဖော်ပြသခဲ့သည့် တရုတ်နိုင်ငံ

၂၀၂၁ ခုနှစ်အတွင်း အထင်ရှားဆုံး ထိပ်တန်းလယ်ယာစိုက်ပျိုးရေးသိပ္ပံတီထွင်မှု (၁၀)ခု စာရင်းကို Chinese Academy of Agricultural Sciences (CAAS) က ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ထုတ်ဖော်ပြသခဲ့ပါသည်။

၎င်းနည်းပညာများအနက် bemisia tabaci အင်းဆက်ပိုးမွှားကို ကာကွယ်ထိန်းချုပ် မှုအပေါ် လေ့လာမှုမှာ ထိပ်ဆုံးနေရာမှ ပါဝင်ပါသည်။ ၎င်းလေ့လာမှုတွင် ပိုးမွှားမကျစေရန် ကာကွယ်ထားမှု များအပေါ် အင်းဆက်ပိုးမွှားက မည်သို့ကျော်လွှားနိုင်သည်ဟူသည့်အပေါ် လေ့လာထားခြင်းဖြစ်ပြီး၊ bemisia tabaci ကို တိကျစွာထိန်းချုပ်နိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့်လျော်ညီသည့် နည်းပညာ ဖွံ့ဖြိုးရေးအတွက် အတွေးအမြင်သစ်များကို ပံ့ပိုးကူညီပေးထားပါသည်။

နောက်ထပ်လေ့လာမှုများမှာ genomic big data ကို အသုံးပြု၍ မျိုးစပ်အာလူးပထမမျိုး စိတ်ထုတ်လုပ်ခြင်း၊ မီသိန်းဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ဝါချည်မျှင်အရည်အသွေး တိုးမြှင့်ခြင်း၊ ရိတ်သိမ်း ထွက်ရှိမှုခန့်မှန်းသည့်စနစ်တည်ဆောက်ခြင်းနှင့် ဇီဝလောင်စာ အမြောက်အမြား ထုတ်လုပ်ခြင်းတို့ ဖြစ်ပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## ၂၀၂၂ ခုနှစ်အတွင်း ပါဝါအားပြိုင်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိသည့် ဗီယက်နမ်

၂၀၂၂ ခုနှစ်တွင် အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နှင့် အမေရိကန်တို့၏ အားပြိုင်မှုအရှိန်မြင့်လာခြင်းနှင့်အတူ ဗီယက်နမ်နိုင်ငံက ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည့် စိန်ခေါ်မှုအသစ်များဖြစ်ပေါ်လာကြောင်း Australian Defense Force Academy တွင် University of New South Wales Canberra မှ အငြိမ်းစားပါမောက္ခ Carlyle Thayer က သုံးသပ် ပြောကြားပါသည်။

ယခင်က ဒေသတွင်းစနစ်မှာ အင်အားကြီးနိုင်ငံအချို့ပါဝင်ဆောင်ရွက်နေသည့် multipolar system ပုံစံတစ်မျိုးဖြစ်ပြီး ၎င်းစနစ်ကြောင့် ဗီယက်နမ်နိုင်ငံမှာ ၎င်း၏ နိုင်ငံခြားဆက်သွယ်မှုများကို နိုင်ငံစုံသို့ ခွဲဖြာဆက်သွယ်ထားရန် အားသာမှုရှိကြောင်း၊ ယခု အခြေအနေမှာ multipolar system အကျဉ်းအကြပ်ထဲ ရောက်ရှိလာကြောင်း Carlyle Thayer က ပြောကြားပါသည်။

အမေရိကန်နှင့် ၎င်း၏ မိတ်ဖက်များမှာ ပိုမိုနီးကပ်လာကြပြီး၊ ဩစတြေးလျနှင့် ဂျပန်တို့မှာ အပြန်အလှန်ဝင်ရောက်ရေး သဘောတူညီချက်များမှတစ်ဆင့် ကာကွယ်ရေးပိုင်းတွင် ဆက်သွယ်မှုများကို အားကောင်းခိုင်မာထားကြောင်း၊ တရုတ်နှင့် ရုရှားတို့ကလည်း ပိုမိုနီးကပ်စွာလှုပ်ရှားလာကြကြောင်း၊ ဤအခြေအနေတွင် အဓိကအင်အားကြီးနိုင်ငံများအကြား ဆက်ဆံမှုများကို အရှိန်မြင့်တင်ဆောင်ရွက်ရန် ဗီယက်နမ်အတွက် အခွင့်အရေးနည်းလာကြောင်း မှတ်ချက်ပြုပြောကြားပါသည်။

အကယ်၍ တရုတ်-အမေရိကန်ဆက်ဆံရေးပျက်ပြားသွားခဲ့ပါက တရုတ်နှင့် အမေရိကန်တို့နှင့် ဆက်ဆံရေးတိုးမြှင့်မှုများ ဆက်လက်ပြုလုပ်ရန် အာဆီယံနှင့် အာဆီယံဦးဆောင်သည့် ဒေသတွင်းယန္တရားများနှင့် မလုံလောက်တော့ဘဲ၊ နိုင်ငံစုံလုံခြုံရေးဖိုရမ် တစ်ခုအဖြစ်ရပ်တည်သည့် East Asia Summit ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်မှာ ရွေးချယ်စရာတစ်ရပ်ဖြစ်လာနိုင်ကြောင်း သုံးသပ်ပြောကြားပါသည်။

Asia-Pacific Center for Security Studies in Hawaii မှ ပါမောက္ခ Alexander Vuving ကလည်း cyber domain မှာ ပါဝါပြိုင်ဆိုင်မှုကြီးများ၏ အဓိကကိစ္စရပ်အသစ်တစ်ခုဖြစ်ပြီး သဘောထားကွဲလွဲမှုများအတွက် "gray zone" ဖြစ်ကြောင်း၊ cyberspace နှင့် ပတ်သက်၍ တရုတ်နှင့် အမေရိကန်တို့၏ မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုများမှာ ပိုမိုအရှိန်မြင့်လာဖွယ်ရှိကြောင်း၊ Cyberattack နှင့် သတင်းအတုအယောင်များမှာ gray zone ၏ လူသိများသော နမူနာကိစ္စအချို့ဖြစ်ကြောင်း၊ ဗီယက်နမ်အနေဖြင့် ဖြစ်လာနိုင်သည့် gray zone တိုက်ခိုက်မှုများအားလုံးမှ ကာကွယ်ထားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

MS DOP

ဗီယက်နမ်၏ အင်တာနက်ချိတ်ဆက်မှုများမှာ ပင်လယ်ရေအောက်ကေဘယ်လ်ကြိုးများမှ တစ်ဆင့်ချိတ်ဆက်ထားခြင်းဖြစ်ပြီး၊ world-wide web ရရှိရန် ကြိုး(၇) ကြိုးစနစ်ပေါ်တွင်သာ မှီခို နေရသဖြင့် အာရှတွင် ထိခိုက်မှုအဖြစ်နိုင်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်နေပါသည်။ လွန်ခဲ့သည့်နှစ်များ အတွင်း ပင်လယ်ရေအောက်မှ ဆက်သွယ်ထားသော ကေဘယ်လ်ကြိုးများကြောင့် ပျမ်းမျှတစ်နှစ် လျှင် (၁၀)ကြိမ်ခန့် အင်တာနက်ပြတ်တောက်ခဲ့ရပြီး၊ တစ်ကြိမ် ပြတ်တောက်လျှင် တစ်လခန့်ကြာ မြင့်ကြောင်း သိရပါသည်။

တရုတ်နှင့် အမေရိကန်တို့အကြား ပါဝါအားပြိုင်မှုများတွင် gray zone စစ်ဆင်ရေးများမှာ မဟာဗျူဟာမြောက်အားပြိုင်မှုများ၏ အဓိကပုံစံဖြစ်လာနိုင်ရာ ဗီယက်နမ်အနေဖြင့် ထိုသို့သော ပဋိပက္ခအသစ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း Alexander Vuving က သတိ ပေးပြောကြားပါသည်။

၂၀၂၂ ခုနှစ်အတွင်း cutting-edge နည်းပညာများဖွံ့ဖြိုးရေးတွင် ပြိုင်ဆိုင်မှုများပိုမို အား ကောင်းလာနိုင်ပြီး၊ ၎င်းတို့ကို အသုံးပြုရေးအတွက် စံချိန်စံညွှန်းများသတ်မှတ်ရေးမှာလည်း ပါဝါ အားပြိုင်ပွဲများတွင် အဓိကကိစ္စရပ်များ ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်အနေဖြင့် နည်း ပညာကဏ္ဍအပါအဝင် နိုင်ငံခြားမတည်ငွေရင်းများအတွက် လျင်မြန်စွာဖွံ့ဖြိုးလာသော အခြားရွေး ချယ်စရာနေရာတစ်ခုကို ပံ့ပိုးပေးသင့်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းက ပြည်တွင်း၌ အဆင့်မြင့်စက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကူညီပေးနိုင်မည်ဖြစ်ကာ အနောက်နိုင်ငံများ၏ ဈေးကွက် များသို့ ဝင်ရောက်နိုင်ခွင့်အား သေချာစေမည်ဖြစ်ကြောင်း၊ အနောက်နိုင်ငံဈေးကွက်များသို့ ဗီယက် နမ်မှပို့ကုန်များ အလုံးအရင်းဖြင့်မဝင်ရောက်မီ စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာအစီအမံ၊ အထောက် အပံ့ပေးမှုများနှင့် နိုင်ငံပိုင်လုပ်ငန်းများကို ပံ့ပိုးကူညီနေမှုများကဲ့သို့သော ကိစ္စရပ်များအပေါ် မေးခွန်း ထုတ်စရာများ ဖြစ်လာနိုင်သောကြောင့် ကြိုတင်ဖြေရှင်းထားသင့်ကြောင်း Asia-Pacific Pathways to Progress Foundation in the Philippines မှ သုတေသီ Lucio Blanco Pitlo III က ပြောကြား ပါသည်။

Hawaii Pacific University မှ ညွှန်ကြားရေးမှူး Carl Schuster ကမူ ဗီယက်နမ်အနေဖြင့် နှစ်သစ်တွင် ပြဿနာအဟောင်းများကို ဖြေရှင်းပေးမည့် နည်းလမ်းအသစ်များကို ဖန်တီးရန်လိုအပ် ကြောင်း၊ မိတ်ဖက်များနှင့်ရေတပ်လေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် တောင်တရုတ်ပင်လယ်ပြင် ပ၌ ပြုလုပ်သင့်ကြောင်း၊ သို့မှသာ တင်းမာမှုများဖြစ်စေရန် ရန်စရာမရောက်ကြောင်း၊ တရုတ်နိုင်ငံနှင့်

MISDP

အငြင်းပွားမှုများကိုဖြေရှင်းရန် အာဆီယံတွင် တောင်းဆိုမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သင့်ကြောင်း အကြံပြု ပြောကြားခဲ့ပါသည်။

တရုတ်သမ္မတ၏ အမြင်၌ အမေရိကန်တွင် လက်ရှိနိုင်ငံရေးအနေအထားမှာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာအတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်၍ ပိုမိုအားပြိုင်လာဖွယ်ရှိကြောင်း၊ ကမ္ဘာတစ်ဝှမ်းနှင့် အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်၏လွှမ်းမိုးနိုင်မှုများ ဆက်လက်ကျဆင်းလာကြောင်း၊ တစ်ဖက်တွင် စစ်ရေယာဉ်များ၊ တိုက်လေယာဉ်များ၊ ဒုံးကျည်များတည်ဆောက်ရေးအပါအဝင် တရုတ်တပ်မတော်ကို ခေတ်မီတပ်မတော် ဖြစ်လာစေရန်ဆောင်ရွက်နေမှုများနှင့် စစ်သားများ၏စွမ်းဆောင်ရည်ကို တိုးမြှင့်နေမှုများကြောင့်လည်း အမေရိကန်၏ အခန်းကဏ္ဍကျဆင်းလာကြောင်း အကဲဖြတ်ပြောဆိုထားသည်ဟု သိရပါသည်။

ဗီယက်နမ်သည် တောင်တရုတ်ပင်လယ်ပြင်၌ အမေရိကန်နှင့်ပူးတွဲ၍ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ တောင်တရုတ်ပင်လယ်ပြင် အရေးကိစ္စ၌ သံတမန်ပံ့ပိုးကူညီမှု များပြုလုပ်ခြင်းဖြင့် လုံခြုံရေးဆိုင်ရာကိစ္စများ၌ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဗီယက်နမ်နိုင်ငံအစိုးရဘက်မှ ပံ့ပိုးကူညီမှုများ မလိုအပ်တော့သည့် ပိုမိုအားကောင်းသော ကုန်ထုတ်လုပ်မှုကွင်းဆက်ကို အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် တိုးမြှင့်တည်ဆောက်ခြင်းတို့မှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် မဲခေါင်မြစ်အထက်ပိုင်း၌ ရေကာတာကြီးတည်ဆောက်ထားသဖြင့် စိုးရိမ်ပူပန်နေမှုလည်း ရှိနေပါသည်။

MISDP

အခြားတစ်ဖက်တွင်မူ တရုတ်နိုင်ငံနှင့် ရေပိုင်နက်ကိစ္စအငြင်းပွားကာ ဆက်ဆံရေးများစွာမကောင်းသော်လည်း၊ ဒေသတွင်း၌ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းများကို တိုးချဲ့ဆောင်ရွက်ရန် တရုတ်နိုင်ငံက အခွင့်အလမ်းများ ဆက်လက်ရှာဖွေနေသောကြောင့် လည်းကောင်း၊ တရုတ်နိုင်ငံ၏ ကြီးမားသော ဈေးကွက်ရှိနေသောကြောင့်လည်းကောင်း စီးပွားရေးပိုင်း၌ ဆက်လက်၍ဆက်သွယ်ဆောင်ရွက်နေမှုများ ရှိနေပါသည်။

ထို့ကြောင့် ဗီယက်နမ်အနေဖြင့် ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒကို လက်ကိုင်ထားလျက်၊ ဘက်ရွေးခြင်းမှ ရှောင်ရှားကာ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံလုံးနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အာဆီယံနိုင်ငံများအပြင် အခြားပြင်ပအင်အားကြီးနိုင်ငံများနှင့်လည်း ပိုမိုနီးကပ်စွာနှင့် သတိကြီးစွာထား၍ ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးအတွက်လည်း ဆက်လက်လေ့ကျင့်မှုများပြုလုပ်သင့်ကြောင်းနှင့် ၂၀၂၂ ခုနှစ်အတွင်း ကြုံတွေ့လာရ

နိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုအသစ်များအတွက်လည်း ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ကျွမ်းကျင်သူများက ဆွေးနွေးပြောကြား ထားကြပါသည်။

ရင်းမြစ်၊ vnexpress
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................

## RCEP တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုထက် တောင်ကိုရီးယား၏ ပါဝင်လာမှုအပေါ် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက ပိုမိုလိုလားကြောင်း စစ်တမ်းသုံးသပ်ချက်အရ သိရ

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများ၏ အလုပ်အမှုဆောင်အရာရှိများ၏ ထက်ဝက်ကျော်ခန့်သည် Regional Comprehensive Economic Partnership (RCEP) တွင် တရုတ်နိုင်ငံ၏ပါဝင်မှုထက် တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်မှုအပေါ် ပိုမိုလိုလားကြောင်း ဂျပန်နိုင်ငံမှ Nikkei Asia သတင်းဌာန၊ တောင်ကိုရီးယားနိုင်ငံမှ Maeil Business Newspaper နှင့် တရုတ်နိုင်ငံ၊ Global Times တို့မှ ဆောင်ရွက်ခဲ့သည့် စစ်တမ်းအရသိရပါသည်။

ဂျပန်မှ စီးပွားရေးလုပ်ငန်း ၁၀၀ ခန့်၏ အကြီးအကဲများအား မေးမြန်းဆောင်ရွက်ခဲ့သည့် စစ်တမ်းတွင် ၅၃.၂ % က RCEP အကောင်အထည်ဖော်မှုအပေါ် အကောင်းမြင်ကြပြီး တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ် ထောက်ခံကြသူ ၄၁.၁% ရှိကြောင်းနှင့် RCEP တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်လာမှုအပေါ် ထောက်ခံသူ ၄၆.၄ % ရှိကြောင်း သိရပါသည်။

အထက်ပါ နိုင်ငံ ၃ နိုင်ငံအနေဖြင့် မတူကွဲပြားသည့် သံတမန်မူဝါဒများနှင့် ကုန်သွယ်မှုမူဝါဒများ အသီးသီးရှိကြရာ ဂျပန်သည် RCEP သဘောတူစာချုပ်အရ တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်မည့် စီးပွားရေးလုပ်ငန်းများအား အကောက်ခွန်များလျှော့ချပေးခြင်းနှင့် အခြားသောကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို ဖြေလျှော့ပေးခြင်းများဆောင်ရွက်ရပါမည်။ သို့သော် တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားသည့် ပို့ကုန်ဈေးကွက်ဖြစ်ရုံသာမက တရုတ်ကုန်ပစ္စည်းများနှင့် တရုတ်စီးပွားရေးလုပ်ငန်းများအား ကန့်သတ်ပိတ်ပင်ထားသည့် အမေရိကန်ပြည်ထောင်စုအပေါ် ပိုမိုအာရုံစိုက်လိုသည့် သဘောရှိကြောင်း သုံးသပ်ယူဆရပါသည်။

တရုတ်ကုမ္ပဏီများသည် ၎င်းတို့၏ပြည်တွင်းမှ အစပြုကာ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်တစ်ခုလုံးကို အခိုင်အမာထိန်းသိမ်းထားလိုသည့် သဘောဆန္ဒရှိကြောင်း Pricewaterhouse Coopers (PwC) မှ Asia Pacific Customs & Trade Practice ဌာန၏ Senior Manager ဖြစ်သူ Mr. Masaru Ashino က သုံးသပ်ပါသည်။

RCEP လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်တွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့ ပါဝင်ကြပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် သဘောတူစာချုပ်ကို အပြီးသတ်အတည်ပြုပြီးဖြစ်ကာ တောင်ကိုရီးယားနိုင်ငံသည် လာမည့်ဖေဖော်ဝါရီလတွင် စတင်အသက်ဝင်မည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ စစ်တမ်းမှ အဖြေရလဒ်များအရ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအပေါ်မျှော်လင့်ထားကြမှုများနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် ယခင်နှစ်ကထက်ပို၍ အားပြိုင်လိုသည့် သဘောထားမျိုးရှိလာနိုင်ပြီး ဂျပန်စီးပွားရေးလုပ်ငန်းများမှာ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်လာကြမည့်သဘောမျိုး ရှိလာနိုင်သည်ဟု သိရပါသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ၁၂.၆ % က ကမ္ဘာ့စီးပွားရေးသည် လာမည့်နှစ်တွင် တဖြည်းဖြည်းချင်း သို့မဟုတ် အလျင်အမြန်ဖြင့် အားနည်းလာနိုင်သည်ဟု ယူဆကြပြီး ၁၀ % ကျော်ကမူ ၂၀၂၁ ခုနှစ်မှ အခြေအနေထက် ပိုမိုတိုးတက်လာနိုင်ကြောင်း ခန့်မှန်းယူဆကြပါသည်။

ပြီးခဲ့သည့်နှစ်ကုန်ခန့်တွင် ရှီအန်းမြို့၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပေါင်း ၂,၀၀၀ ကျော်တွေ့ရှိရသည့်အတွက် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်ကူးစက်မှုကို အမြစ်ဖြတ်ရန် တရုတ်အစိုးရ၏ "zero-COVID" မူဝါဒနှင့်အညီ မြို့များကို locked down အစီအစဉ်များချမှတ်ကာ ကန့်သတ်ထိန်းချုပ်ခဲ့မှုများကြောင့် လျှပ်စစ်ကားများထုတ်လုပ်သည့် တရုတ်ကုမ္ပဏီ BYD Co. Ltd. သည် ၎င်း၏ မော်တော်ကားထုတ်လုပ်ခြင်းများ ယာယီရပ်ဆိုင်းခဲ့ရပြီးနောက်ပိုင်း ထိုကဲ့သို့သော သုံးသပ်ချက်များပေါ်ထွက်လာခြင်းဖြစ်ပါသည်။

ထို့အပြင် အမေရိကန်သမ္မတသစ် Joe Biden လက်ထက်တွင် တရုတ်နှင့် ဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာမည်ဟု ကုမ္ပဏီအကြီးအကဲ ၆၀ % ခန့်က ယူဆကြသော်လည်း တရုတ်နှင့် အမေရိကန်အကြား ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ဆိုင်ရာ ပိတ်ပင်ကန့်သတ်ချက်များနှင့် ကုန်သေတ္တာပြတ်လပ်မှုများသည် နှစ်နိုင်ငံအကြားတင်းမာမှုများကို ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။

MISDOP

အလားတူ တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးနှင့်ပတ်သက်၍ စစ်တမ်းဖြေကြားသူအားလုံး အနက် ၁၂.၈% က အနာဂတ်စီးပွားရေးသည် ယခင်နှစ်ကထက် ပိုမိုဆိုးရွားလာနိုင်ကြောင်း ဖြေကြားကြပါသည်။ “The Federation of Korean Industries” မှ ညွှန်ကြားရေးမှူး Yoo Hwan-ik က ကိုရီးယား၏ အနာဂတ်ပြည်တွင်း စီးပွားရေးအခြေအနေ အားနည်းနိုင်ချေရှိမှု၊ တရုတ်-အမေရိကန် ကုန်သွယ်ရေးတင်းမာမှုများနှင့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားအကြားရှိ ပွတ်တိုက်မှုများ စသည့် အကြောင်းအရာသုံးခုသည် စီးပွားရေးအပေါ် ရိုက်ချက်ပြင်းနိုင်သည့် "triple whammy" သဖွယ်ဖြစ်သည်ဟု သုံးသပ်ပါသည်။

သို့သော် ဂျပန်နိုင်ငံမှ စစ်တမ်းဖြေဆိုသူများသည် လက်ရှိ ၂၀၂၂ ခုနှစ်တွင် ဂျပန်၏စီးပွားရေး ကျဆင်းမည့်အလားအလာနှင့်ပတ်သက်၍ ဖြေကြားခြင်းမရှိဘဲ ကိုရိုနာဗိုင်းရပ်စ်၏ နိုင်ငံ့စီးပွားရေး အပေါ် သက်ရောက်မှုမရှိနိုင်ကြောင်းဟု ၂၉.၉ % မှ ဖြေကြားခဲ့ကြကာ ၅၇.၁ % မှ စီးပွားရေးအပေါ် တိုးတက်မှုမှုနှုန်း အနည်းငယ်ဖြင့်သာ တိုးတက်နိုင်မည်ဟုယူဆကြပြီး အဆိုးမြင်ခြင်းမရှိကြကြောင်း တွေ့ရပါသည်။

တရုတ်နိုင်ငံတွင် စစ်တမ်းဖြေဆိုသူအားလုံး၏ ၇၂.၇ % က စီးပွားရေးတိုးတက်မှုအပေါ် အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုရှိနိုင်ချေကို ဖြေကြားခဲ့ကြပြီး တရုတ်အစိုးရ၏အောင်မြင်မှုမရှိနိုင်သည့် "zero-COVID" မူဝါဒသည် အမေရိကန်အခြေစိုက် Eurasia Group ၏ သုံးသပ်ချက်အရ နိုင်ငံရေးအရ ထိခိုက်လွယ်မှုရှိသည့် နိုင်ငံရေးမူဝါဒအဖြစ် ထိပ်တန်းအဆင့်တွင်ပါဝင်နေပါသည်။ အလားတူ တောင်ကိုရီးယားနိုင်ငံအစိုးရ၏ (တရုတ်နိုင်ငံ၏မူဝါဒကဲ့သို့ မပြင်းထန်သော်လည်း) ပြည်တွင်း ကူးစက်ရောဂါထိန်းချုပ်ရေးအစီအမံများ တဖန်ပြန်လည်ကျင့်သုံးလာမှုကြောင့် စစ်တမ်းဖြေဆိုသူများ၏ ၆၃.၇ % က နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း အားနည်းနေမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

တရုတ်၏ ပြည်တွင်းစီးပွားရေးတွင် ရင်ဆိုင်ရနိုင်သည့် အကျပ်အတည်းများကြောင့် လုပ်သားအင်အားပြတ်လပ်မှု၊ လုပ်ခငွေများ မြင့်တက်လာမှုစသည်တို့သည် ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် ပြည်တွင်းနှင့် ပြည်ပမှ ဝယ်လိုအားကျဆင်းမှုအခြေအနေထက် သာလွန်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ စစ်တမ်းဖြေဆိုသူများက သုံးသပ်ကြပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းကျဆင်းလာခြင်းနှင့် သက်ကြီးရွယ်အိုဦးရေ မြင့်တက်လာခြင်းတို့သည် အခြားသတိပြုဖွယ်ရာစိန်ခေါ်မှုများအဖြစ် ဖြေဆိုသူ ၄၄.၂ % က ဖြေကြားခဲ့ပါသည်။

MISDOP

တောင်ကိုရီးယားသမ္မတ Moon Jae-in ၏ သက်တမ်းကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ မေလ နောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရသစ်နှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း ဂျပန်စီးပွားရေး လုပ်ငန်းများမှ အလုပ်အမှုဆောင်များ၏ ၅၉.၈% က ဖြေကြားခဲ့ပါသည်။ သို့သော် တောင်ကိုရီး ယားဘက်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ၄၂.၂ % ခန့်ကမူ အမေရိကန်နှင့် တောင်ကိုရီးယားတို့ အကြား ဆမ်ဆောင်းလျှပ်စစ်ကဲ့သို့သော တောင်ကိုရီးယား၏ အထင်ကရ စီးပွားရေးလုပ်ငန်းများ တွင် အမေရိကန်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုလားကြောင်း ဖြေကြားခဲ့ပါသည်။

ရင်းမြစ်။ https://asia.nikkei.com/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

..................................................................................................................

## ၂၀၂၁ ခုနှစ်တွင်ပြည်ပပို့ကုန်တင်ပို့မှု(၁၇%) တိုးတက်ခဲ့ခြင်း (ထိုင်းနိုင်ငံ)

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ဒီဇင်ဘာလတွင်နှစ်အလိုက်၌ (၂၄.၂%)တိုး တက်ခဲ့ပြီး မျှော်မှန်းချက်များကိုကျော်လွန်ကာ ၂၀၂၁ခုနှစ်အတွက် ပို့ကုန်တိုးတက်မှု(၁၇%) ရရှိခဲ့ ကြောင်းနှင့်၎င်းမှာ(၁၁) နှစ်တာကာလ အတွင်းအမြင့်မားဆုံးတိုးတက်မှုဖြစ်ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဒီဇင်ဘာလ တွင်အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာအမေရိကန်ဒေါ်လာ(၂၄.၉)ဘီလီယံ(ထိုင်းဘတ်ငွေ ၈၁၁ ဘီလီယံ)ရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၃.၄%) တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ(၂၅.၃)ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ (၃၅၄) သန်းရှိခဲ့ကြောင်း (၂၁-၁-၂၀၂၂)ရက်နေ့တွင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တစ်နှစ်ပတ်လုံးအတွက်ထိုင်းပို့ကုန်တင်ပို့မှု(၁၇.၁%) တိုးတက်ခဲ့ပြီးအမေရိကန်ဒေါ်လာ (၂၇၁)ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၁၉.၈%)တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ(၂၆၈)ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၃.၅၇) ဘီလီယံရရှိခဲ့ကြောင်းသိရှိရပါသည်။

MIS DEP

ရွှေရေနံနှင့်ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါဝင်ဘဲပို့ကုန်များအနေဖြင့် ဒီဇင်ဘာလတွင်(၂၃%)တိုးတက်ခဲ့ကြောင်း၊ နိုဝင်ဘာလတွင်ပို့ကုန်တိုးတက်မှု (၁၈.၉%) ရှိခဲ့ကြောင်း သိရှိရပါသည်။

ဒီဇင်ဘာလ၌ တိုးတက်တင်ပို့နိုင်ခဲ့သည့်ပို့ကုန်များတွင် လယ်ယာထွက်ကုန်နှင့်အစားအစာထုတ်ကုန်များ၊ အိမ်မှနေရင်းအလုပ်လုပ်သည့်ပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ၊ ရေဒီယိုများနှင့် တီလီဖေးရှင်းဖမ်းစက်များ၊ မိုက်ခရိုဝေ့မီးဖိုများ၊ ရေခဲသေတ္တာနှင့်အစိတ်အပိုင်းများ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊တယ်လီဖုန်းနှင့် အစိတ်အပိုင်းများ၊ ဆေးဝါးနှင့်ဆေးဝါပစ္စည်းများစသည်တို့ဖြစ်ကြပါသည်။

အခြားတိုးတက်တင်ပို့နိုင်သော ပို့ကုန်များတွင် အလယ်အလတ်ထုတ်ကုန်ပစ္စည်းများ၊ သံမဏိ၊ စတီးနှင့်သတ္တုထုတ်ကုန်များ၊ ဓါတုဗေဒထုတ်ကုန်များ၊ ပလပ်စတစ်ကော်စေ့များ၊ ရာဘာ တာယာများ၊ အီလက်ထရောနစ် ဆားကစ်များ၊ စက်ကရိယာများနှင့် အစိတ်အပိုင်းများ၊ အလားတူမော်တော်ကားများနှင့် အစိတ်အပိုင်းများ၊ ရွှေမပါဝင်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ဖြစ်ကြပါသည်။

MS DOP

ယခင်လက လယ်ယာနှင့် စက်မှုလယ်ယာထုတ်ကုန်များ တင်ပို့မှုအနေဖြင့်(၁၃) လမြောက်ဆက်တိုက်တိုးတက်မှုအဖြစ်(၂၂.၄%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၃.၉၄) ဘီလီယံရှိခဲ့ကြောင်း၊ တင်ပို့မှုတိုးတက်ခဲ့သည့်ထုတ်ကုန်များတွင် ရာဘာ(၂၂.၇%)၊ ပီလောပီနံ(၄၈.၁%)၊ ဆန်(၂၄.၉%)၊ လတ်ဆပ်၊ အေးခဲနှင့် အခြောက်ခံထားသော သစ်သီးများ(၂၃.၇%)၊ သကြား(၁၂၄%)၊ လတ်ဆပ်၊ အေးခဲနှင့် ပြုပြင်ထားသောကြက်သား(၁၇.၆%)၊ တိရစ္ဆာန်အစာ(၃၅.၄%)၊ ဂျုံဖြင့်ပြုလုပ်ထားသောအစားအစာ(၁၈.၅%)၊ စည်သွပ်ထားသောသစ်သီးဝလံ(၂၅.၈%)၊ တိရစ္ဆာန်(သို့မဟုတ်) ဟင်းသီးဟင်းရွက်ဆီ(၁၇၀%) တို့ဖြင့်အသီးသီးတိုးတက်ခဲ့ကြပါသည်။

ဒီဇင်ဘာလတွင် စက်မှုထုတ်ကုန်တင်ပို့မှုအနေဖြင့်(၁၀) လမြောက်အဖြစ်ဆက်လက်တိုးတက်ခဲ့ပြီး(၂၄%)တိုးတက်ခဲ့ကာအမေရိကန်ဒေါ်လာ(၂၀.၁)ဘီလီယံရရှိခဲ့ပါသည်။ တိုးတက်တင်ပို့နိုင်ခဲ့သော ထုတ်ကုန်များတွင် မော်တော်ကားများ၊ မော်တော်ကားပစ္စည်းနှင့် အစိတ်အပိုင်းများ(၄၅.၀%)၊ ရေနံနှင့်ဆက်စပ်လျှက်ရှိသောထုတ်ကုန်များ(၃၄.၀%)၊ ကွန်ပျူတာနှင့် အစိတ်အပိုင်းများ(၂၈.၆%)၊ အီလက်ထရောနစ်ဆားကစ်များ(၁၁.၅%)၊ သံမဏိစတီးနှင့် စတီးထုတ်ကုန်များ (၂၈.၄%)

ရွှေမပါဝင်သော ကျောက်မျက်နှင့်လက်ဝတ်ရတနာများ(၂၉.၃%)၊ လေအေးပေးစက်များနှင့်အစိတ်အပိုင်းများ(၂၅.၈%)တို့ဖြစ်ကြပါသည်။

ကိုဗစ်-၁၉ဖြစ်ပွားနေစဉ်အတွင်း ယင်းကဲ့သို့ပို့ကုန်များအားပြင်းထန်စွာ တိုးတက်တင်ပို့နိုင်ခြင်းမှာ အားလပ်ရက်မတိုင်မီနိုင်ငံအများအပြားတို့တွင် သိုလှောင်ထားရန် တင်သွင်းမှုကိုအရှိန်မြင့်တင်ခြင်းကြောင့်ဟုယူဆနိုင်ကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှုနှင့်အညီ ပြည်ပဝယ်လိုအားနှင့် ကမ္ဘာ့ကုန်သွယ်မှု တိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အပြင်ဘတ်ငွေတန်ဖိုးကျဆင်းမှုနှင့် ရေနံဈေးနှုန်းမြင့်တက်မှုတို့ကယှဉ်ပြိုင်စွမ်းအားကို တိုးတက်စေကြောင်းနှင့် ဆက်စပ်ပို့ကုန်များ၏တန်ဖိုးကို တိုးမြင့်စေကြောင်းသိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် ပြည်ပတင်ပို့မှု တိုးတက်မှု(၃%-၄%) ရရှိကာ အမေရိကန်ဒေါ်လာ(၂၇၀-၂၈၂)ဘီလီယံ၊ ဘတ်ငွေအားဖြင့်(၉-၀၈-၉.၁၆)ထရီလီယံ ရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ပို့ကုန်တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အချက်များတွင် ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှင့် သွင်းကုန်တိုးချဲ့တင်သွင်းမှု၊ ယခုနှစ်ပထမနှစ်ဝက်တွင် ဘတ်ငွေတန်ဖိုးကျဆင်းနိုင်မှု၊ ဝယ်လိုအား ပြန်လည်ကောင်းမွန်လာခြင်းကြောင့်စားသောက်ကုန်နှင့် ကုန်ထုတ်လုပ်သည့်ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်လာမှု၊ ၂၀၂၂ ခုနှစ် နှစ်လည်တွင် ကွန်တိန်နာများနှင့်သင်္ဘောများတိုးတက်လာနိုင်မှု၊ ကိုဗစ်-၁၉ရောဂါလက္ခဏာများနည်းပါးသွားနိုင်မှုတို့ ပါဝင်ကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## Bitcoin တန်ဖိုး ထက်ဝက်ခန့် ကျဆင်း (အမေရိကန်နိုင်ငံ)

ကမ္ဘာ့ဈေးကွက်တန်ဖိုး အကြီးဆုံး ခရစ်ပ်တိုငွေကြေးတစ်မျိုးဖြစ်သည့် Bitcoin တန်ဖိုးသည် ၂၄ နာ ရီအတွင်း ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အတွက် ၂၂-၁-၂၀၂၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၅,၀၀၀ ခန့်သာ တန်ဖိုးရှိတော့ကြောင်း၊ Bitcoin သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာတန်ဖိုး ၇၀,၀၀၀ ရှိခဲ့ရာမှ ထက်ဝက်ခန့်

တန်ဖိုးကျဆင်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုနှစ်စမှ ၂၂-၁-၂၀၂၂ ရက်နေ့တွင် ၂၃ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့ကြောင်း၊ ထို့အတူ ဒုတိယဈေးကွက်တန်ဖိုးအကြီးဆုံး ခရစ်ပ်တိုငွေကြေးဖြစ်သည့် Ethereum သည်လည်း ၂၄ နာရီအတွင်း ၁၅ ရာခိုင်နှုန်းခန် တန်ဖိုးကျဆင်းခဲ့သည့်အတွက် ယခုနှစ်စမှ ၂၂-၁-၂၀၂၂ ရက်နေ့တွင် ၃၅ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့ကြောင်း ၂၂-၁-၂၀၂၂ ရက်နေ့ထုတ် Washington Post တွင် ဖော်ပြထားပါသည်။

နှစ်လတာကာလအတွင်း ကမ္ဘာ့ခရစ်ပ်တိုငွေကြေး ရောင်းချမှုတရှိန်ထိုး မြင့်တက်ခဲ့ပြီး နောက် ၂၄ နာရီအတွင်း တန်ဖိုးချက်ချင်းကျဆင်းခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁.၄ ထရီလီယံခန့်ရှိခဲ့ တန်ဖိုး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ခုနှစ် နိုဝင်ဘာလအစောပိုင်းက တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ထရီလီယံ ခန့်ထိ မြင့်ခဲ့ပြီးနောက် ၂၂-၁-၂၀၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ခရစ်ပ်တိုငွေကြေးတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၆ ထရီလီယံခန့်ကျော်သာ တန်ဖိုးရှိတော့ကြောင်း၊ Bitcoin နှင့် အခြားသော ခရစ်ပ်တိုငွေကြေးတန်ဖိုးများကို လက်ခံထောက်ပံ့သူများက ခရစ်ပ်တိုငွေကြေးများကို ငွေကြေးအသွင်ပြောင်းလဲကာ တန်ဖိုးထိန်းသိမ်းရန် (သို့) ငွေပေးချေမှု အသွင်အဖြစ်ပြောင်းလဲ အသုံးပြုသွားကြရန် အကြံပြုကြကြောင်း ဖော်ပြထားပါသည်။

မကြာမီလများက သန်းပေါင်းများစွာသော အမေရိကန်နိုင်ငံသားများက ဒစ်ဂျစ်တယ်ရွှေ ကို အများအပြား ရင်းနှီးမြှုပ်နှံလာကြသည့်အတွက် ယခုကဲ့သို့ ခရစ်ပ်တိုငွေကြေးတန်ဖိုး ကျဆင်း လာခြင်းဖြစ်ကြောင်း၊ Bitcoin ငွေကြေးထောက်ပံ့သူများက ၎င်းတို့ခရစ်ပ်တိုငွေကြေးသည် ၎င်းတို့ အကန့်အသတ်ရောင်းလိုအားပေါ် မူတည်ခြင်းဖြစ်ကြောင်း၊ ခရစ်ပ်တိုငွေကြေးသည် တိုကင် ၂၁ သန်း သာ ရောင်းချပေးနိုင်သည့်အတွက် ရောင်းချမှု မြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာမှုအပေါ် တန်ဖိုးကျဆင်း ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြကြောင်း၊ ငွေကြေးဖောင်းပွနေစဉ်အတွင်း ငွေကြေးများကို စိတ်ချ ရသည့်နေရာတွင် ခေတ္တထိန်းသိမ်းထားနိုင်ရန် ဆောင်ရွက်သင့်သည်ဟု အကြံပြုကြကြောင်း၊ ကုန် စည်ဈေးနှုန်းများသည်လည်း နှစ်ပေါင်း၄၀ အတွင်း အလျင်မြန်ဆုံးနှုန်းဖြင့် မြင့်တက်လျက်ရှိကြောင်း၊ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရန် ဗဟိုဘဏ်အနေနှင့် ဘဏ်တိုးနှုန်းများ မြှင့်တင်ရန်စီစဉ်လျက် ရှိပြီး ရင်းနှီးမြှုပ်နှံသူများကို ဘဏ်များသို့ လာရောက်အပ်နှံရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မကြာမီရက်များအတွင်း စတော့ရှယ်ယာရောင်းချမှုများပြားခဲ့သည့်အတွက် သီတင်းပတ် တစ်ပတ်အတွင်း Dow Jones industrial average က တန်ဖိုး ၃.၉ ရာခိုင်နှုန်း၊ S&P 500 က ၅.၁

ရာခိုင်နှုန်း၊ Nasdaq composite index က ၆.၂ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများက စတော့ရှယ်ယာများမှ ခရစ်ပ်တိုငွေကြေးများဆီသို့ ပြောင်းရွှေ့စုပုံရင်းနှီးခဲ့ကြကြောင်း၊ ယခုအခါ ခရစ်ပ်တိုငွေကြေးများတွင် ရင်းနှီးမှုများမှ မြန်မြန်ဆန်ဆန် ပြန်လည်ထုတ်ယူလျက်ရှိကြကြောင်း ဖော်ပြထားပါသည်။

Bitcoin သည် နောက်လာမည့် ရွှေအမျိုးအစားတစ်ခု (next-generation gold) အဖြစ်နေရာယူ လာမည်ကို ယုံကြည်သည်ဟု Matt Maley, chief market strategist for Miller Tabak + Co. ၏ စျေးကွက်မဟာဗျူဟာသူတေသီချုပ်ဖြစ်သူ Mr. Matt Maley ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ Bitcoin တန်ဖိုး ၅၀ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့သည့်အတွက် ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် Tesla က အမေရိကန်ဒေါ်လာ ၂၅.၁ ဘီလီယံ၊ Amazon က အမေရိကန်ဒေါ်လာ ၁၉.၉ ဘီလီယံ၊ Meta (Facebook) က အမေရိကန်ဒေါ်လာ ၁၀.၄ ဘီလီယံ၊ Google က အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယံ နှင့် Microsoft က အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ အသီးသီး ဆုံးရှုံးခဲ့ကြပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

https://www.washingtonpost.com/business/2022/01/22/crypto-crash-bitcoin-fed/
ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

MIS DOP

## အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် စားသောက်ကုန် ရောင်းချ၊ ဖြန့်ဖြူးမှု အကြပ်အတည်းနှင့် ရင်ဆိုင်နေရ (အမေရိကန်နိုင်ငံ)

အမေရိကန်နိုင်ငံတွင် အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် စားသောက်ကုန်ထုတ်လုပ်၊ ဖြန့်ဖြူးမှုတွင် ဆိုးဝါးစွာထိခိုက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်သည့်စက်ရုံမှ စတိုးဆိုင်များ၊ ကုန်စုံဆိုင်များသို့ပို့ဆောင်ရန် လုပ်သားအင်အားရှားပါးသည့် အကြပ်အတည်းနှင့် ရင်ဆိုင်နေကြရကြောင်း ၂၄-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အရီဇိုးနားပြည်နယ်တွင် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီကြီးတွင် လုပ်သား (၁၀) ဦးလျှင် တစ်ဦးနှုန်း ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း၊ မဆာချူးဆက်ပြည်နယ်တွင်၊ လုပ်သားများ ဖျားနာ နေကြသည့်အတွက် စူပါမားကတ်များနှင့် စားသောက်ဆိုင်များသို့ ရေထွက်ကုန် ဖြန့်ဖြူးမှု နှေးကွေး လျက်ရှိကြောင်း၊ အမေရိကန်၊ အရှေ့တောင်ဘက်ရှိ ကုန်စုံဖြန့်ဖြူးသည့်ကုမ္ပဏီကြီးတွင် ဝန်ထမ်း သုံးပုံတစ်ပုံခန့် ဖျားနာနေကြသည့်အတွက် ယာယီဝန်ထမ်းများ ငှားရမ်းဆောင်ရွက်နေကြ ရကြောင်း ဖော်ပြထားပါသည်။

လတ်တလော ပြန့်နှံ့လျက်ရှိသည့် ဗိုင်းရပ်စ်ကူးစက်မှု လျော့နည်းလာသည့်အချိန်တွင်လည်း ယခုကဲ့သို့ခက်ခဲမှုကို သီတင်းပတ်များစွာ (သို့မဟုတ်) လပေါင်းများစွာ တောင့်ခံရနိုင်ဖွယ်ရှိကြောင်း စားသောက်ကုန်လုပ်ငန်း အမှုဆောင်များနှင့် သုတေသီများက သတိပေးပြောကြားခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်ခန့်ကလည်း ဗိုင်းရပ်စ်ကြောင့် ခရီးသွားလာမှုပိတ်ပင်ခဲ့ချိန်တွင် အများအပြားဝယ်ယူ စုဆောင်းခဲ့ကြသည့်အတွက် အသား၊ မုန့်ဖုတ်ရာတွင် ထည့်သုံးသည့်ကုန်စည်များ၊ စက္ကူကုန်စည်များ အရောင်းဆိုင်များတွင် ပြတ်လတ်သည့်အထိ ဖြစ်ခဲ့ကြောင်း၊ ယခုအခါ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့်ဘက်မှ အကြပ်အတည်းကြောင့် စိန်ခေါ်မှုသည် ပိုမိုဆိုးဝါးလာနိုင်သည်ဟု အမှုဆောင်အရာရှိကြီးများက ခန့်မှန်းပြောကြား ခဲ့ကြောင်း၊ လုပ်သားပြန်လတ်မှုသည် ကုန်စည်ထုန်လုပ်၊ ရောင်းချမှုကို အကြီးအကျယ်ထိခိုက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဈေးကွက်သုတေသနလုပ်ငန်း IRI ၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယပတ်တွင် အမေရိကန်၊ လက်လီရောင်းချသူများသည် ၎င်းတို့စီးပွားရေးအား ၈၆ ရာခိုင်နှုန်း ထိခိုက်မှုရှိခဲ့ကြောင်း၊ ယင်းသည် ကပ်ရောဂါအကြိုကာလတွင် ၉၀ ရာခိုင်နှုန်းကျော်ထိခိုက်မှုနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသေးကြောင်း၊ အဆိုပါသီတင်းပတ်တွင်ပင် အမဲသား ထုတ်လုပ်မှုသည် မနှစ်က ကာလတူထက် ၅ ရာခိုင်နှုန်း၊ ဝက်သားထုတ်လုပ်မှုသည် ၉ ရာခိုင်နှုန်း၊ ကြက်သားထုတ်လုပ်မှုသည် ၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ကြောင်း၊ ထို့အတူ နို့ထုတ်လုပ်မှု၊ ချိစ်ထုတ်လုပ်မှုများလည်း ထိခိုက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/from-plants-to-store-shelves-u-s-food-supply-is-under-pressure-11642933805

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………………………………………………..